
www.burmeseclassic.com

# ရင်မိုး

(ဆေးတက္ကသိုလ်)

## တိမ်တိုက်တိုင်းမှာ ငွေရောင်အနားသတ်ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး(ဆေးတက္ကသိုလ်)

## ပန်းသင်း၍မရနိုင်သော


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၈၁၁၀၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၃၄၁၂၀၇

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ

ပထမအကြိမ်

တန်ဖိုး - ၁၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ အမှတ်(၂၃) ၁၉ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET အမှတ်(၂၃)၊ (၁၉)လမ်း၊ ရန်ကုန်။



**နိုင်ငံတော်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


www.burmeseclassic.com

www.burmeseclassic.com





# ရှင်မိုး (ဆေးတက္ကသိုလ်)

## တိမ်တိုက်တိုင်းမှာ ငွေရောင်အနားသတ် ရှိကြတယ်


စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







(အစ)

ဓာမဏီသည် သင်တန်းတက်ရန် ရောက်လာကြသော ကလေးတစ်သိုက်ကို နေသားတကျဖြစ်သည်အထိ အသာငြိမ်စောင့်နေလိုက်သည်။ ကလေးတွေကို လာပို့သော အမေတွေနှင့် သက်ဆိုင်ရာ ကလေးတွေ၏ မှာစရာရှိတာ မှာသံတွေ၊ ကလေးတွေ စကားပြောသံတွေ ငြိမ်အောင်စောင့်ဖို့က တော်တော်နဲ့ မလွယ်လှ။ ရေကူးသင်ချိန် တစ်နာရီခွဲမှာ ရေထဲတွင်အနည်းဆုံး လေးဆယ့်ငါးမိနစ်မျှတော့ ရှိမှဖြစ်သလို ရေမကူးခင်မှာ သင်စရာ၊ မှာစရာတွေလည်း ရှိသေးတာမို့ ဒီလိုစကားသံတွေတိတ်အောင် စောင့်ဖို့က တော်တော်နဲ့ မလွယ်လှ။ ကလေးနဲ့ အမေတွေကို လှုစုခွဲဖို့ကလည်း သူတို့ဟာသူတို့ဆို လှုစုခွဲတဲ့ အခြေအနေကို ဘယ်တော့မှ ရောက်တော့မည်မထင်။ ဒါနဲ့ပဲ ဏီကပဲ စတင်ပြီး ...

---

ဇေယျာမောင်

www.burmeseclassic.com

www.burmeseclassic.com



"ကလေးတွေအားလုံး အဆင်သင့်ဖြစ်ရင် သင်တန်းစပါတော့မယ်ရှင်"

ဟု အမေတွေ ရေကူးကန်ဘေးက ပြန်ကြဖို့ မသိမသာလေးနှင်တော့မှ အမေတွေလည်း ကလေးတွေနားက ခွာတော့သည်။

မိခင်ဆိုတာမျိုးက ကိုယ့်သား ကိုယ့်သမီးသာလျှင် အတော်ဆုံး၊ အတတ်ဆုံးတွေ ဖြစ်ချင်ကြသော အတ္တကြီးသူများပီပီ ဒီရေကူးသင်တန်းလေး လာတက်ရသောအခါမှာလည်း ကိုယ့်သားသမီးသာ အတော်ဆုံး ဖြစ်ချင်ကြပုံရသည်။ မှာ၍မဆုံး၊ သင်၍မဆုံး ဖြစ်နေသည်။ အင်း ... ကလေးတွေကဖြင့် ကြည့်ဦး၊ ငါးနှစ်အရွယ်လေးတွေလေ။ အခုမှ ရေကူးစသင်ရမဲ့ Beginners တွေလေ။ ရေကူးတယ်ဆိုတာ ဘာမှန်းမသိသေး။ ရေကူးကန်ထဲက ရေမြင်တာနဲ့ ခြေထောက် ရေထဲချ ဆော့ဖို့လောက်သာ တွေးနေကြသူတွေ။ သူတို့အမေတွေ မှာသလို သင်တန်းတစ်ခုလုံးမှာ အတော်ဆုံးဖြစ်အောင် လုပ်ဖို့ဆိုတဲ့ အတွေးလည်း အမေ့ကိုမမြင်တော့တာနဲ့ နားထဲက ထွက်သွားပြီထင်ပါရဲ့။

"ကဲ ... သားတို့ သမီးတို့ရေ၊ လာ ... အားလုံးစုထိုင်ကြပါဦး၊ တီချာ ရေထဲမဆင်းခင် သင်ပေးစရာလေးတွေရှိတယ်"





ရေကူးသင်တန်း လာရတယ်ဆိုတာနဲ့ ရေထဲဆင်းရမယ်ပဲ ထင်နေသော ကလေးတွေ ဆိုစကားကြောင့် ရေကူးကန်ဘေး ထီးအကြီးကြီးတွေ တစ်ခုစီ၊ တစ်ခုစီ ချထားသည့် မြက်ခင်းစိမ်းပေါ် မထိုင်ချင့်၊ ထိုင်ချင်နှင့် ရောက်လာကြသည်။

ဆီက ထီးကျားကြီးတစ်ခုအောက်မှာ ပလတ်စတစ်ခုံပုလေးချ ထိုင်လိုက်သည်။

"သားတို့ သမီးတို့က မြက်ခင်းပေါ်မှာပဲထိုင်၊ ဟုတ်ပြီလား၊ ပြီးရင် ရေထဲဆင်းရမယ် စိတ်ချ။ မဆင်းခင် တီချာမှာချင်တာတော့ အမြဲနားထောင်ရမယ်။ နေ့တိုင်း ရေထဲမဆင်းခင် ဆယ့်ငါးမိနစ် ပြောပြမယ်၊ ဟုတ်ပြီလား၊ ကဲ ... ဟုတ်ပါပြီ၊ တီချာ ဒီနေ့စ,သင်ရမဲ့ အုပ်စုထဲက တစ်ယောက်ချင်းစီရဲ့ နာမည်လေးတွေ ပြောပြမှုဦး၊ လက်တစ်ဖက်ထောင်ပြီး ကိုယ့်နာမည် ကိုယ်ပြောပါဦး"

ဆို ပြောလိုက်လျှင် ခပ်သွက်သွက်လက်လက်ရှိသော တစ်ယောက်က လက်တစ်ဖက်ထောင်ပြပြီး ...

"သားက သူရကျော်ပါ"

ဟု စတင်မိတ်ဆက်သည်။

ကျန်တဲ့ကလေးတွေကပါ တစ်ယောက်ချင်းစီ လက်တစ်ဖက်ထောင်လျက် ...



www.burmeseclassic.com

"သမီးက မြတ်နိုးမေ"


"သားက ရဲဇာနည်"

စသဖြင့် တစ်ယောက် တစ်လှည့်စီ သူတို့ကိုယ် သူတို့ မိတ်ဆက်သံများကြားတွင် ဇာမဏီ၏ ကလေးရေကူးသင် တန်းလေးမှာ စတင်အသက်ဝင်လာခဲ့ပါသည်။

○ ❧ ○








www.burmeseclassic.com

www.burmeseclassic.com



## ၁

ဓာမဏီသည် ညနေစျေးဝင်ဝယ်ပြီး အိမ်သို့ပြန်ရောက်ချိန်တွင် ညနေခြောက်နာရီခွဲမျှတော့ ရှိနေပြီ။ မောင်လေးစင်ရော်က တံခါးလာဖွင့်သည်။ ဓာမဏီတို့က ခြောက်လွှာအမြင့်ကြီးမှာ နေတာဖြစ်ပါသည်။ နေ့တိုင်း တက်နေ ဆင်းနေကျဖြစ်သလို ဓာမဏီ ကိုယ်တိုင်ကလည်း အားကစားသမားမို့ ဒီခြောက်လွှာအမြင့်ကြီးကို အထုပ်အပိုးတွေဆွဲပြီး တက်ရလည်း သိပ်ပြီးဟောဟဲလိုက်အောင် မောနေတာမျိုးတော့ မဖြစ်ပါ။

ဓာမဏီ့မှာ အမေ မရှိတော့။ လွန်ခဲ့တဲ့ နှစ်နှစ်ကမှ သားအိမ်မှာရှိသော သားဥကင်ဆာဟုခေါ်သည့် ovarium tumour ဖြစ်ပြီး ခြောက်လသာ ဆေးကုလိုက်ရပြီး ဆုံးပါသည်။ ဓာမဏီတို့မှာ အခုတော့ ဖေဖေရယ်၊ ဓာမဏီရယ်၊ မောင်လေးရယ်သာ ရှိသည်။





အဖေကလည်း ကုမ္ပဏီဝန်ထမ်း ဖြစ်သဖြင့် မနက်ကိုးနာရီမှ ညနေငါးနာရီတော့ အလုပ်ဆင်းရသည်မှာ စနေနေ့ အထိပင်။ ဓာမဏီကတော့ အဝေးသင်တက်ရင်း တစ်ဖက်နဲ့ပင် ရေကူးချန်ပီယံ ဟူသော ဂုဏ်ပုဒ်လေးဖြင့် ရေကူးသင်တန်းနည်းပြ ဆရာမ အလုပ်ကို လုပ်ပါသည်။ ဓာမဏီတို့က သူဌေးကြီးတွေ ဖွင့်ထားသော ရေကူးကန်ကြီးမှာ နည်းပြအဖြစ် ခန့်ထားခံရသည့် ဝန်ထမ်းတွေ ဖြစ်သဖြင့် ဓာမဏီလည်း ဖေဖေ့လို မနက်ကိုးနာရီကနေ ညနေငါးနာရီ အလုပ်ချိန်ဖြစ်ပါသည်။

ဒါပေမဲ့ ဓာမဏီတို့က နေ့တိုင်း အလုပ်ဆင်းချင်ရင်လည်း ရသည်။ တစ်ပတ်(၇)ရက်မှာ ဓာမဏီတို့ ရေကူးကန်က ပိတ်ရက်မရှိ ဖွင့်သဖြင့် သင်တန်းကလည်း နေ့တိုင်းရှိသည့်သဘောပင်။ နေ့တိုင်း လာနိုင်လျှင်လည်း အလုပ်ရှင်က နေ့တိုင်းအတွက်တွက်ပြီး လခပေးပါသည်။ မလာနိုင်ဘဲ တစ်ပတ်မှာ ငါးရက်သာ သင်ချင်သည် ဆိုရင်လည်း ရပါသည်။ တစ်ပတ်ငါးရက်နဲ့ လုပ်ခ တွက်ပြီး လခကို ပေးပါသည်။

ဓာမဏီကတော့ နေ့တိုင်းပင် အလုပ်ဆင်းလိုက်ပါသည်။ ဓာမဏီတို့က သိပ်အချောင်လည်ကြီး မဟုတ်လှသော မိသားစု ဖြစ်သော်လည်း မေမေ့မှာ ovary ကင်ဆာဖြစ်သည်ဟု သိရကတည်းက အသက်ရှည်ရှည် ဆက်ထား၍ ရရန်ကြိုး



www.burmeseclassic.com

www.burmeseclassic.com



ရှိသမျှ ပုံအောပြီး ဆေးတွေကုလိုက်ရသည်မှာ တော်တော်ကုန်သွားပြီး သူများဆီက ချေးငှားရတဲ့အထိပင် ဖြစ်သွားသည်။

ခြောက်လသာ နေရမဲ့သူကို သူများတွေလိုပဲ တစ်နှစ် နှစ်နှစ်များ ပိုထားနိုင်မလား ဆိုသော မျှော်လင့်ချက်နဲ့ ဆေးတွေကုပေမဲ့ မေမေက ခြောက်လထက် ပိုမခံခဲ့ပါ။ မေမေဆုံးသောအခါ ဇာမဏီတို့မှာ အိမ်တွင်းပစ္စည်းအကုန် ကုန်ရုံမက ကြွေးတင်ကျန်ရစ်ခဲ့ရသည်။ ဒါကြောင့် ခုထိ အကြွေးတွေ ဆပ်နေရဆဲဖြစ်သဖြင့် ဇာမဏီကတော့ အလုပ်ကို မညည်းမညူ မပင်မပန်း နေ့တိုင်းလုပ်ပါသည်။

မောင်လေးကလည်း ဆယ်တန်းကျောင်းသား၊ စာလည်းတော်သဖြင့် ဒီနှစ်ဆယ်တန်းကို အမှတ်ကောင်းကောင်းနှင့် အောင်ချင်သဖြင့် ကျူရှင်တွေယူရသည့် စရိတ်လည်း ကြီးလှသည်။ အမေ့ကို ဆေးကုလိုက်ရသော အကြွေးတွေဆပ်ဖို့လည်း လိုသည်။ အိမ်မှာ တီဗီလေးတစ်လုံးကလွဲရင် ဘာမှမရှိသဖြင့် ဇာမဏီကတော့ လူငယ်ပီပီ၊ မိန်းကလေးပီပီ DVD စက်လေးဖြစ်ဖြစ် ဝယ်နိုင်ချင်သည်။ နွေရာသီလို ပူသောအချိန်တွေမှာ ရေခဲရေလေးဖြစ်ဖြစ် ထည့်သောက်လို့ရအောင် ရေခဲသေတ္တာလေး တစ်လုံးလည်း ဝယ်ချင်သည်။ ဒီလို လိုအပ်ချက်တွေကြောင့် ဇာမဏီမှာ အလုပ်ကို တကယ်ပဲ ကြိုးကြိုးစားစား လုပ်နေမိတာဖြစ်သည်။





“သမီး ပြန်ရောက်ပြီပဲ၊ ထားလိုက်၊ ထားလိုက်၊ သမီး ရေမိုးချိုး သနပ်ခါးလိမ်းဦး။ အမေ ချက်လို့ရတာ ချက်ထားလိုက်မယ်”

“အမေလည်း အခုမှ ရောက်ခါစ မဟုတ်လား အမေနားပါဦး။ ထီ ချက်ရင် ခဏလေးပါ မကြာပါဘူး။ အမေနားပါ။ အမေ့ကြည့်ရတာ ဒီနေ့ ပင်ပန်းလာသလိုပဲ”

“ဒီလိုပါပဲ သမီးရယ်၊ အလုပ်ဆိုတာကတော့ ဘယ်အလုပ်မှ မပင်ပန်းတာ မရှိပါဘူး”

“အမေ သွားထိုင်နေပါ၊ ထီ ချက်နိုင်ပါတယ်၊ စင်ရော်ကို မနက်က မှာသွားလို့ သူ ငရုတ်သီး ကြိုထောင်းပေးပြီးပါပြီ”

“အေး ... အေး၊ ဒါဖြင့် အမေ တီဗီထိုင်ကြည့်လိုက်ဦးမယ်၊ ဖြည်းဖြည်းချက်နော် သမီးကြီး။ အမေ မဆာသေးပါဘူး”

“လက်ဖက်ရည်တွေ သောက်ထားသေးလား အမေ”

“မသောက်ပါဘူး သမီးရဲ့။ အမေ သိပါတယ်၊ အစာအိမ် အောင့်မှာစိုးလို့ သိပ်မသောက်ဖြစ်ပါဘူး”

အမေက လက်ဖက်ရည် တော်တော်ကြိုက်ကာ ငယ်စဉ်ကတော့ ထမင်းဟင်း မစားဘဲ လက်ဖက်ရည် တော်တော်သောက်ခဲ့သဖြင့် အသက်လေးဆယ်လောက် ရောက်တော့ အစာအိမ်ရောဂါ စဖြစ်လာသည်ဟု သိရသည်။ အခုတော့ အစားမှန်မှန်

www.burmeseclassic.com



အချိန်မှန်စား၊ လက်ဖက်ရည်လျှော့၊ အစာအိမ်ဆေးလည်း မှန်မှန်တော့ စားနေသဖြင့် သိပ်ဆိုးဆိုးဝါးဝါးကြီး ဖြစ်မလာပါ။

ဓာမဏိသည် ရေချိုး၊ သနပ်ခါးလိမ်းသည်ကို အဖြစ်လောက်သော လုပ်လိုက်ပါသည်။ တစ်နေကုန်နီးပါး ရေစိမ်နေသူမို့ ရေချိုးရတာ စိတ်ပင်မပါ။ အလှပြင်၊ သနပ်ခါးလိမ်းဖို့ဆိုတာလည်း ဓာမဏိအတွက် အချိန်မပေးနိုင်ပါ။ ရေထဲမှာနေရသဖြင့် မိတ်ကပ်ပြင်ထား၊ သနပ်ခါးလိမ်းထားလည်း အပိုပင်။ ဒါကြောင့် ဓာမဏိ အလုပ်သွားလျှင် သနပ်ခါး ဖြစ်သလိုပွတ်ပြီး သွားတာပဲရှိသည်။ အိမ်မှာနေလည်း ထူးထူးထွေထွေကြီး လိမ်းမနေပါ။

ကိုယ်က နဂိုအသား သိပ်မဖြူမညိုပေမဲ့ နေပူခံပြီး ကလိုရင်းများများပါသော ရေကန်ထဲအမြဲရောက်နေရသဖြင့် အသားက ညိုညိုမည်းမည်းလေးပင် ဖြစ်နေသည်။ ရေကူးကန်ထဲ ဘယ်လောက်နေနေ မညိုသွားဘူး ဆိုတာက သိပ်ပြီးအသားဖြူနေတဲ့သူတွေမှ ကြည့်ကောင်းရုံ ညိုသွားတာ။ ဓာမဏိ...ဘော့ နဂိုမဖြူမညိုမို့ ရေကူးကန်ထဲ တစ်ပတ်လုံး နေရသောအခါ အသားက ဘယ်လိုမှ မဖြူမညို မဖြစ်တော့ဘဲ ညိုမောင်းနေတော့သည်။

ညိုမောင်းရတဲ့အထဲ ဓာမဏိက ရုပ်လည်း သိပ်အချောကြီး မဟုတ်လေရာ ဘယ်ယောက်ျားလေးကမှ စိတ်ဝင်စားလာစရာရုပ်မျိုး မဖြစ်တော့ပါ။ မြန်မာပြည်မှာက အသားညိုသူ





ဆွေ များသဖြင့် တော်ရုံတန်ရုံ အသားလေးဖြူပြီး ရုပ်ကလေးသင့်ရင်တောင် လှကြည့်ခံရတာ။ ဓာမဏိကတော့ သိပ်မလှရတဲ့အထဲ အသားကပါ ညိုမောင်းနေပြန်သောအခါ ဘယ်လိုမှ စိတ်ဝင်စားစရာ ရုပ်ရည်မျိုး ဖြစ်မနေတော့ပါ။ ဓာမဏိမှာ လှတာဆိုလို့ ရေကူးသဖြင့် ကျောပြင်မတ်မတ်၊ ပခုံးဖြောင့်ဖြောင့်နှင့်သွယ်လျပြေပြစ်သော ကိုယ်လုံးကိုယ်ဟန်ရှိပြီး အရပ်ကြီးကငါးပေရှစ်လက်မတောင်ရှိအောင် မြင့်မားနေတာသာ ရှိပါသည်။

ဒီနေ့ညနေ မီးလာနေသဖြင့် ဓာမဏိသည် ထမင်းကိုတော့ ရေမချိုးခင် rice cooker ထဲ မြန်မြန်ထည့်ချက်ထားလိုက်သည်။ ရေမိုးချိုး သနပ်ခါးပွတ်ပြီး ထွက်လာတော့ ထမင်းအိုးကကျက်ပြီးနေပြီ။ မီးမလာရင်တော့ မီးမွှေးပြီး သီးသန့်ချက်ရသည်။ အခုတော့ ဟင်းချက်ဖို့သာ မီးသွေးမီးဖိုမွှေးရမှာပေမဲ့ အမေကပြီး မီးမွှေးပေးခဲ့ကာ ရေနွေးအိုး တင်ထားပေးသဖြင့် ဓာမဏိမီးမွှေးစရာ မလိုတော့ပါ။

မိသားစုသုံးယောက်အတွက် ညနေစာရော နောက်နေ့နက် ထမင်းဘူးတွေ ထည့်ဖို့ပါ ဟင်းချက်ရတာ ဖြစ်သည်။ အင်လေး စင်ရော်ကလည်း ကိုးနာရီမှ သုံးနာရီထိ ကျောင်းတက်ရသဖြင့် ထမင်းဘူး ထည့်ရလေသည်။ မနက်ဆို ရှစ်နာရီထွက်တာနဲ့ အားလုံး ထမင်းဘူးကိုယ်စီနှင့် အိမ်တံခါးပိတ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ကြရာ အခုလို ညနေပိုင်းမှသာ ပြန်ဆုံကြရသည်။ စင်ရော်ကလည်း ကျောင်းဆင်းရင် ကျူရှင်တစ်ခုလောက်ကတော့ ဖြေဘက်ရသေးသဖြင့် အမေနဲ့အစ်မ ပြန်ချိန်လောက်မှပဲ သူလည်း အိမ်ရောက်တတ်သည်။

"အမေ ထမင်းစားလို့ရပြီ အမေ"

"အေး ... အေး၊ စားတာပေါ့၊ သားရေ ... လာ၊ ထမင်းစားလိုက်ဦး။ စာတွေပြီးမှကျက်ပါ၊ မင့်မလည်း တစ်ချိန်လုံးတကုပ်ကုပ်နဲ့ ကျက်နေရတာ၊ ခေါင်းရှုပ်ပါတယ်ကွာ၊ တီဗီလေး စာအုပ်လေးနဲ့ ခဏအချိန်ဖြုန်းပါဦး၊ ဆေးကျောင်းမရလည်း ဘာဖြစ်လဲ။ တခြားဘာသာရပ် တစ်ခုခုမှာ ဒေါက်တာဘွဲ့ရအောင် ယူနိုင်လည်း ကောင်းတာပဲ"

"သားက ဆေးကုတဲ့ ဆရာဝန်ပဲ ဖြစ်ချင်တာ အမေနဲ့ မမကို ပြန်ကုပေးချင်တယ်"

"ဟယ် ... စင်ရော်ရယ်၊ ငါဒီလောက် ကျန်းမာတာ၊ နင်က ဘာကုပေးချင်ရတာလဲ၊ ငါက အားကစားသမား၊ ရေကူးချန်ပီယံနော်၊ ကျန်းမာတယ်၊ သူများတွေ တုပ်ကွေးဖြစ်ရင်တောင် ငါမကွေးဘူး။ အဲဒီလောက် ကျန်းမာတာ"

မိသားစုသုံးဦး ထမင်းဝိုင်းကျမှပဲ စကားပြောဖြစ်ကြတာ များသည်။





ထမင်းစားပြီးတာနဲ့ အမေက သူ့ရုံးအလုပ် ပါလာရင်လုပ်၊ မလုပ်ရင် သတင်းစာတို့ ဂျာနယ်တို့ တစ်ခုခုကိုဖတ်၊ ဓာမဏီကတော့ မိန်းကလေးပီပီ တီဗီကြည့်ရတာ ကြိုက်သဖြင့် တီဗီကြည့်၊ မကြည့်ရရင် ဂှားထားတဲ့ မဂ္ဂဇင်း၊ ဝတ္ထုဖတ်ဖြင့် အချိန်ဖြုန်းသလို စင်ရော်ကတော့ ထုံးစံအတိုင်း စာပဲကျက်နေကာ အမေ အတင်းအိပ်ခိုင်းမှသာ အိပ်တော့သည်။ ဒါကြောင့် စကားစုပြောကြချိန် သိပ်မရှိပါ။

အမေရှိတုန်းကတော့ ဘာကြောင့်ရယ် မသိ။ မိသားစုအမြဲဝိုင်းဖွဲ့ စကားပြောဖြစ်ကြတာကို ဓာမဏီ လွမ်းနေမိတတ်သည်။

"အားကစားသမားလည်း လူပဲ မမရဲ့။ တစ်ခါတလေတော့ နေမကောင်း ဖြစ်မှာပေါ့"

"ဟယ် ... နင် ဘယ်လိုဖြစ်နေတာလဲ၊ ငါ့ကို အတင်းနေမကောင်း ဖြစ်ခိုင်းနေပါလား"

"သမီးကြီးလည်း အသားက ညိုမည်းနေပြီ၊ ပြန်ကိုဖြူမလာတော့ဘူး။ ဒီအလုပ် လုပ်ကတည်းက မဖြူတော့ဘူး၊ ရေထဲ တစ်ချိန်လုံး နေနေရတာကိုးကွယ်"

အမေကတော့ ဓာမဏီကို ကြည့်ရင်း ဝေဖန်သည်။ ဓာမဏီတို့ မောင်နှမက ပြောင်းပြန်။ ဓာမဏီက ညိုမောင်းနေပြီး



www.burmeseclassic.com

www.burmeseclassic.com



စင်ရော်ကတော့ စင်ရော်ငှက်လိုပင် ဖြူဖွေးနုဖတ်နေသော အသားအရေနဲ့ ဖြစ်နေသည်။ ယောက်ျားလေးဖြစ်ပြီး အသားလှနေသော စင်ရော်က ကျောင်းစာပဲ တစ်ချိန်လုံး ထိုင်လုပ်နေပြန်ရာ လူက ဖြူဥနေတော့သည်။

"အဖေလုပ်တဲ့ ကုမ္ပဏီမှာတော့ စာရေးအလုပ်နေရာခေါ်ရင် သမီးကို ထည့်ပေးဖို့ အဖေ ပြောထားပါတယ်။ အရိပ်ထဲမှာ လုပ်ရမှပဲ ငါ့သမီး အသားပြန်ဖြူလာမှာ"

အဖေက ကိုယ့်သမီး ညိုမည်းပြီး ရုပ်ဆိုးမလေးဖြစ်နေသဖြင့် စိတ်မကောင်းသလိုဖြစ်ပြီး ပြောနေလေသည်။

အာမဏီက တဟင်းဟင်း ရယ်မိရင်း ...

"ဏီ ကုမ္ပဏီအလုပ်ကြီး မလုပ်ချင်ပါဘူး အဖေရယ်။ ဏီ ရေကူးလည်း ဝါသနာပါတော့ ရေကူးသင်ရတဲ့ အလုပ်ပဲကြိုက်တယ်။ ကိုယ့်ဘာသာဆို နေ့တိုင်း ရေကူးကန်သွားပြီး ရေကူးနိုင်မှာ မဟုတ်ဘူး။ အခုကျ‌ေ ာ့ မဖြစ်မနေ သွားနေရတော့ နေ့တိုင်း ရေကူးဖြစ်နေတာပေါ့"

"ဒါပေမဲ့ သမီး အသားသိပ်မည်းသွားတယ်လေ"

"ဘာဖြစ်လဲ အဖေရဲ့၊ ဏီ ဂရုမစိုက်ပါဘူး"

"အင်း ... ပြောရရင် မင်းတို့အမေကလည်း မွေးပဲမွေးတတ်တယ်၊ မိန်းကလေးကျ အသားဖြူဖြူဥဥလေး မမွေးဘဲ၊





ယောက်ျားလေးကျမှ အသားဖြူဖြူဥဥလေး မွေးလိုက်တာကိုး"

"စင်ရော်လည်း အသားဖြူရတာ မကြိုက်ပါဘူး၊ ကိုယ့်ကို သူများတွေက အခြောက်လိုလို ထင်ခံရတော့ မကြိုက်ဘူး။ မမလို မည်းချင်တယ်"

"မည်းချင်ရင် ရေကူးပေါ့ဟဲ့"

"စင်ရော်မှာ အချိန်မရှိဘူး"

"နင့်ကျမှ စာပြီးစာ ဖြစ်နေတော့တာပဲ။ တချို့လည်း အားကစားလုပ်လိုက်၊ စာပြေးကျက်လိုက်နဲ့ပဲ ဆေးကျောင်းတက်တဲ့လူ ရှိပါတယ်ဟယ်"

"သမီးရေ အဖေ ဝ,ပါပြီ၊ ထပ်မထည့်ပေးနေနဲ့တော့"

"နည်းလှချည်လား အဖေ၊ ဘာလဲဟင်၊ အစာအိမ်အောင့်နေလို့လား"

ဏီ မေးတော့ အဖေက ဗိုက်ကွယ်လိုဟန်မျက်နှာဖြင့် ...

"မအောင့်ပါဘူးကွယ်၊ ဒီနေ့ သိပ်မဆာလို့ပါ"

ဟု ဖြေပြီး ထသွားပါသည်။

ရောဂါဖြစ်လျှင် ဆေးကုရလျှင် ငွေကုန်မှာစိုးရိမ်သော အဖေသည် သူ ဘာဖြစ်နေတယ်ဆိုတာ အသေအချာပြော



www.burmeseclassic.com

www.burmeseclassic.com



ချင်ပုံမရ။ ဟိုမှာ စိတ်မကောင်းတော့ ဖြစ်ရပေမဲ့ အဖေ့ပုံစံက မေးလည်း အမှန်ပြောချင်မှ ပြောမှာမို့ ဆက်မမေးတော့ဘဲ စင်ရော်ကိုသာ ...

"ဟဲ့ စင်ရော် ... နင် မြင့်မြတ်ကိုတွေ့ရင် အစာအိမ်ဆေး ဘာကောင်းလဲဆိုတာ မေးထားပါဦး၊ အဖေ့အတွက် ငါဝယ်ထားပေးချင်လို့"

ဟု ကျိတ်မှာလိုက်သည်။ စင်ရော်က တဟီးဟီး ရယ်ရင်း ...

"မမ မေးပါလား၊ မမ မေးရင် ကိုမြင့်မြတ်က သိပ်ဖြေချင်တာ"

"အံမယ် ... နှင်က အဲဒီလိုမျိုး အစ်မကို နောက်စရာလား။ ငါ ခေါက်ထည့်လိုက်ရ"

ဟိုမျက်နှာကြီး ပုပ်သိုးသွားပြီး ခေါင်းခေါက်ဖို့ပါ လက်က ရွယ်ထားပြီးသည်ဖြစ်ရာ စင်ရော်က ကြိုပြီးပြေးထားနှင့်သည်။

"ကိုမြင့်မြတ် အမေကြီးဆိုလည်း မမကို သိပ်လိုလားတာနော်။ တချို့အမေတွေဆို ကိုယ့်သား ဆေးကျောင်းသား ဖြစ်ပြီဆိုတာနဲ့ မိန်းကလေး ငယ်ငယ်တွေဆို မျက်နှာကြီး တင်းပြီး စကားပြောရတာနဲ့၊ ဘာနဲ့ သားဂုဏ်မောက်ဖြ





ကြတယ်။ ကိုမြင့်မြတ် အမေကြီးကတော့ အဲဒီလိုမဟုတ်ဘူး၊ မျက်နှာထားက ပုံမှန်ပဲ။ သူ့သား ငယ်ငယ်တည်းက တိတ်တခိုး ချစ်ခဲ့ရတဲ့ မမကိုဆို အရင်ကလို အရေးပေးနေမြဲအတိုင်း အရေးပေးတုန်းပဲ၊ စိတ်ကူးမလွဲနဲ့ မမရ၊ စင်ရော်လည်း ဆရာဝန်၊ ကိုမြင့်မြတ်လည်း ဆရာဝန်ဆို မမနဲ့အဖေ ဘာမှမပူရတော့ဘူးနော်"

စင်ရော် အိမ်ရှေ့ခန်းကို ပြေးရင်း ပါးစပ်ကလည်း အော်ပြောဖြစ်အောင် ပြောသွားသေးလေသည်။ ဟိုသည် စိတ်တို အလိုမကျဖြစ်လျက် အိုးတွေ ခွက်တွေ အသံမြည်အောင်လုပ်ပြီး ဆေးကြောနေမိပြီးမှ အဖေ့ကို အားနာသွား၍လျက် အရှိန်သတ်လိုက်ရသည်။

တကယ်တော့ ဟို စိတ်တိုတယ် ဆိုတာက စင်ရော့်ကို မဟုတ်။ မြင့်မြတ်မောင် ဆိုသော သူကိုပါ။

• မြင့်မြတ် ဟု ခေါ်သော မြင့်မြတ်မောင်မှာ တကယ်တော့ ဇာမဏီနဲ့ ငယ်သူငယ်ချင်းလို့လည်း ပြော၍ရသလို၊ မပြောရင်လည်း ရသည်။ ဘာကြောင့်လဲဆိုတော့ တစ်လမ်းတည်းသားချင်း၊ အိမ်ချင်းသုံးအိမ်ခြား၊ သူငယ်တန်းမှ ဆယ်တန်းထိ တစ်ကျောင်းတည်း တစ်ခန်းတည်း နေခဲ့ဖူးသူတွေ ဟူသော အချက်ကြောင့် ငယ်သူငယ်ချင်းဟု ပြောရင်လည်း ငြင်းလို့မရ၊

www.burmeseclassic.com



ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်တော့လည်း မြင့်မြတ်နဲ့ ဏီဟာ တကယ့် သူငယ်ချင်း စစ်စစ်ကြီးတွေလို အတူသွား၊ အတူလာ၊ အတူဆော့ကြတဲ့ အထိလည်း မရင်းနှီး၊ မခင်မင်ခဲ့ဖူးသဖြင့် ငယ်သူငယ်ချင်းဟု ပြောရမှာလည်း ခပ်ခက်ခက် ဖြစ်နေပြန်သည်။

သို့သော် မွေးကတည်းက ဒီလူ ဒီလူတွေပဲ တွေ့ဖူး၊ မြင်ဖူးပြီး ကြီးပြင်းလာကြတာ၊ အတူတူ ဖြစ်သဖြင့် လူချင်းမေးတူးခေါ်ပြော၊ လမ်းတွေ့နှုတ်ဆက်၊ ရပ်စကားပြောကြတဲ့အထိတော့လည်း ရင်းနှီးနေပြန်သည်။

ငယ်ငယ်ကတော့ ရိုးရိုးသားသား ခေါ်ပြောနှုတ်ဆက်ကြပေမဲ့ အဲဒီ မြင့်မြတ် ဆိုတဲ့ကောင်က လူပျိုပေါက်အရွယ် ရှစ်တန်းလောက်ရောက်တော့ စိတ်ကစ,ပြီး ပြောင်းလာဟာ။ အတန်းတူချင်းမို့ အတန်းထဲက ကောင်လေးအချင်းချင်းကြားမှာပဲ ...

"ဓာမဏီကို မြင့်မြတ်မောင်က ကြိုက်လို့တဲ့ဗျို့"

ဟု အော်ကြ၊ စ,ကြ၊ နောက်ကြသည်မှာ အဲဒီ မြင့်မြတ် ကိုယ်တိုင်က လျှောက်ပြောလို့ ဖြစ်လာတဲ့ ပြဿနာပင်။

တကယ်လား အတည်လား မသေချာပေမဲ့ ဓာမဏီမှာ ထိုသို့ အနောက်ခံ၊ အစခံရသည်ကိုပင် စိတ်အဆိုးကြီးဆိုး





လျက် ထိုအချိန်တည်းက မြင့်မြတ်ကိုဆို လမ်းတွေ့ရင်တောင် နှုတ်ဆက်ပြုံးပြတာမျိုး မလုပ်ဖြစ်တော့ပါ။ မြင့်မြတ်ကတော့ ဓာမဏီကိုတွေ့ရင် သေလုမြောပါး ဖြစ်တော့မလို မျက်နှာပေးနဲ့ လိုက်လိုက်ကြည့်ခဲ့ရာမှ ဆယ်တန်းအောင်ပြီးသောအခါ မြင့်မြတ်ထံမှ ရည်းစားစာကို ဓာမဏီ လက်ခံရရှိခဲ့လေသည်။ ထိုစာကို ဓာမဏီသူငယ်ချင်းမိန်းကလေး(မြင့်မြတ်နှင့်လည်း မေးတူးခေါ်ပြောဖူးသော)ထံမှတစ်ဆင့် ပေးခိုင်းခဲ့တာဖြစ်သည်။

စာကတော့ ရည်းစားစာတို့အတိုင်း ...

"ဓာမဏီရယ် ...

နင့်ကို ငါ ချစ်နေတာ ကြာပါပြီ၊ ရှစ်တန်းတည်းကပါ။ ငါ ဆယ်တန်းအောင်ပြီးဆေးကျောင်းတက်ခွင့်ရမှ နင့်ကိုဖွင့်ပြောမယ်လို့ ရည်မှန်းချက်ထားထားလို့ ခုမှ စာရေးပြီး ဖွင့်ပြောတာပါ၊ ငါ့ကို အဖြေပေးပါနော်၊ ငါ နင့်တစ်ယောက်တည်းကိုပဲ အမြဲချစ်မှာပါ။

မြင့်မြတ်မောင်"

ဟူသော ချစ်နေကြောင်းတွေ ရေးပြထားသည့် ခပ်ရိုးရိုး ရည်းစားစာပဲ ဖြစ်ပါသည်။

ထိုသို့ ရည်းစားစာ ပေးပြီးကတည်းက မြင့်မြတ်၏ အမေ ဒေါ်လှလှနွယ်မှာလည်း အရင်ကထက် ဓာမဏီကို ပိုအရေးပေး ခေါ်ငင်နှုတ်ဆက်လာကြောင်း သတိပြုမိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်မှာ အဖေ၊ အမေနဲ့ သားတစ်ဦးတည်းသာ ရှိသော မိသားစုသုံးယောက်သာရှိပြီး အဖေက တော်တော့်ကိုအေးကာ အမေကတော့ စ းများကြောင်း သိထားပါသည်။ ထိုသို့ သိသည်မှာလည်း မြင့်မြ ကို့က ရပ်ကွက်မိုခိုအားထားရာ ဈေးအတွင်းမှာ ကုန်ပစ္စည်းမျိုးစုံ တင်ရောင်းသောဆိုင်ကြီး ဖွင့်ထားသဖြင့် ဈေးထဲသွားဖူးသူတိုင်း၊ မြင့်မြတ်တို့ဆိုင်မှာ ဝယ်ဖူးသူတိုင်း သိသကဲ့သို့ သိခြင်းသာဖြစ်သည်။

ထိုကုန်မျိုးစုံဆိုင်ကြီးမှာ တစ်ဈေးလုံးရှိ ဆိုင်တွေထက်လည်း ပစ္စည်းစုံ၊ ဈေးလည်းမှန်သဖြင့် ဇာမဏီအပါအဝင် ရပ်ကွက်ထဲကလူမှန်သမျှကတော့ မြင့်မြတ်တို့ဆိုင်မှာသာ အဝယ်များကြသည်။

ဈေးက မနက်ကနေ ညနေလေးနာရီခွဲထိ တနင်္ဂနွေပိတ်ရက်ကလွဲရင် ဖွင့်သောဈေးမို့ မြင့်မြတ်အဖေနဲ့ အမေလည်း တစ်နေကုန် ဈေးထဲကဆိုင်မှာ ရှိနေတတ်သည်။ ဇာမဏီသွားဝယ်တိုင်း ဈေးဝယ်သူကို မေးတစ်ခွန်း ပြောတစ်ခွန်း လုပ်တတ်သော မြင့်မြတ်အဖေ ဦးမောင်ကတော့ ပုံမှန်ဆက်ဆံပေမဲ့ မြင့်မြတ်အမေ ဒေါ်လှလှနွယ်ကတော့ တခြားဈေးဝယ်သူတွေကိုလည်း ရွှန်းရွှန်းဝေအောင် စကားပြောတတ်လှသလို၊ ဇာမဏီ့ကိုဆို ပိုအရေးပေး၊ ပိုဈေးလျှော့ပေးတတ်ကာ ...





"ခြော် ... ကိုယ့်သမီးလေးပဲ လျှော့ပေးရမှာပေါ့၊ ဒီလူ့မှ မလျှော့ပေးရင် ဘယ်သူ့သွားလျှော့ပေးရတော့မလဲ၊ သား မြင့်မြတ်ကလည်း အိမ်မှာဆို အမြဲပြောတာ၊ ဇာမဏီကလေ ဇာမဏီကလေနဲ့ သူက သိပ်ခင်တာ"

ဟူသော စကားကို အမြဲထည့်ပြောတတ်သော အမေမျိုးပင်။ ဘယ်လိုအမေမှန်းတော့ မသိ။ အမေတွေဆိုတာ သားတွေကို (အထူးသဖြင့် တစ်ဦးတည်းသောသားတွေ)သဝန်တိုပြီး ဂုဏ်မောက်တတ်ကြတာ များပေမဲ့ မြင့်မြတ် အမေကတော့ အဲဒီလိုမဟုတ်။ သူ့သားကို သဝန်တိုပုံမရ။ ဒါ့အပြင် သားက ဒီကောင်မလေးကို သူကြိုက်တယ် ပြောထားတာနဲ့ အသေမှတ်ထားကာ သိသိသာသာကြီး အရေးပေးတတ်ပြန်သည်မှာ အတော်အံ့ဩစရာ။

အဲဒီ မြင့်မြတ် ဆိုတဲ့ကောင်ကလည်း အဖေ အမေကိုများ သူ ဘယ်ကောင်မလေးကို ကြိုက်နေပါသည်ဆိုတာ ပြန်ပြောရဲသတဲ့။ ဇာမဏီ့မှာ စိတ်တို၊ စိတ်ဆိုး၊ မခံချိမခံသာဖြစ်ပြီး အံ့ဩနေရသည်။

ဇာမဏီ ဘာကြောင့် မြင့်မြတ်လို ဆေးကျောင်းသားတစ်ယောက်က သဘောကျတာကို မခံချင်ရသလဲ ဆိုတော့အင်း ... ပြောရရင် ကိုယ့်အလွန်ပဲ ဖြစ်မယ်ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲဆိုတော့ မြင့်မြတ်က ရုပ်ဆိုးတာတော့ မဟုတ်ပေမဲ့ ရုပ်မချောလို့ပါတဲ့။ မြင့်မြတ်သည် အသားခပ်ညိုညို အရပ်မြင့်ပေမဲ့ ပိန်လှသဖြင့် နည်းနည်း ကလန်ကလား ပိန်ရှည် ရှည်ကြီး ဖြစ်နေသူ၊ မျက်နှာတစ်ခုလုံးမှာ လှသည် ချောသည်ဟု ပြောစရာ အရာဆိုလို့ ဘာမှမရှိဘဲ တကယ့်ကို သာမန်ရုပ် ရည်နဲ့ဖြစ်လေရာ တစ်ခါသာမြင်ဖူးပြီး ထပ်မတွေ့တော့ရင် မေ့ သွားလောက်တဲ့ တကယ့် သာမန်လူတစ်ယောက်ပုံစံ ဖြစ်ပါသည်။

ဆေးကျောင်း စတက်ရကတည်းက စာတွေများပြီး အိပ်ရေးဝဝအိပ်ကာ စာမကျက်ရလေသောအခါ မျက်လုံးတွေက အမြဲအိပ်ချင်နေသော မျက်လုံးတွေ ဖြစ်နေသဖြင့် ပိုပြီးအရုပ်ဆိုး သွားသလိုပဲဟု ဏီ ထင်သည်။ ဏီ သူ့ကို အလိုမကျ ဖြစ်ရခြင်း မှာ အဓိက,ကတော့ ဏီ စိတ်ကူးယဉ်ထားသော ရုပ်ရည်ချောချော မရှိခြင်းဟူသော အချက်ပဲ ဖြစ်ပါသည်။

အမှန်တော့ ဏီသည် ကိုယ်ကိုယ်တိုင်လည်း ရုပ် အလှကြီး မဟုတ်သော်ငြား စိတ်ထဲမှာတော့ ချောသောလှသော ယောကျ်ားတစ်ယောက်နဲ့သာ ချစ်သူဖြစ်ချင်သူ။

ဏီ့စိတ်ကူးထဲက ချစ်သူသည် အသားအရေကတော့ မောင်လေးစစ်ရော်လိုပင် လတ်ဆတ်သန့်ရှင်း ဖြူစင်လှပြီး ရုပ် ရည်ကလည်း တစ်ချက်ကြည့်လိုက်တာနဲ့ ဘယ်တော့မှ မေ့မသွား





ရလောက်အောင် ချောသော ယောကျ်ားတစ်ယောက်။ ထိုသူကို သာ ဏီ ပြန်ချစ်လိုသည်။ ပြန်လက်ခံလိုသည်။ ကိုယ်ကရုပ်မချော ပေမဲ့ ဏီသည် စိတ္တဇရှိနေသူလိုပဲ ရုပ်ချောသော ချစ်သူကိုသာ ခိုင်ဆိုင်ချင်နေသည်။

ထို့ကြောင့် ဏီသည် ရုပ်မချောသော ပိန်ရှည်ရှည် ကလန်ကလားနဲ့ မြင့်မြတ်မောင်ကို ဘယ်လိုမှကြည့်မရ၊ ချစ်မရ၊ ကောင်းတော့ လက်ခံမပြောချင် စသဖြင့် အဖြစ်သည်းစွာ မလို သားခဲ့တာပါ။

"နင့်ကို ငါ ဘယ်တော့မှ ပြန်မချစ်နိုင်ဘူး မြင့်မြတ်။ နောက်ထပ် လာမမေးပါနဲ့၊ ဘယ်တော့မေးမေး ငါ့အဖြေ က တစ်မျိုးတည်းပဲရှိတယ်၊ နင့်ကို မချစ်နိုင်ဘူး"

ရည်းစားစာပေးပြီး သိပ်မကြာ။ ဏီ အပြင်ထွက် တာကို အရိပ်အခြည်ချောင်းပြီး နောက်ကလိုက်လာကာ မေးသော မြင့်မြတ်မောင်ကို ဏီ ထိုသို့ပင် အပြတ်ငြင်းခဲ့ဖူးသည်။ ကြာပြီ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဖြစ်မည်ထင်သည်။

"လူ့စိတ်ဆိုတာ တစ်နှစ်နဲ့ တစ်နှစ်မပြောနဲ့ စက္ကန့်တိုင်း မှာတောင် အမြဲပြောင်းနေတာပါ ဓာမဏီ။ နင် ငါ့ကိုအခု ငြင်းထားပေမဲ့ ငါက ဒါကို အမြဲတမ်း အတည်မယူပါဘူး နင် ငါ့ကို ချစ်လာနိုင်မဲ့နေ့အထိ စောင့်မယ်"

www.burmeseclassic.com



"စောင့် ... စောင့် ... နင့်ဘာသာ သေအောင်စောင့်"

"ငါ သေသွားလည်း နင့်ကို ချစ်ရင်းနဲ့ပဲ သေသွားချင်တယ်"

"ဟား ဟား ... အယ်ဝတ္ထုထဲက စာသားတွေလဲ"

"ငါ တကယ်ပြောတာ၊ မယုံရင် စောင့်ကြည့်နေ၊ နင့်ကို ငါ လတိုင်း ငါချစ်တဲ့အကြောင်း ရေးထားတဲ့ စာလေးတွေ ပို့ပေးနေမယ်။ ငါ့စာတွေ ရနေသမျှ နင့်ကို ငါချစ်နေသေးတယ်ပဲ မှတ်လိုက်ပါ"

"အေး ... ဘယ်လောက် ပို့နိုင်မလဲ၊ စောင့်ကြည့်ရသေးတာပေါ့"

တကယ်လည်း မြင့်မြတ်က သူ့စကားအတိုင်း စာကြောင်းလေးတချို့ ရေးထည့်ထားသော ပို့စကတ်လေးတွေ စာတိုက်မှတစ်ဆင့် လတိုင်းပို့ပေးနေခဲ့ပါသည်။

ပို့စကတ်လေးတွေက ဈေးသိပ်ကြီးသော နိုင်ငံခြားဖြစ် ပို့စကတ်တွေ မဟုတ်ဘဲ မြန်မာပြည်ဖြစ် ပန်းချီပုံလေးတွေပါသော ပို့စကတ်လေးတွေဖြစ်သည်။

"ဓာမဏီကို အရမ်းချစ်တယ်"

ဆိုတာမျိုး။





"ဆေးကျောင်းမှာ ကောင်မလေးတွေ သိပ်လှကြတယ် ဓာမဏီ။ ဒါပေမဲ့ သူတို့ ဘယ်လောက်လှလှ ကိုယ်ကတော့ ဓာမဏီကိုပဲ ချစ်လို့ရတယ်"

ဟူသော သူ့ကိုယ်သူ ငါ အစား "ကိုယ်" တွေဘာတွေ ပြောင်းသုံးလျက် ပိုင်စိုးပိုင်နင်း ရေးလာရေးရဲ့။

"ကိုယ် တစ်ခါတလေ ပို့စကတ်လေးတွေကို လကုန်ရက်တွေမှာ မပို့ဖြစ်ခဲ့ရင်၊ ဒါမှမဟုတ် ဓာမဏီဆီ အချိန်မီ မရောက်ခဲ့ရင် စိတ်မဆိုးနဲ့နော်၊ ကိုယ် စာမေးပွဲတွေ များနေလို့ပါ"

ဆိုပြီး သူနဲ့ ဓာမဏီ ရည်းစားပဲ ဖြစ်နေသလိုလို ရေးတာလည်း ရှိရဲ့။

ဓာမဏီမှာ ထိုပို့စကတ်တွေရတိုင်း လှောင်ပစ်ခဲ့ရပေါင်းများနေပြီဆိုပေမဲ့လည်း မြင့်မြတ်ကတော့ ဇွဲရှိစွာပင် ခုထိ လစဉ်ပို့နေဆဲ ဖြစ်ပါသည်။

မောင်လေးစင်ရော်ကတော့ ...

"ပို့စကတ် လစဉ်ထုတ်ကြီး"

ဟု နာမည်ပြောင်ပေးထားပေမဲ့ သူကတော့ ဆေးကျောင်းသိပ်တက်ချင်နေသူဖြစ်ရာ မြင့်မြတ်ကို ကျိတ်အားကျလှသည်။ ခင်ခင်မင်မင်လည်း ရှိလှသည်။ မြင့်မြတ်က သူ့ရဲ့ Hero လိုဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်ဆီက စာကျက်နည်းတွေမေးပြီး သူ့လို ကျက်ရသည်။ စာထဲမှာ တစ်ခုခု နားမလည်လျှင် ဆရာ၊ ဆရာမ ကို မေးဖို့ အရင်သတိမရဘဲ မြင့်မြတ်ဆီ ပြေးမေးတတ်လေသည်။

ဇာမဏီကတော့ လမ်းမှာ မတော်တဆ မျက်နှာချင်း ဆိုင် ဆုံရင်တော့ ပြုံးပြရမှာဆိုးပြီး မျက်နှာကြီးလွှဲထားတဲ့အထိ မြင့်မြတ်ကို စိမ်းကားနေဆဲ ဖြစ်ပါသည်။





## ၂

ဇာမဏီတို့ ရေကူးကန်ကြီးနှင့်အတူ အားကစားခန်းမ လည်း တွဲဖွင့်ထားသလို ကော်ဖီ၊ မုန့်၊ အအေးတွေရသော ကင်န် တင်းလို ဆိုင်လေးလည်း ရေကူးကန်ဝင်းထဲမှာပင် ဖွင့်လှစ်ထား သဖြင့် ဒီနေ့တော့ ရေကူးသင်ဆရာမ လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် ဒေသီမာက ...

"ဒီနေ့ သင်တန်းတွေ နေ့လယ်နားရင် ကင်န်တင်း သွား ကြမယ်နော်၊ ငါ့မွေးနေ့မို့ ကင်န်တင်းမှာ မုန့်လိုက်ကျွေး မယ်ဟေ့"

ဟု ဖိတ်သဖြင့် ဇာမဏီတို့ ဆရာမအုပ်စု ကင်န် တင်း ရောက်ခဲ့ကြသည်။

များသောအားဖြင့် သင်တန်း တစ်ခုနဲ့ တစ်ခုကြား မှာ ဆယ့်ငါးမိနစ်သာ ခြားလေရာ (နေ့လယ်ထမင်းစားချိန်မှာ

www.burmeseclassic.com



တော့ လေးဆယ့်ငါးမိနစ် ခြားပါသည်) ဇာမဏီတို့ အများစုမှာ ရေကူးဝတ်စုံ ရေစိုကြီးတွေ မလဲချင်တော့တာနဲ့ ခါးအောက်ပိုင်းကို မျက်နှာသုတ်ပဝါကြီးပတ်၊ အပေါ်က တီရှပ်အစုတ် ထပ်ဝတ်ပြီးတော့သာ ခဏနားကြသဖြင့် ကင်န်တင်းကို တကူးတက သွားမထိုင်ဖြစ်ပါ။ ကင်န်တင်းသွားလျှင် ရေကူးဝတ်စုံချွတ်ရ၊ လဲရ၊ သင့်တင့်သော အပြင်ဝတ်အင်္ကျီ ပြန်ဝတ်ရတာတွေ ရှုပ်လှသဖြင့် ရေကူးကန်ဝန်းကျင်မှာသာ အချိန်ဖြုန်းကြတာ များသည်။ ရေကူးကန်ကြီး ဘေးပတ်လည်မှာ အဝတ်လဲခန်းသီးသန့်၊ ရေချိုးခန်း အိမ်သာတွေ ရှိသလို ဆရာ၊ ဆရာမများ ခဏနားနေလို့ရသည့် အခန်းကျယ်ကြီးတစ်ခု ထားပေးသဖြင့် ဇာမဏီတို့ကတော့ ထိုအခန်းကျယ်ကြီးမှာပင် စုပွဲ့ကာ ထမင်းစားကြတာ များသည်။ နားရင်လည်း ခဏနားကြတာ များသည်။

အအေးဒဏ်လည်း တော်တော်ခံနိုင်နေပြီဖြစ်ရာ အောက်မှာ ရေစို ရေကူးဝတ်စုံကြီး မလဲဘဲ အပေါ်က တီရှပ်အဟောင်း ထပ်ဝတ်၊ ခါးမှာ မျက်နှာသုတ်ပဝါပတ်ပြီးတော့လည်း နေနိုင်ကြပါသည်။

ဒီနေ့တော့ မသီမာက မနက်လာကတည်းက မှာထားလေရာ နေ့လယ် ဆယ့်နှစ်နာရီဆယ့်ငါး ထမင်းစားချိန်နားသောအခါ ဇာမဏီတို့တစ်တွေ ရေကူးဝတ်စုံကို ပြန်ချွတ်လဲလှယ်





ပြီး မနက်က အလုပ်လာစဉ် ဝတ်လာကြသော ကိုယ်ပိုင်ဝတ်စုံအသီးသီးကို ဝတ်ကြပြီးမှ ကင်န်တင်းကို ထွက်လာခဲ့ကြသည်။ အားလုံးကတော့ ရေထိ၊ နေထိထားသော အသားအရေ၊ ဆံပင်ခြောက်ခြောက်၊ မျက်နှာပြောင်ပြောင်နဲ့ ဘယ်လိုမှတော့ ကြည့်မကောင်းလှ။ ကင်န်တင်းမှာကတော့ ဟိုဘက်အားကစားရုံ Gym ဘက်မှာ လာကစားပြီး ခဏထိုင် အအေးသောက်နေကြသော မိန်းကလေးတွေ၊ ယောက်ျားလေးတွေ ရှိနေလေရာ သူတို့ကတော့ အားကစားလုပ်ပြီး၊ ရေချိုးပြီး ထွက်လာခါစ လတ်ဆတ်စိုပြည်သော အသားအရေတွေ၊ သေသေချာချာ ပြင်ဆင်ပြီးမှ ထွက်လာသော ရုပ်တွေနဲ့မို့ ပို၍ကြည့်ကောင်းနေပါသည်။

“အားကစားထဲမှာ ရေကူးတဲ့ အားကစားဟာ အသားအရေ မလှဆုံးပဲနော်”

ဒါကိုသတိပြုမိပုံရသော ခင်ခင်လတ်ဟူသော ကောင်မလေးက ဇာမဏီကို အဖော်ညှိပြီး တိုးတိုးကပ်ပြောပါသည်။

“အမှန်တော့ ပိုက်ဆံတတ်နိုင်ရင် ဆိုင်တွေသွားပြီး Skin Care ကောင်းကောင်း ပြန်လုပ်ယူရင် ရပါတယ် ခင်ခင်လတ်ရယ်”

“အံမယ်လေး ... အဲဒါတွေက ကောင်းရင် ကောင်းသလို သောင်းချီပြီး ပေးရတာ၊ မတတ်နိုင်ပါဘူး။ ကိုယ့်မှာသေ



www.burmeseclassic.com

www.burmeseclassic.com



အတတ်ပညာ တတ်သလဲဆိုရင် ဒီရေကူးတာလေးပဲ တတ်ထားလို့ ထမင်းစားလက်မှတ် ရနေတာပါ ဇာမဏီရယ်၊ ဘယ်အကုန်ခံနိုင်ပါ့မလဲ"

မသီမာကလည်း ဝင်ထောက်ခံပါသည်။

"ဟုတ်ပါ့ဟယ်၊ ငါတို့က မင်းသမီးတွေမှ မဟုတ်တာ။ Skin Care ကြီး အသေအချာ မလုပ်နိုင်ပါဘူး။ အိမ်ရောက်မှ သနပ်ခါး ခြေဆုံးခေါင်းဆုံး ပြန်လိမ်းယူနိုင်တာပဲရှိတယ်။ ဒီတော့ အသားက ပြန်လှပါတော့မလား။ နေ့တိုင်း ကလိုရင်းဓာတ်ပါတဲ့ ရေထဲဆင်းနေရတာ"

"ဒါတောင် မသီမာက နဂိုအသားဖြူပါသေးတယ်၊ ဇော်ဆို ကြည့်၊ အစက မဖြူမညိုပါ၊ အခုတော့ တကယ်ပဲ မည်းသည်းနေပြီ"

"နို့နဲ့ ရေပြန်ချိုးရင် ဖြူမယ်ထင်တယ်"

"ဟယ် ... ပုရွက်ဆိတ် ကိုယ့်ကိုလာတက်နေပါ့မယ်"

"ဆပ်ပြာ သေသေချာချာ တိုက်ပေါ့ဟဲ့"

ဇာမဏီရယ်၊ မသီမာရယ်၊ ခင်ခင်လတ်ရယ်၊ မေမျိုးအောင်ရယ်၊ ရည်ရည်မွန်ရယ် ငါးယောက်မှာ အားလုံး ရေကူးချန်ပီယံ ဖြစ်ဖူးသူတွေ ဖြစ်ပါသည်။ အားလုံးထဲမှာ ဇာမဏီတစ်ယောက်သာ နိုင်ငံခြားပွဲတွေ သွားမပြိုင်ဖူးပေမဲ့ ကျန်တဲ့သူတွေ





ကတော့ သွားပြိုင်ဖူးသူတွေ ဖြစ်ပါသည်။ ဆုတော့မရျိတ်ပေမဲ့ ကိုယ့်နိုင်ငံအဆင့်၊ ကိုယ့်ကျောင်းအဆင့်တွေမှာတော့ ချန်ပီယံဖြစ်ဖူးသူတွေချည်း ဖြစ်ပါသည်။

"ထမင်းဘူး စားတာလည်း စားနော်၊ ကင်န်တင်းက အအေးဖြစ်ဖြစ် အပူဖြစ်ဖြစ်နဲ့ မုန့်နဲ့လည်းစားဖို့ ဗိုက်ကို ချန်ဦး။ မွေးနေ့ရှင် ဒါနမပြောက်ဘဲ နေဦးမယ်၊ စားကြပါဦး"

"မသီမာ ကြိုပြောရင် ထမင်းလျှော့ထည့်လာပါတယ်"

"ကြိုပြောရင် ပရဲဆင့်တွေ လုပ်လာမှာစိုးလို့"

"ဟယ် ... ဘယ်ဟုတ်မလဲ၊ ပေးမှာပေါ့။ ဒါအထိမ်းအမှတ်ပဲ"

"မပေးပါနဲ့ဟယ်၊ ငါက မုန့်နဲ့အအေးပဲ ကျွေးတာပါ၊ သိပ်ကြီးကြီးကျယ်ကျယ်ကြီး လုပ်ပြီး ကျွေးတာမှမဟုတ်တာ"

"တစ်ယောက်ချင်းစီက မယူချင်ရင် ရည်တို့လေးယောက် စုပြီး ဝယ်ပေးတဲ့ အမှတ်တရတော့ လက်ခံပါ မသီမာရဲ့။ ရည်တို့ပေးတဲ့ ပစ္စည်းလေး သုံးတိုင်း၊ မသုံးလည်း မြင်တိုင်း သြော် ... ဒါ ဟိုလေးယောက်ပေးတဲ့ လက်ဆောင်လေးပဲဆိုပြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ရည်ရည်မွန်ရယ်၊ ဝတ္ထုထဲက စာသားတွေကျ နေတာပဲ၊ ဒီမိန်းမ ဘာရူးပြန်ပြီလဲ"

ငါးယောက်သား ဘေးလူတွေ ဂရုမစိုက်ဘဲ ရယ်မောစားသောက် စကားပြောနေသည်မှာ ရေပက်မဝင် ဖြစ်နေပါသည်။

ထိုအချိန်တွင် စာမဏိတို့ ဝင်လာကတည်းက သတိထားကြည့်နေခဲ့သော သူတစ်ဦးတော့ ရှိနေပါသည်။ ထိုသူကား အားလုံးကို တစ်ဦးချင်းစီ သေသေချာချာ လေ့လာအကဲခတ်နေသူ ဖြစ်ပေမဲ့ မိန်းကလေးငါးယောက်တို့ကတော့ ဘယ်သူမှ ထိုသူ့ကို သတိမပြုမိကြပါ။

ထိုသူ့ဘေးမှ ရှိနေသော အဖော်တစ်ဦးကတော့ အစက စကားတွေ ပြောနေသေးပေမဲ့ အခုမှ အသံတိတ်သလို ဖြစ်လျက် ခပ်မည်းမည်း အသားအရေများနဲ့ အရပ်ထောင်ထောင် မောင်းမောင်းရှိလှသော မိန်းကလေးအုပ်စုထဲ အာရုံစိုက်နေတာကို သတိထားမိသွားပြီး ...

"ကိုလင်းအိမ် အသိတွေမို့လို့လား"

ဟု မေးမြန်းစပ်စုလိုက်ပါသည်။

"မဟုတ်ဘူးဗျ၊ ကျွန်တော့် ခေါင်းထဲမှာ စိတ်ကူးရနေတာလေး ရှိနေချိန်မှာ ဒီအုပ်စုကို တွေ့လိုက်ရတော့ အဲဒီစိတ်ကူးနဲ့ ကိုက်ညီသွားသလိုပဲမို့ ကြည့်နေတာပါ"





"သူတို့က ရေကူးနည်းပြဆရာမလေးတွေပါ၊ Swimming instructors တွေပေါ့"

"ဩော် ... နည်းပြတွေလား"

"နည်းပြပေမဲ့ အားလုံး Title တော့ ရှိပြီးသားပေါ့။ ကျောင်းအဆင့် မြို့နယ်အဆင့် တိုင်းအဆင့် ရဖူးသူလည်း ရှိတယ်၊ နိုင်ငံခြားပွဲတွေ သွားပြိုင်ဖူးတဲ့သူလည်း ရှိကြတယ်။ အခုတော့ သူတို့အဓိက သင်ပေးတာက ငါးနှစ်ကနေ ဆယ်နှစ်ကလေးတွေပဲ သင်ပေးကြတယ်၊ အမျိုးသမီးထဲက အသက်ဆယ့်ငါး နှစ်ဆယ် သုံးဆယ်တွေလည်း သီးသန့်သင်ပေးတာ ရှိတယ် ကိုလင်းအိမ်"

လင်းအိမ်သည် ရေကူးကန်ကြီးတွေ၊ အားကစားလေ့ကျင့်ခန်းမကြီးတွေဖွင့်ပြီး စီးပွားရှာနေသော ကိုရဲနိုင်၏ ပြောပြချက်ကို နားထောင်နေလိုက်ပါသည်။

"ကျွန်တော့်မှာ အိုင်ဒီယာတစ်ခု ရှိနေတာ၊ သူတို့ကိုတွေ့တော့ ပိုပီပြင်လာသလိုပဲ"

"ကိုလင်းအိမ် ဘာများ အိုင်ဒီယာရှိနေလို့လဲ"

"အခု အသစ်ထုတ်မဲ့ အားပြည့်အချိုရည်ကို ကြော်ငြာဘုတ်တင်ချင်တယ်၊ မဂ္ဂဇင်းကြော်ငြာ၊ ဂျာနယ်ကြော်ငြာ ထည့်ချင်တယ်လို့ စဉ်းစားမိနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"မော်ဒယ်လ်တွေ မင်းသမီးတွေနဲ့ ရိုက်မှာမဟုတ်ဘူးလား"

"ကျွန်တော့် စိတ်ထဲမှာ တကယ့် အားကစားမယ် ဖြစ်နေတဲ့ မိန်းကလေးမျိုးနဲ့ ရိုက်ချင်နေတာဗျာ။ မော်ဒယ်လ်တို့ မင်းသမီးတို့ကျ အလှအပလေးတွေ ဖြစ်နေတော့ အားကစားသမားတွေ မောရင်သောက်တဲ့ အားပြည့်အချိုရည်မျိုး ကြော်ငြာမယ်ဆိုရင် သိပ်မလိုက်ဖက်ဘူးဆိုပြီး ကျွန်တော် ခုထိ Billboard ကြော်ငြာ မတင်သေးတာလေ။ ဈေးကွက်ထဲမှာတော့ မဆိုးပါဘူး ဝင်တိုးလို့ ရနေပြီ။ ဒါပေမဲ့ ကြော်ငြာထည့်ချင်နေလို့ပါ"

"ဘောလုံးသမားတွေက လူသိပိုများတယ်လေ ကိုလင်းအိမ်ရဲ့"

"ဘောလုံးသမားတွေနဲ့ ရိုက်တဲ့ကြော်ငြာက ဦးနေပြီဗျ။ ဒါကြောင့် ကျွန်တော်က သူများဦးပြီးသားမို့ မသုံးချင်ဘူး၊ ဒီမိန်းကလေးတွေကို မြင်လိုက်တာနဲ့ တကယ့်အားကစားမယ်တွေမှန်း သိသာတယ်၊ နေလောင်နေတဲ့ အသားအရေရယ်၊ မြင့်မားတဲ့ အရပ်အမောင်းရယ်၊ ကိုယ်ဟန်မတ်မတ် ပခုံးဖြောင့်ဖြောင့်တွေရယ်ဟာ သူတို့ ဘာအလုပ်ကို လုပ်တယ်ဆိုတာ ပါးစပ်က မပြောဘဲ သိသာနေစေတယ်လေ။ ကျွန်တော့်ကြော်ငြာရိုက်မဲ့သူဟာ ရုပ်ချောဖို့ မလိုဘူး၊ လှနေဖို့ မလိုဘူး၊ သဘာဝကျနေဖို့ပဲ လိုတယ်"





ကိုရဲနိုင်သည် ကိုလင်းအိမ် ပြောမှပဲ သူ့ရေကူးကန်မှာ တာဝန်ထမ်းဆောင်နေသော ရေကူးနည်းပြဆရာမလေးတစ်သိုက်ကို အသေအချာ ကြည့်မိတော့သည်။ ယောကျ်ားတို့ရဲ့စိတ်ကိုက အလှအပ ပြင်မှသာ သတိထားကြည့်ရှုတတ်သဖြင့် ကိုရဲနိုင်သည် ရေကူးနည်းပြဆရာမလေးတွေကို ဟစ်ခါမှ သတိထားကြည့်မိတာမျိုး မရှိပါ။ အားလုံးမှာ စိတ်ဝင်စားလောက်စရာ ရုပ်ရည်ဂုဏ်သည်း မရှိရတဲ့အထဲ ကလန်ကလား အရပ်ကြီးတွေနဲ့မို့ ကိုရဲနိုင်လို ငါးပေခြောက်လက်မမျှသာ အမြင့်ရှိတဲ့ ယောကျ်ားတစ်ယောက်အတွက် စိတ်ဝင်စားလောက်စရာ မဖြစ်ခဲ့ပါ။

ရေစိမ်ခံ၊ နေလောင် အသားအရေတွေ ကိုယ်စီနဲ့ ဆရာမလေးတွေဟာ ငွေကြေးလည်း သိပ်အချမ်းသာ အပြည့်စုံကြီးတွေ မဟုတ်တာမို့ ရေထဲက ပြန်တက်လာလည်း Skin Care အတွက် ပြန်လိမ်းရမဲ့ အကောင်းစား ကိုယ်လိမ်း Cream တွေ Lotion တွေ မသုံးနိုင်ကြလေရာ အသားအရေမှာ ဘယ်လိုမှ ပြောင်တက်မလာကြတာကလဲ စိတ်ဝင်စားစရာ မကောင်းတဲ့အချက် ဖြစ်နေသည်။ မွဲမွဲ မည်းမည်းလေးတွေ ဖြစ်နေသော မိန်းကလေးအုပ်စုကိုမှ ကြော်ငြာဘုတ်ထောင်ချင်သည်ဟု ပြောနေသော ကိုလင်းအိမ် ဆိုသည့် အချိုရည်လုပ်ငန်းရှင်ကိုသာ စိတ်ထဲမှာ ကျိတ်ဝေဖန်မိသည်။ ဒီလူ့နှယ် ကြိုကြိုဖန်ဖန် မည်းသည်းမျက်နှာပြောင်တွေကိုမှ ကြော်ငြာရိုက်ချင်ရတယ်လို့ ...။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကိုလင်းအိမ်နဲ့ ကိုရဲနိုင်သည် ဟိုလူဒီလူ ကြားခံမိတ်ဆက်ပေးကြရာက အသိမိတ်ဆွေ ဖြစ်လာသည်မှာ မကြာသေး။ ကိုလင်းအိမ်က ကိုရဲနိုင်ထံမှာ အားကစားလေ့ကျင့်ရုံကြီးရော၊ ရေကူးသင်လို့ရသည့် ရေကူးသင်တန်းပါ တွဲဖွင့်ထားတာရော သိရပြီး ထိုသို့ လာလေ့ကျင့်သူ သင်ကြားသူတွေ အပန်းဖြေ ခဏနားရာ ကင်န်တင်းကြီးပါ တွဲဖွင့်ထားကြောင်း ကြားသောအခါ ...

"ကျွန်တော့် အချိုရည်လုပ်ငန်းမှာ အားကစားသမားတွေ အားကစားလုပ်ပြီးသူတွေ သီးသန့်သောက်နိုင်တဲ့ Sports အချိုရည်တစ်မျိုး ထုတ်ထားတယ်။ အဲဒါ ကိုရဲနိုင်ရဲ့ကင်န်တင်းမှာ တင်ရောင်းကြည့်ဖို့ စိတ်ဝင်စားလား"

ဟူ၍ လာ၍လုပ်ငန်းညှိနှိုင်းပါသည်။

ကိုရဲနိုင်ကလည်း စိတ်ဝင်စားသဖြင့် ထိုအချိုရည်ကိုသူ့ကင်န်တင်းမှာ လက်ခံတင်ရောင်းဖို့ သဘောတူလိုက်ပါသည်။ လွန်ခဲ့တဲ့ တစ်ပတ်ကျော်ကမှ စာချုပ်ချုပ် လုပ်ငန်းချင်းဖလှယ်ခဲ့ကြပြီး ဒီအပတ်တော့ အငြိမ်မနေတတ်သော ကိုလင်းအိမ်က ကိုရဲနိုင်၏ အားကစားရုံတွေ၊ ရေကူးကန်တွေ၊ ကင်န်တင်းတွေကို လာ၍လေ့လာလိုပါသည်ဟု ချိန်းသဖြင့် သူတို့ ဒီထဲရောက်လာကြတာဖြစ်သည်။ အားလုံး လှည့်ပတ်ပြပြီးသောအခါ ကိုရဲနိုင်ကပဲ နေ့လယ်စာကျွေးမည် ပြောပြီး တခြားတစ်နေရာဖိတ်ပေမဲ့ ...





"ကျွန်တော်က ဘယ်နေရာမှာ စားရ၊ စားရ ချေးမများပါဘူး၊ စားပါတယ်ဗျာ၊ ဝေးဝေးလံလံ သွားမနေပါနဲ့၊ ကင်န်တင်းမှာပဲ စားလိုက်ရအောင်"

ဟု ပြောလာလေသည်။

"ဟာ ... ဘယ်ဖြစ်မလဲ၊ ကင်န်တင်းမှာက Snacks လောက်ပဲ ရောင်းတာဗျ"

"ရတယ်၊ ကျွန်တော် နေ့လယ်စာဆို ဖြစ်သလိုပဲ ပြီးတာများပါတယ်။ ညစာပဲ အိမ်မှာ သေသေချာချာ စားတာပါ။ များသောအားဖြင့် မုန့်နဲ့လက်ဖက်ရည်နဲ့ဆို ဗိုက်ပြည့်ပါတယ်။ မနက် အိပ်ရာထတော့လည်း ဗိုက်ခပ်ပြည့်ပြည့်လေး ဖြစ်အောင် စားလာနေကျမို့ နေ့လယ်စာကို သိပ်အထူးတလည် မစားဖြစ်ပါဘူး။ ကင်န်တင်းမှာပဲ မုန့်နဲ့လက်ဖက်ရည် စားကြမယ်လေ"

ကိုရဲနိုင်မှာ ဒီသူဌေးဟာ ဘယ်လိုလူစားပါလိမ့်လို့ အံ့သြပေမဲ့ ကိုယ့်ဆီလာသော ဧည့်သည်အလိုကျ သူကိုယ်တိုင်ပင်တစ်နှစ်နေလို့ တစ်ခါပင် မထိုင်ဖြစ်သော ဒီကင်န်တင်းမှာ လိုက်ထိုင်ပေးလိုက်ရတော့တာ ဖြစ်ပါသည်။

"ကိုလင်းအိမ် တကယ်စိတ်ဝင်စားတာဆိုရင် ကျွန်တော်သူတို့ကို ရုံးခန်းထဲချိန်းပြီး ကိုလင်းအိမ်နဲ့ တစ်ရက်ပေးတွေ့မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်ပဲ လုပ်လိုက်ဗျာ၊ ကျွန်တော်က အချိန်မဆွဲချင်ဘူး။ ဖြစ်နိုင်ရင် ဒီနေ့တောင် အလုပ်စကား ပြောချင်ပါတယ်၊ ကျွန်တော် ညနေပိုင်း မအားလို့ နောက်နေ့ချိန်းလိုက်တာပါ"

"ဒါဆို သူတို့ကို ကျွန်တော် မနက်ဖြန် ဘယ်အချိန် ချိန်းပေးရမလဲ"

လင်းအိမ် တစ်ချက်စဉ်းစားလိုက်ပြီးနောက် ...

"သူတို့ အလုပ်ချိန်တွေက ဘယ်လိုသတ်မှတ်ထားလဲ"

"မနက်ကိုးနာရီ အရောက်လာ။ ညနေငါးနာရီ နောက်ဆုံးအတန်းပြီးတာနဲ့ ပြန်ပေါ့"

"ကိုးနာရီ ရောက်ရောက်ချင်း သင်တန်းတွေ စ,ပေးသလား"

"စတယ်၊ ကိုးနာရီဆို နေသိပ်မပူသေးတော့ အဲဒီအချိန်ဟာ သင်တန်းသား အများဆုံး အချိန်ပဲဆိုတော့ သူတို့ငါးယောက်စလုံး ရောက်တာနဲ့ ရေကူးဝတ်စုံဝတ်ပြီး ရေထဲဆင်းရပြီ။ သူတို့က ကိုးနာရီ မထိုးခင် ဆယ်မိနစ် ငါးမိနစ်လောက်တော့ ကြိုရောက်ပြီး ကလေးတွေလာတာကို စောင့်နေရတယ်၊ ကလေးတွေက ကိုးနာရီကနေ ဆယ်နာရီခွဲတစ်ချိန်၊ ဆယ်နာရီလေးဆယ့်ငါးကနေ ဆယ့်နှစ်နာရီဆယ့်ငါး တစ်ချိန်၊ နှစ်ချိန်မှာ သူအများဆုံးပဲ။ သူတို့





ထမင်းစားချိန်က အခုချိန်ပါပဲ၊ ဆယ့်နှစ်နာရီဆယ့်ငါးကနေ တစ်နာရီထိ သူတို့ နားရပါတယ်"

"ဒါဆို သူတို့ ထမင်းစားချိန်ကြီး နောင့်ယှက်သလို ဖြစ်နေမလား"

"ကျွန်တော် ဒီညနေ သူတို့အလုပ်ပြန်ရင် ကြိုမှာထားလိုက်မယ်၊ မနက်ဖြန်ဆယ့်နှစ်နာရီခွဲလောက် အားလုံး ရုံးခန်းထဲလာခဲ့ကြပါလို့ မှာထားရင်တော့ သူတို့ ထမင်းပြီးအောင်စားပြီး လာခဲ့နိုင်မှာပါ။ သူတို့က ရေထဲဆင်းပြီး ရေကူးသင်ရမဲ့သူတွေဆိုတော့ ဗိုက်အပြည့်ကြီး စားလေ့မရှိဘူး ကိုလင်းအိမ်။ သူတို့စားရင် ခဏလေးပဲ။ ထမင်းဘူးလည်း အများကြီး မထည့်ကြဘူး"

"ကိုရဲနိုင်က ဝန်ထမ်းတွေကို တော်တော်လေ့လာထားနိုင်တာပဲ"

"ကျွန်တော်က ကိုယ်သာအဖြစ်မရှိတာ၊ အားကစားသမားတွေကိုတော့ လေးစားတယ်၊ သူတို့ကို အားလည်းကျပါတယ်။ ဒါကြောင့် မိဘက စီးပွားရေးလုပ်ငန်းလုပ်ဖို့ အရင်းအနှီးပေးတော့ သူများတွေ စိတ်ကူးမရှိတဲ့ ဒီအလုပ်ကို စတာပေါ့။ Gym ထဲမှာလည်း တကယ်ကစားတတ်ပြီးမှ အမြဲလာလေ့ကျင့်တဲ့လူလည်း ရှိသလို ဘာမှမတတ်



www.burmeseclassic.com

www.burmeseclassic.com



သေးလို့ လာသင်ရင်း လေ့ကျင့်တဲ့လူလည်း ရှိသလို၊ ဘာမှမတတ်သေးလို့ လာသင်ရင်း လေ့ကျင့်တဲ့သူလည်း ရှိတော့ သူတို့ကိုလည်း trainners တွေ ငှားထားပေးရတယ်။ အဲဒီ trainners တွေလည်း ထမင်းစား နားချိန်ဆို ဘာမှ သိပ်မစားသလောက်ပါပဲ၊ တချို့ဆို အသီးအနှံလောက်နဲ့သာ ပြီးကြတယ်။ သူတို့ သူများကို ပြန်သင်ချိန်ကျ ကိုယ်ပါ လိုက်လုပ်ပြရတာ ဆိုတော့ ဗိုက်သိပ်ပြည့်နေရင် မဖြစ်ဘူးလို့ ပြောကြတယ်လေ"

လင်းအိမ်တို့ စကားပြောလို့ မပြီးသေးခင်မှာ ရေကူးနည်းပြမိန်းကလေး ငါးယောက်တို့ကတော့ ပြီးသွားကြပုံရသည်။ ထမင်းဘူးတွေ ပိတ်သူပိတ် ထပြီးရပ်သူရပ်ပင် လုပ်နေကြလေပြီ။

လင်းအိမ်သည် အရပ်ချင်းညီစွာ၊ ပန်းဖြောင့်ဖြောင့်တွေ တန်းစီစွာ ကိုယ်ဟန်မတ်မတ်တွေနဲ့ ဘာကိုမှ သိပ်ဂရုမစိုက်ဘဲ လျှောက်သွားကြသော ရေကူးနည်းပြဆရာမလေးတွေကို ကြော်ငြာဘုတ်ရိုက်ဖြစ်အောင်ကို ရိုက်မည်ဟု ဆုံးဖြတ်တွေးတောနေမိခဲ့လေသည်။

○ ❀ ○





၃

"ထိုင်ပါ ... ထိုင်ပါ ... ဆရာမတို့ ထိုင်ကြပါ"

ဓာမဏီတို့သည် ဒီအုပ်စုထဲမှာ အသက်အကြီးဆုံးလို ဖြစ်နေသော မသီမာ ဝင်ထိုင်သောခုံရဲ့ နံဘေးမှာပဲ အသီးသီး ဝင်နေရာယူလိုက်ကြသည်။

မနေ့ကညနေ အလုပ်ဆင်းချိန် လက်မှတ်ရေးနေစဉ်မှာပင် ဒီရေကူးကန်ပိုင်ရှင် ဦးရဲနိုင်က တစ်ဆင့်မှာသော စကားကို သူ့ရဲ့စက္ကတေရီ အမျိုးသမီး လာပြော၍ သိရသည်။

"ဦးရဲနိုင်က ဆရာမတို့အားလုံးကို မနက်ဖြန်နေ့လယ် ဆယ့်နှစ်နာရီခွဲမှာ သူ့ရုံးခန်းကို လာပေးဖို့ မှာထားပါတယ်ရှင်။ အလုပ်ကိစ္စလေး ပြောချင်လို့ပါတဲ့"

အလုပ်ကိစ္စဆို၍ သူဌေးက ခေါ်တော့လည်း အားလုံး ထမင်းမြန်မြန်လေးစားပြီး အတူစုပြီးမှပဲ သူဌေးရဲ့ရုံးခန်းကို ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာကြတာ ဖြစ်ပါသည်။ ဒီသူဌေးက သူဌေးဆိုပေမဲ့ သိပ်အဖျံစားကြီး ရုံးခန်းကို ဖွဲ့ထားတာ မဟုတ်ဘဲ ရိုးရိုးသာမန်ရုံးခန်းလေးပုံစံမျိုးသာ ထွက်နေသော ဒီရုံးခန်းကို အကြောင်းကိစ္စရှိလျှင် ရောက်ဖူးနေကြမို့ ဘယ်သူကမှ ရှိုးတိုးရှန့်တန့် ဖြစ်မနေပါ။

သို့သော် ဇာမဏီကတော့ ဒီနေ့မှ သူများနဲ့မတူ၊ တစ်မူထူးခြားတာ ဖြစ်ရလေသည်။ အဲဒါကတော့ ရုံးခန်းမှန်တံခါးလေးကို တွန်းဖွင့်ဝင်လိုက်တာနဲ့ ဇာမဏီ မျက်လုံးတွေနဲ့ တန်းတန်းမတ်မတ်ပင် ဆုံစည်းလိုက်ခွင့်ရသော မျက်ဝန်းညိုညိုတစ်စုံရဲ့ ပိုင်ရှင်ကြောင့် ဖြစ်သည်။

ထိုသူကား တကယ့်အိပ်မက်မင်းသားကို ဇာမဏီ အခုမှ အပြင်မှာ တကယ်တွေ့ရပြီဟု တင်စားရမည့်သူပါ။ ဖြူစင်လတ်ဆတ်ပြီး ကြည်လင်နေသော အသားအရေဟာ သိပ်ကိုမက်မောစရာ။ သူ့ခြေသည်းလက်သည်းတွေဟာ ဝတ္ထုတွေထဲမှာ ဖတ်ဖူးသော ဇာတ်လိုက်ကဲ့သို့ တကယ်ပဲ ပန်းသွေးရောင်ပြေးနေသော ခြေသည်းလက်သည်းမျိုးတွေပါ။ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ မျက်နှာကျ၊ မေးရိုးကအစ ဆံပင်အပါအဝင် အရုပ်အမောင်းအဆုံး ဘယ်နေရာကြည့်ကြည့် အပြစ်ပြောစရာ မရှိအောင် ချောမောတည်ကြည် ခန့်ညားလှသော ထိုသူ့ကို မြင်မြင်ချင်းပင် ဇာမဏီသည် ရင်ထဲမှာ ထိတ်ခနဲပင် ဖြစ်သွားရသည်။ ဘုရားရေ





ငါ စိတ်ကူးယဉ် အိပ်မက် မက်ထားတဲ့သူကို အပြင်မှာ အခုတကယ်ဆုံရပြီ။ ငါ အိပ်မက်များ နေ့ခင်းကြောင်တောင်ကြီး မက်နေမိသလား တွေးလိုတွေးနဲ့ သူများမမြင်အောင် ကိုယ့်အသားကိုယ်ပင် အသာလက်သည်းနဲ့ ဆိတ်ကြည့်မိသည်အထိ ဇာမဏီ ရူးသွားပါသည်။

သူဟာ ဇာမဏီလို သာမန်မိန်းကလေးကို သာမန်ကာလျှံကာ ကြည့်သွားပေမဲ့ ဇာမဏီမှာ ရင်တွေဖျပ်ဖျပ်လူးတုန်ခါလျက် တထိတ်ထိတ် ခုန်ကျန်ခဲ့ရတော့သည်။ စိတ်ထဲမှာလည်း မဆီမဆိုင် မြင့်မြတ်ကို ပြေးမြင်ယောင်မိလိုက်သေးသည်။ မြင့်မြတ်နဲ့ဆို အဲဒီလူဟာ တကယ့် ဆီနဲ့ရေလိုပဲလေ။ မြင့်မြတ်ကတော့ ဘယ်အချိန်မှာ ရုပ်ဘည်တတ်သလဲ မသိရအောင် ဇာမဏီ မြင်လိုက်တိုင်း သူ့မျက်နှာဟာ အမြဲပြုံးရွှင်နေတတ်သူ အဖြစ်သာ ထူးခြားတာရှိသည်။ ဒီလူ ဒီချောမင်းသား ဒီဇာတ်လိုက်ကတော့ ခပ်တည်တည်မျက်နှာ လုပ်ထားသလို၊ သူ့မျက်နှာမှာ သူ့ကိုယ်သူ ယုံကြည်စိတ်ချဟန်တွေ အထင်းသား ပေါ်လွင်နေသည်။

"ဆရာမတို့ ထမင်းတော့ စားခဲ့ပြီးပြီပေါ့၊ အပူအအေးဖြစ်ဖြစ် သောက်ပါဦး၊ ဒေါ်မိုးသူကို စီစဉ်ခိုင်းလိုက်မယ်နော်"

"အော် ... ရတယ် ... ရတယ် ဦးရဲနိုင်၊ ကျွန်မတို့ မသောက်ကြတော့ပါဘူး၊ ဗိုက်သိပ်ပြည့်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒါဆို မသီမာတို့ကို အလုပ်စကားလေး စ, ပြောကြတာပေါ့၊ တစ်နာရီ အတန်းမစ,ခင် ပြောချင်တာပါ၊ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ... ဦးလင်းအိမ်လို့ ခေါ်ပါတယ်၊ Icy Cold (အိုက်စီးကိုးလ်ထ်) အမည်နဲ့ အချိုရည်တွေ ထုတ်တယ်လေ"

ဓာမဏီ ဖျားသွားပါသည်။ ထိုနာမည်နဲ့ အချိုရည်မှာ တော်တော်လူကြိုက်များ အောင်မြင်နေသော မြန်မာပြည်ဖြစ် အချိုရည်တစ်မျိုး ဖြစ်၍ပင်။ အို ... ကြည့်စမ်းပါဦး။ တကယ့်ပုံပြင်ထဲက မင်းသားလိုပဲ။ ရုပ်လည်းချော သူဌေးလည်းဖြစ်သေး။ ကဲ ... ဘာလိုသေးလဲ။ အထုပ်ကြီး တစ်ထုပ်ထဲမှာ ကိုယ်တကယ်လိုအပ်နေတဲ့ အရာအားလုံး ပါဝင်ထားသလိုပဲ Complete, Package ကြီးပဲ။ သိပ်ကို အကောင်းစားတွေ စုပုံပြည့်စုံနေတဲ့ လူတစ်ယောက်တဲ့။ ဓာမဏီ စိတ်ကူးနဲ့ ထပ်၍ရူးသွားပြန်သည်။

"ကိုလင်းအိမ်ပဲ ဆက်ပြောလိုက်ပါ၊ ကျွန်တော် တစ်ယောက်ချင်းစီနဲ့ မိတ်ဆက်ပေးလိုက်မယ်၊ ပြီးရင် ကိုလင်းအိမ်ပဲ သေသေချာချာလေး ဆွေးနွေးနိုင်ပါပြီ"

သူ့အသက်ဟာ သုံးဆယ်လား သုံးဆယ့်ငါးလား လေးဆယ့်ငါး ဓာမဏီ မခန့်မှန်းတတ်ပေမဲ့ ဓာမဏီတို့သူဌေး ဦးရဲနိုင် ကြည့်ရတာ သူနဲ့ မတိမ်းမယိမ်းတွေလို ပုံစံဆက်ဆံသဖြင့် သူဟာလည်းပဲ ဦးရဲနိုင်ရဲ့ အသက်ပတ်ဝန်းကျင်သာ ရှိရမည်ဟု ဓာမဏီ မှန်းကြည့်မိသည်။

ဒါဆို သူ့အသက်ဟာ သုံးဆယ့်ငါး ကျော်ကျော်လား။ မပြည့်သေးဘူးလား အတိပဲလား။

"ကိုလင်းအိမ် ဒါက မသီမာတဲ့၊ သူကတော့ မခင်ခင်လတ်ပါ၊ သူက မဓာမဏီတဲ့၊ သူက မမေမျိုးအောင်ပါ။ သူကတော့ မရည်ရည်မွန်ပါ"

လင်းအိမ်သည် အသက်နှစ်ဆယ်ကျော်အရွယ်တွေသာ ရှိပုံရသော ဆရာမလေးတွေကို အသိအမှတ်ပြု အပြုံးဖြင့် ပြုံးပြ၊ ခေါင်းပါဆတ်ပြရင်း ...

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

ဟု နှုတ်ဆက်စကား ဆိုလိုက်သည်။ လင်းအိမ် သတိထားလိုက်တာက အားလုံးထဲမှာ ဓာမဏီ ဆိုသော မိန်းကလေး၏ တစ်မျိုးထူးခြားနေသော အကြည့်ပင်။ ဘာအဓိပ္ပာယ်မှန်းမသိ ရီတီတီလိုလို ငေးသလိုလိုလေးကြည့်သော ထိုဆရာမလေးကို သူ တစ်ခါမှ မဆုံဖူးမှန်း သေချာစွာ စဉ်းစားလို့ ရပါသည်။ သို့သော် ထိုဆရာမကလေးကတော့ လင်းအိမ်ကို ကြိုပြီး သိထားသလိုလို၊ သိဟောင်း ကျွမ်းဟောင်းတွေလိုလို ငေးကြည့်ကြောင်းလည်း ခံစားလို့ရနေပြန်သည်။

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ကျွန်တော့်ကို အားလပ်ချိန်ထဲကနေ ပြီး အချိန်ပေးတွေ့တာကို ကျေးဇူးတင်တယ်လို့ အရင်ဆုံး ပြောချင်ပါတယ်၊ ဆရာမတို့မှာ ဒီတစ်ချိန်ပဲ ကြာကြာနား ရတာဆိုတော့ ကျွန်တော့်ကို အချိန်ဖဲ့ပေးရသလို ဖြစ်နေ ပြီလေ"

မိန်းကလေးအားလုံး ဘာပြန်ပြောရမှန်း မသိကြ ပေမဲ့ လင်းအိမ်ကိုတော့ ဖြိုင်တူပြုံး၍ ဘာပြောမလဲဆိုတာ စောင့် ကြည့်ကြတာချင်းတော့ တူနေသည်။

"ဒီလိုပါ လိုရင်းကို မြန်မြန်ပဲ ပြောပါ့မယ်၊ ကျွန်တော့်ရဲ့ Icy cold ကနေ အားကစားသမားတွေ သောက်လို့ရတဲ့ Sports drink ပေါ့၊ အားဖြည့် အချိုရည်တစ်မျိုးပေါ့။ အဲဒါ ထုတ်ထားပါတယ်။ ပစ္စည်းသစ်တစ်ခု ထုတ်ရင် ထပ်ကြော်ငြာနေကျမို့ ဒီပစ္စည်းကိုလည်း ကြော်ငြာဘုတ် ထောင်ဖို့ ရှိပါတယ်။ အားကစားသမားတွေသောက်တဲ့ အချိုရည်မို့ အားကစားမယ်တွေနဲ့ပဲ ကြော်ငြာ Bill board ထောင်ချင်တယ်၊ တခြားကြော်ငြာပုံတွေရိုက်ပြီး ထည့်ချင် တယ်လို့ စိတ်ကူးမိထားတော့ ဆရာမတို့ငါးယောက်ကို သတိထားမိပြီး ကြော်ငြာဓာတ်ပုံ ရိုက်ချင်သွားလို့ပါ။ အားလုံးကလည်း Title တွေ ရထားပြီးသား ရေကူးမယ်





တွေ ရေကူးချန်ပီယံတွေဖြစ်ပြီး မြင်လိုက်တာနဲ့ အားကစား သမားပုံ ပေါက်နေတော့ ကျွန်တော်က အဲဒီ mood ကို သဘောကျလို့ ကြော်ငြာဓာတ်ပုံ ရိုက်ချင်တာပါ။ သင့်တော် တဲ့ သရုပ်ဆောင်ခလည်း ချီးမြှင့်မှာပါ ခင်ဗျာ"

ဓာမဏီတို့ ငါးယောက်မှာ ကိုယ့်နားကိုယ်ပင် မယုံနိုင်ကြတော့သလိုဖြစ်လျက် ဘာစကားမှလဲ ပြန်ပြောမထွက် တော့သလို ဖြစ်နေသည်။

အံ့ဩရလွန်း၍ အသက်ရှူဖို့ပင် မေ့နေသည်ဟု တင်စားလျှင်တောင် လွန်မည်မထင်ပါ။ ရုပ်ချောပြီး ဆွဲဆောင်မှု ရှိသော မိန်းကလေးတွေကို ဒီလိုလာကမ်းလှမ်းခံရလျှင်တောင် သိပ်အံ့ဩကြမှာ မဟုတ်ပေမဲ့ ဓာမဏီတို့အုပ်စုကတော့ တကယ့် ကို ရှက်ကြမ်းရေကျို ရုပ်ရည်အဆင့်သာ ရှိကြသူတွေမို့ အားလုံး တအံ့တဩ ဖြစ်ကြရခြင်းပါ။

လင်းအိမ်ကလည်း လူပါးတစ်ယောက် ဖြစ်လေရာ ဆရာမလေးတွေ အံ့ဩ၊ တိတ်ဆိတ်၊ ငြိမ်သက်နေတာကို သတိ ထားမိပြီး သူကပဲ စကားဆက်ဖို့ စိတ်ကူးလိုက်ပါသည်။

"အဝတ်အစား၊ မိတ်ကပ်ကိစ္စတွေကလည်း မစိုးရိမ်ရပါဘူး။ ကျွန်တော်ပဲ စီစဉ်မှာပါ၊ တခြားမော်ဒယ်လ်တွေ မင်းသမီး တွေလိုလည်း သိပ်အများကြီး ပြင်ရမှာမျိုး မဟုတ်ပါ

www.burmeseclassic.com



သာမန်ရုပ်ရည်ကိုပဲ ဓာတ်ပုံထဲမှာ ပေါ်လွင်ကြည့်ကောင်းအောင် မိတ်ကပ်ပြင်မှာပါ။ အဝတ်အစားကလည်း အားကစားသမား ပုံစံတွေမို့ သိပ်အလှမ အပျံစားကြီး ဝတ်ပြရမှာ မဟုတ်ပါဘူး။ အားကစားဝတ်စုံ ပုံစံတွေပဲ ဝတ်ရမှာများပါတယ်။ တီဗီကြော်ငြာရိုက်တာမျိုး မဟုတ်တော့ သိပ်အခက်ခဲကြီး မဟုတ်ပါဘူး။ ရုပ်ငြိမ်ပဲ ရိုက်ကြမှာမို့ ဓာတ်ပုံတွေတော့ အများကြီး အရိုက်ခံရမယ်၊ အဲဒီထဲက အကောင်းဆုံးပုံတွေပဲ ကြော်ငြာတင်မှာပါ"

"ကျွန်မတို့ ငါးယောက်စလုံးလား"

အားလုံးထဲမှာ ဆရာဖြစ်ဟန်တူသော တစ်ယောက်က အခုမှစ,မေးသည်။ သူမနာမည်ကို လင်းအိမ် ခဏလေးနဲ့ ပြန်မေ့သွားသဖြင့် မနည်းပြန်စဉ်းစားယူရသည်။ စဉ်းစားလို့တော့ မရသေးမဲ့ လင်းအိမ်သည် ဟန်ဆောင်ကောင်းစွာပင် ပြန်ဖြေလိုက်ပါသည်။

"ဟုတ်ပါတယ် ခင်ဗျာ၊ တစ်ယောက်ချင်းစီပုံ ရိုက်ယူမှာ မဟုတ်ပါဘူး။ ငါးယောက်စလုံး အတွဲရိုက်မှာပါ"

"ဖြစ်နိုင်ပါ့မလား ဦးလင်းအိမ်ရယ်။ အမှန်အတိုင်း ပြောရရင် ကိုယ့်ကိုယ်ကိုယ် မယုံလို့ပါ။ ကျွန်မတို့က တစ်နေ့တစ်နေ့ ရေကူးကန်ထဲမှာပဲ အချိန်ကုန်နေရတော့ အဲဒီလိုကြီး ဓာတ်ပုံအရိုက်ခံရမှာကို တော်တော်လန့်တာ။ ကျွန်မတို့နဲ့ ရိုက်ရလို့ ဦးလင်းအိမ် အဆင်မပြေတာတွေ ဖြစ်လာမှာလည်း စိုးရိမ်တယ်"

"ဓာတ်ပုံဆရာက နာမည်ကြီး ဓာတ်ပုံဆရာပါ၊ သူက ဘာမှမတတ်တဲ့လူလည်း သိပ်ပင်ပင်ပန်းပန်းကြီး သရုပ်ပြစရာ မလိုဘူး။ အဆင်ပြေတဲ့ထောင့်က ရွေးရိုက်တတ်ပါတယ်"

နောက်ထပ် ဆရာမလေးတစ်ယောက်က (သူ့နာမည်သည်း လင်းအိမ် မမှတ်မိပြန်ပါ)ဝင်ပြောပါသည်။

"ကျွန်မတို့က သာမန်လူတွေပါ ဦးလင်းအိမ်၊ အဲဒီလိုကြီး ကြော်ငြာဘုတ်ကြီး ထောင်ခံရမယ် ကြော်ငြာဓာတ်ပုံတွေ ဟိုပါ ဒီပါ ပါလာမယ်ဆိုရင် အခုလိုမျိုး အလုပ်သွား အလုပ်ပြန်ကို ဘတ်စ်နဲ့ လုပ်လို့ရပါတော့မလားလို့ စိုးရိမ်တာလည်း ပါတယ်။ ကိုယ့်ရုပ်ကို လူသိသွားရင် သွားရလာရ ခက်မှာလေ"

လင်းအိမ်မှာ သူပင် မစဉ်းစားမိသော အကြောင်းအရာကြောင့် အံ့သြသွားသည်။

လင်းအိမ် ဘာမှမဖြေရခင် နောက်ထပ် ဆရာမလေးတစ်ယောက်ကတော့ ...

www.burmeseclassic.com



"ဟယ် … ခင်ခင်လတ်ရယ်၊ အဲဒီလောက်ကြီးတော့လည်း မမှတ်မိနိုင်ပါဘူး။ ငါတို့ရုပ်တွေက တီဗီမှာ နေ့တိုင်းမြင်နေရတဲ့ရုပ်မှ မဟုတ်တာ၊ ပြီးတော့ မိတ်ကပ်ပြင်တာရယ်၊ ဓာတ်ပုံရိုက်ခံဖို့ မီးထိုးရတာရယ်ကြောင့် လူပုံက အပြင်မှာ မြင်တာထက် စာရင်တော့ နည်းနည်းပြောင်းနေမှာပါ။ ဒါက ပြဿနာမဟုတ်ပါဘူး"

ဒီတော့မှ ကြံကြံဖန်ဖန် အတွေးပေါက်ပြီး မေးခွန်းမေးလာသော ဆရာမလေးအမည်မှာ ခင်ခင်လတ် ဖြစ်ကြောင်း လင်းအိမ် ပြန်သတိရရလေသည်။

"ဒါဖြင့် နင်ကတော့ ကြော်ငြာရိုက်ခံမယ်ပေါ့"

"မဆုံးဖြတ်ရသေးပါဘူး၊ အမေတို့ကို ပြန်မေးရဦးမယ်"

"ဒါဖြင့် ဓာမဏီကရော"

လင်းအိမ်သည် အားလုံးထဲမှာ သူ့ကို အထူးခြားဆုံး ကြည့်တတ်သော ဆရာမလေး၏အမည်မှာ ဓာမဏီ ဆိုသည့် ထူးဆန်းသောအမည်မို့ မှတ်မိနေပါသည်။ လင်းအိမ် တစ်ချက်ကြည့်လိုက်တော့ သူ့ကို ခုထိ အဲဒီထူးခြားတဲ့အကြည့်နဲ့ ငေးနေဆဲဖြစ်သော မျက်လုံးတစ်စုံကို ဆုံလိုက်ရ၍ အလျင်အမြန် မျက်နှာလွှဲလိုက်မိသည်။

"ဏီလည်း အဖေ့ကို ပြန်တိုင်ပင်ရဦးမယ် ရည်မွန်"





"မသီမာကရော"

"မသိဘူးလေ၊ ရက်တရက်ကြီးဆိုတော့ ပြန်စဉ်းစားဆုံးဖြတ်ရဦးမယ်"

လင်းအိမ်ကိုပါ မျက်လုံးဝေ့ကြည့်ပြီး ပြောလိုက်သော အားလုံးထဲမှာ ဆရာလို ဖြစ်နေဟန်တူသည့် မသီမာ ဟူသော ဆရာမလေးစကားကြောင့် လင်းအိမ်ကပါ အလိုက်တသိဖြင့် …

"ဟာ … ဟုတ်တာပေါ့၊ စဉ်းစားကြပါ၊ ကျွန်တော် ချက်ချင်းကြီးပြော ချက်ချင်းကြီး ဆုံးဖြတ်နိုင်းတာလည်း မဟုတ်ပါဘူး။ နောက်တစ်ပတ် ဆယ်ရက်လောက်ထိ စဉ်းစားပါ။ ကျွန်တော်လည်း ဒီက အကြောင်းမပြန်မချင်း ဘာမှကြို မစီစဉ်ပါဘူး"

"ကျွန်မတို့ အဲဒီလို ဓာတ်ပုံရိုက်ခံရင် အလုပ်အားတဲ့ရက်မှ ဖြစ်မယ်။ ဒီက သင်တန်းကို ဖျက်စရာမလိုအောင်ပေါ့။ ဒါပေမဲ့ ကျွန်မတို့ထဲမှာ ဓာမဏီက ရက်ပြည့်အလုပ်ဆင်းတဲ့သူ ဖြစ်နေတယ်၊ မမျိုးအောင်က ခြောက်ရက်ဆင်းတဲ့သူ၊ ရည်ရည်မွန်ကတော့ သုံးရက်လုပ် တစ်ရက်နား။ ကျွန်မနဲ့ ခင်ခင်လတ်ကပဲ တနင်္လာကနေ သောကြာ ငါးရက်လုပ်ပြီး စနေ တနင်္ဂနွေနားတဲ့သူ၊ အဲဒီလို နားရက်တွေ မတူဘူး ဦးလင်းအိမ်။ ဒီတော့ အားလုံးစုပြီး ဓာတ်ပုံရိုက်ကြရဖို့ဆိုတာ ဖြစ်နိုင်မယ်တော့ မထင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



လင်းအိမ်မှာ ဘာပြန်စီစဉ်ပေးရမှန်းမသိ ဖြစ်သွားပြီး ချက်ကျလက်ကျ ပြောတတ်သော မသီမာ ဆိုသည့် ဆရာမကို တော်တော်လန့်သွားသည်။ တကယ့်ကို အကွက်စေ့ ထောင့်စေ့ ကြိုစဉ်းစားထားနိုင်တာပါပဲလား။

"ကျွန်တော် အားလုံး ညီညီမျှမျှ တစ်ရက်နား ဖြစ်သွားအောင် အဲဒီအချိန်ကျ ဖြေရှင်းပေးပါ့မယ် မသီမာ မပူပါနဲ့"

ဦးရဲနိုင်က မနေသာတော့ဘဲ ဝင်ပြောလိုက်ပါသည်။ ဇာမဏီကား သူမတစ်ဦးတည်းသာ ဆုံးဖြတ်ခွင့်ရသည်ဆိုလျှင် ခုချက်ချင်းပဲ ဒီကိစ္စကို သဘောတူ လက်ခံလိုက်မိမှာဖြစ်သည်။ ဓာတ်ပုံသိပ်အရိုက်ခံချင်လွန်းလို့၊ ကိုယ့်ကို လူသိစေချင်လွန်းလို့ ဆိုသော ခံစားချက်တွေ လုံးဝမပါဘဲ ဦးလင်းအိမ်နဲ့ ရင်းနှီးခွင့်ရဖို့ သေချာသော ဒီကမ်းလှမ်းချက်ကို ဝမ်းသာအားရ လက်ခံလိုက်ချင်တာမျိုးသာ ဖြစ်လေသည်။

ဇာမဏီကား မှိုင်းမိသလိုဖြစ်လျက် သူမ၏ စိတ်ကူးယဉ်မင်းသားကို နောက်ထပ် ပြန်မဆုံရတော့မှာ အလွန်အမင်း စိုးရိမ်နေလေသည်။

"ကဲ ... ဒါဖြင့်လည်း အားလုံး စဉ်းစားတိုင်ပင်ပါဦး၊ အိမ်မှာပြန်တိုင်ပင်ကြပါဦး။ ကျွန်တော် နောက်ဆယ်ရက်ကြာရင် တစ်ခေါက်ပြန်ဆုံဖို့ ချိန်းခဲ့မယ်လေ၊ ဆရာမတို့သဘောကို ပြောပါဦး"





မသီမာ ဆိုသော ဆရာမလေးကပဲ ဦးဆောင်၍ ...

"နောက်ဆယ်ရက်မှာ ပြန်ဆုံရမှာကို သဘောတူပါတယ်ရှင်"

ဟူသော အဖြေဖြင့် ပြန်ချိန်းဆို သဘောတူခဲ့ပါသည်။

○ ❧ ○



www.burmeseclassic.com

www.burmeseclassic.com



၄

မြင့်မြတ်မောင်သည် ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် သူလည်း ကျောင်းကအပြန်မှာ ဓာမဏီကို သူ့ရှေ့မှာ ထိုးရပ်လာသော ဘတ်စ်ကားပေါ်မှ ဆင်းလာတာတွေ့လျှင် ဝမ်းသာသွားပါသည်။ ဓာမဏီသည် နက်ပြာရောင် ပြောင်ဖြစ်နေပြီး လက်မောင်းအရစ်တွေမှာသာ အဖြူလိုင်းလေး နှစ်လိုင်းပါသော မပွမကျပ်သည့် စပို့ရှပ်နှင့် အပွင့်တွေ အခက်တွေ အကောက်တွေ ရှပ်ထွေးနေသော နက်ပြာရင့်ရောင် စကတ်လေးဝတ်လျက် ကျောပိုးအိတ်အကြီးကြီးနှင့် ဖြစ်သည်။ ရေထိနေထိပါများ၍ ခပ်ဖွာဖွာနီကျင်ကျင် ဖြစ်ချင်နေသော ပခုံးကျော်ရှည်သည့် ဆံပင်တို့ကိုတော့ စည်းနှောင်မထားသဖြင့် လေတိုက်ပြီးလွင့်ကာ ရှုပ်ပွနေသည်။ မိန်းကလေးဖြစ်ပြီး လမ်းလျှောက်ပုံ မညင်သာဘဲ မြန်မြန်လည်း



လျှောက်တတ်သော ဓာမဏီသည် မြင့်မြတ်မောင်ကို မြင်ပေမဲ့ မမြင်ချင်ဟန်ဆောင်ကာ သုတ်ခြေတင်လေသည်။

မြင့်မြတ်မောင်က ခါတိုင်းဆို ဒီလောက်ကြီး အမောတကောလိုက်ပြီး စကားပြော နှုတ်ဆက်တာမျိုး မလုပ်ဘဲ ဓာမဏီကို ခွင့်လွှတ်မြတ်နိုးစွာပင် တစိမ့်စိမ့် ငေးကြည့်ကာ ကျန်ရစ်ခဲ့မှာဖြစ်ပေမဲ့ အခုကျတော့ ကြားထားသော သတင်းတစ်ခုကြောင့် မေးချင်စိတ်များပြီး ဓာမဏီကို မရမက လိုက်ခေါ်စကားပြောဖို့ သူပါ နောက်ကပြေးလိုက်သလို ခြေလှမ်းတွေနဲ့ လိုက်သွားမိရင်းပါးစပ်ကလည်း …

"ဓာမဏီ … ဓာမဏီ … ခဏလေး စောင့်ပါဦး။ ကိုယ် စကားပြောစရာရှိလို့ပါ"

ဓာမဏီ ကြားပေမဲ့ စောင့်မယ်မဟုတ်မှန်းလည်း သိပေမဲ့ မြင့်မြတ်မောင်ကတော့ လိုရမယ်ရ ကြိုအော်ထားမိပြန်သည်။ ဓာမဏီ မစောင့်ပေမဲ့ သူ ဓာမဏီကို မီသွားပါသည်။

"ဘာလဲ"

အနားမှာ ယှဉ်လိုက်မိလျှင်ပဲ ဓာမဏီထံမှ မာကျောတင်းထန်သော အသံက အရင်ဆုံး ကြိုဆိုလေသည်။

"မေးစရာရှိလို့ပါ ဓာမဏီရာ။ မေးစရာမရှိရင် ကိုယ်လိုက်မနှောင့်ယှက်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါဦးလေ။ ဓာမဏီမှာ မြင့်မြတ် သူငယ်ချင်းတွေ ပြောသလိုပါပဲ အသားအရေကလည်း မွဲမွဲခြောက်ခြောက်ဖြစ်လုနီးပါး ညိုမှောင်လျက် ရုပ်ရည်ကရော သိပ်ချောသလားမေးရင် မချောပါဟု ဖြေမဲ့သူဟာ ဆယ်ယောက်မှာ ဆယ်ယောက်လုံးပင် ဖြစ်နေမလား မသိ။ ဓာမဏီ မျက်နှာမှာ ကြည့်အကောင်းဆုံးဆိုလို့ ခပ်သွယ်သွယ်လျှလျှ ဖြစ်နေသော မျက်မှာကျလေးမှာ မေးစေ့သွယ်သွယ်လေး ရှိတာပင်။ ဒါကလည်း တကယ့်ကိုအသေအချာကြီး ကြည့်ထားမှ အမှတ်ပေးနိုင်တာမျိုးပါ။ ဒီတိုင်းရုတ်တရက်ကြည့်လို့က ဘယ်လိုမှလှတဲ့အကွက် မရှိပါ။ သိပ်မလှရတဲ့အထဲ မျက်နှာမှာ ပြင်ပြင်ဆင်ဆင်လည်း မရှိလေရာ ယောကျ်ားလေး တစ်ယောက်အတွက် ဘယ်လိုမှကို ဆွဲဆောင်မှုမရှိနေပါ။ ဓာမဏီမှာ မိန်းကလေးချင်းချင်း အားကျစရာဆိုလို့ ငါးပေရှစ်လက်မရှိသော အရပ်အမောင်း ပခုံးဖြောင့်ဖြောင့်၊ ခါးသိမ်သိမ် ကိုယ်ဟန်သွယ်လျ ပြေပြစ်နေတာမျိုးပဲ ရှိလေသည်။ အရင် ရှစ်တန်း ကိုးတန်း ဆယ်တန်းလောက်တုန်းကတော့ ဓာမဏီကို မျက်နှာမှာ သနပ်ခါးလေး ဘာလေးနဲ့ တွေ့ရပေမဲ့ အခုနောက်ပိုင်း ဒီရေကူးနည်းပြအလုပ် စ,လုပ်ကတည်းက မျက်နှာမှာ သနပ်ခါးပင် မမြင်ရတော့ပါ။ ဒါကြောင့် မြင့်မြတ်မောင်ရဲ့ဆေးကျောင်းက သူငယ်ချင်းအသစ်တွေကို ပြမိရင် ...





"မြင့်မြတ်ရာ ဘယ်လိုမှ မလှတဲ့ မိန်းကလေးကို တသသကြွေနေရတယ်လို့ကွာ၊ ဖြစ်ရလေ၊ ဘာဆေးများမိနေသလဲ၊ ငါတို့ ဆေးကျောင်းသားတွေပါကွ။ ဆေးကျောင်းသားဆိုဘာပုံကြီးပဲဖြစ်နေနေ ဂုဏ်တစ်မျိုးတော့ရှိတယ်၊ ဓာမဏီထက် ချောတဲ့ ကောင်မလေးမျိုးကိုတောင် ကြိုးစားရင် ရနိုင်တယ်ကွ"

ဟု ဝေဖန်ကြပါသည်။

"မင်းကောင်မလေးက မင်း သည်းသည်းလှုပ် ချစ်ပြနေလို့ ဈေးကိုင်နေတာပါ။ မင်းသာ မကြိုက်တော့ရင် သူ့ကိုကြိုက်မဲ့သူတောင် ရှိပါ့မလား မသိဘူး"

ဟူ၍ ပျစ်ပျစ်နှစ်နှစ် ဝေဖန်ကြသူတွေလည်း ရှိပါသည်။ သို့သော် မြင့်မြတ်မောင် ခမျာမှာ ဝဋ်ကြွေးပါသည်ပဲ ဆိုရမည်။ ဓာမဏီမှ ဓာမဏီ ဖြစ်ကာ တစ်သက်လုံးလည်း ချစ်သွားနိုင်ပါသည်ဟု ကြွေးကြော်သောအခါ သူငယ်ချင်းတွေ လက်လျှော့ပြီး ပါးစပ်ပိတ်ကုန်ကြတော့လေသည်။

"ဘာစိုက်ကြည့်နေတာလဲ၊ မကြည့်နဲ့"

"ဩော် ... အေး၊ အင်းပါ မေ့သွားလို့"

"ဘာမေ့သွားတာလဲ"

"ပြောစရာစကားကိုပါ"



www.burmeseclassic.com

www.burmeseclassic.com



"မေ့သွားရင်လည်း မပြောနဲ့တော့"

"ပြန်သတိရလာပါပြီ ဇာမဏီရယ်"

"ဒီမှာ ငါ ပြောပြီးသားနော်၊ နင့်ဘာသာ စိတ်ကူးယဉ်ပြီး အပေါစားကတ်တွေ လတိုင်းပို့၊ စာတွေရေးပို့နေတာ ငါနဲ့ ဘာမှမဆိုင်ဘူးနော်၊ နင့်စာတွေ လက်ခံနေတိုင်း နင်နဲ့ ငါ ဆိုင်တယ်မထင်နဲ့"

"အပေါစားကတ်လို့ ဘာလို့ပြောတာလဲ၊ ကတ်လေးတွေက မြန်မာပြည်ဖြစ် ပန်းချီလက်ရာလေးတွေနဲ့ ထုတ်တာပါ။ တန်ဖိုးရှိပါတယ်၊ နိုင်ငံခြားသားတွေဆို သိပ်ကြိုက်ကြတာတဲ့။ အဲဒီကတ်တွေ ထုတ်လုပ်တဲ့ ကိုယ့်သူငယ်ချင်းကပြောတယ်။ ဇာမဏီက နိုင်ငံခြားကလာတဲ့ အသံမြည်ကတ်တို့၊ အရုပ်ဖောင်းကြွပါတဲ့ကတ်တို့ ပါမှ သဘောကျမယ်ဆိုရင် ကိုယ် နောက်တစ်ခါကျ အဲဒါတွေနဲ့ စာရေးမယ်လေ"

"နင့်ကို ငါ အဲဒါတွေ ကြည့်မရတာပေါ့။ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးပြီး ပိုင်စိုးပိုင်နင်းစကား ပြောတတ်လွန်းတယ်"

မြင့်မြတ်မောင်လည်း ဇာမဏီ ဒီထက်ပို စိတ်ဆိုးလာရင် သူမေးချင်တာ မမေးလိုက်ရ၊ ပြောချင်တာ မပြောလိုက်ရမှာ စိုးရိမ်သဖြင့် ဒီအကြောင်းကို စကားမဆက်တော့ဘဲ ဆုံးဖြတ်လိုက်ပါသည်။



"ကဲပါ … ကဲပါ … ဟိုပြော ဒီပြော လုပ်နေတာနဲ့ လိုရင်းတောင် မရောက်တော့ဘူး"

မြင့်မြတ်မောင်သည် ပြေရာပြေကြောင်း စကားပြောလိုက်ပြီးမှ ဇာမဏီကို တစ်ချက်စိုက်ကြည့်ရင်း …

"စင်ရော့ဆီက သိလာလို့ မေးချင်တာ"

"ဘာလဲ … ငါ ကြော်ငြာဓာတ်ပုံရိုက်ရမဲ့ ကိစ္စလား"

"ဟုတ်တယ်"

"အဲဒါ နင်နဲ့ ဘာဆိုင်လဲ"

"သိချင်လို့ပါ၊ ဇာမဏီ တကယ်ရိုက်မယ်လို့ ဆုံးဖြတ်လိုက်ပြီလား"

"ဆုံးဖြတ်လိုက်ပြီ ဘာဖြစ်လဲ။ ကိုယ့်ပုံလည်း လူမြင်ဦးမယ် ပိုက်ဆံလည်းရမယ်၊ ရေကူးဝတ်စုံ အသစ်ရမယ်၊ ရေကူးရင် တပ်ရတဲ့ မျက်မှန်အကောင်းစားလည်း အပိုင်ရမယ်။ အားကစားဝတ်စုံ ထရက်(ပ်)ဆုထ်တစ်ခုလည်း အလကားရမယ်၊ ကဲ … ဘယ်လောက်ကောင်းလဲ"

"ဟင် … ဘာလဲ ရေကူးဝတ်စုံကြီးနဲ့ ရိုက်ပြမှာလား"

ဇာမဏီ စိတ်ဆိုးသွားသော အသံဖြင့် …

"ဟဲ့ … အဲဒီလို အရှက်မရှိ အရိုက်ခံမှာ မဟုတ်ဘူး၊ ငါတို့ရဲ့ ပခုံးလောက်ပဲဖော်ပြီး ငါတို့အားလုံး ရေထဲမှာစိမ်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအရိုးရှည်ဘူးကို သောက်ပြတဲ့ပုံမျိုး ရိုက်မှာ။ အဲဒီ တစ်ကွက်လေးရဖို့ ရိုက်ဖို့ သူက အားလုံးကို ရေကူးဝတ်စုံ အသစ် လက်ဆောင်ပေးမှာ၊ ဒါပဲ"

"ဓာမဏီ သိပ်ပျော်နေပုံပဲ၊ အဲဒီလောက်ပျော်ပြီး တက်ကြွနေတာမျိုး ကိုယ် တစ်ခါမှ မတွေ့ဖူးခဲ့ဘူး"

မြင့်မြတ်မောင် သတိထားမိပြီး ပြောလိုက်သောအခါ ဓာမဏီမှာ ဒါကို အရင်ကလောက် စိတ်ဆိုးမပြနေတော့ဘဲ တစ်စုံတစ်ရာကို သတိရသလို မျက်ဝန်းတွေ ရွှန်းလဲ့တောက်ပသွားပါသည်။ မြင့်မြတ်မောင်သည် သူ တစ်ခါမှမတွေ့ဖူးခဲ့သော ဓာမဏီ၏ အမူအရာတွေကို တအံ့တသြ ငေးမောအခြေပြုတွေ့နေမိလေသည်။

"ဓာမဏီ ဘာလို့ အဲဒီလောက်တောင် ပျော်နေရတာလဲ"

"ဘာဖြစ်လဲ၊ ငါ့ဘာသာ ဘာကြောင့်ပျော်ပျော် နင့်အပူလား"

"တကယ်တော့ ဓာမဏီက အဲဒီလို အလှအပတွေပြင်ပြီး ဓာတ်ပုံရိုက်ခံရတာမျိုး သဘောမကျပါဘူး၊ ကိုယ်သိပါတယ်။ ဓာမဏီက အနုအရွလုပ်တဲ့ အနုပညာသမား မဟုတ်ဘူး အားကစားသမား"

"အားကစားသမားလည်း ကြော်ငြာရိုက်တာပဲ၊ ဘောလုံးသမားတွေဆို ကြော်ငြာရိုက်ကြတယ်လေ"





"ဒါပေမဲ့ ဓာမဏီက အဲဒါမျိုးနဲ့ မလိုက်ပါဘူး"

"ဟား ဟား ဟား ... နင် မနာလိုဖြစ်နေတာများ"

"ဟုတ်တယ်၊ ကိုယ် မနာလိုဘူး။ ကိုယ်ချစ်တဲ့ မိန်းကလေးကို ကိုယ့်လိုပဲ လိုက်ချစ်သွားမဲ့ နောက်ထပ်ယောကျာ်းလေးတစ်ယောက်လောက် ပေါ်လာမှာ စိုးရိမ်ပြီး မနာလိုဘူး။ ဓာမဏီပုံကို မြင်ပြီး သဘောကျသွားတဲ့ကောင်တွေ ရှိရင်ရှိလာမယ်လေ"

ဟင့်အင်း ... ငါ့ပုံကိုမြင်လို့ သဘောကျလာမဲ့ ယောကျာ်းလေးတွေကို ငါ မလိုချင်ဘူး။ ငါက ဦးလင်းအိမ်ကိုပဲ လိုချင်တာ။ ဦးလင်းအိမ် ချစ်လာတာကို ရချင်တာ။ ငါ့ရဲ့အတွေးတွေထဲမှာ ဦးလင်းအိမ်ပဲရှိတယ်၊ ဦးလင်းအိမ်က နေရာအပြည့်၊ အချိန်ပြည့် ကြီးစိုးနေတယ်။ ဦးလင်းအိမ် စိတ်ချမ်းသာ ပျော်ရွှင်ရဖို့ ငါ ဘာပဲ လုပ်ပေးရ ပေးရ။

အမှန်တော့ ဒီကြော်ငြာရိုက်ခံဖို့ကို ငါးယောက်မှာ ဓာမဏီ အပါအဝင် နှစ်ယောက်ပဲ သဘောတူပြီး ကျန်နှစ်ယောက် ယောက် သဘောမတူ၊ တစ်ယောက်က ကြားနေဖြစ်လျက်ရှိသော အခြေအနေထဲကနေ ကြော်ငြာဓာတ်ပုံ ရိုက်ဖြစ်သွားအောင် ဓာမဏီ ဘယ်လောက်မဲဆွယ် စည်းရုံးခဲ့ရသလဲ ဆိုတာ ဘယ်သူမှ မရိပ်မိကြပါပေ။



www.burmeseclassic.com

www.burmeseclassic.com



မသီတာက ကြားနေ ဖြစ်သည်မှာ သူမအနေနဲ့ ဒီလိုအကြောင်းအရာကို တစ်ခါမှ စိတ်ကူးမရှိခဲ့သည်ဖြစ်ရာ ဘယ်ဟာကို ဆုံးဖြတ်ရမလဲဆိုတာ ဝေခွဲရခက်နေသည်တဲ့။

ခင်ခင်လတ်နဲ့ မေမျိုးအောင်တို့က ကြော်ငြာခတ်ပုံ မရိုက်ချင်သည်မှာ သရုပ်ဆောင်ခပေးသော အခကြေးငွေကို နည်းမှန်း များမှန်း ဘယ်လိုမှ စုံစမ်း၍ မသိရှိနိုင်တာကြောင့်။

"သူ ဒီလောက်ပေးတာကို လက်ခံပြီး ရိုက်လိုက်ရင် ငါတို့ကို ဈေးပေါပေါနဲ့ ငှားရလို့ ရိုက်တာလို့ ပြောခံရမလား မသိဘူး"

ဟု စိုးရိမ်စွာ ပြောသည်။

"ဈေးပေးတာ ပေါသလား၊ ပုံမှန်ပဲပေးတာလား ဆိုတာလည်း မေမျိုးတို့က ဒီအသိုင်းအဝိုင်းတွေနဲ့ အလှမ်းကွာတာဆိုတော့ ဘယ်လိုမှ စုံစမ်းမရဘူးလေ။ ဒီတော့ ကိုယ့်ကို နှိမ်ပြီးပေးသလား၊ ဘာလား လုံးဝမသိရဘဲနဲ့ အလွယ်တကူ အလုပ်လက်မခံချင်တာ"

ဟူ၍လည်း အကြောင်းပြပြီး မရိုက်ချင်ကြောင်း ပြောလာပါသည်။ ဓာမဏီကတော့ ပြောမနေနဲ့။ ဦးလင်းအိမ် ဆိုသော လူတစ်ယောက်ရဲ့ မျက်နှာနဲ့ပဲ ဒီအလုပ်ကို တစ်ထိုင်တည်း လက်ခံဖို့ထိတောင် စဉ်းစားထားပြီးသူ။ ရည်ရည်မွန်က





တော့ အားလုံးထဲမှာ ရုပ်ရည်လေး နည်းနည်းအထင်ပေါ်ဆုံးလို ဖြစ်နေပြီး ခတ်ပုံရိုက် ခံရတာလည်း ဝါသနာပါသည်ဟု အရင်တည်းက သိထားလေရာ ...

"ရည်မွန်ကတော့ ပိုက်ဆံလည်း ရဦးမယ်၊ ခတ်ပုံလှလှလည်း ရိုက်ခံရဦးမယ် ဆိုတော့ နည်းတာ များတာတွေ ကြည့်မနေတော့ပါဘူး၊ အဖေအမေတို့ကို ပြောတော့လည်း ရည်မွန့်သဘော ဆိုတာနဲ့ ဒီအလုပ်ကို လက်ခံဖို့ အသင့်ပဲ"

နှစ်ယောက်က ဈေးနည်းလား များလား မသိဘဲ နှုတ်လက်မခံချင်၍ မရိုက်ချင့်သူ၊ ကျန်နှစ်ယောက်ကတော့ ရိုက်ချင်သူတွေဖြစ်နေရာ အမြဲ ဆရာလုပ်နေကျဖြစ်သော မသီတာပင် ...

"နင်တို့ကလည်းဟယ်၊ ငါ ဘာမှမစဉ်းစားတတ်လို့ နင်တို့ကို အားကိုးရမလား မှတ်တယ်၊ အားမကိုးရတဲ့အပြင် မဲအညီအမျှနဲ့ သူ့မနိုင် ကိုယ်မနိုင် ဖြစ်နေတာပါပဲလား"

ဟူ၍ ညည်းညူဖေဖန်လေသည်။

ဓာမဏီကတော့ တကယ့်ကို တက်တက်ကြွကြွပင် ခင်ခင်လတ်နဲ့ မေမျိုးအောင်တို့ကို ဆွယ်တရားဟောပါသည်။

"ခင်ခင်လတ်တို့ မေမျိုးတို့ပဲ စဉ်းစားကြည့်၊ သူက လာအကူအညီတောင်းပြီး ရိုက်တာလေ။ အဲဒီလူတွေကို ဘာများ



www.burmeseclassic.com

www.burmeseclassic.com



ပေးနေကျဈေးထက် နှိမ်ပေးပါ့မလား။ တစ်ဖက်ဘက်က
ပြန်သိသွားရင် သူ့အတွက် မျက်နှာပျက်စရာကြီး ဖြစ်မှာ
ပေါ့၊ ပြီးတော့ သူလိုသူဌေးကြီးတစ်ယောက် အနေနဲ့ ပေး
နေကျဈေးထက် တစ်သိန်းလောက်ဖြစ်ဖြစ် ငါးသောင်း
လောက်ဖြစ်ဖြစ် ချပေးပါ့မလား။ ဒီငါးယောက်ကို ပေး
ဆိုတာ သူ့တစ်နေ့အသုံးစရိတ်လောက်ပဲ ရှိမှာပါ။ မင်း
သမီးတွေ စူပါမော်ဒယ်လ်တွေလောက်တော့ ဘယ်ရပါ့မလဲ
ဒါပေမဲ့ သူပေးတဲ့ဈေး မှန်တယ်လို့ ဏီ ထင်တယ်
ပြီးတော့ ကိုယ့်အတွက် ဘာမှအပန်းမကြီးဘဲ ပိုက်ဆံလည်း
ရဦးမယ်။ ကိုယ့်ဘာသာဆို စိတ်ကူးနဲ့တောင် မျှော်လို့
နိုင်တဲ့ နာမည်ကြီး ဓာတ်ပုံဆရာနဲ့လည်း ရိုက်ရဦးမယ်
ဏီကတော့ တစ်သက်မှာ တစ်ခါလောက်တော့ ဒါမျိုး
လုပ်ဖူးချင်တယ်”

ရည်ရည်မွန်ကတော့ ဓာမဏီ့ဘက်က အပြ
ထောက်ခံပေးသူ ဖြစ်ပါသည်။ မသီမာကတော့ ဟိုဘက်ကြည့်လိုက်
ဒီဘက်ကြည့်လိုက်နဲ့ ခေါင်းသာညိတ်နေသည်။ နောက်ဆုံးပေ
မိန်းမပျိုလေးများပီပီ၊ ကိုယ်တိုင်ကလည်း ဒီလောက်ပိုက်ဆံ
တစ်ရက်တည်းနဲ့တောင် လက်မှာမကိုင်ခဲ့ဖူးသူများပီပီ၊ မိတ်
လိမ်းခဲကြည့် နာမည်ကြီး ဓာတ်ပုံဆရာနဲ့ ဓာတ်ပုံရိုက်ခံကြည့်





ကလည်း ရှိပြီးသား စိတ်အခံမှာ နေရာယူမိပြီးသူများပီပီ၊ မိန်း
ကလေးအပျိုအရွယ်တွေပီပီ ကိုယ်ဘယ်လောက်ပဲ ရုပ်မချောသည်
ဖြစ်ဦး ဆိုယ့်ပုံနဲ့ ကြော်ငြာတွေကို လူတွေမြင်ရမှာကိုလည်း စိတ်
ကူးနဲ့ပီတိဖြစ်ချင်သူများပီပီ၊ သုံးရက်လောက် ဆွေးနွေးပြီးသော
အခါ ကျန်တဲ့နှစ်ယောက်ပါ ဓာမဏီတို့ဘက် ပါလာသည်။
ဒါနဲ့ပဲ ကြားနေဖြစ်သော မသီမာပါ သဘောတူဖို့ ဖြစ်သွားပါသည်။

“ဓာမဏီ ... ဓာမဏီ၊ ဟာ ... စကားပြောနေရင်း
ဘာတွေသတိရပြီး တစ်ယောက်တည်း ပြုံးနေတာလဲ၊
ကိုယ်မေးနေတာလေး ဖြေပါဦး ဓာမဏီရာ။ ဒီတစ်ခါပဲ
မေးမှာပါ၊ ထပ်မမေးတော့ပါဘူး”

ဘေးမှာပါလာဆဲဖြစ်သော မြင့်မြတ်မောင်၏ အသံ
ကို ကြားမှ ဓာမဏီသည် စိတ်တွေ အဝေးလွင့်နေရာမှ ပြန်စုစည်း
လို့ ရသွားပါသည်။

“ဘာမေးမှာလဲ၊ မေးစရာက ကုန်ပဲ မကုန်နိုင်တော့ဘူး။
မေးပြီးရင် နင် ချန်ရစ်နေခဲ့နော်၊ လမ်းထဲကို နင်နဲ့ ငါ
တွဲမဝင်ချင်ဘူး”

မွေးကတည်းက နေလာခဲ့သော ရပ်ကွက်မှာ ကိုယ့်
ရပ်ကွက်ထဲမှာဖြင့် ဘယ်သူက ဘယ်သူ့ကို ကြိုက်နေတာတို့
ဘယ်သူနဲ့ ဘယ်သူဖြင့် ရည်းစားဖြစ်ပြီ ဆိုတာ အမြဲစောင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုနေကြသည်ဖြစ်ရာ မြင့်မြတ်မောင်က ဓာမဏိကို ကြိုက်နေသည်။ ရည်းစားစာ ပေးသည် ဆိုတာကိုလည်း အားလုံးသိထားပြီးနေကြပြီ။ အခုလိုမျိုးများ အတူတွဲဝင်လာတာ မြင်လျှင် ရည်းစားဖြစ်ကုန်ကြပါပြီလို့ ထင်ကြသူတွေ မနည်းမနော ကြုံရပါလိမ့်မည်။

မြင့်မြတ်မောင်သည် သူချစ်ရသော မိန်းကလေး၏ ဆတ်ဆတ်ထိမခံ ဖြစ်နေမှုကို ရင်နာစွာကြည့်ရင်း ...

“ကိုယ့်ကို ကိုယ် ဆရာဝန်ဖြစ်တဲ့နေ့ကျ အဖြေပေးနိုင်မလား ဓာမဏိ”

သူ သိသည်။ ဓာမဏိဟာ သူ့ကို ဘယ်တော့မှ ချစ်လာမှာ မဟုတ်ဘူး ဆိုတာ သိတော့သိသည်။ သို့သော် မြင့်မြတ်မောင်၏ အချစ်မှာ ချစ်သူကို ကိုယ်ကချစ်နေရရင်လည်း ကျေနပ်ပါတယ်ဆိုသော ခံယူချက်မျိုး ဖြစ်ရာ ဓာမဏိ သူ့ကို ချစ်ချစ်၊ မချစ်ချစ် ပိုင်ဆိုင်ခွင့် ရလိုတာ ဖြစ်ပါသည်။

“အမယ် ... ဆရာဝန်ဖြစ်တာနဲ့မှ အဖြေပေးရမတဲ့၊ ဘာဆိုင်လဲ ... ဘာမှမဆိုင်တာ”

“အခုဟာက ကိုယ်က ကျောင်းသားဘဝပဲ ရှိသေးတော့ မိန်းကလေးတစ်ယောက်အတွက် ဘာမှ အားကိုးလောက်စရာ အခြေအနေမျိုး မဟုတ်သေးလို့ ဓာမဏိ မစဉ်းစား





ချင်တာကို ကိုယ် နားလည်တယ်လေ။ ကိုယ် ဆရာဝန်ဖြစ်လာတဲ့အခါကျ အလုပ်အကိုင်လည်း ရှိလာပြီ။ ဆရာဝန်ဆိုတဲ့ ဂုဏ်လေးလည်း ရှိလာပြီဆိုတော့ မိန်းကလေးတစ်ယောက်အတွက် အားကိုးနိုင်တဲ့ ယောက်ျားတစ်ယောက် ဖြစ်လာပြီမို့ ဓာမဏိလည်း အဲဒီကျ ရင်ထဲက မချစ်ရင်တောင် ဦးနှောက်ထဲမှာ စဉ်းစားပြီး အဖြေပေးနိုင်မယ်လို့ ထင်လို့ပါ”

ဓာမဏိသည် အခုမှ အူတိအူကြောင်လိုလို စကားတွေ ပြောလာသော မြင့်မြတ်မောင်ကို ဘယ်တုန်းကမှ စေ့စေ့မကြည့်ခဲ့ပေမဲ့ အခုတော့ တမင်ပဲ စေ့စေ့ကြည့်လိုက်ကာ အသံထွက် ရယ်ပြလိုက်မိသည်။ အံမယ်လေး ... သူ ဆရာဝန်ဖြစ်တာနဲ့ပဲ ငါက မက်မောပြီး လက်ခံရဦးမတဲ့လေ။ ခက်တာပဲ၊ ငါ မက်မောတာ ဘာလဲလို့ မြင့်မြတ်မောင် လုံးဝမသိဘူး ကြည့်စမ်း။

“မလှောင်ပါနဲ့ ဓာမဏိ၊ ကိုယ် တကယ်အတည်ပြောနေတာ။ ဓာမဏိ ကိုယ့်ကို မချစ်ရင်လည်း ရတယ်၊ ကိုယ်ကပဲ ချစ်နေမယ်၊ ကိုယ့်ကို ဦးနှောက်ထဲမှာပဲ ထည့်စဉ်းစားပေးပါလို့ တကယ်ပြောနေတာပါ”

“မလှောင်ပါဘူး၊ ငါကလည်း နင် ငါ့ကို အကဲမခတ်တတ်သေးလို့ ရယ်ချင်တာပါ”

www.burmeseclassic.com



ဓာမဏီသည် မြင့်မြတ်မောင်ကို အမှန်အတိုင်းပဲ ပြောလိုက်ရို့ စဉ်းစားမိပါသည်။ ဒါနဲ့ပဲ ...

"ငါက ကိုယ်တကယ် မချစ်နိုင်ဘဲနဲ့ လူတစ်ယောက်ကို ခေါင်းထဲမှာ စဉ်းစားလက်ခံလို့ ရလို့ လက်ခံတာမျိုး မလုပ်ချင်ဘူး။ ငါ့မှာ အချစ်ရှိတယ်၊ ငါချစ်တဲ့ သူကိုပဲ ရွေးမယ်၊ ငါချစ်တဲ့သူက ပိုက်ဆံမချမ်းသာရင်လည်းနေ။ ပညာတွေ သိပ်ပြီးမတတ်ရင်လည်းနေ၊ ရတယ်။ အခိက,က သူ့ဆီမှာ ဘာလိုသလဲ။ ဘာရှိရမလဲ ဆိုတော့ ..."

ဓာမဏီက ဆက်မပြောသေးဘဲ မြင့်မြတ်မောင်ကို တစ်ချက် အကဲခတ်လိုက်ပြီးမှ ...

"သူ အသားဖြူရမယ်၊ ရုပ်ချောရမယ်၊ ဘယ်အချိန်ကြည့် ကြည့် စိတ်ချမ်းသာစရာ ကောင်းနေတဲ့ ချောမောလှပမှု မျိုး သူ့ဆီမှာ ရှိရမယ်၊ ကဲ ... သိပြီလား"

ဓာမဏီသည် ထိုသို့ပြောနေစဉ် မျက်ဝန်းထဲမှာတော့ ဦးလင်းအိမ်ကိုသာ တဝဲဝဲ မြင်ယောင်နေမိသည်။ ထိုသို့ပြောရချိန် အတွင်းမှာပင် စိတ်ထဲမှာ ကြည်နူးကျေနပ်မှုဖြင့် ဓာမဏီ့ မျက်ဝန်း တွေမှာ အရောင်တောက်ပ ရွှန်းဖြာနေပါလိမ့်မည်။

မြင့်မြတ်မောင်သည်ကား ဓာမဏီ့ထံမှ ထူးဆန်းသော ထိုစကားကို ကြားရလျှင် တအံ့တသြ(တစ်ဖန်)မယုံနိုင်စွာ ဓာမဏီ့





ကို အကဲခတ်စိုက်ကြည့်မိတော့၏။ ဘယ်လိုပဲကြည့်ကြည့် အဝေး ကပဲ ကြည့်ကြည့် အနီးကပ် တစိမ့်စိမ့်ပဲ ကြည့်ကြည့် လှတယ် ချောတယ်လို့ ဘယ်လိုမှပြော၍ မရသော မိန်းကလေးတစ်ယောက် ဖြစ်တဲ့ ဓာမဏီဟာ ရုပ်ချောသော ယောကျ်ားတစ်ယောက်ကိုသာ ချစ်သူအဖြစ် ရွေးချယ်လိုပါသည်တဲ့။ ကြည့်စမ်း ... ဘယ်လောက် အံ့သြဖို့ကောင်းတဲ့ အကြောင်းအရာလဲ ဆိုတာ။ ဓာမဏီ့မှာ ဒီလို စိတ်ကူးယဉ် မျှော်လင့်နေတတ်တာမျိုး ရှိမယ်မထင်ဘူး။ မဖြစ်နိုင် တာကို မျှော်လင့်တမ်းတနေတာမျိုးလည်း ရှိမယ်မထင်ဘူးလို့ မြင့်မြတ်မောင် ထင်ထားခဲ့မိပါသည်။ ဓာမဏီဟာ ရုပ်ချောသော ယောကျ်ားတစ်ယောက်ကိုသာ ရွေးချယ်ချစ်လာလိမ့်မည်ရယ်လို့ သူ့စိတ်ထဲတွင် ယောင်၍တောင်မှ မတွေးကြည့်ခဲ့မိဘူးပါ။

မဖြစ်နိုင်တာကို စိတ်ကူးယဉ်တယ်။ မတန်မရာတွေ ကို စိတ်ကူးယဉ်တယ် ရယ်လို့လည်း စိတ်ထဲမှာ နိမ်နိမ်ချချ မတွေးလို။ မတွေးရက်ပါပေ။ သို့သော် ဓာမဏီ့စိတ်ကို တကယ် သိလိုက်ရသောအခါမှာ မြင့်မြတ်မောင်သည် သူ့အတွက် လုံးဝ ဝင် မျှော်လင့်ချက် မဲ့သွားသလိုလို ခံစားလိုက်ရပါသည်။

ဘာကြောင့်လဲ ဆိုတော့ သူဟာလည်း ဘယ်ရှုထောင့် ကပဲကြည့်ကြည့် ချောမောတည်ကြည်ခန့်ညားသော ယောကျ်ား တစ်ယောက် မဟုတ်နေ၍ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားဆိုတာ ချောဖို့ လှဖို့ မလိုဘူး၊ အဲဒါက အရေးမကြီးဘူး။ အရေးကြီးတာက ပညာတတ်ရင်တတ်၊ မတတ်ရင်လည်း စီးပွားအရှာကောင်းဖို့ပဲ လိုတယ်ကွ။ အဲဒါဆို မင်း မယ်ဘွဲ့ရထားတဲ့ မိန်းကလေးပဲ လိုချင်လား ရတယ်၊ မင်းမှာ ပိုင်ဆိုင်ထားတဲ့ အရည်အချင်းဟာ မင်း လိုချင်တာကို ရယူနိုင်စေလိမ့်မယ်"

ဟူ၍ မြင့်မြတ်မောင့်ရဲ့အဖေ ဦးမောင် ပြောခဲ့တာကို ပြန်သတိရ ကြားယောင်သောအခါ အဖေပြောတဲ့အထဲမှာ ဓာမဏီလို မိန်းကလေးမျိုးတော့ ပါမယ်မထင်ဘူးဟု ပြန်ချေပ ချင်သွားပါသည်။

ဓာမဏီကတော့ သူမ ပြောလိုတာ ပြောလိုက်ရ၍ ကျေနပ်အားရသွားလျက် ...

"နင် နေခဲ့တော့ မြင့်မြတ်မောင်။ ငါ နင်နဲ့အတူ တွဲမဝင်ချင်ဘူးလို့ ပြောထားပြီးပြီ"

○ ❧ ○





## ၅

ကြော်ငြာဓာတ်ပုံ ရိုက်ရမည့်နေ့ကို နီးလာသောအခါ ဓာမဏီသည် ရင်ထဲမှာ ပျော်ရလွန်းသဖြင့် မနက်ဖြန် ဓာတ်ပုံ ရိုက်ရတော့မည်ဆိုလျှင် ဒီနေ့တစ်နေ့လုံးနီးပါး သီချင်းလေးတညည်း ညည်းနဲ့ မျက်နှာမှာလည်း အပြုံးတွေမချစတမ်း တစ်ချိန်လုံး ပြုံး နေမိသည်။ ဘာပဲလုပ်လုပ် အရင်ကလို ဘဝဟာ ဘာမှသိပ် အဓိပ္ပာယ်မရှိဘူး၊ ပျော်စရာမကောင်းဘူး၊ ငါ့ဘဝဟာ ပျင်းရိစရာ ကောင်းတယ်၊ ငြီးငွေ့စရာကောင်းတယ်ရယ်လို့ မမြင်တော့ဘဲ အကောင်းချည့် မြင်နေတော့သည်။

"မနက်ဖြန် ဓာတ်ပုံရိုက်ခံရမှာမို့ ထင်တယ် ဓာမဏီ ရော်တော်ပျော်နေတာ တွေ့ရတယ်ဟော့၊ ကြည့်စမ်း ... ငါက တို့အုပ်စုထဲမှာ ရည်မွန် တစ်ယောက်ပဲ အလှအပဝါသနာ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်ထင်တာ၊ အခုတော့ မထင်မှတ်ဘဲ ဇာမဏီကပါ အလှအပတွေ ခက်တပုံတွေ ဝါသနာပါနေပါလား"

ဟုပင် ဇာမဏီနဲ့ ပိုရင်းနှီးသော မသီမာကပင် သတိထားမိပြီး ပြောလာပါသည်။

အမှန်တော့ ဇာမဏီဟာ ခက်ပုံရိုက်ခံရမှာ အလှတွေပြင်ရမှာ ဆိုသော အတွေ့အကြုံသစ်ကြောင့် စိတ်လှုပ်ရှားပျော်ရွှင်တာ လုံးဝမပါကြောင်း သူမဘာသာသိလျက် မသီမာဝေဖန်တာကို ရယ်ချင်နေသည်။ တကယ်တော့ ဇာမဏီရဲ့အိပ်မက်ထဲက စိတ်ကူးယဉ်မင်းသားနဲ့ တစ်နေ့ကုန် တစ်နေခန်း တွေ့ရမှာမို့ပါ။ သူက ပြောတော့ ...

"အားလုံးကလည်း သိပ်အတွေ့အကြုံ မရှိတဲ့ သူတွေဆိုတော့ တစ်ရက်တည်းနဲ့ ပုံကောင်းတွေ မရရင် နောက်တစ်ရက်တော့ ဆက်ရင်ဆက်ရလိမ့်မယ်လို့ ကျွန်တော် ကြိုပြီး အသိပေးထားပါရစေ"

ဟူသော စကားလည်း ပါတာမို့ တစ်နေ့တည်း ရိုက်လို့ ပုံတွေမကြိုက်သေးခဲ့ရင် နောက်တစ်နေ့ပါ သူနဲ့ထပ်တွေ့ရဦးမည်ဖြစ်ရာ ဇာမဏီကတော့ အဲဒီနောက်တစ်နေ့ကိုပါ ပိုင်ဆိုင်ခွင့် ရချင်ပြန်သေးသည်။

ဇာမဏီတို့ရဲ့ Boss ဦးရဲနိုင်ကတော့ ...





"ဦးလင်းအိမ် အဆင်မပြေလို့ နောက်တစ်ရက် ထပ်ချိန်းတာတော့ မဖြစ်စေချင်ဘူး။ ဆရာမတို့က အတန်းခဏခဏ ပျက်ရင် ကလေးမိဘတွေက ပွစိပွစိပြောလာတော့မယ်။ ပိုက်ဆံကောင်းကောင်း နင့်နေအောင်ပေးပြီး သင်ထားတာ မတန်ဘူး ဘာဘူး ပြောလာမှာစိုးတယ်။ ဒီတော့ ပုံကောင်းများများရဖို့ ဆရာမတို့လည်း စိတ်ပါလက်ပါ သရုပ်ဆောင်ပေးလိုက်ပါဗျာ၊ ကျွန်တော်ကတော့ လုပ်ငန်းရှင်အချင်းချင်း အခင်အမင် မပျက်ချင်လို့ ဒီကိစ္စကို သဘောတူပေးလိုက်တာပါ"

ထိုသို့ ဇာမဏီတို့ ငါးယောက်ကိုပဲ သီးသန့်ခေါ်တွေ့ပြီး နောက်တစ်ရက် ဖွဲ့မပေးချင်ကြောင်း အသိပေးသလိုလို၊ တစ်ရက်တည်းနဲ့ ပြီးအောင်လုပ်ပေးလိုက်ပါဆိုသော သဘောမျိုးနဲ့ သတိတော့ ပေးထားပါသည်။

သို့သော် ဦးရဲနိုင် ပြောတာက ပြောတာပဲလေ၊ ဦးလင်းအိမ်က နောက်တစ်ရက် ထပ်လိုချင်ပါသည် ဆိုလာလျှင်ရော သူ ခွင့်မပြုရမှာမှတ်လို့။

ဇာမဏီသည် တစ်နေ့လုံးလည်း အလုပ်ထဲမှာ စိတ်ကြည်သာ ပျော်ရွှင်၊ အိမ်လည်း စိတ်ပျော်ပျော်နဲ့ ပြန်လာ၊ လမ်းမှာ မြင့်မြတ်မောင်ရဲ့ အဖေအမေတွေနဲ့ မျက်နှာချင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့တော့လည်း အရင်ကလို ဝတ်ကျေတမ်းကျေ ပြုံးပြနှုတ်ဆက်တာမျိုးဝင်မကာ စိတ်ပါလက်ပါပင် နှုတ်ဆက်ပြုံးပြ၊ တွေ့သမျှလူလည်း စိတ်လက်ကြည်သာစွာ နှုတ်ဆက်နဲ့ လောကကြီးတစ်ခုလုံး အကောင်းမြင် ကျေနပ်ပျော်ရွှင်လာမိသည်။

အရင်ကတော့ ဇာမဏီသည် မပြည့်စုံမှုတွေများသော ကိုယ့်ဘဝကိုယ်လည်း ဘဝင်မကျ၊ လောကကြီးကိုလည်းအကောင်းသိပ်မမြင်၊ အလိုမကျတာတွေများပြီး ရုပ်မလှပါဘူးဆိုမှ မျက်နှာကလည်း ခပ်ပုပ်ပုပ် နေတတ်လှသူ၊ ရုပ်ကွက်ထဲကလူတွေကို ဆုံလျှင် ရယ်ပြ ပြုံးပြရမှာ ဝန်လေးသဖြင့် မျက်လုံးချင်း မဆုံအောင် လွှဲဖယ်ရှောင်ရှားတတ်သူ၊ အပေါင်းအသင်းနည်း၊ ပေါင်းရသင်းရခက်သူ မိန်းကလေးမျိုးသာ ဖြစ်ခဲ့သည်။

အခုတော့ ကိုယ်တိတ်တဆိတ် စိတ်ကူးယဉ် မျှော်လင့်မိထားသူနဲ့မှ ဆိုက်ဆိုက်မြိုက်မြိုက် ဆုံစည်းရပြီဖြစ်ရာ အရာရာကို အကောင်းမြင် ကျေနပ်နေတတ်လာပါသည်။ ဦးလင်းအိမ်မှာ အိမ်ထောင်မရှိဘူး၊ လူပျိုလူလွတ်ဆိုသော အချက်ကို သိလိုက်ရတာနဲ့တင် ဇာမဏီရဲ့ စိတ်ကူးယဉ်ရမှတ်တွေဟာ အမြင့်ဆုံးသို့ တက်သွားပါပြီ။ ကိုယ့်ကိုယ်ကိုယ် ရုပ်မလှမှန်း သိပေမဲ့ ဇာမဏီဟာ ရုပ်မလှသဖြင့် အလကားနေရင်း အားငယ်နေသူတွေထဲမှာမပါ။ ဘယ်သူပြောလဲ၊ ရုပ်ချောတဲ့ ယောကျ်ားတစ်ယောက်ဟာ





ရုပ်မလှတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်မလာနိုင်ဘူးလို့။ ဇာမဏီ စိတ်ထဲမှာ ဘယ်ကဘယ်လို ရောက်လာမှန်း မသိသော အားပေးသံတစ်ခုနဲ့ မရှိတာကို အရှိထင်။ မဖြစ်နိုင်တာကို ဖြစ်နိုင်တယ်ပဲ ထင်လျက် စိတ်ကူးတွေဖြင့် မျှော်လင့်နေမိတာ ဖြစ်ပါသည်။

"သမီး မနက်ဖြန် ကြော်ငြာဓာတ်ပုံ ရိုက်ရမှာ သိပ်ပျော်နေပုံရတယ်၊ မျက်နှာလေးက ကြည်လင်ဝင်းပနေတာပဲ။ သမီးကို အဲဒီလို ပြုံးပြုံးရယ်ရယ် ရွှင်ရွှင်ပျပျ မမြင်ခဲ့ဖူးဘူးလို့ အမေ ထင်တယ်၊ တစ်ခါမှ အဲ … သမီးအရွယ်ရောက်လာပြီးကတည်းက မမြင်ခဲ့ဖူးဘူးနော်၊ သမီး ပျော်ရင် အမေလည်း ပျော်ပါတယ်၊ အေးပေါ့လေ မိန်းကလေးဆိုတော့လည်း အလှအပကြိုက်မှာပေါ့၊ အလှပြင်ပြီး ဓာတ်ပုံရိုက်ရတာကို ဝါသနာပါမှာပေါ့လို့၊ အမေ နားလည်မိပါတယ်"

ဇာမဏီ ဘယ်လောက်တောင် ပျော်တဲ့အမှုအရာပြမိသလဲဆိုရင် အမေပင် ရိပ်မိပြီး ထိုသို့ဝေဖန်တာလည်း ကြားရသည်။

စင်ရော်ကတော့ မြင့်မြတ်မောင်ဘက်တာ တစ်ဖက်သတ်ပါပြီးသားလူမို့ …



www.burmeseclassic.com

www.burmeseclassic.com



"မမကသာ ပျော်နေ၊ ကိုမြင့်မြတ်ကတော့ စိတ်သိပ်ပူနေရှာတယ် သိလား။ မတော်တဆ မမ,က ခတ်ပုံစားပြီး သိပ်လှသွားရင် မမကို ကြိုက်တဲ့လူတွေ ထပ်ပေါ်လာမယ်ဆိုပြီး စင်ရော်ကို ရှေ့ထားပြီး ညည်းညူနေတာ သိလား ခမဏီ အလှအပကြိုက်မှန်း အစက မသိပါဘူးကွာ ဆိုပြီးတော့လည်း ပြောသေးတယ်၊ မမ ဘာလို့ ဒီကြော်ငြာ ခတ်ပုံရိုက်တဲ့ကိစ္စကို သိပ်စိတ်ပါနေတာလဲဟင်"

ဟု စပ်စပ်စုစု မေးမြန်းလာသည်။

"ပိုက်ဆံအများကြီး ရတာ နင်မမြင်ဘူးလား"

ခမဏီက အကြီးပိပိ ဟောက်ဟိန်းပြီး ပြောလိုက်သည်။

"မမပုံစံက ပိုက်ဆံရတာထက် ပိုပျော်နေပုံပဲ"

"နင် ဘယ်လိုဖြစ်ပြီး ဘာကို လာစွပ်စွဲချင်နေတာလဲ စင်ရော်။ ငါ့ဘာသာ ဘာကြောင့်ပျော်ပျော်ပေါ့ စပ်စုစရာလား။ ငါလည်း အသက်နှစ်ဆယ်ပဲ ရှိသေးတဲ့ မိန်းကလေး တစ်ယောက်ပါ။ အမြဲတမ်း အဘွားကြီးလေးလို မျက်နှာကြီးတည်ပြီး မငေါင်နေချင်ဘူး၊ တစ်ခါတလေလည်း အဲဒီလို စိတ်လှုပ်ရှားစရာကောင်းတဲ့ အကြောင်းအရာ အသစ်အဆန်း တစ်ခုကြောင့် ရွှင်ရွှင်ပျပျ နေချင်တာပေါ့၊ အဲဒါ အဆန်းလား"





ထိုအခါ စင်ရော် ဆက်မမေးတော့ပါ။ သေချာတာက မြင့်မြတ်မောင်ကို ခမဏီ ဘာကြောင့် မချစ်နိုင်သလဲဆိုသော အကြောင်းအရာကို အသိပေးလိုက်သဖြင့် မြင့်မြတ်မောင်ဟာ ခမဏီကို သူ မသိတဲ့ တစ်နေရာမှာ ရည်းစားများရနေသလားဟု မသင်္ကာဖြစ်ပြီး စင်ရော်ကိုပါ ပြောကာ တစ်ဖက်လှည့်နဲ့ စုံစမ်းခိုင်းတာလည်း ဖြစ်နိုင်သည်။ ခမဏီ မျက်နှာမှာ မမြင်စဖူး၊ မတွေ့စဖူး တွေ့ရသော တက်ကြွပျော်ရွှင်ခြင်းကို မြင့်မြတ်မောင် ရိပ်မိအကဲခတ်နိုင်သွားပုံရသည်။ ဒါကြောင့် စင်ရော်ကို အစ်အောက်မေးမြန်းခိုင်းတာ ဖြစ်မည်။

ထိုနေ့ည တစ်ညလုံးလည်း ခမဏီမှာ ကောင်းကောင်း အိပ်မပျော်ပါ။ နိုးတစ်ဝက် အိပ်တစ်ဝက်ဖြင့် မနက်ဖြန် မြန်မြန်ရောက်ဖို့ စိတ်စောနေမိသည်။ ခဏလေး မှေးခနဲ အိပ်ပျော်သွားစဉ် အခိုက်မှာလည်း ဦးလင်းအိမ်နှင့် လက်တွဲလျှောက်ရသည်ဆိုတာမျိုး ...။ ဦးလင်းအိမ်နှင့် တရင်းတနှီး စကားတွေပြောနေရသည် ဆိုတာမျိုးတွေ အိပ်မက်မက်လျှင် ကြည်နူးပီတိများဖြင့် ပြန်နိုးလာလိုက်၊ ပြန်အိပ်ပျော်သွားလိုက်။

ဦးလင်းအိမ်ဟု ခေါ်ပေမဲ့ တကယ်တော့ သူ့အသက်ဟာ သိပ်မကြီးသေးပါ။ အလွန်ဆုံးရှိလှ သုံးဆယ်ကျော်ရုံလေးပေါ့၊ ဒါဆို ကိုကိုလို့ ခေါ်မယ် ဦးလင်းအိမ်ရယ်ဟု အိပ်မက်ထဲ

www.burmeseclassic.com



နိုးလာပြီးနောက် ဓာမဏီ တစ်ယောက် ရှုံးသွပ်ပြီး တစ်ကိုယ်တည်း ပြောနေမိပြန်သည်။ ကိုကို ... ဟု ချွဲကာနွဲ့ကာ ခေါ်ပြီး သူ့လက် မောင်းကို မှီခိုလမ်းလျှောက်ရလျှင်ဖြင့် ဓာမဏီဘဝမှာ သိပ်ကို ပြီးပြည့်စုံသွားလိမ့်မယ်ရယ်လို့ စိတ်ကူးယဥ်မိပြန်သည်။

မနက်ကျတော့ ခြောက်နာရီခွဲလောက်ဆို အိပ်ရာထ နိုးနေကျဖြစ်ရာ ဓာမဏီသည် အိပ်ရေးမဝစွာဖြင့် အိပ်ရာကထလာ ခဲ့ရသည်။ သို့သော် ခေါင်းထဲက ဘယ်လောက်မူးနေနေ၊ အိပ်ရေး ဘယ်လောက်ပဲ မဝနေနေ ဓာမဏီ ပျော်နေသည်။ အပျော်လွန် ပြီး ဘာမှလဲ စားမဝင်။ မနက်စောစော အိမ်မှာစားနေကျဖြစ်သော မုန့်လေးတစ်ချပ်တောင် မကုန်။ ကော်ဖီခါးခါးကိုတော့ ခေါင်း ကြည်အောင်ဆိုပြီး အတင်းကြိတ်မှိတ်မျိုချလိုက်ရသည်။

အိမ်က ဘာအဝတ်အစားမှ သယ်စရာ မလိုဘဲ ဦးလင်းအိမ် ယူလာပေးမည့် ဝတ်စုံတွေသာ ဝတ်ရမည်ဖြစ်ရာ (ကိုယ်ဝတ်သော size ကိုတော့ ပြောထားရပါသည်) ဓာမဏီက ရေမိုးချိုး၍ မျက်နှာပြောင်နှင့်သာ အဆင်သင့် ထိုင်စောင့်နေရုံ ဖြစ်သည်။ ခုနစ်နာရီခွဲမှာ ကုမ္ပဏီကားကို လွှတ်ပြီးခေါ်ခိုင်းမည် ဖြစ်ရာ ဓာမဏီ တစ်ယောက် ဝရန်တာထွက်မျှော်လိုက်၊ အိမ်ထဲ ပြန်ဝင်ထိုင်လိုက်။ ခေါင်းက နည်းနည်းနောက်ကျိနေသဖြင့် ခေါင်း ကိုက်ပျောက်ဆေး သောက်သွားရင် ကောင်းမလား စဥ်းစားနေတုန်း





ဝရန်တာမှာ ချိတ်ထားသော ခေါင်းလောင်းတပ်ပြီး အောက်သို့ ကြိုးချထားသည်အား လာဆွဲသံ ကြားသံဖြင့် အိမ်ရှေ့အပြေးပြန် ထွက်လာပါသည်။

အောက်မှာ ကုမ္ပဏီနာမည်ကြီး ဘေးမှာရိုက်နှိပ်ထား သော တောင်းအေ့(စ်)ကားတစ်စီး လာရပ်နေပြီး ဒရိုင်ဘာဖြစ်ဟန် တူသူက ဓာမဏီအခန်းကို မော့ကြည့်နေသည်။

"ဆင်းလာခဲ့မယ်နော်"

ဓာမဏီ အပြေးဆင်းလာခဲ့သည်။ ဘေးတံခါးကို လျှောခနဲ အသင့်တွန်းဖွင့်ပေးထားသဖြင့် ကားပေါ်ဝင်ထိုင်လိုက်ရ သာ။ ကားပေါ် မသီမာ တစ်ဦးတည်းသာရှိသေးသည်။ ဓာမဏီနဲ့ ဆုံဆုံချင်း မသီမာက စိတ်မသက်မသာ ဖြစ်နေသောအပြုံးဖြင့် ...

"ညက,ဟယ် ကောင်းကောင်းတောင် အိပ်မပျော်ပါဘူး။ အိပ်ရေးမဝသလို ဖြစ်နေတယ်"

"ဟုတ်တယ် ဏီရောပဲ"

"ဓာမဏီကတော့ ဘာကြောင့် အိပ်မပျော်လဲ မသိဘူး။ ငါကတော့ ဒီအလုပ်ကို လက်ခံလိုက်တုန်းက ဘာမှမစဥ်း စားမိဘူး။ အခု တကယ်ရိုက်ရမဲ့နေ့ကျမှ စိတ်ထဲမှာ မပါ တော့သလိုပဲ လက်ခံလိုက်မိတာ မှားပြီလားဆိုပြီး နောင်တ ရချင်နေတယ်၊ ဒါကြောင့် အိပ်မပျော်တော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"မရှားပါဘူး မသီမာရဲ့။ ပိုက်ဆံလည်းရတယ်၊ လှလှပပ လည်းပြင်ပြီး ဓာတ်ပုံအရိုက်ခံရဦးမယ်လေ။ ဘာဖြစ်လို့လဲ"

"မသိဘူး၊ တစ်ခါမှ မလုပ်ဘူးတော့ စိတ်ထဲမှာ တစ်မျိုး ကြီးပဲ"

ဓာမဏီမှာတော့ ဘာမှ နောင်တရလောက်စရာ မရှိနေ၍ ငြိမ်နေလိုက်ပါသည်။ နောက်တော့ ရည်ရည်မွန်၊ ခင်ခင်လတ်နဲ့ မေမျိုးအောင်တို့ အသီးသီး ဝင်ခေါ်ပြီးသောအခါ အရင်ဆုံး ဓာတ်ပုံစတူဒီယိုမှာ indoor ရိုက်မှာမို့ အဲဒီကို အရင် ပို့လေသည်။

ဓာတ်ပုံစတူဒီယိုသို့ ရောက်သောအခါ ဓာမဏီတွေ့လိုလှဖြိုဖြစ်သော ဦးလင်းအိမ် ရောက်နှင့်နေလေသည်။ ဦးလင်းအိမ်သည် ကော်လာပါသော စပို့ရှပ်အကျႌနှင့် ဂျင်းနက်တို့ကို ခေတ်မီစွာ ဝတ်ထားပြီး ဖော့ဖြင့်ထည့်ထားသော အဖုံးပိတ်ကော်ဖီဘူးကို ကိုင်ထားရင်း ...

"မနက်စာ ဘာစားခဲ့ကြပြီးပြီလဲ မသိဘူး။ မစားရသေးရင် ဒီမှာ ကော်ဖီဘူးတွေ အသင့်ပဲ။ ကျွန်တော် ဆိုင်ကဝင်ဝယ်လာခဲ့တယ်။ ခရိုဆွန်မုန့်တွေလည်း ပါတယ်၊ စားလိုက်ကြပါဦးလား ဆရာမတို့"

ဟု နှုတ်ဆက်စကားပြောပြီး ညှော့ဝတ်ပြုလေသည်။





"ကျွန်မတို့ စားခဲ့ကြပြီးပါပြီ၊ ကျေးဇူးပါပဲ ဦးလင်းအိမ်"

အမှန်တော့ ဓာမဏီက ကော်ဖီလေးတစ်ခွက်သာ စားဝင်သဖြင့် ဘာမှမစားရသေး။ အခုမှ ဗိုက်ထဲက ဟာသလိုလို ဖြစ်နေသည်။ ဦးလင်းအိမ်နဲ့ အတူထိုင်ပြီး ကော်ဖီသောက်ချင်သည်။ မုန့်စားချင်သည်။ ချစ်မိသူနှင့်အတူ မုန့်အတူစား ကော်ဖီအတူသောက်ရလျှင် ဘယ်လောက်များ အရသာရှိလိုက်မလဲ။

သို့သော် မသီမာတို့ကတော့ တကယ်စားလာပြီးသူများဖြစ်၍ ငြင်းလေရာ ဓာမဏီမှာ စားမဲ့သူ သူမတစ်ယောက်တည်း ဖြစ်နေသဖြင့် ထိုစိတ်ကူးကို မျိုချလိုက်ရပါသည်။ မုန့်သိပ်စားချင်လို့ ဝေကြီးကျလို့ မဟုတ်ဘဲ ဦးလင်းအိမ်ကို တစိမ့်စိမ့် ခိုးကြည့်ပြီး မုန့်စားချင်တာ ဖြစ်ပါသည်။

"ကော်ဖီတော့ ထပ်ယူသောက်လိုက်ကြပါ၊ ကျွန်တော် အများကြီး တမင်ဝယ်လာတာ၊ အရည်ကတော့ ထပ်သောက်ရင်လည်း ရပါတယ်လေ၊ မိတ်ကပ်အပြင်ခံရင်း ကော်ဖီသောက်ပေါ့၊ မိတ်ကပ်က မင်းသမီးတွေလို သိပ်အများကြီး ပြင်မှာတော့ မဟုတ်ပါဘူး။ လိမ်းတယ်ဆိုရုံလေးပါပဲ။ အားလုံး နဂိုရုပ်မပျောက်အောင် ပြင်မှာပါ။ သိပ်မကြာဘူးတဲ့ မိတ်ကပ်သမားက ပြောပါတယ်။ တစ်ယောက်ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်ဆို ပြီးပြီတဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးလင်းသစ်၏ တပည့်ဖြစ်ဟန်တူသူ ကောင်လေးတစ်ယောက်က စားပွဲပေါ်ချထားသော ကော်ဖီဘူးတွေကို ဓာမဏိတို့အားလုံး သတိထဲ လိုက်ထည့်သဖြင့် အသာယူထားလိုက်ရပါသည်။ တစ်ချက် ငုံသောက်ကြည့်သောအခါ တန်ဖိုးကြီး ကော်ဖီမို့ထင်သည်။ အရသာက ခါးသက်သက်နဲ့ မွှေးပျံ့လှပြီး မျိုချပြီးတာတောင် လျှာဖျားပေါ်မှာ အကြာကြီး တင်ကျန်ခဲ့စေသော ကော်ဖီမျိုးဖြစ်ပါသည်။ ဓာမဏိတို့ တစ်ခါမှပင် သောက်မကြည့်ဘူးသော နာမည်ကြီးဆိုင်တွေက ကော်ဖီဖြစ်သည် ထင်ပါရဲ့။ အိမ်မှာဖျော်သောက်ရသော ကော်ဖီနှင့် လုံးဝအရသာမတူ။ ဓာမဏိတို့လူတန်းစားတွေကတော့ ကော်ဖီမှုန့်ဆိုင်က ကော်ဖီမှုန့်နဲ့ သကြားနို့ဆီထည့်ဖျော်ပြီး သောက်ရသော ကော်ဖီအပေါစားမျိုးသာသောက်ဖူးလေရာ ဒီလို အကောင်းစားကော်ဖီ သောက်ရသောအခါ အရသာဟာ တစ်ချက်တည်းနဲ့ပင် စွဲမက်သွားရပါသည်။

မိတ်ကပ် အလှပြင်ပေးသော မိန်းမလျာကတော့ ဆရာဖြစ်ဟန်တူသူ တစ်ယောက်နှင့် တပည့်အကူ မိန်းမလျာတစ်ယောက်သာ ပါပေမဲ့ သူတို့ကတော့ ကျွမ်းကျင်နေ၍လား မသိ။ ဆရာလုပ်သူက ဖျတ် ... ဖျတ်နဲ့ တို့လိမ်းသွားလိုက်။ တပည့်ကနောက်ကနေ လိုက်ညှိ၊ ပေါင်ဒါရိုက်လုပ်ပေး၊ ဆရာပုံဖော်ပေးသွားသော နှုတ်ခမ်းမှာ အရောင်တင်ပေး၊ ပုံဖော်ရိုက်ပေးသွား





သော မျက်ခုံးကို ခဲတံဆွဲပေး၊ မျက်တောင်ကို လိုက်ကော့ပေးဖြင့် သူကလည်း ဆရာ့နည်းတူ မြန်လှလေရာ တစ်ယောက်ပြီးတစ်ယောက် ခဏလေးလို ထင်ရသည်။

ဆရာကတော့ နာမည်ကြီးမိတ်ကပ်ဆရာမို့ အာလာပသလ္လာပပင် စကားမပြောပေမဲ့ တပည့်လေးကတော့ ဖော်ရွေလှသည်။ စကားတွေ ရွှန်းရွှန်းဝေအောင်လည်း ပြောလေသည်။

"အစ်မက မျက်နှာကျ မဆိုးဘူး သွက်တယ် လှတယ် သိလား၊ ဆံပင်ပုံလေး ပြင်လိုက်ရင် ရုပ်ကလွှက်သွားမှာ။ အစ်မတို့က နေပူခံ၊ ရေစိမ်ခံ နေရတော့ အမှန်မှာ Skin Care အရမ်းပြန်လုပ်သင့်တယ်နော်။ အစ်မမျက်နှာမှာဆို နေလောင်ကွက်လေးတွေ အနီးကပ်ကြည့်ရင် တွေ့နေရတယ်။ ရေထဲဆင်းရင် sun screen လိမ်းလား"

မိန်းမလျာလေးက ဓာမဏိကို မိတ်ကပ်ရိုက်ပေးရင်း မေးသောအခါ ...

"ဘာလဲ ... sun screen ဆိုတာ"

"ဟောတော့ ... သူ ကြားတောင် မကြားဖူးဘူး ထင်တယ်၊ sun screen ဆိုတာလေ ရေလောင်ခံကာကွယ်ဖို့လိမ်းတဲ့ ကရင်(မ)ပေါ့ SPF 30+ (အက်(စ)ပီအက်(ဖ်) သာတီပလပ်(စ်))ဆိုရင် အကောင်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မလိမ်းဖူးပါဘူး"

"ဒါဖြင့် ရေထဲက ထွက်ရင်ရော"

"အိမ်ရောက်မှ သနပ်ခါးနည်းနည်း ပြန်လိမ်းတာပေါ့"

"သနပ်ခါးကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ သနပ်ခါး မလိမ်းခင် အောက်ခံကရင်(မ)လေး ခံလိမ်းရင် အသား မပျက်စီးဘူးပေါ့။ သနပ်ခါးကအသားတင်းလာတယ်လေ ကရင်(မ)ခံလိမ်းထားတော့ ချောမွေ့နေတော့ အသားသိပ် ပြန်မတင်းဘူး။ အသက်ကြီးလာရင် ပါးရေစောစောမတွန့် ဘူးပေါ့။ နောက်ပြီး လက်တွေ ခြေတွေလည်း lotion လိမ်းဖို့လိုတာပဲ။ အစ်မတို့လို လူမျိုးဆို ညလိမ်းကရင်(မ) တောင် လိမ်းဖို့လိုတယ်၊ အစ်မ အသားအရေက အမှန် မဆိုးဘူး။ မဖြူမညိုလေး ဖြစ်မယ် ထင်တယ်။ သိပ်မပြင် ဆင်ဘဲ ပစ်ထားတာများလို့ အခုတော့ လုံးဝညိုသလိုဖြစ်နေ ပြီ၊ အေးလေ ညိုတော့လည်း ခတ်ပုံစားတာပေါ့။ ဒါပေမဲ့ Skin Care တော့ လုပ်ပါ အစ်မရယ်။ စေတနာနဲ့ပြော တာ ပြီးတော့ ဆံပင်လည်း တစ်လတစ်ခါလောက်တော့ ပြန်ပေါင်းတင်သင့်တယ်နော်။ ဆံပင်သားတွေဖွာပြီး ကြေ နေပြီ၊ ဆိုင်လာခဲ့ပါလား၊ အစ်မတို့ကို ဈေးလျှော့ပေးမယ် လေ"





ကျန်တဲ့သူတွေကတော့ တဟားဟား ရယ်ကြပြီး ...

"အံမယ် ... နောက်ဆုံးတော့ နင်က နင့်ဆိုင်ဖောက်သည် ရအောင် ဆွယ်တာကိုး"

ဟု ဝိုင်းစကြပေမဲ့ ဇာမဏီကတော့ ကျိတ်တွေးနေ သည်။ အရင်က ကိုယ့်ကိုယ်ကိုယ် လှဖို့ သိပ်ဂရုမစိုက်ခဲ့ပေမဲ့ အခုကျတော့ လှချင်လာသည်။ ဆံပင်လေး ပုံသွင်းကြည့်လိုက် ချင်သည်။ မဖြူမညို အသားအရေလေးများ ပြန်ရလာမလားဆို တဲ့ မျှော်လင့်ချက်နဲ့ အသားအရေလိမ်း cream တွေ၊ lotion တွေ ဝယ်လိမ်းကြည့်ချင်လာသည်။ နဂိုမလှတဲ့ ရုပ်ရည်ပေမဲ့ ဒီလိုလေး တွေ နည်းနည်းပြုပြင်ထားရင် နည်းနည်းများ ကြည့်ကောင်းလာ မလားလို့ စိတ်ကူးယဉ်ကြည့်မိသည်။

ဘာကြောင့်လဲ ဆိုတော့ ဦးလင်းအိမ်က သိပ်ချော နေပြီး ဇာမဏီက သိပ်ရုပ်ဆိုးနေသလို ဖြစ်မှာစိုး၍ပါ။ အခုကျ ဦးလင်းအိမ်ဟာ ဇာမဏီတို့ အားလုံးအပေါ် အလုပ်သဘောအရ ဆက်ဆံသော စိတ်ဝင်စားမှုကလွဲရင် ဘယ်သူ့အပေါ်မှလဲမပို။ သေသေချာချာတောင် ကြည့်ဖြစ်ရဲ့လား မသိ။ ဇာမဏီကသာ သူနဲ့ မျက်လုံးချင်းဆုံရဖို့ အမြဲကြိုးစားနေမိသူပါ။

"အမယ်လေးနော် ... အစ်မတို့ မသိလို့ မော်ဒယ်လ်ဟာချို့ ဆို လုံးဝလှတာ မဟုတ်ဘူး။ ပြင်ထား ဆင်ထားနိုင်လို့



www.burmeseclassic.com

www.burmeseclassic.com



လှတယ်ထင်ရတာ။ အစ်မတို့သာ မော်ဒယ်လ်လုပ်ချင်ရင် အလွယ်လေး၊ အရပ်ကြီးတွေကလည်း အမြင့်ကြီး။ ခုံး တွေဆို ဖြောင့်မတ်နေတာနော်၊ တကယ့်ကို မပြုမပြင်ဘဲ ကိုယ်ဟန်မတ်နေတာ၊ မော်ဒယ်လ်လုပ်လို့ရတယ်"

"တော်ပါ ... တော်ပါ၊ ဒီတစ်ခါ ဓာတ်ပုံအရိုက်ခံရတာ တောင် ကိုယ့်ဘာသာ မှားပြီလားလို့ ခဏခဏ နောင်တရ နေရတဲ့ အထဲမှာ ဆက်မြှောက်ပေးမနေပါနဲ့"

မိတ်ကပ်ပြင်ပြီးသောအခါ ဆံပင်ကို ဘီးတွေနဲ့မွှေ၊ ဟိုဆေးဒီဆေးဖျန်း၊ ဒရိုင်ယာတွေနဲ့ ပုံသွင်းတာတော့ တော်တော် ကြာသည်။

"သဘာဝအတိုင်း ဖိုးရိုးဖားရားလေး ဖြစ်နေတဲ့ ဆံပင်မျိုး ရအောင် လုပ်ရတာ ပိုခက်တယ် အစ်မရဲ့"

ဟူ၍ တပည့်မိန်းမလျာက ရှင်းပြပါသည်။ ဦးလင်း အိမ်ကတော့ ဓာတ်ပုံစတူဒီယိုထဲရှိ မိတ်ကပ်ပြင်သည့်အခန်းကို လုံးဝလာမကြည့်ပါ။ အပြင်မှာသာ ဓာတ်ပုံဆရာနဲ့ ထိုင်ဆွေးနွေး နေပါသည်။ အားလုံး ပြင်ဆင်ပြီးသွားသောအခါ ...

"ကဲ ... မှန်ထဲကြည့်ပါဦး။ ဘယ်လိုနေလဲ"

မိတ်ကပ်အဓိကပြင်ပေးရသော ဆရာမိန်းမလျာက သူ့လက်ရာသူ ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် ပြောပါသည်။ ဓာမဏီ





တို့ ငါးယောက်မှာ ခါတိုင်းတွေ့နေကျ ပုံစံမျိုးပေမဲ့ တစ်မျိုးလေး ထူးခြားကာ ကြည့်ကောင်းနေသော ကိုယ့်ပုံတွေကိုယ် မိန်းကလေး တွေပီပီ သဘောကျစွာ အထပ်ထပ် အခါခါ ကြည့်နေမိကြတော့ လေသည်။

ရည်ရည်မွန်ကတော့ အားလုံးထဲမှာ အရင်ထဲက အလှကြိုက်သူ ဖြစ်လေရာ ...

"ဟယ် ... ပုံက တစ်မျိုးတော့ တစ်မျိုးပဲ၊ ထူးခြားနေတယ်။ ပြင်ထားမှန်း မသိသာတဲ့ သဘာဝမျက်နှာမျိုးလေးပေမဲ့ ကြည့်ကောင်းနေတယ်နော်။ နှုတ်ခမ်းဆိုလည်း ပုံဖော်ပြီး ဆိုးထားမှန်း လုံးဝမသိသာဘူး၊ တကယ့် ပင်ကိုရုပ်လေး ထွက်နေတယ်၊ တော်လိုက်တာ၊ ပြင်တတ်လိုက်တာ"

ခင်ခင်လတ်ပင်လျှင် သူ့ဆံပင်သူ လက်နဲ့ထိကြည့် ဖိကြည့်ကာ ...

"ဆံပင်ကလည်း အရင်ပုံပါပဲ၊ ဒါပေမဲ့ အခုမှ သပ်ရပ်သွား သလိုပဲ၊ မဆိုးဘူး လှတယ်"

လို့ ထုတ်ဖော်ချီးကျူးပါသည်။

"အားလုံးပြီးရင် ဒီမှာ အရင်ဆုံးပုံအတွက်ဝတ်ဖို့ ကုမ္ပဏီ တံဆိပ် စတစ်ကာပါတဲ့ တီရှပ်၊ ဒါက ထရက်ဆု(တ်)၊ ဒါက အားကစားဖိနပ်တွေပါ။ ဦးလင်းသစ်က အစ်မတို့



www.burmeseclassic.com

www.burmeseclassic.com



မရောက်ခင်ကတည်းက အဝတ်အစားထည့်တဲ့ luggage ကို လာထားထားတယ်၊ အကျီတွေမှာ နာမည်လေးတွေ ကပ်ထားပေးတယ်လို့ ပြောတယ်"

တပည့်မိန်းမလျာလေး ပြမှပဲ အဝတ်အစားထည့်သော သေတ္တာကြီးကို တွေ့တော့သည်။

"ရေကူးဝတ်စုံနဲ့ပုံ ရိုက်ခါနီးမှ ထပ်လာပေးမယ် ပြောတယ်။ ပခုံးပဲဖော်ပြီး ရိုက်မှာပေမဲ့ လက်မောင်းနဲ့ ရင်ဘတ်တွေ မိတ်ကပ်လိမ်းရမယ်။ ရေကူးကန်ထဲ ဆင်းရေစိမ်ရင်တော့ ကမ္ဘာကြီးတံဆိပ်ပါတဲ့ တီရှပ်နဲ့လည်း ဝတ်ပြီးရိုက်ရမယ်တဲ့။ အပေါ်ပိုင်းပဲ ရိုက်မှာဆိုတော့ အစ်မတို့ကြိုက်တာ ဘောင်းဘီ ရှည်ဖြစ်ဖြစ်၊ သရီးကွာတားဖြစ်ဖြစ် အဲဒီတီရှပ်ဝတ်ရင် ဝတ်နိုင်တယ်လို့ မှာထားပါတယ်"

အားလုံး အဝတ်အစား ကိုယ်စီ ယူပြီးသောအခါ တီကျသော မသီမာက ...

"အခု အရင်ဆုံး လဲရမှာ ဘာလဲ၊ တီရှပ်လား ထရက်ဆု(တ်)လား"

"ကျွန်မ မေးပေးမယ်"

မိန်းမလျာ တပည့်လေးကား မိတ်ကပ်ပြင်ခန်း အပြင်ထွက်ပြီး မေးပါသည်။





"ထရက်ဆု(ထ်)ဝတ်ရမယ်တဲ့။ အထဲမှာ တီရှပ်ဝတ်ပေးပါတဲ့၊ ထရက်ဆု(ထ်)အကျီရဲ့ ဇစ်ကိုမတပ်ဘဲ အပေါ်ကထပ် ဝတ်ရုံ ရိုက်မှာလို့ ပြောပါတယ်"

အပြင်မှာ ပူလှပေမဲ့ ဓာတ်ပုံစတူဒီယိုခန်းကြီးထဲမှာ တော့ အေးစိမ့်နေသဖြင့် အားကစားဝတ်စုံ ထရက်ဆု(ထ်)အထူ ကြီးဝတ်လည်း မအိုက်ပါ။ အားလုံး ဝတ်စားပြင်ဆင်ပြီးသောအခါ စတူဒီယိုခန်းထဲ အသီးသီး ဝင်လာသောအခါ ဦးလင်းအိမ်က ကျေနပ်အားရသော မျက်လုံးတွေနဲ့ စောင့်ကြည့်နေခဲ့လေသည်။

ကိုယ်ဟာ မိန်းမလှတစ်ယောက် မဟုတ်ပေမဲ့ ဓာမဏီ သည် ဦးလင်းအိမ်က အသေအချာကြည့်သဖြင့် ရင်တွေခုန်ပြီး ခေါင်းပင်မူးလာခဲ့သတဲ့။

○ ❧ ○



www.burmeseclassic.com

www.burmeseclassic.com



## ၆

"သတိရလာပြီလား မဇာမဏီ"

ဇာမဏီသည် မျက်စိပထမဆုံး ဖွင့်ဖွင့်ချင်း ဆုံစည်းလိုက်ခွင့်ရသော ဦးလင်းအိမ်ရဲ့ မျက်ဝန်းညိုညိုတို့ကို တမ်းမက်စွာကြည့်လိုက်သည်။ ဝိုင်းအုပ်မိုးကြည့်နေကြသော လူတွေထဲမှာမှ ဦးလင်းအိမ်ကိုသာ ဇာမဏီ အရင်ဆုံးမြင်ပါသည်တဲ့။

"ဏီ ... ဏီ ဘာဖြစ်သွားတာလဲဟင်"

မသိမာက ဇာမဏီကို ပွေ့ထားသူမို့ ဇာမဏီ မေးလိုက်သောအခါ သူမကပဲ အရင်ဆုံးဖြေလေသည်။

"ရေကူးကန်ထဲက အတက်မှာ ခွေလဲကျသွားတာလေ၊ အားလုံးက ခြေချော်ကျတယ် ထင်နေတာ၊ အမှန်တော့ မဟုတ်ဘူး။ ဏီ ပင်ပန်းပြီး လဲသွားတာပဲ"





"ဖျာဒီ မပင်ပန်းပါဘူး။ ခေါင်းနည်းနည်း မူးနေတာပဲရှိတယ်"

"ဦးလင်းအိမ်က စိတ်ပူပြီး ဆရာဝန် ချက်ချင်းသွားခေါ်တော့ ဆရာဝန်က ဏီ့ကို သွေးအားတိုင်းကြည့်တယ်။ သွေးအားနည်းနေတယ်၊ သွေးပေါင်ကျနေတယ်တဲ့။ သွေးထဲမှာ သကြားဓာတ်လည်း နည်းနေတယ်တဲ့၊ ဘာအစာမှ မစားထားဘူး ထင်တယ်တဲ့။ ဆေးတစ်လုံး ထိုးပေးပြီး အခုလေးတင် သူ ကားပေါ်တက်နေတုန်းပဲ ရှိသေးတယ်။ ဏီ သတိရလာလို့ တို့အားလုံး ဝိုင်းအုံလာတာ"

ခင်ခင်လတ် ပြောပြတဲ့အထဲမှာ ဦးလင်းအိမ်က စိတ်ပူတယ်ဟု သိလိုက်ရသည့်အတွက် ဇာမဏီ ရင်ထဲမှာ ဝှန်းခိုင်းကြီး ဆူညံသွားပါသည်။

"ဇာမဏီ သိပ်မှ နေမကောင်းတာ ဒီနေ့ ပြန်နားလိုက်ပါတော့။ နောက်နေ့မှ ရေကူးကန်ထဲ ဆင်းတဲ့ပုံတွေ ထပ်စီစဉ်ပြီး ရိုက်ကြတာပေါ့"

"ဏီ ခဏနားလိုက်လို့ သက်သာသွားရင် လိုအပ်မယ်ထင်တဲ့ပုံတွေ ဆက်ရိုက်ပေးနိုင်ပါတယ်၊ ဦးလင်းအိမ်တို့ကို နောက်တစ်ရက်ထပ်ပြီး ဝန်မပိစေချင်ဘူးလေ။ ပြီးတော့ ဦးရဲနိုင်ကလည်း တစ်ရက်ပဲ ခွင့်ပေးထားတာဆိုတော့ ဏီတို့ ထပ်ယူလို့ မဖြစ်ဘူးထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ဓာမဏီ သဘောနဲ့ဆိုလျှင် ဦးလင်းအိမ်နဲ့ဆုံရန် နောက်တစ်ရက်ဆိုသော အခွင့်အရေးကို လိုချင်ပါသည်။

သို့သော် ဒီအလုပ်က ကိုယ်တစ်ယောက်တည်းရဲ့ သဘောနဲ့ ဘယ်လိုမှမရ။ ကိုယ်နဲ့တွဲလုပ်မဲ့သူတွေ မျက်နှာကို ကြည့်ရသေးသည်။ ကျန်တဲ့လေးယောက်ကတော့ ဒီတစ်ရက်တည်းနဲ့တင် ပြီးစေချင်ပုံရနေသည်။ အဲဒါက တစ်ချက်ဖြစ်သလို ဦးရဲနိုင်ကလည်း ဘယ်လိုသဘောရှိမည် မသိတာလဲ တစ်ချက်မို့ ဓာမဏီသည် အတွင်းစိတ်ထဲက ဆန္ဒနှင့် ဆန့်ကျင်ပြီး ပြောလိုက်ရသည်။

"ရေကူးကန်ထဲမှာ ရိုက်တဲ့ပုံတွေက နောက်ဆုံးပါပဲ။ ညနေတော်တော်စောင်းတဲ့အထိ နေပေးနိုင်ရင်တော့ ဒီနေ့အပြီး ရိုက်လို့ရပါတယ်။ ညနေစာ ကျွန်တော် ကျွေးပါ့မယ်။ အိမ်ကို ညရှစ်နာရီ အလွန်ဆုံး ပြန်ရောက်ရင် ရမလား"

ဓာမဏီ မဖြေပါ။ ကျန်တဲ့လေးယောက်ကိုသာ အဖော်ညှိသလိုကြည့်တော့ အားလုံးကလည်း ဒီနေ့ပြီးစေချင်သူများဖြစ်ရာ ...

"ဒီတစ်ရက် အပြီးရိုက်မှာပဲလေ။ ရပါတယ် နေပေးနိုင်ပါတယ်၊ ဓာမဏီ ခေါင်းမူးနေလို့ ဖြစ်ပါ့မလားတော့ တွေးမိပါတယ်၊ ဒါပေမဲ့ ဒီနေ့ပဲ အပြီးဖြတ်ချင်တယ်"





မေမျိုးအောင်က ဓာမဏီကို အားနာသလိုကြည့်ရင်း ပြောသည်။

"တောက်လျှောက်ကြီး ရိုက်ရတော့ ခေါင်းမူးသွားတာပါ။ ဏီ ညကလည်း ကောင်းကောင်း အိပ်မပျော်လို့ပါ၊ ခဏနားလိုက်ရင် ရပါတယ်"

"ကဲ ... ဒါဖြင့် အားလုံးပဲ နားကြပါဦး။ အမှန်တော့ ကျွန်တော်လည်း နားခိုင်းတော့မလို့ပါ၊ နေ့လယ်စာ မုန့်နဲ့ ကော်ဖီ လက်ဖက်ရည် စားကြဖို့ ပြောတော့မလို့ပါ။ မဓာမဏီက မူးလဲသွားတာနဲ့ စီစဉ်ထားတာတွေတောင် မေ့ကုန်တယ်။ အခု လေးနာရီပဲ ရှိပါသေးတယ်၊ တစ်နာရီလောက် နားလိုက်ပြီးမှ ငါးနာရီမှ ဆက်ရိုက်ကြမယ်လေ"

ဓာတ်ပုံရိုက်သူတွေရော၊ မိတ်ကပ်လိုတာဖြည့်ဖို့ ဆရာဖြစ်သူ မိန်းမလျာက သူ့တပည့်ကို ထားခဲ့သဖြင့် ကျန်နေသေးသော တပည့်မိန်းမလျာလေးရော၊ ဦးလင်းအိမ်၏ တပည့်တွေရော၊ ဓာမဏီတို့ရော အားလုံး ခဏနားကြဖို့ သဘောတူလိုက်ကြပါသည်။ အားလုံးအတွက် ကြိုမှာထားပုံရသော ကော်ဖီဘူးများ၊ လက်ဖက်ရည် ကြိုက်သူကို သီးသန့်လက်ဖက်ရည်မှာပေးသဖြင့် လက်ဖက်ရည်ဆိုင်က လာပို့သော လက်ဖက်ရည်ခွက်များနှင့် မုန့်မျိုးစုံတို့က စားလို့မကုန်အောင် အလျှံပယ် လာချပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓာမဏီသည် နေ့လယ်က ဦးလင်းအိမ် ဆိုင်ကမှာ *ကျွေးသော ထမင်းကြော်၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်တွေတုန်း*ကလည်း ရင်ထဲမှာ ဘာတွေပြည့်မှန်းမသိ ပြည့်ပြီး မစားနိုင်ခဲ့သလို အခု ကော်ဖီ မုန့်တွေမြင်လည်း ရင်ပြည့်သလိုဖြစ်ပြီး မစားနိုင်ပြန်ပါ။ မုန့်လေးတစ်ခု ယူကိုက်နေတာ၊ တစ်ကိုက်ကိုက်ပြီးတာနဲ့ ထပ်မကိုက်ဘဲ ကိုင်ထားတာမြင်လျှင် ...

"ဓာမဏီ နင် သိပ်နေမကောင်းဘူးလားဟင်၊ နေ့လယ် ထမင်းကျွေးတုန်းကလည်း နင် သိပ်မစားဘူး၊ အခုလည်း မစားပြန်ဘူးနော်၊ နင် နေမကောင်းရင်လည်း ငါတို့ဒီနေ့ ဆက်မရိုက်တော့ဘဲ နားလိုက်ပါ့မယ်ဟယ်"

ရည်ရှည်မွန်က သတိထားမိပြီး မေးလာသည်။

"ငါတို့ကတော့ သူဌေး စေတနာနဲ့ကျွေးတဲ့ အကောင်းတွေ ချည်းစားနေရလို့ ကိုယ်စားနေကျတွေ ပြန်စားရင်တောင် ခံတွင်းတွေ့ပါ့မလား မသိဘူး။ ဓာမဏီကတော့ ဘာစားစား အရသာမရှိတဲ့ပုံ ပေါက်နေတယ်"

အမှန်တော့ ဓာမဏီဟာ အပျော်တွေလွန်ပြီး ရင်ထဲမှာ ပြည့်နေတာ။ ဦးလင်းအိမ် မျက်နှာကို ခိုးကြည့်နေရရင်ပဲ ဘာမှမစားချင်လောက်အောင် ရင်ထဲမှာ ချစ်စိတ်တွေနဲ့ပြည့်ပြီး ပျော်နေတာ။





"နေကောင်းပါတယ်၊ ဏီ ရင်ပြည့်နေတာပဲရှိတယ်၊ ဏီ မနက်ကလည်း ကော်ဖီတစ်ခွက်၊ ဒီရောက်တော့လည်း ဦးလင်းအိမ် တိုက်တဲ့ ကော်ဖီတစ်ခွက်ပဲ သောက်ပြီး အဲဒီ တည်းကစပြီး ရင်ပြည့်သွားတာပါ။ ဒါကြောင့် ဘာမှမစား ချင်တော့သလို ဖြစ်နေတာ၊ အခုလည်း ဘာစားစား ခံတွင်း လဲမတွေ့ဘူး၊ ဗိုက်ထဲမှာလည်း ပြည့်နေတယ်"

"ဦးလင်းအိမ်ကတော့ စိတ်သဘော တော်တော်ကောင်းပါ တယ်။ သူဌေးဆိုပြီး အထာကြီးနဲ့ မနေဘူး။ နင်မှူးလဲ သွားတော့ ချက်ချင်းပဲ ပြေးလာတယ်။ သူကိုယ်တိုင် ဆရာဝန်ကို ကြိုဖုန်းဆက်ပေးထားတယ်၊ သူ့တပည့်ကို ကားပေးလိုက်ပြီး သွားခေါ်ခိုင်းတယ်၊ တကယ့်ကို စဉ်းစား ဆုံးဖြတ်တဲ့ နေရာမှာလည်း မြန်တယ်။ ဘာမှတွေဝေမနေ ဘူး၊ ချက်ချင်း ဖျတ် ... ဖျတ်နဲ့ လုပ်စရာရှိတာတွေ ဆက် တိုက်လုပ်သွားတယ်၊ သိပ်တော်တာပဲ၊ ဒါကြောင့် သူဌေး ဖြစ်နေတာ"

မသိမာက ခပ်တိုးတိုးလေး ခေါင်းငုံ့ရင်း ဦးလင်းအိမ် တော်ကြောင်း လာပြောပြသည်။ ထိုအခါ ဓာမဏီသည် သူမနဲ့ ဆိုင်သောသူ တစ်ဦးအဖြစ် ခံစားရကာ ကျေနပ်ပီတိ ဖြစ်ပြန် သည်။



www.burmeseclassic.com

www.burmeseclassic.com



"စေတနာလည်း ကောင်းပါတယ်။ ဘာဝယ်ကျွေးကျွေး အလျှံပယ် ကျွေးတာနော်။ အပေါ်စားဆိုင်က မှာကျွေး လည်း မဟုတ်ဘူး။ တကယ့်ဆိုင် အကောင်းစားက မှာ ကျွေးတာ"

ရှည်ရှည်မွှန်က အစားကောင်း ကြိုက်သူမို့ အစား အသောက် ကျွေးမွေးမှုနှင့် ပတ်သက်ပြီး ချီးကျူးပါသည်။

"သူ ငါတို့လိုပုံကြီးတွေ ကြော်ငြာဘုတ်ထောင်မှာ ပေါ် ရော ပေါက်ပါ့မလား။ လူကြိုက်ပါ့မလားဟယ်၊ ငါတို့ ကြီးတွေက မင်းသမီးလည်းမဟုတ်၊ မော်ဒယ်လ်လည်း မဟုတ်ဘူး။ ပြီးတော့ ဒီထဲမှာ စိတ်ဝင်စားစရာ ဘယ်သူ လဲ လှလှပပ မပါဘူးနော်"

"ဟဲ့ ... သူက စီးပွားရေးသမားပဲ၊ အမြင်ရှိပါတယ်။ ဒါကြောင့် သူလုပ်တာပေါ့"

"ဟုတ်တယ်လေ၊ ကြော်ငြာဘုတ်ထောင်တာ ရုပ်ချောနေ မလိုဘူး။ ရုတ်တရက်ကြည့်လိုက်တာနဲ့ စိတ်ဝင်စားစရာ ကောင်းနေဖို့ပဲ လိုတယ်၊ ဟိုကော်ဖီမစ်တစ်ခုကြော်ငြာဘုတ် ထောင်ထားတာ ကြည့်ပါလား။ တိုင်းရင်းသား အမျိုးသမီး ကြီးတစ်ယောက် ကော်ဖီခွက် ကိုင်သောက်နေတဲ့ပုံနဲ့လေ။ အဲဒါ လူသိများတာပဲ။ ငါတို့ပုံလည်း ဒီလိုဖြစ်မှာပေါ့"





ဇာမဏီက ရင်ထဲမှာသာ အပျော်တွေ ပြည့်နေပေမဲ့ ကတော့ အားနည်းသလို ဖြစ်နေလေရာ စကားဝင်မပြောနိုင်ဘဲ သာမိန်း၍ ကျန်တဲ့လေးယောက် ပြောတာကို နားစွင့်နေခဲ့သည်။

"မြန်မာလူမျိုးတွေက ဘောလုံးပဲရူးသွပ်ကြတာဟဲ့။ ဘောလုံး သမားတွေပဲ လူသိတာ၊ ငါတို့လို ရေကူးအားကစားသမား တွေက လူသိနည်းပါတယ်၊ ပြီးတော့ ငါတို့က အာရှချန်ပီယံ တို့ ဘာတို့လဲ မရထားပါဘူး"

"ဒါပေမဲ့ အားလုံးကတော့ တိုင်းအဆင့်လောက် ချန်ပီယံ ဖြစ်ဖူးကြတယ်၊ ဇာမဏီတို့ ရှည်မွှန်တို့ဆို သူ့မေရှာနဲ့သူ ချန်ပီယံဘွဲ့ ရထားတာပဲ"

ဒီငါးယောက်မှာ ကျန်တဲ့သူတွေကတော့ ကျောင်း ၍ တစ်နှစ်ရှိသူ၊ နှစ်နှစ်ရှိသူတွေပေမဲ့ ဇာမဏီနဲ့ ရှည်မွှန်က တော့ အခုမှ နောက်ဆုံးနှစ် တက်နေကြဆဲ ဖြစ်ပါသည်။

"ငါတော့ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ကိုယ့်ပုံတွေနဲ့ကြော်ငြာ ပုံတွေ ဖြစ်လာမှာကို မြင်ချင်လာပြီဟယ်"

ရှည်ရှည်မွှန့် စကားအဆုံးမှာပင် မီတ်ကပ်ပြင်ဆင် ရသော မိန်းမလျာလေး အနားရောက်လာပြီး ...

"ဦးလင်းအိမ်က ငါးနာရီထိုးခါနီးပြီမို့ ပြန်စချင်တယ် ပြောတယ်။ မဇာမဏီ နေကောင်းရဲ့လားလည်း မေးခိုင်း လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဏီ ရှင့်လက်ကိုတွဲပြီး ထရရင် နေကောင်းသွားလိ မယ် ထင်တယ် ဦးလင်းအိမ်။ ဓာမဏီသည် ဦးလင်းအိမ် တမ်းတစွာ ကြည့်လိုက်မိပြန်သည်။ ဦးလင်းအိမ်ကတော့ သူ တပည့်တချို့နှင့် စကားပြောနေဆဲ။ ဏီ ဦးလင်းအိမ်ကို မြော ခဏ ကြည့်မိပေမဲ့ ကံကောင်းတာက ကျန်တဲ့သူတွေက ဏီအ အရာကို သတိမထားမိတာပဲ ဖြစ်သည်။

သတိသာထားမိခဲ့ရင် သူတို့က ငြိမ်နေမှာ မဟုတ် ပွင့်လင်းကြသူများမို့ ထုတ်ဖော်မေးမှာပင်။ ထိုအခါ ဏီ ဘယ်လို ဖြေရှင်းပြမလဲ။ ဏီ စိတ်ကူးယဉ်အိပ်မက် မက်ခဲ့ဖူးသော ပုံစံမျိုး ကို တွေ့လို့ပါဟုပြောလျှင် သူတို့က ဏီကို အရူးလို့ပဲ ထင်ကြ တော့မှာပေါ့။

ရုပ်မချောသော သာမန် မိန်းကလေးတစ်ယောက် ဖြစ်သည့်အပြင် လခစားရေကူးနည်းပြအလုပ်နဲ့ အသက်မွေးဝမ်း ကျောင်း လုပ်နေရသော မိန်းကလေးသည် ရုပ်ချောမောတင့်တယ် ပြီး ပိုက်ဆံချမ်းသာလှသော ယောက်ျားတစ်ယောက်ကို စွဲလမ်း တမ်းတသည် ဆိုသည်မှာ ရူးသွပ်မှုတစ်ခုဟုသာ လူတိုင်းပြောကြ မှာပဲဖြစ်သည်။

ထိုနေ့က ဏီသည် စိတ်တင်းပြီး ရေကန်ထဲဆင်း ကာ ဆက်၍ ဓာတ်ပုံရိုက်ခံလိုက်နိုင်ခဲ့ပါသည်။ ဦးလင်းအိမ် မှန်း ထားသလို ညရှစ်နာရီလောက်မှ တကယ်ပဲ အားလုံးပြီးလေရာ





ဦးလင်းအိမ်က သူ့ကတိအတိုင်း ဏီတို့ငါးယောက်နှင့် မိတ်ကပ် ပြင်သော မိန်းမလျာတစ်ယောက် အပါအဝင် သူ့တပည့်လေး ယောက်တို့ကိုပါ တစ်ပြုံကြီးခေါ်ပြီး နာမည်ကြီးစားသောက်ဆိုင် ကြီးမှာ ညစာ လိုက်ကျွေးခဲ့ပါသည်။

စားသောက်ဆိုင်မှာ ဟန်လုပ်ပြုံးရယ်ပြီး သင့်တင့်ရုံ စားပြရသော ဏီသည် အိမ်သို့ရောက်သောအခါမှာတော့ စားထား သမျှတွေ ပြန်အန်ချလိုက်မိပြီးလျှင် ကိုယ်တွေခြစ်ခြစ်တောက်ပူ ကာ ဖျားပါတော့သည်။ ဖျားခဲ့နာခဲလှသော ဓာမဏီ အတွက် ဒါဟာ နှစ်အကြာကြီးမှာမှ တစ်ခါဖျားသော အဖျားရောဂါမျိုးဖြစ် လျက် ဏီသည် အဖျားရှိန်ကြောင့်ရော၊ ဦးလင်းအိမ်နဲ့ သူမ၏ဘဝ ဝေးကွာလှပါသည်ဟု တွေးမိပြီး စိတ်အားငယ်မိတာရောပေါင်း ပြီး မျက်ရည်ပူတွေကျလျက် ငိုကြွေးမိခဲ့ပြန်သည်။

မနက်ကျ ဏီ အစောကြီး မထနိုင်။ ခေါင်းပင် မထူနိုင်။ မျက်လုံးပင် မဖွင့်နိုင်။ ဏီတို့သားအဖသုံးယောက်နေ သော တိုက်ခန်းလေးကကျဉ်းပြီး အိပ်ခန်းတစ်ခန်းလောက်ပဲ ဖွဲ့နိုင်လေရာ မောင်လေးက ရှေ့ခန်းမှာ ညဘက်ဆို သူ့ဂွမ်းကပ် အိပ်ရာလိပ်လေးခင်း ခြင်ထောင် ထောင်အိပ်ရသည်။ အဖေက အခန်းထဲမှာအိပ်ကာ ဏီကတော့ နောက်ဖေးခန်းမှာ မောင်လေး လိုပင် ကိုယ့်ဂွမ်းကပ်အိပ်ရာလိပ်လေးခင်းပြီး အိပ်ရပါသည်။ အိမ်မှာ ပရိဘောဂရယ်လို့ သိပ်များများစားစားလည်း မရှိလေရာ



www.burmeseclassic.com

www.burmeseclassic.com



[illegible]ချောင်းဆိုးလည်း မကျပ်ပါ။ အဆင်ပြေပါသည်။ ခါတိုင်း [illegible] ခြောက်နာရီကျော်ဆို နိုးသဖြင့် နောက်ဖေးခန်းမှာ [illegible] မောင်လေး နိုးလာလျှင် ရှင်းပြီးနေပြီ။

ဒီနေ့တော့ ဏီသည် ခေါင်းမထူနိုင်သည်ဖြစ်ရာ မောင်လေး ထလာသောအခါမှာပင် အိပ်ရာထဲ ရှိနေသဖြင့် …

"ဟာ … မမ မထသေးဘူးလား"

ဟုတအံ့တသြ လာရပ်ကာ ခြင်ထောင်ကြားမှ လှမ်းကြည့်လျှင် ဏီသည် အားကိုးရသောကြောင့် အားတက်သွားပြီး …

"စင်ရော် ငါဖျားနေပြီ၊ နင့်မှာ ပါရာစီတမောလ်ရှိရင် ပေးပါဦး"

"ပါရာစီတမောလ် ကုန်နေပြီ မမ။ ဒါဆို ခဏလှဲနေဦး။ ငါ သွားဝယ်ပေးမယ်နော်"

အဖေပါ အသံကြားပြီး နိုးလာသည်။

"သမီး နေမကောင်းရင်လည်း မထပါနဲ့၊ အဖေနဲ့စင်ရော် ထမင်းတစ်အိုးချက်ပြီး ကြည့်ကျက်ထည့်သွားရင် ရပါတယ် မထနဲ့ အိပ်နေ"

"အလုပ်ကို ဖုန်းဆက် ခွင့်တိုင်ပေးပါဦး အဖေ"

"အေး … အေး၊ အဖေ အလုပ်သွားဖို့ အောက်ဆင်းရင်း ဖုန်းဆိုင်ကနေ ဆက်ပေးမယ်"





ဏီသည် စင်ရော် မျက်နှာသစ် သွားတိုက်ပြီးလျှင် ဆေးသွားဝယ်ပေးမည်ကို စောင့်နေလိုက်သည်။ အမှန်တော့ ခေါင်းတွေလေးပြီး ပြန်အိပ်ပဲ အိပ်ချင်နေသည်။ စင်ရော် ဆေးသွားဝယ်လျှင် လမ်းထိပ်ကိုတော့ သွားရမည်ဖြစ်ရာ ဆယ့်ငါးမိနစ်လောက်တော့ စောင့်ရပါမည်။

သို့သော် ဏီ မှန်းထားသလို ဆယ့်ငါးမိနစ်မကြာလိုက်ဘဲ စင်ရော် ချက်ချင်းနီးပါး ပြန်ရောက်လာသဖြင့် …

"ဟဲ့ … သား၊ မြန်လှချည်လား"

ဟု အဖေက ဆီး,မေးလေသည်။

စင်ရော် တစ်ယောက် ပြုံးဖြီးဖြီး မျက်နှာဖြင့် …

"မြန်ဆို ဆေးဆိုင်ထိမှ မရောက်တာ အဖေရာ။ လမ်းမှာ တင် ကိုမြင့်မြတ်နဲ့တွေ့လို့ စင်ရော် ရေးကြီးသုတ်ပျာဖြစ်နေတာနဲ့ သူကမေးလို့ မမ ဖျားနေတဲ့အကြောင်း၊ ဆေးသွားဝယ်မဲ့အကြောင်း ပြောမိတာနဲ့ သူက ဆေးသွားမဝယ်နဲ့ဆိုပြီး သူ့ဆီမှာရှိတဲ့ဆေးတွေ ပေးလိုက်တာနဲ့ချက်ချင်း ပြန်လာနိုင်တာ"

"အံမယ် … သူက ဆရာဝန်လည်း မဟုတ်ဘဲနဲ့ သူပေးတဲ့ ဆေး ငါသောက်ရမှာလား"

ဏီ ဖျားပြီး အားအင်ချည့်နဲ့နေတာတောင် မြင့်မြတ်ဆိုသောအမည် ကြားတာနဲ့ အသံက မာသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူကလည်း ဝါရာစိတ်မောလ်ပဲ ပေးတာပါ မမရဲ့။ မမက ကိုမြင့်မြတ်ဆေးမို့ အဲဒီလို ပြောတာပါ။ ဆေးဆိုင်မှာရောင်းတဲ့သူဆိုလည်း ဆရာဝန်မဟုတ်ပါဘူး။ သူ့ဆီက ဆေးကျသောက်ပြီး ကိုမြင့်မြတ်ဆေးကျ မသောက်ဘူးဆိုရင် ဒါ တမင်ဟန်လုပ်တာ သိသာနေပြီ"

"အံမယ် ... နင် ငါ့ကို ဝေဖန်စရာလား"

"ကဲ ... ကဲ ... သားရယ်၊ မမ နေမကောင်းတာကို မစ ပါနဲ့။ သွား ... မင်း ကျောင်းသွားဖို့လုပ်တော့။ သမီးကလည်း ဘယ်သူ့ဆေးပဲဖြစ်ဖြစ် သောက်လိုက်ပေါ့၊ နေကောင်းဖို့က အရေးကြီးတယ်လေ"


ဏီသည် ဟန်လည်းမဆောင်နိုင်တော့ပြီဖြစ်ရာ ပါရာနစ်ပြားကို ခပ်မြန်မြန်သောက်ချလိုက်ပြီး အိပ်ရာထဲ ပြန်လှဲကာ မှိန်းနေလိုက်ပါသည်။

အဖေရော မောင်လေးပါ အိမ်တံခါးပိတ်ပြီးသွားကြသောအခါ ဏီသည် အဖျားတက်ရင်း တစ်ယောက်တည်းကျန်ခဲ့ပြီး ဦးလင်းအိမ် အနားမှာရှိရင် ဘယ်လောက်ကောင်းမလဲလို့ စိတ်ကူးတွေယဉ်ရင်း အားငယ်ရင်း တစ်နေ့တာကို ဖြတ်သန်းရလေသည်။

○ ❧ ○







# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com



## ၇

နှစ်ရက်လောက် အိပ်ရာထဲလဲပြီး ဖျားခဲ့သော ဓာမဏီကို ဒီနေ့မှ အလုပ်သွားတာမြင်လျှင် မြင့်မြတ်မောင် တစ်យောက် အမိလိုက်ဖို့ သုတ်ခြေတင်ပြီး အိမ်ကထွက်ရပြန်သည်။

"ကောင်မလေးဟာ ရုပ်မလှရတဲ့အထဲ မျက်နှာကလည်း စူပုပ်ပုပ်နဲ့၊ အမေက ချစ်လို့ ခင်လို့ ခေါ်တာကိုပဲ သားကြောင့် မျက်နှာသာပေးတယ် ခေါ်တယ် ထင်ပြန်ရော၊ အမှန်တော့ ငါ့သားနဲ့ သူဆို တန်တောင်မတန်ပါဘူး။ သားက ဆံရာဝန်ဖြစ်တော့မှာ၊ လိုချင်တဲ့ မိန်းကလေးတွေမှ ဝိုင်းဝိုင်းလည်နေတာပဲ။ ဒါနဲ့များ သူက သားကို ပြန်မကြိုက်ရတာနဲ့ ဘာနဲ့။ သူ့ရုပ်က ချောနေရင် မပြောပါဘူး။ ခုတော့ ရုပ်ဖြင့်မရှိဘဲနဲ့ သူ့ကိုကြိုက်မဲ့သူ ရှိတာတောင်





ကံကောင်း။ သားက သိပ်သည်းသည်းလှုပ် ဖြစ်ပြနေလို့ သူက ဈေးကိုင်နေတာပါ"

မြင့်မြတ်မောင်၏ အမေကတော့ ဓာမဏီ အမူအရာတွေ၊ ဆက်ဆံရေးတွေကို စိတ်တိုင်းကျလို့မရ၊ အမြင်ကြည်လို့မရတော့ဘဲ ဓာမဏီနဲ့ဆို သဘောမတူပါဆိုသော စကားမျိုးပင် ပြောလာတာ ကြာပြီ။ သို့သော် မြင့်မြတ်ကတော့ မရ။ အမေ့စကားလည်း သိပ်နားထောင်တဲ့သားမျိုး မဟုတ်လေရာ အမေ သဘောကျတာ မကျတာ ဂရုမစိုက်ပါ။ မြင့်မြတ် ခုလို ဓာမဏီနောက်က ပြေးလိုက်သွားလို့ အမေ စူပွပွလုပ်ပြီး ကျန်ခဲ့လည်း လှည့်မကြည့်ပါ။

"ရှင့်သားတော့ အမှတ်မရှိ ပြေးလိုက်သွားပြန်ပြီ။ ပြီးရင် ဟိုက ပြောလိုက်တဲ့ အခြေအမြစ်မရှိတဲ့ စကားကို ကြားပြီး စိတ်မကောင်း ဖြစ်ရဦးမယ်"

အမေ့ကို ဘာရယ်မဟုတ် ပြန်ပြောမိခဲ့သဖြင့် အမေကလည်း ဓာမဏီဟာ ရုပ်ချောမောသော ယောကျ်ားကိုမှ ရွေးလိုပါသည် ဆိုသော စိတ်ကူးယဉ်ဆန်ဆန် စကားကို သိထားပါသည်။ ထိုသို့ ကြားတုန်းက အမေဟာ အူတက်မတတ်ရယ်ပြီး ...

"အံမယ်လေး ... ရုပ်ချောတဲ့ယောကျ်ား လိုချင်ရအောင် သူက ဘယ်လောက်များ ချောလို့လဲ။ ရုပ်မချောရင်လည်း

www.burmeseclassic.com



ထားပါ ကျိုကျိုတက် ချမ်းသာနေရင်တော့ တစ်မျိုးပေါ့။ ပိုက်ဆံချမ်းသာတဲ့ အရှိန်နဲ့ ရုပ်ချောတဲ့ ယောကျ်ားကို ငွေနဲ့ပေါက်ပြီး ဝယ်ယူလို့ ရတာပေါ့။ အခုတော့ ရုပ်ကလည်း မချော၊ ပိုက်ဆံကလည်း ရရစားစား ရှိရုံတင်မက သူ့အမေကုလိုက်ရလို့ အကြွေးတင်နေတာတွေ ဆပ်နေတာတောင် မကျေသေးဘူး ကြားတယ်၊ မင်းကောင်မလေး တမင်မင်းကို လုပ်ကြံဖန်တီးပြီး ပြောတာပါ။ စိတ်ကူးယဉ်တာတွေ လျှောက်ပြောတာ၊ ဘာကြောင့် ကိုယ်က ခံစားနေမလဲ။ စိတ်ကူးဆိုတာ လူတိုင်းယဉ်ကြတာပဲ ...

"အမေလည်း အမေတို့ခေတ်က ရုပ်ရှင်မင်းသားတွေ၊ အဆိုတော်တွေ တစ်ယောက်မှ မလွတ်ဘူး၊ စိတ်ကူးထဲမှာ ရည်းစားတော်ကြည့်ဖူးတာပဲလေ"

မြင့်မြတ်သည် အမေ့အကြောင်းလည်း သတိတရ တွေးရင်း ဘတ်စ်ကားမှတ်တိုင်ဆီ ရောက်တော့မည်ဖြစ်သော ဓာမဏီနားမှာ ယှဉ်ရပ်ပြီး လျှောက်လာမိလျှင် ဓာမဏီက မျက်စိစွေကြည့်သည်။

"ဓာမဏီ နေကောင်းသွားပြီလား"

"နေကောင်းလို့ အလုပ်သွားတာပေါ့ဟဲ့"

"ဓာမဏီ တော်တော်ဖျားတာလို့ စင်ရော် ပြန်ပြောပြတယ်"





"တစ်ခါတလေမှ ဖျားတာပါ၊ ငါက အမြဲတမ်း ချူချာနေတဲ့သူ မဟုတ်ပါဘူး"

"ကြော်ငြာဓာတ်ပုံ ရိုက်ရတာ တော်တော်ပင်ပန်းလို့လား"

"မပင်ပန်းပါဘူး"

ဟုတ်တယ်လေ။ ဦးလင်းအိမ်ကို မြင်နေရရင် ဘာမှမပင်ပန်းပါဘူး။ ဓာမဏီသည် သူမ နေမကောင်းဖြစ်ပြီး အလုပ်မလာနိုင်သော သတင်းကို ဦးလင်းအိမ် ပြန်သိလျှင် ဘယ်လိုများ တုံ့ပြန်မလဲလို့ စိတ်ကူးယဉ်နေမိပြန်သည်။ ခုတလော ဦးလင်းအိမ်ကို တွေ့ပြီးမှ စိတ်ကူးကလည်း ပိုပိုယဉ်လာမိသည်။ တစ်ခါတလေများ စိတ်ကူးယဉ်ထားတာတွေ အပြင်မှာ တကယ်ပဲဖြစ်ခဲ့ပြီးသယောင်ယောင် ဖြစ်နေသယောင်ယောင် ထင်ယောင်ထင်မှားတွေဖြစ်ပြီး စိတ်ကူးယဉ်နဲ့ တကယ့်အပြင်ဘဝကိုပင် ခွဲခြားရ ခက်လာသည်အထိပင်။

"ကိုယ်ထင်တာတော့ ဓာမဏီ အဲဒီနေ့ပြီးမှ ဖျားသွားတယ်ဆိုတော့ တော်တော်ပင်ပန်းသွားလို့လားပေါ့ တွေးမိတယ်"

"မပင်ပန်းပါဘူးဆိုနေ။ ဘယ်လိုဖြစ်လို့ အတင်းလိုက်ပင်ပန်းခိုင်းနေတာလဲ"

"အခုလည်း လူကသာ လန်းနေပေမဲ့ မျက်လုံးတွေက အားနည်းနေသေးတယ် ဓာမဏီ။ ဖြစ်နိုင်ရင် အလုပ်မသွင်း



www.burmeseclassic.com

www.burmeseclassic.com



ဘဲ နေရင်ကောင်းမယ်။ ပြီးတော့ ဇာမဏီ့ အလုပ်ကလည်း ရေထဲဆင်းစိမ်နေရတဲ့ အလုပ်။ နှစ်ခါပြန်ဖျားရင် မကောင်းဘူး။ ဗိုခံရတတ်တယ်၊ အဆင်မသင့်ရင် အဆုတ်အအေးပတ်သွားတတ်တယ်"

"မြင့်မြတ် ... ဒီမှာ နင်သိထားဖို့က နင်နဲ့ငါ ဘာမှမဆိုင်ဘူးနော်။ နင့်ဆီက ရည်းစားစာတွေ လစဉ် လက်ခံနေရတာနဲ့ 'အဟုတ်ကြီး ထင်မနေနဲ့။ စင်ရော်နဲ့ အဖော ကြည်ကြည်ဖြူဖြူ ခေါ်ပြောလို့ သိပ်အဆင်ပြေနေပြီ မထင်နဲ့"

မြင့်မြတ် သက်ပြင်းအသာချကာ ဘာမှပြန်မပြောဘဲ ငြိမ်သွားသည်။

"ဇာမဏီ ဟိုတစ်ခါ ပြောပြတဲ့ ယောက်ျားမျိုးကိုတွေ့ရင် တကယ်ပဲ ရွေးမှာလားဟင်။ တွေ့ရော တွေ့နေပြီလား"

"ဘယ်ယောက်ျားကို ပြောတာလဲ"

"အသားဖြူဖြူ ရုပ်ချောချော ဆိုတဲ့လူ"

ဇာမဏီသည် မြင့်မြတ် တကယ်ပဲ မှတ်ထားပြီး မေးလာသည့်အတွက် စိတ်ထဲမှာ ကျေနပ်သွားပါသည်။ သူ့လို ရုပ်မျိုးနဲ့ လူကို ငါ မချစ်နိုင်ဘူးဆိုတာ သူ သိနေပြီပဲ။ ကောင်းတယ်။ ဒါမှ ငါ့ကို မမျှော်လင့်တော့မှာ။





"ငါ စိတ်ကူးယဉ်ပြီးပြောတာ မဟုတ်ဘူး၊ တကယ်တွေ့ထားလို့ ပြောတာ။ အဲဒီလူကို ငါ တွေ့ထားပြီးနေပြီ။ သူ ငါ့ကို တစ်နေ့ကျ ချစ်လာမယ်လို့ ငါ ယုံကြည်တယ်"

မြင့်မြတ် ရင်ထဲမှာ ကြေကွဲသွားသည်။ ဇာမဏီ တကယ်ပြောသည်ဟုလည်း ယုံမိသည်။ ဘာကြောင့်လဲဆိုတော့ သူ တောက်လျှောက် ဇာမဏီ့ဆီမှာ ကြုံရင်ကြုံသလို အဖြေတောင်းတိုင်း "နင့်ကို ငါ မချစ်နိုင်ဘူး"ဆိုသော အဖြေတစ်မျိုးတည်းကိုပဲ ကြားလာခဲ့ရပြီးမှ အခုလို အကြောင်းအရာမျိုး အကြောင်းပြပြီး အငြင်းခံရသည်မှာ ပထမဦးဆုံး ဖြစ်နေ၍ပင်။

"ဘယ်မှာ တွေ့တာလဲ"

"ဘာလို့ အသေးစိတ် သိချင်တာလဲ"

"ဇာမဏီနဲ့ ပတ်သက်တာ မှန်သမျှ ကိုယ် အားလုံးသိချင်တယ်"

"ဘယ်မှာတွေ့တာလဲ၊ ဘယ်တုန်းက တွေ့တာလဲတွေ သိဖို့ မလိုပါဘူး။ ငါတွေ့ထားပြီဆို ပြီးတာပဲ။ သူနဲ့ ငါ ချစ်သူဖြစ်လာမှ နင့်ဆီ ခေါ်လာပြီး မိတ်ဆက်ပေးမယ်လေ"

"ဟား ဟား ... အဲဒီလောက် မရက်စက်ပြပါနဲ့ ဇာမဏီ ကိုယ့်ကိုမချစ်ဘူး၊ တခြားယောက်ျားတစ်ယောက်ကို ချစ်



www.burmeseclassic.com

တယ်ဆိုမှတော့ ကိုယ်က အသည်းကွဲပြီးသွားပါ၊ ဒါနဲ့ နေပါဦး၊ အဲဒီလူက ချမ်းသာလား၊ ပညာတတ်လား၊ ကျောင်းသားလား၊ အလုပ်အကိုင်နဲ့လား အဲဒါတွေ ဓာမဏီ စုံစမ်းပြီးပြီလား”

ဓာမဏီသည် ထိုသို့မေးလိုက်သည့်အခါ တကယ့်ကို ဂုဏ်ယူဝင့်ကြွားသွားသော မျက်လုံးတွေဖြင့် အရောင်လက်သွားကာ ...

“သူက သိပ်ချမ်းသာတာပေါ့၊ နင် ကြားဖူးမယ် ထင်တယ်။ အခု အသစ်ပေါ်လာတဲ့ Icy Cold ဆိုတဲ့ အချိုရည်လုပ်ငန်းကြီးကို လုပ်နေတာလေ။ ပြီးတော့ အသက်ကလည်း ငါ့ထက် ဆယ်နှစ်လောက်တော့ ကြီးလိမ့်မယ်။ ရုပ်ကလည်း သိပ်ချောတာ၊ အသားလေးတွေများ ဖြူနုနေတာ သိလား။ သူ့ခြေချောင်း လက်ချောင်းလေးတွေဆို ပန်းရောင်လေး ဖြစ်နေတဲ့အထိ ဖြူနုနေတာ။ တကယ့်သူဌေးမှန်း သိသာတယ်၊ အလုပ်ကြမ်းတောင် မလုပ်ဘူးလို့ ခြေထောက်တွေ လက်တွေကအစ လှနေတာလေ။ ငါ့ကိုလည်း သိပ်ဂရုစိုက်တယ်၊ ငါ ဓာတ်ပုံရိုက်ရင်း ခဏမူးလဲသွားတော့ သူသိပ်စိတ်ပူပြီး ဆရာဝန်ကို ချက်ချင်း ကားလွှတ်ပြီး ခေါ်ခိုင်းတယ်။ ငါ နားချင်ရင် နားလိုက် နောက်တစ်ရက်ပြန်ရိုက်





ပြီး ရိုက်မယ် ပြောပါတယ် သူက။ ဒါပေမဲ့ ငါက တခြားလူတွေကို အားနာတာနဲ့ တစ်နေ့တည်း အပြီးအားတင်ပြီး ရိုက်ပေးလိုက်ပါတယ်။ ငါ အလုပ်နှစ်ရက်တောင် ပျက်သွားတာ သူသိရင် သိပ်စိတ်မကောင်း ဖြစ်မှာပဲ၊ အခုဆို အလုပ်မှာ လျှောက်မေးတောင် မေးနေပြီလား မသိဘူး”

ဟူ၍ စိတ်ကူးထဲ ရှိသမျှတွေ တောက်လျှောက်ပြောလိုက်တော့သည်။

တကယ်တော့ ဓာမဏီမှာ ဒီလိုစကားမျိုးတွေ ရင်ဖွင့်ရာ၊ အရင်းနှီးဆုံး သူငယ်ချင်းရယ်လို့လည်း မရှိခဲ့ဖူးပါ။ အလုပ်ထဲမှာ သိကျွမ်းခင်မင်ရသည့် မသီမာတို့ ဆိုတာကလည်း အပြင်ပန်းလောက်သာ ခင်မင်ရလေရာ ကိုယ့်ရင်ထဲက ခံစားချက်တွေကို အသိမပေးရဲ။ မပြောရဲပါ။ အိမ်မှာကျတော့လည်း တိုင်ပင်စရာ ညီအစ်မလည်း မရှိပြန်ရာ ဓာမဏီသည် ရင်ထဲမှာ ရှိနေတာတွေကို တစ်စုံတစ်ယောက်အား ရင်ဖွင့်ချင်နေသည်။ မြင့်မြတ်ရောက်လာသောအခါ သူ့ကိုတော့ ဘာကြောင့်ရယ်မသိ။ အရှက်အကြောက်မရှိ၊ ဖုံးကွယ်လိုစိတ် မရှိဘဲ ပြောပြချင်သွားသဖြင့် လွှတ်ကိုယ်လွှတ်ပင် ပြောပြလိုက်မိတာလည်း ဖြစ်ပါသည်။ ယခုပြောလိုက်ရ၍ ရင်ထဲမှာ ပေါ့ပါးလန်းဆန်းသွားကာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ မှုန်မှိုင်း သလိုလို ဖြစ်နေတာတွေပါ လျော့ပါးသွားသလို
ခံစားလိုက်ရလေသည်။

မြင့်မြတ်ကတော့ ဓာမဏီ ပြောတာတွေ ယုံရလည်း
အခက်၊ မယုံရလည်းအခက် ဖြစ်နေသည်။ ဟိုက သူ့ကိုမကြို
ဘဲ သူကပဲ တစ်ဖက်သတ် မျှော်လင့်ပြီး ကြိုက်နေတာမျိုးလား
အဆင့်ချင်းက သိပ်ကွာလှတယ်။ ရုပ်ချောပြီး ပိုက်ဆံချမ်းသာ
သော ယောက်ျားတစ်ယောက်ဟာ ဓာမဏီလို သာမန်ရွက်ကြ
ရေကျိုအဆင့် သာမန်လူတန်းစားအဆင့်က မိန်းကလေး
တကယ်ရော ချစ်ပါ့မလား။ ဓာမဏီ ပြောသလို သူ့ကို သိပ်
စိုက်တယ် ဆိုတာတွေဟာ တကယ်ပဲလား။ မြင့်မြတ်သ
ပဟေဠိတွေ၊ တွေးစရာတွေ တစ်ပုံကြီး ဖြစ်သွားပါသည်။

ပြီးမှ တစ်စုံတစ်ခုကိုပါ သတိရသွားပြီး ...

"ဟာ ... Icy Cold ဆိုတာက ဓာမဏီ ကြော်ငြာပုံ
ပေးရတဲ့ ကုမ္ပဏီပဲ။ ဩော် ... လက်စသတ်တော့ ဓာမ
က ကုမ္ပဏီသူဌေးကို မှန်းနေတာကိုး"

ဟု သုံးသပ်ချက်ကို ပြောထွက်သွားသော
ဓာမဏီမှာ ဆတ်ဆတ်ထိမခံဖြစ်လျက် ...

"ဘာပြောတယ်၊ ငါက ကုမ္ပဏီပိုင်ရှင် သူဌေးမို့ မှန်း
ထင်တာလား။ လုံးဝမဟုတ်ဘူးနော်၊ ငါ သူချမ်းသာ





ကို လုံးဝစိတ်မဝင်စားဘူး။ သူ့ကို ချောလို့ ငါမျှော်မှန်း
ထားတဲ့ ပုံစံမျိုးမို့ ချစ်တာ။ သူ့မှာ ပိုက်ဆံမရှိတော့လည်း
ငါက ချစ်မှာပဲ"

မြင့်မြတ်သည် ဓာမဏီ သည်းသည်းလှုပ် ဖြစ်နေ
သဖြင့် အဲဒီလူကိုပင် မြင်ဖူးချင်လာသည်။ ဘယ်လောက်တောင်
ချောလို့လဲ။

မြင့်မြတ်ကတော့ ကိုယ်တိုင်ရုပ်မချောမှန်း သိပေမဲ့
ဘယ်တုန်းကမှ စိတ်အားမငယ်ခဲ့ဖူးပါ။ ဓာမဏီက ကိုယ့်ကိုရုပ်
ချော၍ မချစ်နိုင်ပါ ပြောတုန်းကလည်း စိတ်မဆင်းရဲခဲ့ပါ။
ဓာမဏီ စိတ်ကူးယဉ်ပြီး ပြောသည်ဟုသာ ထင်ထားခဲ့ပါသည်။
ဓာမဏီ ကိုယ်တိုင်ကလည်း သာမန်မိန်းကလေးပုံစံထက် ဘယ်လို
မှ မပိုသဖြင့် ရုပ်ချောချော ယောက်ျားတစ်ယောက်နဲ့ ဆုံစည်းရဖို့
ဆိုတာ ဘယ်တော့မှ ဖြစ်နိုင်မှာ မဟုတ်ဘူးလို့ ထင်ထားခဲ့ပါ
သေးသည်။ အခုတော့ ဓာမဏီ၏ စိတ်ကူးယဉ်အိပ်မက်များ
တကယ်ပဲ အကောင်အထည်ပေါ်တော့မလို ဖြစ်လာသောအခါ
မြင့်မြတ် ရင်ထဲမှာ ကြေကွဲစိတ်နဲ့အတူ ထိုသူ့ကိုလည်း မြင်ဖူး
ချင်လာပါသည်။

"သူ့နာမည်က ဘယ်သူလဲဟင်"

"နင် ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒီလောက် ကြားနေရပြီးမှ နာမည်တောင် မေး
ရဘူးလား။ နာမည်သိတော့ ကိုယ်က ဘာသွားလုပ်နိုင်မှ
မို့လဲ။ ကျွန်တော်သာလျှင် ဓာမဏိရဲ့ တရားဝင်ချစ်သူဖြ
ပါတယ်လို့ သွားပြောဖို့လည်း စိတ်ကူးမရှိပါဘူး"

"အံမာ ... အဲဒီလိုများ ပြောချင်သေးသတဲ့၊ စိတ်ကူးက
တော်တော်ယဉ်ပါ့"

ဓာမဏိသည် သူမစိတ်ကူးယဉ်နေတာတော့ မပြော
ဘဲ မြင့်မြတ်ကို စိတ်ကူးယဉ်ရသလားလို့ပင် အပြစ်ပြောနေပြ
သေးသည်။

"အဲဒီလူ့နာမည်က ကိုယ့်နာမည်လောက်တော့ အပျော
ဖြစ်မယ် မထင်ဘူး။ အဖေနဲ့ အမေက ကိုယ့်ကို မြင့်မြတ်
တဲ့လူသားတစ်ယောက် ဖြစ်စေချင်လို့ မြင့်မြတ်လို့ နာမည်
ပေးတာတဲ့၊ အဖေနာမည် ဦးမောင်မို့ နောက်က အဖေနာမည်
ပါထည့်ပေးတော့ မြင့်မြတ်မောင် ဖြစ်သွားတယ်။ နာမည်
က ပိုပြီးခန့်ညားပြီး အဓိပ္ပာယ်လည်း ရှိသွားတယ် ဟဲဟဲ"

မြင့်မြတ်သည် တမင်ပဲ ဓာမဏိ မခံချင်အောင် ဆ
ပေးပြီး စ,နောက်လိုက်ပါသည်။ သူ့လူကို တစ်ခွန်းမှ အတင်း
မခံဘဲ ပြန်ချေပလိုသော ဓာမဏိကို သတိထားမိလျှင် ဓာမဏိ
ထိုသူ့ကို တော်တော်စွဲလမ်းနေတာပါလားလို့ စိတ်မကောင်းဖြ
တွေးမိပါသည်။





"သူ့နာမည်က ရှင်းရှင်းလေး။ ဦးလင်းအိမ်တဲ့။ လင်းအိမ်
ပေါ့။ အလင်းရောင်တွေနဲ့ တောက်ပဖြာလက်နေတဲ့ အိမ်
လေးပေါ့။ သိပ်လှပြီး ကဗျာဆန်တဲ့ နာမည်မျိုး၊ နင့်လို
နာမည်က နာမည်တူ ရှိနိုင်သေးတယ်။ သူ့နာမည်လိုမျိုး
ကတော့ တစ်ရာမှာ တစ်ယောက်တောင် နာမည်တူ မရှိ
နိုင်ဘူး။ ဥပမာ ... ငါ့နာမည်လိုမျိုးပေါ့၊ ဓာမဏိ ဆိုတဲ့
နာမည်ကို ဘယ်မိန်းကလေးမှ ပေးတာ မကြားဖူးဘူး
မဟုတ်လား"

ဦးလင်းအိမ်။ လင်းအိမ် ... လင်းအိမ်။ ထိုအမည်ကို
မြင့်မြတ်မောင် တစ်ယောက် စိတ်ထဲတွင် အခါခါ မှတ်သားရေ
ရွတ်နေသော အချိန်တွင် ဓာမဏိကတော့ သူမ စီးရမည့် ဘတ်စ်
ကားမှတ်တိုင်မှာ ရပ်လာသည့်အတွက် မြင့်မြတ်မောင်ကို နှုတ်ပင်
မဆက်ဘဲ တက်သွားပါသည်။ မြင့်မြတ်မောင်လည်း ကျောင်း
သွားဖို့ ဒီကားဂိတ်က စောင့်ရသည် ဆိုပေမဲ့ စီးရမည့်ကားလိုင်း
ချင်းတော့ မတူလေရာ သူစီးရမည့်ကားကို ဆက်စောင့်ရင်း ကျန်
ခဲ့တော့သည်။

○ း ○



www.burmeseclassic.com

www.burmeseclassic.com



## ၈

ဓာမဏီသည် အလုပ်ကအပြန်မှာ ထုံးစံအတိုင်း ညနေဘက်ရောင်းသော ဈေးတစ်ခုမှာ ဟင်းချက်စရာများ ဝင်ဝယ်ရပါသည်။ ဈေးတန်းထဲက ထွက်လာပြီးလျှင် ညနေဘက်ပလက်ဖောင်းပေါ်မှာ ချရောင်းကြသော ဈေးသည်တွေနဲ့ စည်ကားနေသောလမ်းတစ်လျှောက် ဟိုငေး၊ ဒီငေး၊ စိတ်ဝင်စားရင် ရပ်ကြည့် ဈေးမေး စသဖြင့် အိမ်ပြန်ဖို့ ဘတ်စ်ကား တက်မစီးသေးဘဲ အချိန်ဖြုန်းနေလေသည်။ အခုတလော လူက ဘာဖြစ်မှန်းမသိ။ အလုပ်လုပ်ရတာ စိတ်မပါ။ အိမ်မှာလည်း နေချင်စိတ်မရှိ။ ဘာလုပ်လုပ် ဘာကိုင်ကိုင် အာရုံစူးစိုက်လို့လည်းမရ ဖြစ်နေသည်။ အချိန်တိုင်းတွေမှာ ဦးလင်းအိမ်ကိုသာ သတိရတမ်းတလျက် သူနဲ့ပြန်ဆုံရသည်ဆိုသော အိပ်မက်တွေကိုပင် နေ့ခင်းကြောင်တောင်ကြီး ခဏထိုင်နားစဉ် မျက်စိဖွင့်ထားရက်နဲ့တောင် အိပ်မျော်သလိုလို၊ အိပ်မက် မက်သလိုလိုတွေ ဖြစ်နေမိတတ်လာသည်။





တစ်ခါတစ်ရံ စိတ်ထဲမှာ မရှိတာကို အရှိထင်၊ မဖြစ်သေးတာကို ဖြစ်တယ်ပဲထင်ပြီး ပျော်ချင်ရင်တော့ စွတ်ပျော်နေပြန်သည်။ တစ်ခါတစ်ရံကျ စိတ်အား အလိုလိုငယ်ပြီး စိတ်ဓာတ်တွေ အလိုလိုကျကာ ဘာကိုမှ အလိုမကျ ဖြစ်နေတာလဲ ခဏခဏ ကြုံရသည်။ Depression (ဒီပရက်ရှင်)ရတာမျိုးများလားလို့ ကိုယ့်ဘာသာ သံသယတော့ ဖြစ်မိသည်။ သို့သော် အရင်ကတော့ အကောင်းကြီး ဘာမှမဖြစ်ပါဘဲ ဦးလင်းအိမ်နဲ့ ဆုံရပြီးမှ ဒါတွေ ခံစားလာရလေရာ အမှန်တော့ ဦးလင်းအိမ်ကို သိပ်ချစ်ပြီး သိပ်တမ်းတ မျှော်လင့်မိလို့ပဲ ဖြစ်မယ်လို့ ကိုယ့်ဘာသာ အဖြေရှာမိပြန်သည်။

ဒါနဲ့ပဲ ဓာမဏီသည် စိတ်ပြေရာပြေကြောင်း လမ်းမှာ အချိန်ကြာကြာ ဖြုန်းတတ်လာတာ သိပ်တော့မကြာသေး။ လမ်းဘေးဈေးဆိုင်တွေ လျှောက်ကြည့်တယ်ဆိုပေမဲ့ များသောအားဖြင့်တော့ မဝယ်ဖြစ်တာ များပါသည်။ ပိုက်ဆံကို ချင့်ချိန်ပြီး သုံးစွဲနေရသူ ဖြစ်လေရာ ဓာမဏီသည် တစ်လတစ်ခါပင် အဝတ်အစားသစ် မဝယ်နိုင်ခဲ့ပါ။ စီးနေကျ ဖိနပ်ပါးဆို တော်တော်ကြီး စုတ်လာမှ အသစ်ဝယ်။ ထိုအစုတ်ကပင်လျှင် အိမ်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



ဟိုနားဒီနားသွားဖို့တို့၊ နောက်ဖေးမီးဖိုချောင်တို့ ရေချိုးခန်းအိမ်သာတို့ကတော့ သမံတလင်း ခင်းထားလေရာ သမံတလင်းပေါ်စီးဖိနပ်တို့ ဖြန့်သုံးရပါသည်။

ပွဲလမ်းသဘင်တွေ၊ ရုပ်ရှင်တွေ ဘာတွေလဲ သွားလာခဲ့သလို သူများဖိတ်သော အလှူတို့ မင်္ဂလာဆောင်တို့လည်း သွားကိုမသွားဘူးခဲ့ပါ။ မိန်းကလေးဆိုတော့ အလှူ၊ မင်္ဂလာဆောင်သွားလျှင် အဝတ်အစားကောင်းထက် လက်ဝတ်လက်စားလေးတွေလည်း လိုသဖြင့် ရွှေဆိုလျှင် ဇာမဏီနားမှာ ပန်ထားသော ပန်းပွင့်ပုံ ရွှေနားကပ်ကလွဲရင် ဘာမှမရှိလေရာ ဇာမဏီကိုယ်တိုင်က သွားဖို့ စိတ်မပါတော့ပါ။ ဒါကြောင့် မသွားဖြစ်ခဲ့ပါ။ အမေရှိစဉ်ကတည်းက ...

"ကျွန်မသွားရင် လက်ဝတ်လက်စားလေးတွေလည်း ဝတ်ရဦးမှာ ကိုထွန်းရယ်။ ဒီတော့ ရှင်ပဲသွားလိုက်ပါ။ ယောက်ျားဆိုတော့ တိုက်ပုံတစ်ထည် ကောက်ဝတ်သွားရင် ပြီးနေပြီ။ ဘာမှဝတ်စရာ မလိုဘူး။ မသွားပြန်တော့လည်း ကိုယ့်မှာ မိတ်ဆွေအပေါင်းအသင်း နည်းကုန်မှာစိုးတော့ ပွဲတွေဖိတ်ရင် ရှင်ပဲ သွားလိုက်ပါ"

ဟု အမေ့ကိုသာ လွှဲချတတ်စမြဲအတိုင်း ဇာမဏီ အရွယ်ရောက်လာ၊ အမေလည်း မရှိတော့ချိန်မှာ အလှူ၊ မင်္ဂလာ





ဆောင်သွားခြင်း အကြောင်းအရာကို ကိုယ်နဲ့သိပ်မဆိုင်သလိုထင်ပြီး သမီးသွားပေးရမလားပင် အဖေ့ကို သွားမမေးဖူးပါ။

ပွဲလမ်းသဘင်တို့ ရုပ်ရှင်တို့ သွားဖို့ကျလည်း သွားလျှင် ပိုက်ဆံကုန်မှာပဲ နှမြောပြီး မသွားသဖြင့် တစ်နှစ်တစ်ခါတောင် မရောက်ပါ။ ဒါကြောင့် ဇာမဏီ့ဘဝမှာ အလုပ်နဲ့အိမ်၊ အိမ်နဲ့အလုပ်လိုပဲဖြစ်ပြီး တစ်နေ့တစ်နေ့ အတော်ငြီးငွေ့စရာကောင်းပါသည်။

ဒီရက်ပိုင်းတော့ စိတ်လေသလို ဖြစ်နေပြီး အလုပ်ကပြန် ညနေဈေးဝင်တိုင်း ညဈေးတန်းကို လျှောက်ကြည့်ပြီး အချိန်ဖြုန်းပြီးမှသာ အိမ်ပြန်ဖြစ်တော့လေသည်။ ဈေးတန်းလျှောက်လာရင်း ရုတ်တရက် မမျှော်လင့်ဘဲ မျက်နှာချင်းဆိုင် ဆုံလိုက်ရသောသူမှာ ...

"ဟင် ... ဦးလင်းအိမ်"

ဇာသည် ကိုယ့်အသံထဲမှာ ဝမ်းသာအားရသွားတာတွေ၊ ကျေနပ်နှစ်သိမ့်သွားတာတွေ၊ လွမ်းမောတမ်းတသွားတာတွေ အများကြီးပါပဲလို့ ခံစားလိုက်ရလေသည်။

ဦးလင်းအိမ်ကလည်း ဇာ့ကို မြင်မြင်ချင်း မှတ်မိလေသည်။

"ဪ ... မဇာမဏီပါလား"



www.burmeseclassic.com

www.burmeseclassic.com



လင်းအိမ်သည် ရေကူးနည်းပြဆရာမများထဲမှာ သူ့ကိုဆို ထူးထူးခြားခြား တစ်မျိုးလေး ကြည့်ကြည့်နေတတ်သော စာမဏီကို တွေ့လိုက်ရ၍ အသင့်ပြုံးရယ် နှုတ်ဆက်လိုက်ပါသည်။

"အလုပ်က ပြန်ခဲ့ပြီ လား"

"ဟုတ်ကဲ့၊ အလုပ်ပြန်ရင် ဏီ ဒီဈေးမှာ တစ်ခါဆင်းပြီး ဈေးဝယ်နေကျပါ။ မနက်ကျ ဈေးဝယ်ဖို့ အချိန်မရှိဘူးလေ။ ညတည်းက ဝယ်ချက်ထားရတယ်"

"သြော် ... အခု ဝယ်ပြီးပြီလား"

"ဝယ်ပြီးပါပြီ၊ အိမ်ပြန်ရုံပါပဲ၊ လမ်းဘေးဈေးတန်း ခဏ ငေးနေတာ"

လင်းအိမ်သည် သူနဲ့ဒီဆရာမလေးကြားတွင် ဘာမှလဲ ပြောစရာမရှိ၊ ဘာမှလဲ ဆက်ဆံစရာမရှိ၊ တစ်ဖန် ထိုဆရာမလေး၏ ဆန်းပြားသော အဓိပ္ပာယ်ပါသည့် အကြည့်ကြောင့်လည်း သိပ်အဆက်အဆံ မရှိချင်သည်ဖြစ်ရာ စကားဖြတ်ပြီး ရှောင်သွားရဖို့သာ ခေါင်းထဲတွေးနေမိသည်။ ပါးစပ်ကသာ လောကွတ်ပြုပြီး စကားတွေ ဆက်တိုက်ပြောနေရပေမဲ့ တကယ်တော့ သူ့စိတ်ထဲ သိပ်မပါပါ။

"ဦးလင်းအိမ်ကရော ဘယ်လာတာလဲ"





"ခင်ဗျာ ... သြော် ... ကျွန်တော့်မိတ်ဆွေ ဖွင့်ထားတဲ့ ကွန်ပျူတာဆိုင်ကို လာတာပါ၊ Laptop အသစ်မှာထားတာ ရောက်ပြီလား သိချင်လို့ လာမေးတာ"

"မရောက်သေးဘူး ထင်တယ်နော်"

"ခင်ဗျာ ... မစာမဏီ ဘယ်လိုလုပ်သိလဲ"

ဏီသည် ခင်ဗျာ ... ခင်ဗျာနဲ့ အာမေဍိတ်သံ ခဏ ခဏပြုကာ စကားပြောသော ဦးလင်းအိမ်ကို ပိုတိုး၍ တိုး၍ ချစ်ခင်တွယ်တာရပြန်လေသည်။

"ဦးလင်းအိမ် လက်ထဲမှာ ဘာမှမတွေ့လို့လေ"

ဏီ ရယ်ပြီး ဖြေပါသည်။ အင်း ... ဏီ သူ့ကားကို စီးချင်လှတာတော့ မဟုတ်ပေမဲ့ သူသာ ဏီကို အိမ်ပြန်လိုက်ပို့မယ်ပြောရင် ဘယ်လောက်ကောင်းမလဲ။ ကိုယ်ချစ်ရတဲ့သူနဲ့ အိမ်အတူတူ ပြန်ရတဲ့ ကြည်နူးမှုကို ဏီ ခံစားချင်တယ်။

"ဏီ အိမ်ပြန်တော့မယ်။ ဏီ စီးရမဲ့ ဘတ်စ်ကားမှတ်တိုင်က ဟိုမှာလေ"

လင်းအိမ် အမှတ်တမဲ့ လိုက်ကြည့်မိသည်။ မှတ်တိုင်က ခြေလှမ်းဆယ်လှမ်း အကွာမှာသာ ရှိနေသည်။ ဒါဆို စာမဏီက အဲဒီမှတ်တိုင်မှာ သွားရပ်စောင့်မှာပေါ့။ အဲဒါမှ ဒုက္ခပဲ။ ဒါ့ ကားကလည်း ဒီနားက ကားပါကင်မှာ ရပ်ထားတာ။ သူကတော့



www.burmeseclassic.com

www.burmeseclassic.com



ဘတ်စ်ကားဂိတ်မှာ ကားစောင့်ရပ်ကျန်ခဲ့ပြီး ငါကတော့ သူ့ရှေ့မှာ ခပ်တည်တည် ကားပေါ်တက်၊ ကားမောင်း၊ သူ့ရှေ့ကဖြတ်မောင်းသွားရင် သူ့မမြင်ဘဲ နေမလား။ လိုအပ်တုန်းကတော့ ဖော်ဖော်ရွေရွေ ခေါ်ပြောရောနှော၊ အခုကျ မသိချင်ယောင်ဆောင်သွားတယ်ဆိုရင် ဒါ ယောကျ်ားမပီသ,သလိုကြီးဟု တွေးပြီး ဥပေက္ခာပြုလိုက်ရမှာကို အားနာနေပြန်သည်။

ဒီဆရာမလေးကို ကားနဲ့လိုက်မပို့ချင်၍ မဟုတ်။ ပို့ချင်ပါသည်။ ဒါပေမဲ့ ဆရာမလေးဘက်က ရိုးရိုးသားသားပုံစံလေး ရှိခဲ့မယ်ဆိုရင် လှင်းအိမ်သည် ဒီကိစ္စကို နှစ်ခါပင် စဉ်းစားနေမှာ မဟုတ်ပါ။ အခုတော့ ဒီဆရာမက ရိုတီတီလိုလို၊ လွမ်းသလိုလို၊ ဇွဲလမ်းနေသလိုလို၊ မကြာခဏ ကြည့်ကြည့်ထားတော့ အရောဝင်လိုက်ရင် ပိုများရဲတင်းလာမလားဟု တွေးပြီး စိုးရွံ့နေသည်။

"ဏီ သွားလိုက်ပါဦးမယ်"

"ဟို … အဲ … မဏာမဏီ … ဏာမဏီ … အဲ … အိမ်ပြန်မယ်ဆိုရင် ကျွန်တော် လိုက်ပို့ပေးမယ်လေ။ ကျွန်တော့်ကား ဒီနားမှာ ရပ်ထားပါတယ်"

လင်းအိမ်သည် နောက်ဆုံးတော့ မိန်းကလေးတစ်ယောက်ကို သိသိသာသာကြီး မရှောင်ဖယ်ပြရဲသော အားနာစိတ်ကြောင့် ဏာမဏီကို ကားကြုံလိုက်ဖို့ ခေါ်လိုက်ရတော့သည်။





အံ့ဩစရာကောင်းတာက ဏာမဏီသည် ထိုစကားကို ကြားလိုက်ရလျှင် "ဟာ … ရပါတယ်၊ နေပါစေ၊ အားနာစရာ" ဆိုသော ဟန်လုပ်စကားပင် မငြင်းဘဲ ချက်ချင်း မျက်နှာဝင်းပ ပျော်ရွှင်သွားကာ …

"ဟယ် … ဟုတ်လား၊ ဦးလင်းအိမ် လိုက်ပို့ပေးဖို့ ရည်ရွယ်ချက်ရှိလား၊ ဒါဆို အတော်ပဲ။ ဏီလည်း ဘတ်စ်ကားအကြာကြီး စောင့်မစီးရတော့ဘူးပေါ့"

ဆိုသော ချက်ချင်း လက်ခံလိုက်သည့် စကားကို ပြန်ကြားလိုက်ရတာပဲ ဖြစ်ပါသည်။

လင်းအိမ်သည် စိတ်ထဲမှာ မအီမလည်ကြီး ခံစားရပြီး ဏာမဏီကို ထပ်လောကွတ်လုပ်ပြီး စောင့်ခေါ်မနေတော့ဘဲ ရှေ့က အရင်ကြိုသွားနှင့်မိလိုက်သည်။ ဏာမဏီကား လက်နှစ်ဖက်အပြည့် ဟင်းချက်စရာတွေ ထည့်ထားသော ကြွပ်ကြွပ်အိတ်တွေဆွဲရင်း လွယ်နေကျ ကျောပိုးအိတ်အဟောင်းကြီး တကားကား၊ အရပ်ကြီးမားမား မားမားနှင့် လင်းအိမ် နောက်မှ ဝမ်းသာအားရခြေလှမ်းတွေနဲ့ ပါလာပါသည်။ ဘယ်လိုမိန်းကလေးလဲ မသိဘူး။ သူ့ကို စောင့်မခေါ်တာလည်း စိတ်ဆိုးပုံ မရဘူး။ လောကွတ်လုပ်ရုံလေး ခေါ်တာကိုလည်း ငြင်းတောင် မငြင်းဘူး။ မာနတောင်ရှိဘူး ထင်ပါရဲ့။ ကိုယ်ပိုင်ကား သိပ်စီးချင်လှတယ်ရယ်လို့တော့



www.burmeseclassic.com

www.burmeseclassic.com



မထင်ပါ။ သူမ ကြည့်ရတာ လင်းအိမ်နဲ့ ပို၍ရင်းနှီးခင်မင်ရဖို့ကို လိုလားနေပုံ ရပါသည်။

လင်းအိမ်သည် ကားသော့ကို သူ့လက်ထဲမှာပါသော ရီမုဒ်ဖြင့် ကြိုဖွင့်ထားလေရာ ကားက "တွိ ... တွိ"ဟု အသံနှစ်ချက်မြည်ပြီး မီးနှစ်ချက်လင်းကာ တံခါးသော့ အရင်ဖွင့်ပြီးသား ဖြစ်နေပါသည်။

"ကျေးဇူးတင်ပါတယ် ဦးလင်းအိမ်"

ဇာမဏီ ထိုင်ဖို့ မောင်းသူဘေးတံခါးကို ဆွဲဖွင့်ပေးထားသော လင်းအိမ်ကို တစ်ချက်မော့ကြည့်ရင်း ဇာမဏီက တစ်ခွန်းပြောလိုက်သည်။

လင်းအိမ်သည် မောင်းသူနေရာမှာ ဝင်ထိုင်ပြီး ကားစက်နှိုးလိုက်လျှင် ကားစီဒီစက်ထဲတွင် အသင့်ထည့်ဖွင့်လက်စဖြစ်သော စီဒီခွေက သီချင်းပါ အလိုအလျောက် ပွင့်လာသည်။ ဘယ်တော့မှမရိုးနိုင်တဲ့ Beatles အဖွဲ့ရဲ့ "Hey ... Jude" အမည်ရှိ သီချင်းလေးက ငြိမ့်ညောင်း သာယာစွာ ထွက်ပေါ်လာလေသည်။

"ဦးလင်းအိမ်ကို ဇာ ဘယ်မှာနေတယ်ဆိုတာ ပြောစရာမလိုဘူး ထင်တယ်နော်။ ဇာတို့လိပ်စာတွေ ဦးလင်းအိမ်မှာ ရှိပြီးသားဆိုတော့"





"ကျွန်တော် စာအုပ်ထဲမှာပဲ မှတ်ထားတာရှိတယ်။ မမှတ်မိဘူး ခင်ဗျ။ ပြောပြပေးနိုင်မလား"

"ဪ ... ရပါတယ်၊ ဇာ နေတာကတော့ (......)မြို့နယ်မှာပါ၊ အဲဒီနားနီးမှ လမ်းနာမည် ပြောမယ်"

ဇာသည် ရင်ထဲတွင် ဗုံးပေါက်သလို ဆူညံပေါက်ကွဲနေကာ အပျော်လွန်နေသည်။ သူ့နံဘေးမှာ ထိုင်ခွင့်ရခြင်း၊ အင်္ကျီလက်တိုဝတ်ထား၍ အင်္ကျီလွတ်နေသော သူ့လက်ဖျံနဲ့လက်မောင်း လက်ချောင်းသွယ်သွယ်တွေကို အနီးကပ်မြင်ရခြင်း၊ ဘေးတိုက်မြင်ခွင့်ရသော သူ့ရဲ့မျက်နှာကျ၊ မေးများမှာ ခပ်ရိပ်ရိပ်ထင်နေသည့် မွေးညင်းစိမ်းနုနုလေးတွေကို ရင်ခုန်ရခြင်း၊ သူ့ဆံပင်တိုလွှတ်နေသော နားရွက်ဖျားနုနုနဲ့ လည်ကုပ်သားဖွေးဖွေးတို့ကို ချစ်မြတ်နိုးရခြင်းနှင့် ကားထဲမှာ အတူရှိသောအခါ ကားထဲမှာရှိသော အမွှေးနံ့နဲ့အတူ ရောနှောရနေသည့် ယောကျ်ားသုံးရေမွှေးသုံးထားဟန်တူသော သူ့ကိုယ်ရနံ့ ဖျော့ဖျော့ကို ခံစားရခြင်းတို့ကြောင့် အိပ်မက် မက်ပြန်ပြီလားလို့ ရှုးသွပ်စွာတွေးကာ လက်ကိုင် မသိမသာ ဆိတ်ကြည့်မိပြန်ပါသတဲ့။

"ဇာမဏီတို့ ဓာတ်ပုံတွေတောင် အကုန်ရပြီးနေပြီ။ အားလုံးထဲမှာ ကောင်းမယ်ထင်တဲ့ပုံကို ဝိုင်းရွေးနေကြတယ်။ ဓာတ်ပုံတွေကို တစ်ရက်ကျမှ ကော်ပီငါးခု ကူးပေးပြီး ကိုရဲနိုင်ကတစ်ဆင့် ပေးလိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



လင်းအိမ်သည် သူ့ကို စကားပင်မပြောဘဲ မသိမသာရော၊ သိသိသာသာပါ အကဲခတ်၍ တစိမ့်စိမ့် ကြည့်နေသောကြောင့် နေရထိုင်ရတာ စိတ်ကျဉ်းကျပ်လာသဖြင့် ပြောစရာစကားစ,ကို ရှာလိုက်ရသည်။ မိန်းကလေးဖြစ်ပြီး ရဲတင်းစွာ ကြည့်ရဲလှသဖြင့် စိတ်ထဲမှာ ဖျားသွားသည်။ မိန်းကလေးတစ်ယောက်ကို အလကားနေရင်း အထင်တော့ မသေးတတ်ပေမဲ့ ဒီမိန်းကလေးရဲ့ အပြုအမူတွေကို အထင်ပင် သေးချင်လာမိသည်။

"ခာတ်ပုံလား၊ ဩော် ... ဏီက သိပ်တော့ခာတ်ပုံဝါသနာမပါပါဘူး။ ဏီတို့ထဲမှာ ရည်ရည်မွန် ဆိုတဲ့ ကောင်မလေးပဲ ဝါသနာပါတာ။ သူက တပြောပြောနဲ့ သိပ်ကြည့်ချင်နေတာလေ"

"အမှန်တော့ ဒစ်ဂျစ်တယ်ကင်မရာနဲ့မို့ ကူးတာက သိပ်မြန်ပါတယ်။ ကျွန်တော် အလုပ်မအားတာနဲ့ ဓာမဏီတို့ကို လာမပေးဖြစ်တာပါ။ မနက်ဖြန်ကျ တပည့်တစ်ယောက်ကို ပို့ခိုင်းလိုက်ပါ့မယ်"

"ဏီ ခာတ်ပုံအရိုက်ခံပြီး နောက်နှစ်ရက်လောက် ဖျားပြီး အိပ်ရာထဲ လဲသွားသေးတယ်၊ ဦးလင်းအိမ် သိလား"

ဏီသည် ခုထိ သူမ နေမကောင်း ဖြစ်တာလေးကိုတောင် အရေးလုပ် မေးဖော်မရသဖြင့် တမင်ပဲ အစဖော်ပြောပြ





လိုက်ပါသည်။ တကယ်ဆို အဲဒီလောက်ထိ မေ့ပစ်ဖို့မကောင်းဘူးလေ။ ဏီသည် စိတ်ကူးတွေ အယဉ်လွန်နေသဖြင့် စိတ်ထဲမှာပဲ ဏီနဲ့ ဦးလင်းအိမ်တို့ဟာ ချစ်သူတွေပဲ ဖြစ်နေသလိုလို၊ ဦးလင်းအိမ်က ဏီ့ကို သိပ်ဂရုတစိုက် ဖြစ်စေချင်လှလေရာ၊ ဦးလင်းအိမ်က ဏီ့ကိုဆို သည်းသည်းလှုပ် ဂရုစိုက် ကြင်နာနေခဲ့သလိုလို၊ ထင်ယောင် ထင်မှားတွေပင် ခံစားလာရသည်။ အခုတော့ ဦးလင်းအိမ်က နည်းနည်း သူစိမ်းဆန်နေပြီး ဏီ ကျန်းမာရေး အခြေအနေပင် ထုတ်မေးဖော် မရလေရာ ရင်ထဲမှာ နာပြီးကြေကွဲနေပြန်သည်။

"ကျွန်တော် မသိလိုက်ဘူး ဓာမဏီ၊ ဆောရီးနော်၊ ကျွန်တော် တကယ်မသိလို့ပါ စိတ်မကောင်းပါဘူး။ အဲဒီနေ့က ပင်ပန်းသွားလို့ ဖျားသွားတာနော်။ မှူးလဲလို့ ဆရာဝန်ခေါ်ပြတုန်းကတော့ သွေးအားနည်းနေတယ်၊ သွေးထဲမှာ သကြားဓာတ်နည်းနေတယ်ပဲပြောတော့ ကျွန်တော်လည်း ပင်ပန်းလို့ဖြစ်တယ်ပဲ ထင်တာ။ ခဏတဖြုတ်ပဲ မှူးသွားတယ်ထင်တာ၊ ဓာမဏီက ဖျားတောင် ဖျားသွားတာကိုး။ စိတ်မကောင်းပါဘူး"

"ဏီက ဦးလင်းအိမ်များ သိမလား။ သတင်းလာမေးတော့မလားလို့ မျှော်မိသေးတယ်"

www.burmeseclassic.com



လင်းအိမ် ဘာဖြေရမှန်းမသိဖြစ်ပြီး ငြိမ်နေမိသည်။ ဒီမိန်းကလေး စိတ်မှမှန်ရဲ့လား ဆိုသော အတွေးပင် ဘယ်က ရောက်လာမှန်းမသိ ရောက်လာလေသည်။ သူနဲ့လည်း ဘာမှမဆိုင်ဘဲ အိမ်တိုင်ရာရောက် သတင်းမေးစေချင်တာတဲ့။ ဘာတွေမှန်း မသိဘူး။ လူကလန့်ပြီး ဖောချွေးတောင် ပြန်လာတယ်။ အိမ်မြန်မြန်ရောက်အောင် မောင်းပို့မှပါပဲ။

"ဦးလင်းအိမ် ကျွန်မိသားစုအကြောင်းတွေရော မသိချင်ဘူး လားဟင်"

"ခင်ဗျာ"

"ကျွန်မအကြောင်း သိချင်လားလို့ပါ"

လင်းအိမ်သည် ဒီတစ်ခါလည်း ဘာဖြေရမှန်းမသိ ဖြစ်ပြီး ရယ်ရမလို၊ တည်ရမလိုကြီး ဖြစ်သွားပြန်ပါသည်။

"ကျွန်မှာ အမေမရှိတော့ဘူး။ နှစ်နှစ်ကျော်ပြီ သုံးနှစ်တောင် ပြည့်တော့မယ်။ Ovary ကင်ဆာနဲ့ ဆုံးတာလေ၊ အမေ့ကို လေးငါးနှစ်များ ပိုနေရမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ပုံအော ပြီး ကုတာပါပဲ မရဘူး။ ကင်ဆာဆိုတဲ့အတိုင်း သေမိန့် ချပြီးသလိုပဲ နောက်ဆုံးတော့ လက်လျှော့လိုက်ရတာပဲလေ။ ကျွန်မတို့လည်း အမေ့ကို ကုလိုက်ရတော့ အကြွေးတွေတောင် တင်ကုန်တာ။ ဦးလင်းအိမ်ဆီကရတဲ့ (...)သိန်းလည်း ကျွန်မ မသုံးဖြစ်ပါဘူး။ အကြွေးပဲ ဆပ်လိုက်ရတာပေါ့လေ"





လင်းအိမ်သည် သူ့ သိပ်စိတ်မဝင်စားပေမဲ့ ဘေးမှာ စိတ်နဲ့လူ မကပ်သလို တတွတ်တွတ် ပြောနေသဖြင့် နားထဲ အလိုလို ရောက်လာသော အကြောင်းအရာတွေကို ပုံဖော်မိနေသည်။ ဒီလိုအခက်အခဲတွေ အဆင်မပြေမှုတွေ ရှိနေလို့၊ မင်း စိတ်ထဲမှာ လုပ်ချင်ရာ လုပ်နေသလား ဇာမကျီ။ လင်းအိမ် ထို မိန်းကလေးကို နည်းနည်းတော့ သနားသွားပါသည်။

"အဖေနဲ့ မောင်လေးပဲ ကျွန်မှာရှိတယ်။ အဖေက ကုမ္ပဏီ ဝန်ထမ်းပါပဲ။ လခကတော့ ထုံးစံအတိုင်းပေါ့။ မလောက် မင် မစို့မပို့လေးပေါ့၊ မောင်လေးကတော့ ဆယ်တန်းပါ။ စာလည်း သိပ်တော်တော့ သူက ဆရာဝန် ဖြစ်ချင်နေ တယ်၊ ကျွန်မကတော့ သူ့ကိုမကောင်းစားစေချင်တာ မဟုတ် ပါဘူး။ သူ ဆရာဝန်ဖြစ်ဖို့ ဆေးကျောင်းတက်ရရင် ကျွန်မ တို့ ဘယ်လိုရှန်းကန်ရမလဲ ဆိုတာကို အမြဲတွေးပူနေတယ်"

"တချို့လည်း ဆေးကျောင်းတက်ရင်းတစ်ဖက်နဲ့ သူများ ကို guide လုပ်ပြီး ပိုက်ဆံရှာလို့ ရပါတယ်။ တကယ်လို့ သူ တကယ်ပဲ ဆယ်တန်းအောင်ပြီး ဆေးကျောင်းလည်း တက်ရတယ်ဆို ကျွန်တော့်ကို ပြောပါ။ ကျွန်တော် သူ့ အလုပ်လုပ်ရဖို့ ဆက်သွယ်ပေးနိုင်ပါတယ်"

"သြော် ... အဲဒါတော့ ကျွန်မလည်း ကြားထားပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဏီတို့လမ်းထဲမှာ ဆေးကျောင်းတက်နေတဲ့ တစ်ယောက်ရှိပါတယ်၊ သူက စင်ရော်ကို အဲ ... အဲဒါ ... ဏီ့မောင်လေးနာမည်လေ။ သူ့နာမည် စင်ရော်တဲ့။ သူက စင်ရော်ကို အလုပ်ရှာပေးမယ် ပြောထားပါတယ်"

လင်းအိမ်သည် စကားသာ ပြောနေရပေမဲ့ ဇာမဏီကို တစ်ချက်မှပင် လှည့်မကြည့်ရဲပါ။ အရည်စိုလက်ပြီး အဓိပ္ပာယ်တွေပြည့်နေသော ထိုမိန်းကလေး၏ မျက်ဝန်းတွေကို ဆုံရမှာ သူ မလိုလားပါ။ ထိုသို့ အဓိပ္ပာယ်ပါသော မျက်လုံးတွေကို သူ မနှစ်မြို့ပါ။ သဘောမကျပါ။ မဆွတ်ခင်က ညွတ်ချင်သလိုလို ဖြစ်နေဟန်ပြသော အခြေအနေကို သူ အခွင့်ကောင်းမယူချင်။ အမှန်အတိုင်း ပြောရရင် ရုပ်လည်း သိပ်မလှ ဆွဲဆောင်မှုလည်း သိပ်မရှိလှသော မိန်းကလေးတစ်ယောက်ကို လုံးဝမပတ်သက်ချင်ပါ။ ရုပ်ရည်ချောမောတာကို သဘောကျတာမျိုး မဟုတ်ပေမဲ့ ရုပ်ချောမှ ချစ်သူတော်မယ်ရယ်လို့လည်း ဆုံးဖြတ်ထားတာမျိုးမရှိပေမဲ့ ဒီမိန်းကလေးကိုကျတော့ ဘယ်လိုမှပင် ချစ်လို့မရ။ ချစ်ဖို့နေနေသာသာ အာရုံထဲမှာ သူမရဲ့ရုပ်ရည်ကို ပြန်ဖော်ကြည့်ဖို့ပင် ခဲယဉ်းတဲ့အထိ သူ မှတ်ထားချင်စိတ် မရှိပါ။

"ဏီက အဲဒီကောင်ကို အဲ ... လမ်းထဲက ဆေးကျောင်းသားကို ပြောတာပါ။ သူ့နာမည်က မြင့်မြတ်မောင်တဲ့လေ၊





သူက ဏီ့ကို အဟင်းဟင်း ... ကြိုက်နေတာပေါ့။ ငယ်ငယ်တည်းကလို့ ပြောတာပဲ၊ ဘယ်တုန်းကလဲတော့ မသိဘူး။ ဏီ့ကို သူ ဆယ်တန်းအောင်မှ လာပြောတာပေါ့။ ဏီက သူ့မှမကြိုက်တာ ချက်ချင်း ငြင်းတယ်၊ မရဘူး၊ သူက ခုထိ ကြိုးစားတုန်းပဲ။ ဏီက သူ့မှ မချစ်နိုင်တာနော်၊ ကြည့်လို့လည်း မရပါဘူး၊ အရပ်က ကလန်ကလား ပိန်ရှည်ရှည်နဲ့။ ရုပ်ကလည်း ရုပ်မဆိုးဘူး ဒါပေမဲ့ ချောလည်း မချောဘူးဆိုတဲ့ အဆင့်မှာရှိတယ်။ ဏီက အဲဒါမျိုးမကြိုက်ဘူး။ ချောမှ အသားဖြူမှ ကြိုက်တာဆိုတော့ သူ့ကိုပြန်ငြင်းထားတော့ သူ့ဆီက အကူအညီတွေ ဘယ်ယူလို့ဖြစ်မလဲ။ အကူအညီ ယူမိရင် သူ့ကို မျှော်လင့်ချက်တွေ ပေးနေတယ် ထင်ဦးမယ်လေ"

လင်းအိမ်သည် အခုမှ စသိရတဲ့သူ၊ စကားပင်သေသေချာချာ ထိုင်မပြောဖူးသူ သူစိမ်းယောကျ်ားကို တွေ့တွေ့ချင်း အိမ်တွင်းရေးတွေရော၊ ကိုယ်ရေးကိုယ်တာတွေပါ ပြောပြနေသော ဇာမဏီ့စိတ်ကို ဘယ်လိုမှ မှန်း၍မရပါ။ အမြန်ဆုံး အိမ်ပြန်ပို့ပေးချင်သည့်စိတ်ဖြင့် ကားကို မောင်းလာသဖြင့် ...

"(......)မြို့နယ်တော့ ရောက်လာပြီ ဇာမဏီ၊ ဘယ်လမ်းလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု စကားမြန်မြန်လွှဲလိုက်ရသည်။

"ဦးလင်းအိမ်က ကားမောင်း တော်တော်မြန်တယ်နော်"

ဓာမဏီ့ထံမှ မကျေမနပ်သလိုလို ဝေဖန်သံကိုင

ကြားလိုက်ရသေးသည်။

"ဘယ်လမ်းလဲ ဓာမဏီ"

"ရှေ့မှာတွေ့တဲ့လမ်းပါပဲ၊ ညာဘက်ချိုးရမယ်၊ ဒါေ

လမ်းထဲမှာ ထပ်ချိုး ထပ်ကွေ့ရမှာတွေ ရှိသေးတယ်

လမ်းထဲဝင်ပြီးမှ ဏီ ပြမယ်"

လင်းအိမ် လမ်းထဲ ချိုးကွေ့ဝင်လာလိုက်သည်

ဓာမဏီ ညွှန်ပြသည့်အတိုင်း ဘယ်ချိုး ညာချိုး နှစ်ခါလုပ် တ

တည့်ဆက်သွားပြီးသောအခါ ဓာမဏီတို့နေသော ကန်ထရိုက်

တိုက်ရှေ့ကို ရောက်ပါသည်။

"ဏီတို့က ခြောက်လွှာညာဘက်ခန်းလေ၊ ဟိုမှာ မျက်နှ

သုတ်ပဝါ အဖြူလေး လှမ်းထားတဲ့အခန်းပါ။ ဦးလင်းအိ

အချိန်ရသေးရင် လိုက်လည်ပါဦးလား"

"နောက်မှပဲ ဝင်တော့မယ်နော်။ အခု တော်တော်လည်

မိုးချုပ်နေပြီမို့ ကျွန်တော် ပြန်လိုက်ပါဦးမယ်"

"လိုက်ပို့တာ ကျေးဇူးပါပဲ ဦးလင်းအိမ်"

"ရပါတယ်ဗျာ၊ လမ်းကြုံလို့ ကူညီတာပဲ"





ဓာမဏီ ကားတံခါးဖွင့်ပြီး ဆင်းပါသည်။ လင်းအိမ်ကိုလည်း မခွာချင့်၊ မခွဲချင်သော မျက်လုံးများနဲ့ ဆွေးဆွေးလေးကြည့်ပါသေးသည်။

လင်းအိမ်ကတော့ အသာအယာ လက်ပြပြီး ကားကိုမောင်းထွက်လာခဲ့တော့သည်။ ဓာမဏီ သူ့အနားမှာ မရှိကော့မှပဲ ရင်ထဲမှာ အလုံးကြီး ကျသွားသလိုလို၊ အခုမှပဲ အသက်ကို ဝဝရှူရဲသလိုလို၊ အခုမှပဲ စိတ်ကျဉ်းကျပ်နေတာတွေ ပျောက်သွားသလိုလိုဖြစ်လျက် ပါးစပ်မှ ဖူးခနဲ လေတွေမှုတ်ထုတ်လိုက်မိတော့သည်။

ဘာအဓိပ္ပာယ်မှန်းမသိခဲ့သော ဓာမဏီ့ထံမှ အဓိပ္ပာယ်များစွာပါသည့် အမူအရာတွေ၊ အကြည့်တွေကို ပြန်ပြီးတော့တောင် မစဉ်းစားချင်ပါ။

○ ။ ○



www.burmeseclassic.com

www.burmeseclassic.com



၉

"ကောင်မလေးက ရုပ်ရည်ကသာ ဘာမှမရှိတယ် 4WD စီးတဲ့ သူဌေးမျိုးကိုမှ လိုချင်တာ သိလား။ ကားပေါ်က ဆင်းပြီးတာတောင် မခွဲနိုင်၊ မခွာရက်ဖြစ်ပြီး စကားတွေ ဆက်ပြောနေသေးတယ်။ ကားက မောင်းထွက်သွားတာ တောင် သူ့မှာ အကြာကြီး ရပ်ကြည့်ပြီး ကျန်ခဲ့တာ"

အမေ ဒေါ်လှလှနွယ်မှာ သူ့ထုံးစံအတိုင်း စကားတွေ အများကြီး ဆက်တိုက်ပြောလျက် ကျောင်းကအပြန် ရေမိုးချိုး၊ ထမင်းစားနေသော မြင့်မြတ် နောက်လိုက်၍ တကောက်ကောက် ပြောပြနေပါသည်။ အဖေကတော့ မြင့်မြတ် မျက်နှာကြီး ညိုမည်း၊ မှုန်ကုပ်နေတာ မြင်ပြီး ...

"လှလှ တော်တော့ကွာ၊ သား နားပါစေဦး"





လို့ တစ်ခွန်းတော့ လှမ်းဟန့်ပေမဲ့ အဖေ့ထုံးစံမှာ စကားနည်းသူဖြစ်ရာ အမေ့အသံကို တိုးမပေါက်နိုင်ပါ။ အဖေ တစ်ခွန်းပြောလျှင် အမေက အခွန်းငါးဆယ်လောက်လည်း ပြော တတ်လေရာ အဖေ့လောက်တော့ အမေဂရုမစိုက်ပါ။ အမေဂရု စိုက်သူဆိုလို့ မြင့်မြတ်ပဲရှိသည်။ မြင့်မြတ်ကသာ "အမေ မပြော ပါနဲ့တော့"လို့ တစ်ခွန်းပြောကြည့်။ အမေ့စကားသံတွေ တိခနဲ ကို ရပ်သွားမှာ ဖြစ်ပါသည်။ သို့သော် မြင့်မြတ်သည် အမေမခံ ချင်စိတ်ဖြစ်ပြီး တောက်လျှောက်ပြောနေသည်ကို တားလိုစိတ်မရှိ ပါ။ အမေ့မှာ ရှေးရေစက်ပဲ ထင်ပါရဲ့။ ဇာမဏီ မျက်နှာဘယ် လောက်ပုပ်ပုပ် ဘယ်လောက် ခပ်တည်တည်နေနေ ဇာမဏီကို ခင်သည်။ သံယောဇဉ်ရှိသည်။

"ကောင်မလေးခမျာ သနားပါတယ်၊ မိန်းကလေးသူငယ် ချင်းလည်း သိပ်မရှိရှာဘူး။ အလုပ်နဲ့ အိမ်ပဲ ဖြစ်နေတော့ ပေါင်းသင်းဆက်ဆံရေး ညံ့နေတာပေါ့။ သူ့အမေ ကုလိုက် ရတာလည်း အကြွေးတွေထူသွားတော့ သူတို့မှာ အဲဒီအကြွေး က ပိနေရှာတာ။ မိန်းကလေးတန်မဲ့ ဘာမှတောင် မဝယ် နိုင်၊ မဝတ်နိုင်ရှာဘူး"

ဆိုပြီး အလိုလိုနေရင်း သနားနေသည်။ ဇာမဏီ ဆိုင်မှာလာဝယ်လို့ကတော့ ပစ္စည်းတစ်ခုကို ဈေးရင်းအတိုင်းပင် ရောင်းပေးတတ်သေးသည်။



www.burmeseclassic.com

"သူ့တစ်ယောက်လောက် ရောင်းလိုက်ရတာ စီးပွားရေး လည်း မထိခိုက်ပါဘူးကွယ်၊ ပြီးတော့ သူက တခြားသူ တွေကို ကျွန်မတော့ ဒီပစ္စည်း ဒီဈေးနဲ့ ဒေါ်လှလှနွယ်ဆီ က ရလိုက်တယ် ဆိုတာမျိုးလည်း ပြောတဲ့သူ မဟုတ်ဘူး ပြောဖို့နေနေသာသာ လမ်းထဲကလူတွေနဲ့တောင် စကား ဆယ်ခွန်းပြည့်အောင် ပြောဖူးတာ မဟုတ်ဘူးလေ"

မြင့်မြတ် ထမင်းဝိုင်းမှာထိုင်ပြီး ထမင်းစားနေစဉ် အမေကပါ ဝင်ထိုင် ဟင်းထည့်ပေးရင်း မနေ့က ညနေပိုင်းက တွေ့လိုက်သော ဓာမဏီ အကြောင်းကို ပြောနေတာဖြစ်သည်။ မနေ့က စာမေးပွဲ ဒီနေ့ဖြေစရာရှိ၍ မြင့်မြတ် အိမ်ပြန်မအိပ်ဖြစ် ပါ။ စာအတူတူစုကျက်နေကြ သူငယ်ချင်းတွေနဲ့ လိုက်သွားပြီး စာသွားကျက်နေသဖြင့်၊ ဒီနေ့ညနေမှပဲ အိမ်ကိုပြန်ရောက်တာ ဖြစ်သည်။ ညပိုင်း သူငယ်ချင်းတွေနဲ့ စာကျက်၊ သူငယ်ချင်းအိမ် မှာပဲ အိပ်ဖြစ်ကာ မနက်ကျ ကျောင်းအတူထ,သွား၊ စာမေးပွဲဖြေ သိအိုရီမနက်ပိုင်းဖြေ၊ ညနေပိုင်း လက်ချာတက်စရာ ရှိသဖြင့် တက်ပြီးမှ အိမ်ကို အိပ်ရေးမဝစွာ၊ ပင်ပန်းနွမ်းနယ်စွာ ပြန်လာ သော မြင့်မြတ်ကို ဒီသတင်းဆိုးက စောင့်ကြိုနေခဲ့တာ ဖြစ်ပါသည်။ အမေ့ခမျာလည်း တစ်ညနဲ့ တစ်နေ့တိတိ သိမ်းဆည်းထားရသော ထိုသတင်းကို မြင့်မြတ် ရောက်လျှင်ရောက်ချင်း (ရေချိုးခန်းဝမှာ ပါ ထိုင်စောင့်ပြီး) တတွတ်တွတ် ပြောဆိုဝေဖန်တော့တာဖြစ်သည်။





"အဲဒီသူဌေးနဲ့ သူနဲ့ ဘယ်လိုတွေ့ကြသလဲ မသိဘူး။ ပြီးတော့ သူဌေးက ကားပေါ်မှာဆိုတော့ ရုပ်ချောလား၊ မချောလားတောင် အမေ မကြည့်လိုက်ရဘူး။ ငါ့သားက ရုပ်မချောပါဘူး။ အမေ လက်ခံတယ် ဒါကို။ ဒါပေမဲ့ ဒီကောင်လေး ရုပ်ဆိုးတယ်လို့လည်း ပြောလို့မရတဲ့ရုပ်မျိုး။ သာမန်ရုပ်မျိုးပဲ၊ ဓာမဏီလည်း ဘာထူးလို့လဲ၊ အဲဒီလိုရုပ် မျိုးပဲဟာ။ ဒါနဲ့များ သူက ရုပ်ချောတဲ့သူမှ လက်ခံမယ် တွေ ဘာတွေ ပြောလို့။ အဲဒီသူဌေးဗျတော့ရော ရုပ်ချော နေသလား အမေ သိချင်လိုက်တာ၊ မမြင်လိုက်ရတာ နာ တာပဲ။ ကားမှန်တွေလည်း ပိတ်ထားပြီး ညဘက် မှောင် လည်းမှောင်တော့ မမြင်လိုက်ရဘူး"

မြင့်မြတ် ခပ်တိမ်တိမ် အသံဖြင့် ...

"အဲဒီသူဌေးဟာ သူ ကြော်ငြာဓာတ်ပုံ ရိုက်ပေးရတဲ့ Icy Cold အချိုရည်လုပ်ငန်းရဲ့သူဌေး ဖြစ်မယ်ဆိုရင်တော့ သူ ပြောဖူးသလို သိပ်ချောတဲ့ ရွှေမင်းသားပေါ့ အမေ"

ဟု အမေ့ကို အသိပေးလိုက်ပါသည်။

"ဟင် ... ရုပ်လည်းချောသေး၊ ပိုက်ဆံရှိတဲ့ သူဌေးလည်း ဖြစ်သေးဆိုရင် သူ့ကို တကယ်အတည်ကြိုက်တာရော ဖြစ်နိုင်ပါ့မလား သားရယ်၊ စဉ်းစားကြည့်သင့်တယ်။

www.burmeseclassic.com



ပြီးတော့ သူ့ဒွေးဟာ အိမ်ထောင်ရှိလား လူပျိုလား အဲဒါတွေ သူ စုံစမ်းပြီးရဲ့လား"

မြင့်မြတ် စိတ်ထဲမှာ အနည်းငယ်တော့ ပူပန်သွားမိပါသည်။

"ဟုတ်တယ်နော်၊ အမေပြောမှ သားလည်း အဲဒီလိုတွေး မိတယ်၊ ဟိုလူက လူပျိုရော ဟုတ်ရဲ့လား၊ လူပျိုဖြစ်ရင်ရော ဇာမဏီကို တကယ်မှ ယူပါ့မလား"

"အမေကတော့လေ သူ တခြားယောက်ျားနဲ့ တွဲပြီဆိုကတည်းက သားနဲ့ လုံးဝကို သဘောမတူတော့ပါဘူး။ ဒါပေမဲ့ ကိုယ့်ရပ်ဆွေရပ်မျိုး မိန်းကလေး။ ကိုယ့်မျက်စိအောက်တင် ကြီးလာတဲ့ မိန်းကလေးဆိုတော့ မကောင်းတာ မဖြစ်စေချင်ပါဘူး။ သူ့အမေမပုံ့ မျက်နှာလည်း မြင်ယောင်ပြီး သူ့ကို ကိုယ့်သမီးလေးလိုပဲ သနားလည်း သနားတယ်"

"သူ့ကို ကားနဲ့တစ်ခါလောက် လိုက်ပို့ရုံနဲ့တော့ ရည်းစား ဖြစ်နေပြီလားလို့ စွပ်စွဲလို့ မရသေးပါဘူးလေ။ ဒါပေမဲ့ သား သူ့ကို သတိတော့ ပေးထားလိုက်မယ်"

"အမေ ပြောပြီးသားနော်၊ အဲဒီ့လူ သူ့ဒွေးဟာ သူနဲ့ ရည်းစားပါလို့ သူ့ပါးစပ်က ပြောလာရင် သားနဲ့ဘယ်တော့



BURMESE CLASSIC



မှ သဘောမတူတော့ဘူး။ ဟိုသူဒွေးက ပစ်သွားလို့ သားဆီ ပြန်လာကပ်ရင် လုံးဝအကပ်မခံရဘူးနော်၊ ငါ့သားက ဆရာဝန်လောင်း ဆေးကျောင်းသား၊ တစ်ဦးတည်းသောသား၊ ရည်းစားလည်း တစ်ယောက်မှ မရှိဘူး။ မိဘကလည်း ဘာပဲပြောပြော ဒီလိုရပ်ကွက် ဒီလိုလူနေမှု အဆင့်အတန်းနဲ့ဆို ငွေကြေးချောင်လည်နေတဲ့ ပြည့်စုံနေတဲ့ မိဘတွေ။ လိုချင်တဲ့ မိန်းကလေးတွေမှ ဝိုင်းနေတာ၊ ဇာမဏီထက် လှတာတွေတောင် ခေါင်းခေါက်ယူလို့ရတယ်။ ဒါကြောင့် သူများအကျကြီးတော့ သားနဲ့ ပေးကိုသဘောမတူပါဘူး"

မြင့်မြတ်သည် ထမင်းစားပြီးတာနဲ့ အိပ်ရာထဲသာ တန်းဝင်လာခဲ့သည်။ မြင့်မြတ်တို့ တိုက်ခန်းမှာ အောက်ဆုံးထပ် မြေညီထပ်ဖြစ်ပြီး ဇာမဏီတို့ တိုက်ခန်းတွေထက်စာရင် ပိုကျယ်ပါသည်။ ဒါကြောင့် အိပ်ခန်းနှစ်ခန်းတော့ ဖွဲ့ထားပြီး အဖေနဲ့ အမေတစ်ခန်း၊ မြင့်မြတ် တစ်ခန်း ယူထားပါသည်။ အိမ်ကကျယ်သမဲ့ အိမ်ရှေ့ဧည့်ခန်းမှာကျ ဧည့်သည်လာရင် ထိုင်ဖို့ထားသော ကြိမ်ဆက်တီများ ရှိပေမဲ့ အဖေတို့ အမေတို့ဆိုင်က ပစ္စည်းတချို့လည်း စုပုံထားတတ်သေးရာ ဧည့်ခန်းမှာ ခြေချစရာ မရှိပေ။ ကုန်ပစ္စည်းမျိုးစုံ၊ ဆိုင်မှာတင်ရောင်းသော ပစ္စည်းပစ္စယတွေ ဈေးကျတုန်း ဝယ်ထားရသဖြင့် အိမ်ရှေ့ခန်းမှာရော အိမ်နောက်



www.burmeseclassic.com

www.burmeseclassic.com



ဖေး ထမင်းစားခန်းနဲ့ မီးဖိုချောင်တွေမှာရော အအေးဘူးကတ်တွေ၊ နို့မှုန့်ဘူးတွေ၊ ဆပ်ပြာတောင့်တွေ၊ အိမ်သုံးပစ္စည်းတွေ၊ နို့ဆီကတ်တွေ၊ နိုင်ငံခြားဖြစ် ဘီစကစ်မုန့်ပုံးတွေ စသဖြင့် စသဖြင့်သော အိမ်သုံးပစ္စည်း ကုန်ခြောက်မျိုးစုံတို့က ပြည့်နှက်နေတတ်ပါသည်။ ဒါကြောင့် မြင့်မြတ်သည် စာကျက်ဖို့ သူငယ်ချင်းတွေ အိမ်ကို ဘယ်တော့မှ ခေါ်မလာဘဲ သူပဲ သူငယ်ချင်းအိမ် သွားကျက်လိုက်သည်။ သူ့အိမ်လိုက်လာရင် သူငယ်ချင်းတွေနဲ့ ဘယ်လိုမှ နေစရာလဲမရှိ၍ သူငယ်ချင်းတွေကို စာလာကျက်ဖို့ မခေါ်ဖြစ်ပါ။ အိမ်လည်တော့ ခေါ်ခဲ့ပြီး ...

"မင်းတို့ မြင်တဲ့အတိုင်းပဲ၊ ငါ့အိမ်မှာ ဆိုင်ကပစ္စည်းတွေ ရှောင်ထားတာနဲ့ ပြည့်ကျပ်နေတာမို့ စာလာကျက်ဖို့ ငါ အိမ်မခေါ်တာနော်"

ဟု ပြောထားခဲ့သည်။

မြင့်မြတ် အခန်းထဲဝင် ခုတင်ပေါ် လှဲနေပေမဲ့ လူက မနေ့ကပါ စာမေးပွဲဖြေဖို့ စာကျက်ထားရသဖြင့် အိပ်ရေးမဝဖြစ်ပြီး အိပ်ချင်နေပေမဲ့ အိပ်မပျော်နိုင်။ ဇာမဏီအကြောင်း အမေပြောထားတာတွေ ပြန်ကြားပြီး လူက စိုးရိမ်ပူပန်မှုတွေ၊ ဝမ်းနည်းကြေကွဲရမှုတွေကြောင့် အိပ်ပင်မပျော်တော့။ ဒါနဲ့ပဲ စိတ်ပြေရာပြေကြောင်းဆိုပြီး လမ်းထွက်လျှောက်လာခဲ့သည်။





မြင့်မြတ်တို့ နေထိုင်သော ရပ်ကွက်ကြီးမှာ အဓိကအားဖြင့် အလယ်အလတ်တန်းစား အများစု နေထိုင်သော ရပ်ကွက်ဖြစ်လေရာ လမ်းထိပ်ဘက် ထွက်လိုက်လျှင် လက်ဖက်ရည်ဆိုင်တွေ၊ မုန့်ဟင်းခါးဆိုင်တွေ၊ အကြော်ဆိုင်တွေ၊ အအေးဆိုင်တွေ၊ ဗီဒီယိုခွေနဲ့ စာအုပ်အငှားဆိုင်တွေ စသဖြင့် မီးရောင်စုံထိန်လင်းကာ ညဆယ်နာရီလောက်ထိတော့ စည်ကားနေတတ်ပါသည်။ မနက်ဆိုလည်း မနက်ငါးနာရီလောက်ဆို ဆိုင်တွေစောစောထဖွင့်နေတတ်တာ တွေ့ရသည်။

အခုလည်း မြင့်မြတ် တစ်ယောက် အိမ်နေရင်းနွမ်းကျယ်လက်ပြတ်နှင့် သရီးကွာတားဘောင်းဘီပွကြီးဝတ်ကာ ထွက်လာချိန်မှာ ညခုနစ်နာရီကျော်ကျော် ဖြစ်နေပြီး လမ်းထိပ်မှာတော့ လူစည်ကားနေဆဲ။ မြင့်မြတ်လည်း ထမင်းစားပြီးခါစဗိုက်တင်းပေမဲ့ ဟိုငေးဒီငေး လုပ်ချင်တာနဲ့ပဲ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ဖို့ ခြေလှမ်းပြင်တုန်း ဘတ်စ်ကားပေါ်မှဆင်းလာသော ဇာမဏီကို တွေ့လိုက်သဖြင့် လက်ဖက်ရည်ဆိုင်ထဲ မဝင်တော့ဘဲ ဇာမဏီဆီ အပြေးနီးပါး လျှောက်သွားလိုက်သည်။

"ဇာမဏီ ... ဇာမဏီ အခုမှ ပြန်လာတာလား"



www.burmeseclassic.com

www.burmeseclassic.com



ဇာမဏီက ပြန်မဖြေဘဲ မြင့်မြတ်ကို ဘုကြည့်ကြည့်ပါသည်။ ဇာမဏီ လက်ထဲမှာ ဟင်းချက်စရာတွေ ဝယ်လာတာ အပြည့်မို့ ...

"ကိုယ် ဆွဲပေးမယ် ဇာမဏီ"

"အံမယ် ... အဲဒါဆိုတော့ လမ်းထဲကလူတွေ မြင်ရင် နင်က ငါ့ကို လာကြိုတယ် ထင်မှာပေါ့"

"ဒါဖြင့် မနေ့က 4WD ပေါ်က ဆင်းလာတာကျတော့ရော"

"သြော် ... သတင်းကလည်း မြန်လိုက်တာ၊ ချက်ချင်းရောက်တယ်နော်"

"ကဲပါ ... ကိုယ့်ကို ထေ့ငေါ့မနေပါနဲ့။ ဇာမဏီ ဆွဲလာရတာ လေးပါတယ်။ ကိုယ် ဆွဲပေးပါ့မယ်"

"မဆွဲနဲ့ ရတယ်။ ငါ နင်နဲ့ ဘာမှမပတ်သက်ချင်ဘူး ကင်းကင်းနေတာ ကောင်းတယ်"

ဇာမဏီ ထိုသို့ ရှင်းရှင်းပြတ်ပြတ်ပြောပြီး သုတ်ခြေတင်ပါသည်။ မြင့်မြတ်ကလည်း အမှတ်မရှိ၊ စိတ်နာခြင်း မရှိဘဲ ပြေးလိုက်ပါသည်။

"အရင်က ခြောက်နာရီကျော်လောက်ဆို ပြန်ရောက်နေတာပါ၊ အခု သိပ်နောက်ကျတယ်နော်"





"အိမ်စောစော ပြန်မရောက်ချင်လို့ ဈေးဝယ်ပြီးရင် လမ်းပေါ် လျှောက်သွားပြီး လျှောက်ငေးနေလို့"

အမှန်တော့ မနေ့ကလည်း ဦးလင်းအိမ်နဲ့ မဇော်ဘဆ တွေ့လိုက်ရလေရာ ဒီနေ့ရော အဲဒီနားမှာ ထပ်တွေ့ရဦးမလား ဆိုသော စိတ်ကူးဖြင့် အဲဒီနားပဲ တဝဲလည်လည် လမ်းသလားမိခဲ့တာပါ။

အဲဒီနားက ဈေးသည်တွေပင် မှတ်မိပြီး ဟိုလိုလို ဒီလိုလို အထင်ခံရတဲ့အထိ ဇာမဏီ စိတ်ထဲရှုးပြီး လုပ်ချင်ရာ လျှောက်လုပ်နေမိခဲ့လေသည်။

သိပ်မှောင်လာပြီး ဦးလင်းအိမ်ကိုလည်း အရိပ်အယောင်တောင် မတွေ့ရတော့မှ၊ ကားလိုင်းတွေလည်း အလာကျဲသွားသဖြင့် အိမ်ပြန်ဖို့ခက်မှာ စိုးရိမ်မိလာတော့မှပဲ ဘတ်စ်ကားသွားစောင့်ပြီး အိမ်ပြန်ဖို့ စဉ်းစားမိတော့တာလည်း ဖြစ်ပါသည်။

"ဇာမဏီ ဘာဖြစ်နေတာလဲ။ အရင်ကလောက် မျက်နှာမလန်းတော့ဘူးနော်၊ နေသိပ်မကောင်းသေးဘူးလား ဇာမဏီ"

"နင့်ကိုယ်နင် ဆရာဝန်ဖြစ်ခါနီး ဆေးကျောင်းသားဆိုတဲ့ လေသံနဲ့ လူတိုင်းကို နေမကောင်းဘူးပဲ မထင်နဲ့လေ။ နေကောင်းလွန်းလို့ ဒေါင်ဒေါင်မြည်နေပါတယ် ဒေါက်တာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမေပြောတယ် ဇာမဏီကို မနေ့က 4WD နဲ့ လိုက်ပို့တယ်ဆို၊ အဲဒါ ဘယ်သူလဲ၊ ဇာမဏီ ပြောတဲ့ ဦးလင်းအိမ်ပဲလား"

ဇာမဏီ မျက်နှာမှာ ကြည်နူးပီတိအဟုန်ဖြင့် အရောင်တွေ တောက်ပလာသလားတောင် ထင်ရသည်။ မြင့်မြတ်မှာ အငေးသား ကြည့်နေမိသည်။

"သူပဲရှိတာပေါ့ ဘယ်သူရှိမလဲ။ ငါ့ဘဝမှာ ကိုကိုပဲရှိတယ်"

"ဟင် ... ဘာရယ် ... ဘယ်လို"

"ကိုကိုလေ ... ငါက သူ့ကို ကိုကိုလို့ခေါ်တယ်"

"ဇာမဏီတို့ ချစ်သူဖြစ်နေကြပြီလား"

"ဟုတ်တယ်"

"မြန်လှချည်လား"

"အချစ်မှာ မြန်တာနှေးတာတွေ မရှိဘူး။ စ,စတွေ့ချင်းကတည်းက ငါတို့နှစ်ယောက် တစ်ယောက်ရဲ့ နှလုံးသားကို တစ်ယောက် နားလည်ပြီးနေပြီ။ ဖွင့်ပြောစရာတောင် မလိုဘူး၊ အလိုလို နားလည်စိတ်နဲ့ ချစ်သွားကြတာ"

မြင့်မြတ်သည် ယုံပဲယုံလိုက်ရမလိုလို၊ မယုံလည်း မယုံချင်သလိုလို ဖြစ်နေသည်။ ယုံလိုက်ရမည် ဆိုခြင်းမှာ ဘယ်မိန်းကလေးကမှ ကိုယ်နဲ့ ယောကျ်ားလေးတစ်ယောက် ဘာမှ





မသက်ဆိုင်ပါဘဲ ချစ်သူတွေပါလို့ ပြောမှာမဟုတ်ဘူးလို့ တွေးမိ၍ပင်။ မယုံချင်သလိုလို ဖြစ်ရခြင်းမှာ ဒီလောက်ချက်ချင်း မြန်မြန်ဆန်ဆန်ကြီး အဆင်ပြေ ချစ်သူဖြစ်သွားကြတယ် ဆိုတာကို မယုံချင်တာမျိုး ဖြစ်ပါသည်။

မြင့်မြတ်မောင် မသိရှာသည်မှာ အမှန်တော့ ဇာမဏီသည် စိတ်ကူးတွေယဉ်ပြီး အဲဒီစိတ်ကူးကို စိတ်ကူးထဲမှာပဲ မထားနိုင်တော့ဘဲ အပြင်လောကကိုပါ ကူးပြောင်းသယ်ဆောင်လာတာ ဖြစ်ပါသည်။ သူမ စိတ်ကူးယဉ်ထားသမျှတွေကို တစ်စုံတစ်ယောက်အား အသိပေး ပြောပြချင်နေချိန်မှာ မြင့်မြတ်က မေးလာခဲ့၍ ဒါတွေကို အမှန်လုပ်ပြီး ပြောပြလိုက်မိတာမျိုး ဖြစ်လေသည်။

ထိုသို့ပြောနေရချိန်တွင် စိတ်ချမ်းသာ ကျေနပ်မှုရရှိခြင်းကတော့ ဘာနဲ့မှ မလဲနိုင်။ ထိုခံစားချက်ကို ဇာမဏီတော်တော်လေး မက်မောသဘောကျသွားပါသည်။

"ဇာမဏီ ကိုယ့်ကို ဘယ်လိုသဘောနဲ့ ပြောပြောပါ။ ကိုယ် ဘယ်သူ့ကိုမှ ပြန်မပြောပါဘူး၊ စိတ်ထဲမှာပဲ ထားပါ့မယ်၊ ဒါပေမဲ့ ဇာမဏီ သေသေချာချာ ချင့်ချိန်စဉ်းစားစေချင်တယ်။ သူက လူပျိုရော ဟုတ်ရဲ့လား၊ အိမ်ထောင်ရှိနေသလား၊ အဲဒါမျိုးတွေ ဇာမဏီ စုံစမ်းပြီးရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... ငါ့ကိုကို့ကို ဘယ်လိုလူစားမျိုး ထင်လို့လဲ။ ကိုကို့မှာ အိမ်ထောင်မရှိပါဘူးနော် လူပျိုပါ။ ဘာလဲ ... နင်က ငါ့ကို ကီပင်ထားတယ် ထင်လို့လား"

"အဲဒီလို မထင်ရက်ပါဘူး ဇာမဏီရယ်။ ဖြစ်လာခဲ့မယ်ဆိုရင် ဇာမဏီ ရှောင်နိုင်ဖို့ ကြိုသတိပေးထားတာပါ။ သူက လူပျိုဆိုလည်း ထားပါတော့၊ ဇာမဏီကို တကယ်ရော ချစ်နိုင်ရဲ့လား"

"ဘာလို့ မချစ်နိုင်ရမှာလဲ၊ သိပ်ချစ်တာပေါ့"

"သူက သိပ်ချောတယ်ဆို"

"အင်းလေ ... အဲဒါ ဘာဖြစ်လဲ"

"ပိုက်ဆံလည်း သိပ်ချမ်းသာတာဆို"

"ဘာလဲ မနာလိုဘူးလား"

"မနာလိုတာ မဟုတ်ဘူး၊ ရုပ်ချောပြီး ချမ်းသာလွန်းနေတဲ့ သူဌေးတစ်ယောက်က ဇာမဏီကို ဘာကြောင့် အချိန်တို အတွင်းမှာ ချစ်သူဖြစ်တဲ့အထိ ရှေ့တိုးလာရသလဲလို့ပါ။ သူ ဇာမဏီကို လက်ထပ်မယ်လို့ ပြောလား"

ဇာမဏီသည် အဲဒီလောက်ထိ ဝင်ပါလာပြီး သေသေချာချာ မေးနေသော မြင့်မြတ်ကို အတော်ကြီး သည်းမခံနိုင်တော့ပြီဖြစ်ရာ မျက်စောင်းကြီး နင့်နေအောင် ထိုးပစ်လိုက်ပြီး ...



"ဟုတ်တယ်၊ သူ ငါ့ကို လက်ထပ်မယ်တဲ့၊ ကတိပေးထားပြီးသား"

ဟူ၍ စိတ်ထဲရှိတာ ပြောချလိုက်တော့သည်။ မြင့်မြတ်သည် ဒီတစ်ခါလည်း ယုံရမလိုလို၊ မယုံရမလိုလိုဖြစ်ပြီး တွေဝေသွားပြန်သည်။

"ဘယ်လိုလဲ၊ အဲဒါတောင် မယုံဘူးလား"

"မယုံဘူး မဟုတ်ပါဘူး၊ ကိုယ် ဇာမဏီအတွက် ဝမ်းသာပါတယ်"

"ဒါဖြင့် နင် နေခဲ့တော့ လိုက်မလာနဲ့။ ပေး ... ငါ့အထုပ်တွေ ငါသယ်သွားတော့မယ်။ မတော်တဆ နင့်အမေတွေ့ရင် ရင်ထုနေပါ့မယ်၊ သူ့သား ဆေးကျောင်းသားလေးကို အထုပ်ဆွဲရုံအဆင့်ပဲ ထားတယ် ဖြစ်နေပါဦးမယ်"

မြင့်မြတ် ကိုယ်တိုင်လည်း အမေ ခုလေးတင် သဘောမကျပါဘူး ပြောထားတဲ့ မိန်းကလေးနဲ့ အမေ့အိမ်ရှေ့က ဖြတ်မလျှောက်ချင်သည်မို့ အထုပ်တွေကို ဇာမဏီဆီ ပြန်ပေးလိုက်သည်။ မြင့်မြတ်တို့အိမ်က လမ်းထိပ်မှဝင်လျှင် အရင်ရောက်ကာ မြင့်မြတ်တို့အိမ်ကနေ သုံးအိမ်ကျော်မှ ဇာမဏီအိမ်ကို ရောက်သဖြင့် မြင့်မြတ်တို့အိမ်ရှေ့က ဖြတ်လျှောက်ရပါမည်။ မြင့်မြတ်သည် ခပ်ခွာခွာ ရပ်ကျန်ခဲ့ပြီးမှ သတိရသွားကာ ...

www.burmeseclassic.com



"ဇာမဏီ"

ဟု ထပ်၍ ခေါ်လိုက်မိသည်။

ဇာမဏီက သူမရဲ့ ထုံးစံအတိုင်း လှည့်မကြည့်ပြန်ပါ။ ရပ်လည်းမစောင့်ပါ။ မြင့်မြတ်ကသာ မနေနိုင်၍ ပြေးလိုက်သွားပြီး ...

"ကိုယ့်ကို သူငယ်ချင်း တစ်ယောက်အနေနဲ့ သဘောထားပြီး အဲဒီ ဦးလင်းအိမ်နဲ့ မိတ်ဆက်ပေးပါလားဟင်"

ဟူ၍ ပြောလိုက်သောအခါ ဇာမဏီသည် မထင်မှတ်ထားသော စကားကြောင့် မြင့်မြတ်ကို ပြန်စိုက်ကြည့်လာသည်။

"ဘယ်လိုမှ မထင်ပါနဲ့၊ ကိုယ် တကယ်ပဲ ဦးလင်းအိမ်ကို မြင်ဖူးချင်လို့ပါ။ ကိုယ် ဘာမှမပြောပါဘူး။ ဇာမဏီကို ခင်မင်တဲ့ သူငယ်ချင်းတစ်ယောက် အနေနဲ့ပဲ တွေ့ဆုံချင်တာပါ"

"သူက အလုပ်များတယ်၊ ဘယ်တော့မှ မအားဘူး"

"အားတဲ့အခါပေါ့"

"ဘယ်တော့မှ မအားပါဘူးဆို၊ အခုတောင် ငါ့ကို အိမ်ပြန်မပို့နိုင်တာကြည့်။ ဒါပေမဲ့ ကိုကိုက ငါ့ကိုပြောထားတယ်၊ တက္ကစီစီးပြန်တဲ့။ ကုန်ကျစရိတ် သူပေးမယ်တဲ့၊ ငါက သူ့ကိုပဲချစ်တာ၊ သူ့ပိုက်ဆံကိုချစ်တာ မဟုတ်ဘူးလို့





ပြောပြီး သူပေးတာလည်း လက်မခံဘူး။ ကိုယ့်ဘာသာပဲ ဘတ်စ်ကား တိုးစီးပြီး ပြန်တယ်လေ"

"အေးပါ ... အေးပါ၊ အဲဒါတွေ ထားပါ။ ကိုယ်ကတော့ ဦးလင်းအိမ်နဲ့ တော်တော်ဆုံချင်ပါတယ် ဆိုတာလေး ဇာမဏီ ကြိုပြောထားပါနော်"

"သူနဲ့ဆုံရင် နင် စကားပြော ဆင်ခြင်ပေါ့"

"ဆင်ခြင်ပါ့မယ်၊ ကိုယ် ဘာမှမပြောဘူး စိတ်ချ၊ ဇာမဏီ့ သူငယ်ချင်း အဖြစ်နဲ့ပဲ တွေ့မှာ"

"နင့်ကိုယ်နင် 'ကိုယ်'လို့ သုံးနေတာကြီး၊ အဲဒါမျိုးမပြောမိစေနဲ့"

"စိတ်ချပါ"

"ဒါဖြင့် ငါ ပြောပြပေးထားမယ်"

မြင့်မြတ်သည် အမှောင်ထဲတွင် ရပ်ကျန်ခဲ့ကာ ရင်ထဲမှာ မွန်းကျပ်နာကျင်နေခဲ့လေသည်။

○ ● ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

အလုပ်ရောက်သောအခါ မသီမာတို့ တစ်သိုက် ဝမ်းသာအားရ ဝိုင်းအော်ခေါ်ကြသည်။

"ဟယ် ... ဓာမဏီ လာပြီ၊ လာဟေ့ ... လာ ... ဒီမှာ ဓာတ်ပုံတွေရပြီ"

ဓာမဏီ ရင်ထဲမှာ ဓာတ်ပုံတွေကို မက်မက်မောမော မရှိလှဘဲ ဦးလင်းအိမ်ကိုသာ တွေ့ချင်သည်ဖြစ်ရာ သူတို့ လောက် ဟက်ဟက်ပက်ပက် မဖြစ်မိပါ။

"ဦးရဲနိုင် လာပေးတာလေ။ ဦးလင်းအိမ်က တစ်ဆင့် ပေးခိုင်းလိုက်တာလို့ ပြောတယ်၊ တစ်ယောက်တစ်စုံဆီ ကူးပေးထားတာ"

"ပုံတွေက မနည်းဘူး၊ ပုံပေါင်းနှစ်ရာကျော်တောင် ရှိတယ်"





"ကြည့်လို့တောင် မဝပါဘူးဟယ်"

"မဆိုးဘူး၊ ကိုယ့်ကိုယ်ကိုယ် အဲဒီလောက် ရုပ်ထွက်လာမယ်တောင် ထင်မထားပေမဲ့ ဓာတ်ပုံထဲမှာကျတော့လည်း ကိုယ့်ဘာသာပဲ လှတောင်မှားသွားတယ် ... ဟဲ ဟဲ"

"ငါ့မလဲဟယ် ... ဆယ့်ကိုးနှစ်တွေ ကြားထဲမှာ အသက်ပိုကြီးနေလို့ အစ်မကြီးရုပ်များ ထွက်နေမလားလို့ စိတ်ပူနေတာ။ ဒီထဲကျ မဆိုးပါဘူး၊ နင်တို့နဲ့ ရွယ်တူလိုပါပဲ"

"မသီမာက ဘယ်လောက်များ အသက်ပိုကြီးလို့လဲလေ။ တစ်နှစ်၊ နှစ်နှစ်လောက် ပိုကြီးတာကိုများ စိုးရိမ်နေရသေးတယ်"

"စိုးရိမ်ရတာပေါ့ ငါတို့က ရုပ်မချောဘူးလေ၊ ရုပ်မချောတဲ့သူတွေက ရုပ်ချောတဲ့သူနဲ့ မတူဘူး။ အသက်က အရှိအရှိအတိုင်းပဲ သိသာတာ"

"ဦးလင်းအိမ်ကတော့ ချောလိုက်တာနော်၊ သူ့ကိုမြင်ရရင် ရုပ်ရှင်မင်းသား တစ်ယောက်များ ကိုယ့်ရှေ့ရောက်နေသလားထင်မိတယ်"

ဓာသည် ဓာတ်ပုံတွေ စိတ်မပါစွာ ကြည့်နေရင်း စကားဝိုင်းထဲ ဝင်မပါဖြစ်ပေမဲ့ လိုက်တော့ နားထောင်နေသည် ဖြစ်ရာ ဦးလင်းအိမ်ကို ချောတယ် ပြောလာသော မမျိုးအောင်ထို



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ မော့ကြည့်အကဲခတ်လိုက်လေသည်။ ဒါက ဘာသဘော လဲ။ ဦးလင်းအိမ်က ငါနဲ့ပဲဆိုင်တာ၊ မေမျိုးက ကြားဖြတ်လုချင်တဲ့ သဘောလား။ အရင်က စိတ်မဝင်စားဘဲ အခုမှ စိတ်ဝင်စားသလို ပြောလာတာဟာ သတိထားစရာပဲ။ ဏီသည် မေမျိုးကို စူးစူးရဲရဲ ကြည့်မိလေသည်။ ဏီ့စိတ်ထဲ တစ်နေရာတွင် ရှိနေသော ဘာမှန်း မသိသည့် စိတ်တစ်ခုက ဏီ့ကို လာသတိပေးနေသည်။ မေမျိုးကို လျှော့မတွက်နဲ့။ သေသေချာချာကြည့်ထား။ မေမျိုးဟာ ဦးလင်းအိမ် ကို ဏီ့ဆီက ဖြတ်လုသွားနိုင်တဲ့ ရန်သူပဲ။

"ဘာဖြစ်လို့လဲ ဓာမဏီ"

ဏီ၏ စူးစူးရဲရဲ ကြည့်ဟန်ကြောင့် မေမျိုးအောင် သတိထားမိသွားပြီး ဏီ့ကို မေးလိုက်သည်။ ဏီသည် ဟန်ဆောင် ပြုံး ပြုံးရင်း ...

"မသိပါဘူး မေမျိုးက ဦးလင်းအိမ့်ကိုများ ကျိတ်ကြိုက် နေသလား သိချင်လို့ပါ"

ဟူ၍ တမင်ပဲ ရိသလိုလို၊ ခနဲ့သလိုလို ပြန်မေး လိုက်လေသည်။

ထိုအခါ မေမျိုးအောင် အပါအဝင် ကျန်သောသူ တွေကပါ ဏီ့စကားကို တအံ့တဩဖြစ်ပြီး ဏီ့ကို ပြန်ဝိုင်းကြည့် ကြတော့သည်။





"ဟယ် ... ဘယ်လိုမေးလိုက်တာလဲ ဓာမဏီရယ်၊ သူနဲ့ ကိုယ်က အဆင့်ချင်းအများကြီးကွာတာ၊ ပြီးတော့ ရုပ်ရည် ချင်းကတင် ဆီနဲ့ရေလို ကွာတာပါ"

"ဆီနဲ့ရေလို ကွာလည်း ကိုယ့်ဘက်က ကြိုက်ရင် ကြိုက် နေခွင့် ရှိတာပဲ။ ဘယ်သူက လာတားလို့ ရမှာလဲ"

"မကြိုက်ပါဘူး ဓာမဏီရယ်။ လှလို့ပစ္စည်းတစ်ခုကို သဘော ကျသလိုမျိုးပဲ စိတ်ထဲမှာ ရှိတာပါ။ ရုပ်ရှင်မင်းသားတစ် ယောက်ကို သဘောကျသလိုမျိုး စိတ်မျိုးပဲ ရှိတာပါ။ ဘာလို့ ချစ်နေ့ ကြိုက်နေရမှာလဲ။ ကိုယ့်ကို ဘယ်လိုနည်း နဲ့မှ ပြန်မကြိုက်လာနိုင်မဲ့ သူကို မိန်းမ်နောက်ပိုးကြီး အဖြစ်ခံပြီး ဘာလို့ ကြိုက်ရမှာလဲ။ ဘာကြောင့် ရူးပြီး မျှော်လင့်ရမှာလဲ။ ကိုယ့်ကို လာကြိုက်တဲ့ ယောကျ်ားလေး တွေ ရှိနေသားပဲ။ ကိုယ့်ကိုပဲ တန်ဖိုးထားပြီး ချစ်နေတဲ့ ယောကျ်ားထဲက တစ်ယောက်လောက်ကိုပဲ ရွေးမှာပေါ့။ မဖြစ်နိုင်တာကြီး မျှော်မှန်းတမ်းတပြီး ကြေကွဲနေရင် ကိုယ်ပဲ ဒုက္ခရောက်မှာပဲ"

ထိုစကားသည် ဏီ့ကို တိုက်ရိုက်ဝေဖန်လိုက်သလို ပဲမို့ ဏီသည် ရင်ထဲတွင် ရူးခနဲ နာသွားကာ မေမျိုး ရိပ်မိနေလို့ တမင်ပြောသလားဟုပင် သံသယ ဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမျိုးမှာ ပြန်ချစ်ရမဲ့ ကောင်လေးတစ်ယောက် ရှိလာတော့မှာလေ ဇာမဏီရဲ့။ သူ့ကောင်လေး ဇော်ကိုကိုက အသားဖြူဖြူလေးနဲ့ ရုပ်လည်းမဆိုးဘူး။ ချောတော့မချောဘူးပေါ့။ ဒါပေမဲ့ အသားလေးဖြူတော့ ကြည့်ကောင်းပါတယ်၊ သဘောလည်း သိပ်ကောင်းတာ။ မေမျိုးကိုလည်း သိပ်ချစ်တာ သိသာတယ်။ မေမျိုးက ဇော်ကိုကို့ မွေးနေ့ရောက်ရင် အဖြေပေးမယ်လို့ စိတ်ကူးထားပြီးသား"

ခင်ခင်လတ်က မေမျိုးအောင်နဲ့ ပိုအတွဲများပြီး ပိုလည်းခင်ကြသဖြင့် မေမျိုးအောင် အကြောင်းတော့ အကုန်သိနေပြီး ဇာမဏီ့ကိုပြောပြနေသည်။ မေမျိုးအောင်ကတော့ အလကားနေရင်း သူမကို လာစွပ်စွပ်စွဲစွဲ ပြောသလိုလို၊ ဝေဖန်သလိုလို၊ ပြောလိုက်သော ဇာမဏီ့ကို စိတ်ထဲမှာ ချဉ်သွားသဖြင့် မျက်နှာကြီးပုပ်ပြီး အသံတိတ်နေသည်။ စိတ်ထဲမှာလည်း တွေးနေသည်။ ဇာမဏီ ဘယ်လိုဖြစ်တာလဲ၊ အရင်က ခပ်အေးအေးနေ ်သူပါ။ ခပ်အေးအေးလည်း နေတတ်သလို မျက်နှာမှာ ခံစားချက် အမူအရာလည်း သိပ်မရှိတာမို့ ကျန်တဲ့သူတွေနဲ့ဆုံရင် ဇာမဏီ့ကွယ်ရာမှာတောင် ...

"ဇာမဏီက တစ်မျိုးလေးပဲနော်။ လောကကြီးကို စိတ်ကုန်နေသလိုလို၊ ဘဝကို အလိုပဲမကျသလိုလို၊ ဘာကိုမှ စိတ်





မပါသလိုလို ပုံစံမျိုးပဲ။ သူ့အရွယ် မိန်းကလေးတစ်ယောက်အနေနဲ့ ဘဝမှာ မျှော်လင့်ချက်တွေနဲ့ တက်ကြွနေရမှာ သူကတော့ စိတ်ပျက်နေပုံပဲ"

ဟူ၍ပင် ဝိုင်း၍ ဝေဖန်အတင်းပြောဖူးသေးသည်။ မသီမာကတော့ ...

"သနားဖို့ ကောင်းပါတယ်၊ သူ့မှာ ငါတို့လို မိသားစုပြည့်ပြည့်စုံစုံလည်း မရှိဘူးလေ။ အိမ်ကလည်း ငှားနေရတာတဲ့"

"အိမ်က ခင်ခင်လတ်တို့လည်း ငှားနေရတာပဲ မသီမာရယ်။ အဖေအမေတောင်မှ အိမ်မပိုင်တာ ကိုယ့်အလှည့်ကျလည်း အိမ်ငှားပြီးပဲ နေ့ရမယ်ထင်လို့ စိတ်ဓာတ်ကျမနေတော့ပါဘူး၊ လူ့ကံဆိုတာ မြင်လို့မှ မရတာ။ ကိုယ့်အလှည့်ကျမှ အိမ်ပိုင်ယာပိုင် ကားပိုင်နဲ့ နေနိုင်ရင်လည်း နေနိုင်မှာလို့ စိတ်ကူးယဉ်ထားတာပဲ။ မဖြစ်လာလည်း ဝမ်းမနည်းပါဘူး"

"အေးလေ ... ရည်မှန်းလည်း ဒီလိုပါပဲ၊ အလုပ်လည်း မလုပ်ဘဲ ထိုင်နေတာမှ မဟုတ်တာ။ အလုပ် လုပ်ရက်သားနဲ့ မကြီးပွားလာတာတော့ ကုသိုလ်ကံကြောင့်ပဲလို့ စိတ်ထဲမှာ ယူဆထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... သူ့မှာ အမေလည်း မရှိတော့ဘူးလေ။ အမေကို ကုလိုက်ရလို့ ကြွေးတွေလည်း ပိုင်းနေတယ်ဆိုတော့ သူ ဒါတွေ ခေါင်းထဲမှာ အမြဲထားပြီး ပူရှာမှာပေါ့။ လူတွေက တစ်ယောက်နဲ့တစ်ယောက် စိတ်ချင်းလည်း မတူကြဘူးလေ။ တချို့ကျတော့လည်း ဘဝကို ခေါင်ကျကျ ပြားကျကျ နေရဲကြတာပဲ။ တချို့ကျတော့လည်း စိတ်ဆင်းရဲပြီး စိတ်မချမ်းမသာဖြစ်လို့မဆုံးဘူး။ ဇာမဏီကတော့ အဲဒီ ဒုတိယလူစားမျိုးပေါ့"

အရင်ကတော့ ဇာမဏီကို ကိုယ်ချင်းစာကြည့်ပြီး သနားသလိုလို ဖြစ်နေခဲ့သေးတယ်။ ခုတလောကျတော့ ဇာမဏီ ဘာဖြစ်လာလဲတော့မသိ။ မျက်နှာက ပိုပြီး အေးစက်မာကြွပ်လာကာ စိတ်နဲ့လူနဲ့ မကပ်တော့တာကိုလည်း နည်းနည်းတော့ သတိထားမိပါသည်။

ဒီနေ့တော့ ဘာကြောင့်ရယ်မသိ ဦးလင်းအိမ်ဆိုတဲ့ လူနဲ့ပတ်သက်ပြီး စွပ်စွဲသလိုလို၊ လှောင်ချင်သလိုလို အပြောမျိုးနဲ့ ရန်စခံရသောအခါ မေမျိုးအောင် စိတ်ထဲမှာ ဇာမဏီကို သနားလို့ပင် မရတော့။ တမင်ရန်လိုသည်ဟု စိတ်ထဲမှာ ထင်ကိုထင်မိသည်။

"ကြော်ငြာဘုတ်တင်မှာ ဘယ်ပုံတဲ့လဲ ရည်မွန်။ နင့်ကို ဦးရဲနိုင် ပြောသွားလား"





မသီမာက အခြေအနေကို အကဲခတ်ရင်း စကားလမ်းကြောင်းလွှဲပြီး ရည်ရည်မွန်ကို မေးလိုက်သည်။

"ဒီပုံလေးတဲ့၊ ဒီပုံမှာ အားလုံး မျက်နှာပေး အကောင်းဆုံးဖြစ်နေလို့ ကြော်ငြာဘုတ်တင်ဖို့ ရွေးထားတယ်လို့ သူ ပြောသွားပါတယ်"

"မဂ္ဂဇင်းဂျာနယ်ကြော်ငြာပုံကျတော့ရော"

"အဲဒါတော့ မပြောသွားဘူး"

"အေး ... ဦးရဲနိုင်လည်း ဝမ်းသာမှာပဲ။ သူ့ဆီမှာ အလုပ်လုပ်တဲ့ ဆရာမတွေ ကြော်ငြာရိုက်ရတယ်ဆိုတော့ သူ့ရေကူးကန် လူသိပိုများသွားပြီး လူဝင်လည်းများမှာလေ။ လခတော့ တိုးတောင်းရမယ်ဟေ့။ ဌာနချုပ်တစ်ခုမှာ ကလေးရှစ်ယောက်ထက်ပိုထည့်လာလို့ကတော့ လခလည်းတိုးတောင်းပြီသာမှတ်"

ဇာမဏီသည် ဘယ်သူ့ကိုမှ စကားလက်ဆုံမကျဘဲ သိသိသာသာပင် တစ်ယောက်တည်း ခွဲထွက်သွားပါသည်။ မိန်းမအုပ်စုတို့ရဲ့ အကျင့်အတိုင်း တစ်ယောက်ထ,သွားလျှင် ထိုတစ်ယောက်အကြောင်း ပြောမိကြသလိုပဲ ကျန်လေးယောက်လည်း ပြောကျန်ခဲ့ကြမည်မှန်း သိပါသည်။ သို့သော် ဘယ်သူနဲ့မှလဲ စကားပြောချင်စိတ် မရှိရာ အသာထထွက်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီရက်ပိုင်းအတွင်းမှာမှ ဦးလင်းအိမ်ကို ပိုတွေ့ချင်လာသည်။ ပိုပြီး လွမ်းလည်း လွမ်းမိသည်။ လွမ်းတာမှ နေလို့မရအောင် လွမ်းသည်ဖြစ်ရာ တစ်ခါတလေ အော်ပြီးတ,ပြီး ငိုပစ်လိုက်ချင်သည်။ လွမ်းရလွန်းသဖြင့် ဘာလုပ်ရမှန်းမသိဖြစ်ကာ ညဘက်ကြီး ထထိုင်မိလျက် တွေ့ကရာ စာရွက်လွတ်တစ်ရွက် ရှာပြီး ဘော်လ်ပင်နဲ့ ...

"ကိုကို့ကို ချစ်တယ်၊ ကိုကို့ကို လွမ်းတယ်၊ သေလောက်အောင်လွမ်းတယ်။ လွမ်းလို့ ဘယ်လိုနေရမှန်းတောင် မသိတော့ဘူး ကိုကိုရယ်၊ ဏီဆီ လာခဲ့ပါတော့နော်"

ဆိုသော ဘာမှန်းညာမှန်း မသိသည့် စာသားတွေ ချရေးပြီး စိတ်ပြေရာပြေကြောင်း ဖန်တီးမိသည်မှာ ခဏခဏ။

ဒီကြားထဲ မြင့်မြတ်နဲ့ မဆုံအောင်လည်း ရှောင်ရသေးသည်။ အဲဒီခွေးကောင်ကလည်း တစ်မျှောင့်။

"ဘယ်လိုလဲ ဦးလင်းအိမ်နဲ့ ကိုယ့်ကို ဘယ်တော့ပေးတွေ့မှာလဲ။ ဘယ်တော့ လက်ဆွဲနှုတ်ဆက်ပြီး ကွန်ကရက်ကျူးလေးရှင်း လုပ်ရမှာလဲ"

လို့ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ မေးသည်။ အဲဒီလိုမေးတိုင်း ကိုယ့်ကို တမင်လာရီသလား။ နင် ညာထားတာ ငါသိပါတယ်ဆိုပြီး လာလှောင်သလားလို့ ခံစားရသဖြင့် မြင့်မြတ်နဲ့ဆုံရမှာပင် ကြောက်လာသည်။





ပြန်တွေးကြည့်ရင် ဦးလင်းအိမ်ကလည်း တစ်ဆိတ်တော့ သိပ်ရက်စက်လွန်းပြန်သည်။ ဏီမှာ ဘာအပြစ်ရှိလို့ လာတွေ့ရတာလဲ။ ဏီနဲ့ ဆုံနိုင်မှန်းသိရက် ဘာကြောင့်ဆုံဖို့ မကြိုးစားတာလဲ။ ဏီကတော့ ချစ်လိုက်ရတာ။ ကိုယ့်ဘက်က သိပ်ချစ်အားရင် အဲဒီလူဆီကပါ အချစ်တွေပြန်ရလိမ့်မယ်ဆိုတဲ့ ထင်မြင်ချက်ဟာ ဘာမှ မှားစရာမရှိဘူးလို့ ဏီ ယုံကြည်ပါသည်။

သို့သော် ဦးလင်းအိမ်ဆီမှ ခုထိ ဘာတုံ့ပြန်ချက်မှ မရသောအခါ ဏီသည် အားမလို အားမရ ဖြစ်လာမိသည်။ ဏီ သိပ်လွမ်းရတဲ့အဆုံး မနေနိုင်တော့တဲ့တစ်ရက်မှာတော့ ဏီ အလုပ်ကို ထွက်လာပေမဲ့ လမ်းဘေးမှာရှိသောဖုန်းဖြင့်ပင် အလုပ်မလာနိုင်ကြောင်း ခွင့်တိုင်လိုက်သည်။ အလုပ်မသွားဖြစ်ပေမဲ့ ဏီ အိမ်မပြန်ပါ။

ဏီသည် သိပ်ချစ်ရသူကို အလွမ်းပြေဖြစ်ဖို့ ခွန်အားတွေ၊ သတ္တိတွေမွေးပြီး သူ့ဆီသွားတွေ့ဖို့ စိတ်ကူးကို ရဲရဲဆုံးဖြတ်လိုက်ပြီးလေပြီ။

○ ❧ ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

လင်းအိမ်သည် ရုံးခန်းမှာထိုင်ပြီးပြီးချင်း သူ မရောက်ခင်ကတည်းက လာတင်ထားသော လက်မှတ်ထိုးစရာ ဖိုင်လ်တွဲများ၊ ရုံးသို့လာသောစာများကို ကောက်ကိုင်ဖတ်လိုက်ရှုရှိသေးသည်။ သူ့အခန်းတံခါး စေ့ထားသည်ကို မဝင်ခင် အသာခေါက်လိုက်သံကြားရသဖြင့် ...

"ဝင်ခဲ့ပါ"

ဟု ခွင့်ပြုလိုက်တော့မှ သူ၏ အတွင်းရေးမှူးဖြစ်သော ဒေါ်ကေသွယ် ခေါင်းပြူလာသည်။

"ဦးလင်းအိမ်နဲ့ တွေ့ချင်တယ်ဆိုတဲ့ဧည့်သည်တစ်ယောက် ရောက်လာလို့ပါ"

"ဘယ်သူများလဲ။ အလုပ်အင်တာဗျူးလုပ်မယ်ဆိုပြီး ချိန်းထားတဲ့လူ ရှိလို့လား ဒေါ်ကေသွယ်"





"မရှိပါဘူး၊ သူက ဧည့်သည်ပါ၊ သူ့နာမည် ဇာမဏီလို့တော့ ပြောတယ်။ ကျွန်မလည်း တစ်ခါမှ မကြားဖူးလို့ ဦးလင်းအိမ်ကို အရင်လာမေးတာပါ"

ဇာမဏီ ဟူသော အမည်ကို ကြားလိုက်ရတော့ လင်းအိမ် နည်းနည်းလန့်သွားပါသည်။ သူ့အပေါ် လိုအပ်တာထက် ပိုရင်းနှီးပြသော၊ အရိပ်တစ်မျိုးပါသည့် မျက်လုံးအကြည့်နဲ့ ရိတီတီကြည့်တတ်သော၊ အမူအရာတစ်မျိုးနဲ့ မိန်းကလေးကို သူ မတွေ့ချင်ပါ။ မလိုလားပါ။ မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာကိုထောက်ပြီး ပစ်ပစ်ခါခါ အတွေးမျိုး မတွေးချင်သဖြင့် စိတ်ထဲမှာ ထိုမိန်းကလေးအကြောင်း ဖျောက်ထားခဲ့ပါသည်။ အခုတော့ သူမက သူ့ရုံးခန်းရှိရာပင် ရောက်လာခဲ့သည်တဲ့။ ဘုရားရေ ဘယ်လိုလုပ်ရပါ့မလဲ။

ဒေါ်ကေသွယ်ကတော့ တွေတွေဝေဝေ စဉ်းစားနေသည့် လင်းအိမ်၏ အမူအရာကို အကဲခတ်မိပြီး ...

"ဦးလင်းအိမ် အဆင်မပြေရင် ကျွန်မ တစ်ခုခုအကြောင်းပြပြီး ငြင်းပေးလိုက်မယ်လေ"

"အင်း ... ကျွန်တော့်ဧည့်သည်ဆိုတော့ တကူးတကလည်း လာတာဆိုတော့ ခဏဖြစ်ဖြစ် တွေ့လိုက်ပါမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမရှိဘဲနဲ့တော့ လာမယ်မထင်ပါဘူး၊ သူ ကိစ္စရှိ
လာတာဖြစ်မှာပါ"

လင်းအိမ်သည် တိုင်ပင်စရာမရှိသဖြင့် ဒေါ်ကေသွယ်
ကိုပင် တိုင်ပင်သလိုလို ရေရွတ်ပြောလိုက်ပြီး ...

"ဝင်လာခိုင်းလိုက်ပါ၊ ဒါပေမဲ့ သူ သိပ်ကြာနေမှာစိုးတော့
သူ ဆယ့်ငါးမိနစ်လောက် စကားပြောပြီးရင် ဒေါ်ကေသွယ်
အခန်းထဲဝင်လာပြီး အစည်းအဝေးရှိလို့ သတိလာပေး
ကြောင်း ကျွန်တော့်ကို လာပြောပါနော်။ မလိုအပ်ဘဲ
ကျွန်တော် စကားအများကြီး ပြောမနေချင်လို့ပါ၊ သူ့
ဘာမှ ဖြစ်လို့တော့မဟုတ်ပါဘူး။ တချို့ကလေ အလို
မသိဘဲ အကြာကြီးထိုင်စကားပြောချင်ရင် ပြောတတ်
ပါ"

ဟူ၍ အဆင်ပြေပြေနဲ့ အကြောင်းပြချက်လည်း
ခိုင်လုံသော၊ တစ်ဖက်မိန်းကလေးအပေါ်လည်း သိက္ခာမကျစေ
သော စကားကို ရှေးပြောလိုက်ပါသည်။

ဒေါ်ကေသွယ် ပြန်ထွက်သွားပြီး သိပ်မကြာ
ရုံးခန်းမှန်နက်တံခါးကို တွန်းဖွင့်ဝင်လာသော ဇာမဏီကို တွေ့ရ
သည်။ ဇာမဏီကို တွေ့လိုက်ရတော့ လင်းအိမ် နည်းနည်းတော





အံ့သြသွားသည်။ သူ နောက်ဆုံးတွေ့ချိန်တုန်းကတောင် ဒီလောက်
မပိန်သေးသဖြင့် အခုတွေ့လိုက်ရချိန်မှာ သိသိသာသာကြီး ပိန်
သွားပြီး မျက်လုံးတွေကလည်း အိပ်ရေးမဝသလို မျက်လုံးတွေမျိုး
ဖြစ်နေသဖြင့် အံ့သြသွားတာဖြစ်ပါသည်။

"လာပါ ထိုင်ပါ ဇာမဏီ၊ ကျွန်တော်လည်း ခုလေးတင်
ရုံးခန်းရောက်တာ"

"ဏီ အလုပ်မသွားဘဲ ဒီကိုလာတာပါ"

ဇာမဏီသည် မမြင်ရတာ တစ်လလောက်တောင်
ရှိနေပြီဖြစ်သော ဦးလင်းအိမ်၏ ချောမောတည်ကြည်လှသော
မျက်နှာကို တစ်ဝကြီးငေးစိုက်ကြည့်မိရင်း ဒီတစ်ခွန်းသော စကား
စပြောနိုင်လေသည်။

လွမ်းလိုက်ရတာ ကိုကိုရယ်။ အခုမှပဲ အလွမ်း
နည်းနည်းပြေသွားသလိုပဲ။ ပြီးတော့ ဘယ်အချိန် ကြည့်လိုက်
ကြည့်လိုက် ချောမောခန့်ညားနေတဲ့ ကိုကို့ကို ဏီ သိပ်ချစ်တာပဲ၊
ပြောပြချင်လိုက်တာ ကိုကိုရယ်။ ရှပ်အင်္ကျီ မီးခိုးရောင်ရင့်ရင့်
လက်ရှည်ကို လက်ကြယ်သီး အပြည့်တပ် ဝတ်ထားတဲ့ ကိုကို့
လောက် ဘယ်ယောကျာ်းမှ ကြည့်မကောင်းဘူး။ ဏီ ကိုကို့ကိုပဲ
ချစ်မှာပါ။ တစ်သက်လုံး တစ်သက်လုံး သိလား။ ဏီသည်ရင်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ စကားတွေအများကြီးပြောနေမိသည်။ နှုတ်ကတော့ တစ်ခွန်းမှမဟမိဘဲ ကိုကို့ကိုသာ စိုက်ကြည့်နေမိသည်။

လင်းအိမ်သည် ဝင်လာကတည်းက စကားတစ်ခွန်းကလွဲရင် ဘာစကားမှမပြောဘဲ သူ့ကို ငေးရီတမ်းမက်စွာ စိုက်ကြည့်နေသောကြောင့် စိတ်ထဲမှာ ရှုပ်ထွေးလာကာ ...

"ကဲ ... ဘာကိစ္စလဲ ဇာမဏီ၊ ကျွန်တော် ဘာများ အကူအညီပေးရမလဲ"

ဟု စကားစ,လိုက်သည်။ နောက်မို့ ဘာစကားမှမပြောဘဲ စိုက်ကြည့်နေပုံကြီးက ယောက်ျားတန်မဲ့နဲ့တောင် ဘာကိုကြောက်မှန်းမသိ ကြောက်လာမိသလိုပဲ။

"ဇာ ဒီနေ့ အလုပ်မသွားဘူး"

"ဪ ..."

"လူကနေကောင်းပါတယ်၊ စိတ်ကနေမကောင်းတော့ ဘာလုပ်လုပ် စိတ်မပါတာနဲ့ တစ်ရက် နားလိုက်တာလေ။ ဦးလင်းအိမ်ဆီ သွားချင်စိတ်ပေါ်လာတာနဲ့ ထွက်လာတာပါ။ ဘာကိစ္စမှတော့ မရှိပါဘူး"

"ကျွန်တော့်ဆီလာလည်တာ သတိတရရှိတာ ဝမ်းသာပါတယ်။ ဒါပေမဲ့ အားတော့နာပါတယ် ဇာမဏီ။ ကျွန်တော်





ထိုင်ငြိမ်ခံစကားပြောဖို့ အချိန်အများကြီးမပေးနိုင်ဘူး ဖြစ်နေတယ်၊ ဒီမှာ လက်မှတ်ထိုးပေးရမှာတွေ အများကြီးပဲ။ လက်မှတ်ကို ဖျတ် ဖျတ်နဲ့ ထိုးပေးလို့လည်း မဖြစ်ဘူးလေ။ သေသေချာချာတော့ ဖတ်ရဦးမှာမို့ ခဏလေးနဲ့ မပြီးဘူး။ ပြီးတော့ ဒီနေ့ အစည်းအဝေးလည်း ရှိသေးတာမို့"

"အင်းပါ ... အင်းပါ ... သိပါတယ်၊ တကတဲမှပဲ သူ့အချိန်တွေ အလိုက်မသိဘဲနဲ့ ဖဲ့ယူခံရမှာစိုးလို့ ရှင်းပြနေလိုက်တာ။ ဇာ သိပါတယ်။ ဇာ နားလည်ပါတယ်၊ ဦးလင်းအိမ်က သိပ်အလုပ်များတဲ့ လုပ်ငန်းရှင်ကြီးပဲ"

"ဇာမဏီတို့ ဓာတ်ပုံတွေလည်း ပို့ပေးပြီးပြီ။ Billboard တင်မဲ့ပုံလည်း အားလုံးအဆင်သင့်ဖြစ်နေပါပြီ၊ တင်ပြီးတဲ့ရက်ကျမှ ဦးရဲနိုင်ကတစ်ဆင့် ဘယ်နေရာတွေမှာ တင်ထားတယ်ဆိုတာ ပြောပြလိုက်မယ်။ မဂ္ဂဇင်းဂျာနယ်ကြော်ငြာပုံတွေကတော့ နောက်လကစပြီး ပါလိမ့်မယ်၊ အပတ်စဉ်ထုတ်ဂျာနယ်မှာတော့ စောင်ရေကောင်းတဲ့ ဂျာနယ်နှစ်စောင်လောက် အနည်းဆုံး ထည့်ဖြစ်လိမ့်မယ်။ လစဉ်ထုတ်မဂ္ဂဇင်းကတော့ သုံးအုပ်လောက် ထည့်ဖြစ်ဖို့ရှိတယ်၊ ပထမဦးဆုံးပါတဲ့ဂျာနယ်နဲ့ ပထမဦးဆုံးပါတဲ့ မဂ္ဂဇင်းကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲနိုင်ကတစ်ဆင့် လှူကြိုပေးလိုက်ပါ့မယ်၊ ကဲ ... ဓာမထီ ဘာသိချင်သေးလဲ"

လင်းအိမ်သည် စိတ်ထဲမှာ ခပ်ချဉ်ချဉ်ဖြစ်လာသဖြင့် သူ့ဘက်က ပြောစရာအကုန်လုံး ကုန်သလောက်နီးပါး ပြောလိုက်ပါသည်။ ဓာမထီကတော့ လင်းအိမ် စကားပြောပုံ ပြောဟန်မှန်သမျှလည်း ဓာတ်ပုံရိုက်ယူနေသလားထင်ရအောင် တိတ်ဆိတ်စွာ အသေးစိတ် စိုက်ကြည့်လျက်။ ကြာတော့ လင်းအိမ် စိတ်တိုလာသည်။ ဘာသဘောလဲကွ။ မိန်းကလေးတန်မဲ့ အဲဒီလောက် ဣန္ဒြေနည်းရသလား။ အဲဒီလောက် ရဲတင်းရသလား။

"ထီ လာတာ အလုပ်ကိစ္စတွေ သိချင်လို့မဟုတ်ပါဘူး။ ဦးလင်းအိမ် ရုံးခန်းကို မြင်ဖူးချင်လို့။ ပြီးတော့ ရုံးခန်းမှာရှိတဲ့ ဝန်ထမ်းတွေထဲမှာ ဘယ်လိုမိန်းကလေးတွေ ပါလဲ သိချင်လို့ပါ။ စက္ကတေရီကတော့ မဆိုးဘူး။ အသက်ကြီးကြီး အန်တီကြီးကို ခန့်ထားတော့ စိတ်မပူရတော့ဘူး။ ကဲ ... ကဲ ... ထီ သွားလိုက်ပါဦးမယ်။ ဦးလင်းအိမ်က အလုပ်တွေ အများကြီးလုပ်ဖို့ ရှိနေသေးတယ်လေ ထီ နားလည်ပါတယ်။ လူမပင်ပန်းပေမဲ့ စိတ်ပင်ပန်းရတာကို ထီ သိပ်သနားတာပဲ"





ဓာမထီသည် ပြောပြောဆိုဆို ထိုင်ရာမှ ထနေစဉ် ဒေါ်ကေသွယ်ကလည်း လင်းအိမ် မှာထားသောအချိန်စေ့သဖြင့် အထဲဝင်လာတာနဲ့ တိုက်ဆိုင်သွားလေသည်။

"ဦးလင်းအိမ် အစည်းအဝေးက နောက်ငါးမိနစ်ဆို လူစုံပြီလို့ လာသတင်းပို့တာပါ"

ဒေါ်ကေသွယ်က ဓာမထီကိုတော့ ခဏသာ ဖျတ်ခနဲကြည့်ပြီး လင်းအိမ်ကိုသာ တိုက်ရိုက်လှမ်းပြောလိုက်ပါသည်။

"ထီလည်း ပြန်တော့မှာပါ"

ဓာမထီ သူမဘာသာ ပြောလည်းပြော၊ တံခါးဆီလည်း စျှင်လျှောက်သွားတော့လေသည်။

"သြော် ... ညှိသည်ကို လက်ဖက်ရည်နဲ့မုန့် လာပို့ခိုင်းဖို့တောင် ကျွန်တော် မေ့သွားတယ် ဒေါ်ကေသွယ်"

လင်းအိမ်သည် အားလည်းနာတတ်သဖြင့် မိန်းကလေးက အလိုက်တသိ ထသွားပြန်တော့ အားနာပြီး စကားဆက်နေမိသော သူ့ကိုယ်သူ အပြစ်တင်မိပြန်လေသည်။

"ရပါတယ်၊ ထီ နောက်တစ်ခါမှပဲ စားပါတော့မယ် ဦးလင်းအိမ်"

လင်းအိမ်သည် ဓာမထီ လှည့်ပြောသွားသောစကားနှင့် စူးစူးနစ်နစ် ပြန်စိုက်ကြည့်သွားသော အကြည့်ကြောင့် ရင်



www.burmeseclassic.com

www.burmeseclassic.com




ထဲတွင် မတင်မကျ၊ မအီမလည်ကြီးဖြစ်လျက် ဒေါ်ကေသွယ်ရှေ့မှာပင် ဟန်မဆောင်နိုင်လောက်အောင် မျက်မှောင်ကြီးကြုတ်ပြီးခေါင်းကို ခါနေမိတော့သည်။

○ ❧ ○








www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"မောင်မြင့်မြတ် အားရင် ဦးလေးနဲ့ လက်ဖက်ရည်ဆိုင် ခဏလိုက်ထိုင်ပါလား"

ဟူသော ဖိတ်ခေါ်သံနှင့်အတူ မျက်နှာလည်း ခပ်ညှိုးညှိုးဖြစ်နေသည့် ဇာမဏီအဖေကို သတိပြုမိသဖြင့် (အရင်ကတော့ ဇာမဏီအဖေ မျက်နှာဟာ မိန်းမ ရောဂါဖြစ် ဆုံးပြီးကတည်းက သိပ်ရွှင်ရွှင်ပျပျကြီး မဟုတ်ပေမဲ့ အခုလောက် [illegible]က်ယွင်းနေတာမျိုး မတွေ့ဖူးခဲ့ပါ) မြင့်မြတ် နည်းနည်းတော့ စပ်စုချင်သွားပါသည်။

ပြီးတော့ တော်ရုံတန်ရုံလည်း ဒီလိုတကူးတကကြီး ခေါ်ခဲသောကြောင့် သူ့မှာ ပြောပြစရာ တစ်ခုခုတော့ ရှိမှာပဲလို့ မြင့်မြတ် စဉ်းစားမိပြန်သည်။





ဒါနဲ့ပဲ လမ်းမမှာ မျက်နှာချင်းဆိုင်တွေ့ကြပြီးနောက် ဇာမဏီအဖေ ဦးထွန်းနဲ့ မြင့်မြတ်တို့ လမ်းထိပ်လက်ဖက်ရည်ဆိုင်တွေဘက်ဆီပဲ လမ်းအတူပြန်လျှောက်လာကြပါသည်။ လက်ဖက်ရည်ဆိုင်မရောက်ခင်မှာပင် ...

"ဦးလေး မောင်မြင့်မြတ်ကို ပြောပြစရာလေးတွေလည်း ရှိနေတယ်ကွယ်၊ သားက ဘာပဲဖြစ်ဖြစ် ဆေးကျောင်းလည်း ပြီးခါနီးပြီ။ ဦးလေးတို့နဲ့လည်း ရပ်ဆွေရပ်မျိုးတွေလို ဖြစ်နေတယ်။ ကိုယ့်မျက်စိအောက်တင် ဒီကလေးတွေ ကြီးပြင်းလာတာမြင့်ရတော့ ကိုယ့်သားသမီးလေးတွေလိုပါပဲ ထင်မိတယ်၊ သမီးနဲ့လည်း ငယ်သူငယ်ချင်း ကျောင်းနေဖက်တွေ ဆိုတော့ တစ်ခုခု တိုင်ပင်စရာရှိရင် သားကိုပဲ ပြေးမြင်မိတယ်"

အမှန်တော့ ဦးထွန်းလည်း လူကြီးပီပီ ကိုယ့်သမီးကို သဘောကျစွာ ပိုးပန်းနေသူ မြင့်မြတ်ကို လက်ခံချင်စိတ်ရှိနေ၍လည်း ဘာကိစ္စလေးပဲဖြစ်ဖြစ် မြင့်မြတ်ကိုသာ တိုင်ပင်ဖို့ စိတ်ကူးမိတာလည်း ဖြစ်နိုင်ပါသည်။

"ရပါတယ် ကျွန်တော်လည်း ဦးလေးတို့ကို ခင်ပါတယ်၊ ဘာကိစ္စများလဲ"

"သား ဘယ်သူ့ကိုမှတော့ မပြောမိစေနဲ့ပေါ့၊ ဟို ကုန်ကန်ပြောမယ်၊ သားမိဘတွေတောင် မပြောပါနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ် ရင်ထဲ ထိတ်သွားသည်။ ဇာမဏီ ဘာများ မကောင်းတာဖြစ်လို့လဲဆိုပြီး တွေးပူသွားသည်။ သူ့ဖြေး ဦးလင်းအိမ် နဲ့ပဲ ရည်းစားဖြစ်နေပြီလိုလိုမျိုး ဇာမဏီက ပြောထား၍ မြင့်မြတ် စိတ်ထဲမှာ ဖြစ်နိုင်တာတွေ လျှောက်တွေးပြီး စိတ်ပူသွားသည်။

"စိတ်ချပါ မပြောပါဘူးခင်ဗျာ"

"တခြားအကြောင်းတော့မဟုတ်ပါဘူး။ သမီးအကြောင်းပါ"

လက်ဖက်ရည်ဆိုင်ထဲ ရောက်လာပြီဖြစ်သဖြင့် နေရာဝင်ယူလိုက်ကြသောကြောင့် စကားစလည်း ပြတ်သွားသည်။ စားပွဲထိုးကောင်လေး လာရပ်သဖြင့် မြင့်မြတ်ကပဲ ...

"ချိုပေါ့ကျတစ်ခွက် ဦးလေးအတွက်ကတော့ ချိုပေါ့ဆိမ့်နော်၊ သိပ်မကျနဲ့ ဦးလေးက ခါးရင် ဗိုက်အောင့်တတ်တယ်တဲ့"

ဟု ပြောပြီး မှာပေးလိုက်သည်။

ဦးထွန်းသည် မြင့်မြတ်၏ အလိုက်သိတတ်ပုံကို သဘောကျစွာ ကြည့်နေလေသည်။ ဒီသူငယ်လေးကိုသာ သမက်တော်လိုက်ရရင် ဘယ်လောက်စိတ်ချရတာရှိမလဲ။ သမီး ဇာမဏီကိုလည်း ချစ်မြတ်နိုးသေးတယ်။ လူကြီးသူမလည်း သိတတ်တယ်။ အခုခေတ်ထဲမှာ သိပ်ရှားပါးတဲ့ ယောကျ်ားလေးပုံစံပဲ။ ပညာလေးကလည်းတတ်။ မိဘကလည်း ကိုယ့်ရဲ့ရပ်ဆွေရပ်မျိုးတွေ။ သမီးဇာမဏီ သူ့ကို ရွေးရင် သိပ်ကောင်းမှာပဲ။





"ဦးလေး အစာအိမ်ရောဂါကရော ဘယ်လိုနေသေးလဲ"

"အစားလေး ပုံမှန်စားပြီး ရှောင်သင့်တာလေးတွေ ရှောင်ရင်တော့ မအောင့်ပါဘူး သားရယ်။ ခုနက သားမှာသလိုပေါ့ လက်ဖက်ရည်ကလည်း ကြိုက်တော့ အခါးလျှော့နိုင်းပြီးသောက်ရတယ်၊ အရင်က မနက်တစ်ခါ နေ့လယ်တစ်ခါ ညတစ်ခါသောက်ပေမဲ့ အခုတော့ နေ့လယ်ပိုင်းလေးတစ်ခါပဲ သောက်တော့တယ်၊ ဆေးလည်းပုံမှန်မပျက်သောက်ထားတယ်၊ ဒါမှ သိပ်ဆိုးဆိုးရွားရွားကြီး မဖြစ်လာမှာလေ၊ ရောဂါဆိုတာ ဖြစ်မှကုရင် လူလည်းခံရတယ်၊ ပိုက်ဆံလည်း ပိုကုန်တယ် သားရဲ့။ ဒါကြောင့် ကြိုတင်ပြီး သတိလေးနဲ့ နေရစားရတာပေါ့"

"ကျွန်တော်လည်း ကောင်းမဲ့ဆေးတွေ ဆရာကြီးတွေဆီက မေးထားပါ့မယ်"

ဦးထွန်းသည် လာချသော လက်ဖက်ရည်ကို အသာယူသောက်လိုက်ပြီးမှ ခွက်ကို ပြန်ချရင်း ...

"ဦးလေး ပြောချင်တာက ဇာမဏီ့ အခြေအနေပါ"

တကယ်ကြားရတော့မယ်ဆိုတော့ မြင့်မြတ် ရင်ထဲ ပြန်ပူလာပြန်သည်။ ဇာမဏီနဲ့ ပတ်သက်ရင် ကောင်းသောသတင်းကိုပဲ ကြားချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘာဖြစ်လို့လဲ ဦးလေး"

"ဦးလေးလည်း သေသေချာချာတော့ မပြောတတ်ပါဘူး သမီး ကြည့်ရတာ စိတ်ရောဂါတစ်ခုခု ဝင်နေသလားလို့"

မြင့်မြတ်သည် မမျှော်လင့်ထားသော အကြောင်း အရာမို့ အံ့သြသွားသည်။ သူ ထင်တာက ဦးလင်းအိမ် ဆိုသော သူနဲ့ပတ်သက်ပြီး ဇာမဏီမှာ တစ်ခုခုများ ဖြစ်သလားလို့ပါ။

"အရင်ကလည်း သမီးဟာ သိပ်ပြီး တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် နေတတ်တဲ့ မိန်းကလေးမျိုးတော့ မဟုတ် ပါဘူး။ မျက်နှာမှာ သိပ်ပြီးခံစားချက် မပြတတ်တဲ့ မိန်းကလေးပါပဲ။ ဦးလေးတောင် သူ့ကို သတိထားမိခဲ့တယ်။ သမီးမှာ သိပ်ရင်းနှီးတဲ့သူငယ်ချင်းလည်း မရှိဘူး၊ လူငယ် မိန်းကလေးတွေလို ဝယ်ဝယ် မဝယ်ဝယ် ဈေးပင်လုပ်တာ တို့၊ ပွဲလမ်းသဘင်သွားတာတို့လည်း သိပ်မတွေ့ရဘူး။ မတွေ့ရသလောက်နီးနီးပါပဲ။ အလုပ်ကပြန်လာမယ် ထမင်း ဟင်းချက်မယ်၊ TVရှေ့မှာထိုင်မယ်၊ အချိန်တန်ရင် ဝင်အိပ် မယ်၊ မနက်ကျထ၊ ချက်ပြုတ်၊ ပြင်ဆင်ပြီး အလုပ်သွား မယ်၊ ဒီလိုနဲ့ပဲ သူ့ဘာသာ ပျင်းစရာ ကောင်းလောက် အောင် လည်ပတ်နေရတာ၊ ကိုယ့်သမီးကိုယ် သနားလည်း သနားမိပါတယ်၊ ဒီလိုချည်းနေတဲ့ ပုံစံဟာ ပုံမှန်မဟုတ်





ဘူးလို့လည်း ထင်တယ်လေ၊ သူ့ခမျာ ဘာကြောင့်များ ဒီလိုနေနေသလဲလို့ တွေးကြည့်မိပါတယ်"

မြင့်မြတ်သည် ဦးထွန်း ပြောတာတွေ ဟုတ်နေသဖြင့် ဇာမဏီပုံစံကို မျက်လုံးထဲတွင် မြင်ယောင်ပြီး ခေါင်းညိတ်ထောက် ခံမိလေသည်။

"အခုတလောမှာမှ သမီး တစ်မျိုးဖြစ်လာတယ်၊ ည,ညဆို မအိပ်ပျော်ဘူးထင်ပါရဲ့။ တချွတ်ချွတ်နဲ့ ထနေတာ ညလုံး ပေါက်နီးပါးပဲ။ ပြီးတော့ စိတ်နဲ့လူနဲ့ မကပ်သလိုပဲ လုပ် ပြီးသားကို ပြန်လုပ်ရင်လည်း လုပ်တယ်။ ဟင်းတွေလည်း ဆားမထည့်ရသေးတဲ့နဲ့ ချက်လိုချက်။ ဆားထည့်ပြီးသား လည်း ထပ်ထည့်လိုထည့်ဖြစ်တာ အကြိမ်ရေမနည်းတော့ ဘူး။ အလုပ်က အပြန်တွေလည်း တော်တော်ကြီးကို နောက်ကျကျလာတတ်တယ်။ မေးလိုက်ရင်လည်း မညာ ဘူး၊ အမှန်အတိုင်းပြောတယ်၊ အိမ်မှာနေရတာ ပျင်းလို့ အပြင်မှာ ကြာကြာအချိန်ဖြုန်းတာတဲ့ ...

တစ်ခါတလေကျ မနက်အိပ်ရာထလာရင် တစ်ည လုံး ငိုထားလို့ မို့အစ်နေတဲ့ မျက်နှာမျိုးနဲ့လည်း တွေ့ရ တတ်တယ်။ ပြီးတော့ သူပြောတယ် အလုပ်ထဲမှာ ဘယ်သူ နဲ့မှ မတည့်တော့ဘူးတဲ့၊ အားလုံးနဲ့ ချဲထားတယ် ဆိုပါး



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။ အရင်က ဒီလိုမဟုတ်ပါဘူး။ သူက သူငယ်ချင်းတော့ မရှိပေမဲ့ မဖြစ်မနေပေါင်းသင်းဆက်ဆံရမဲ့သူဆိုလည်း သည်းခံပြီး ပေါင်းပါတယ်၊ အဲဒါတွေကြောင့် ဦးလေး စဉ်းစားမိလာတာက သမီးမှာ စိတ်ဆင်းရဲစရာ တစ်ခုခုကြောင့် စိတ်ရောဂါများ ဝင်နေသလားလို့ပါ"

မြင့်မြတ်သည် အားလုံးကို သေသေချာချာ ကြားလိုက်ရသောအခါ ဒီလိုဖြစ်လာတာရဲ့ တရားခံက ဦးလင်းအိမ်ပဲလို့ ချက်ချင်း အဖြေထုတ်လို့ ရသွားပါသည်။

"ဒီလိုဖြစ်ရုံနဲ့ သူ့ကို စိတ်ရောဂါဖြစ်နေတယ်လို့တော့ ပြောလို့မရပါဘူး။ သူ့မှာ စိတ်ညစ်စရာတစ်ခုခု ရှိလို့ဖြစ်မှာပါ။ သူ ဦးလေးကို ဘာများ အရိပ်အမြွက်ပြောထားတာရှိလဲ"

"ဘာမှ မရှိပါဘူး"

"ရည်းစားကိစ္စရော"

ဦးထွန်း ပြုံးပါသည်။ ဓာမဏီမှာ ကြိုက်မဲ့သူဆိုလို့ မြင့်မြတ်တစ်ယောက်ပဲ ရှိထားတာ သူ သိသဖြင့် ဘယ်ကဘယ်လို ရည်းစားရရမှာလဲဟု ပြုံးမိတာဖြစ်ပါသည်။

"ရည်းစား မရှိနိုင်ပါဘူးကွာ"

"တကယ်လို့ ရှိနေရင် ဦးလေး ဘယ်လိုသဘောရလဲ"





"ဘယ်လိုမှသဘောမရပါဘူး သားရယ်၊ ဦးလေး ဖြစ်စေချင်သလိုမဖြစ်မှတော့ သူ ဖြစ်ချင်တာပဲ ပေးဖြစ်လိုက်မှာပဲပေါ့။ သမီး ရွေးလာတဲ့သူဟာ ဘယ်လိုလူမျိုးပဲ ဖြစ်နေနေ မတားပါဘူး။ သမီး စိတ်ချမ်းသာရင် ပြီးတာပဲ၊ လူဆိုတာ သူ့ဘဝနဲ့သူ စီစဉ်ထားပြီးသား။ မွေးရာပါပြီးသားပါ။ မိဘကလိုက်ကာယ်ဆယ်ပြင်ဆင်လို့လည်း ရချင်မှရတာ၊ ဒီတော့ အားလုံးစိတ်ဆင်းရဲရမဲ့ ကိစ္စမျိုးတော့ မလုပ်ပါဘူးကွာ"

မြင့်မြတ်သည် ဓာမဏီအကြောင်း သူ သိထားသမျှ ပြောရင်ကောင်းမလား၊ မကောင်းဘူးလားလို့ တစ်ချက်တော့ စဉ်းစားရပါသည်။ ဓာမဏီက သူ့ကိုပဲ ပြောထားတယ်ဆိုပေမဲ့ ဓာမဏီစကားထဲမှာ ...

"အဖေ့ကိုတော့ သွားမပြောနဲ့နော်"

ဆိုတာမျိုး မပါခဲ့သဖြင့် မြင့်မြတ် ပြန်ပြောလိုက်လည်း ပြဿနာတော့ ရှိမယ်မထင်။ မြင့်မြတ်သည် ဦးထွန်း မသိသေးသော ဦးလင်းအိမ်ဆိုသူအကြောင်း ပြောပြလိုက်ဖို့ ဆုံးဖြတ်လေသည်။

"သူ့ ကျွန်တော့်ကို ဟိုတလောက ပြောပြသွားတာတော့ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ"

"သူ့မှာ ချစ်သူရှိတယ်တဲ့"

"ဟော ... ဟုတ်လား။ သား သိနေပြီးသားလား"

"အဲဒီလူကြောင့်များလားလို့ပါ"

"ဘယ်သူနဲ့လဲ သမီး ဘယ်သူနဲ့ ကြိုက်နေတာလဲ"

မြင့်မြတ်သည် သက်ပြင်းတစ်ချက်ရှိုက်လိုက်ကာ_

"ဦးလင်းအိမ်တဲ့"

ဟု အမည်ကို ပြောလိုက်လျှင် ဦးထွန်းမှာ ထိုအမည် ပိုင်ရှင် ဘယ်သူဘယ်ဝါဆိုတာ သိပုံမပေါ်ပါ။ ဦးလင်းအိမ် ဟုတ်လား ဆိုသော အံ့ဩသံဖြင့် ရေရွတ်ခြင်းသာရှိသည်။

"ဦးတပ်ခေါ်ရတော့ အသက်ကြီးတဲ့ယောကျ်ားတစ်ယောက် လား"

"သူပြောတော့ သုံးဆယ်ကျော်လောက်ပါတဲ့၊ ဦးတပ်ခေါ် ရတာကတော့ အဲဒီလူဟာ သိပ်ချမ်းသာတဲ့ စီးပွားရေးလုပ် ငန်းရှင်တစ်ယောက်ဖြစ်နေလို့ပဲ"

"ဟင် ... ဟုတ်လား"

"ချောလည်းချောတယ်၊ ပိုက်ဆံလည်း သိပ်ချမ်းသာတယ် တဲ့"





"ဟုတ်ရဲ့လားကွာ၊ ဖြစ်နိုင်ပါ့မလား။ သမီး မင်းကို တမင် နောက်ပြောင်ပြီးများ ပြောသွားသလား"

ဦးထွန်းမှာ လုံးဝယုံကြည်ဟန်မတူဘဲ ရယ်ပင် ရယ် နေတော့သည်။

"သူ အသေအချာကို ပြောပြတာပါ။ ကျွန်တော် ဘာလို့ ယုံလည်းဆိုတော့ တစ်ရက်မှာ အဲဒီလူက သူ့ကို ကားနဲ့ အိမ်တောင်လိုက်ပို့ပေးလိုက်တယ်ဆိုတာ အမေပြောပြလို့ ပြန်သိရတယ် ဦးလေး၊ ဒါကြောင့် နောက်တစ်ရက်မှာ ကျွန်တော်လည်း သိချင်လို့ ဇာမဏီကို လိုက်မေးတော့မှ ဇာမဏီ သေသေချာချာ ပြောပြတာပါ။ သူ ညာပြောတာ မဖြစ်နိုင်ဘူးလို့ ထင်တယ်။ သူ တကယ်ပဲ ပြောတဲ့ပုံစံ ပါ"

ဦးထွန်းမျက်နှာသည် ခုနလောက် မလန်းတော့ဘဲ ပြုံးနိုင်တော့ဘဲ ညှိုးရော်ဖျော့တော့သွားပါသည်။

"ဒါဆိုရင်တော့ ရင်လေးစရာပဲ မောင်မြင့်မြတ်ရယ်"

မြင့်မြတ်မှာ ဘာဆက်ပြောရမှန်းမသိ ဖြစ်နေသဖြင့် ငြိမ်၍ နားထောင်ပေးလိုက်သည်။ ဦးထွန်းက သက်ပြင်းလေးလေး ကြီးချရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သူ့ရွေးလည်းသူ့ရွှေး၊ ရုပ်လည်းချောတယ် ဆိုတော့ အင်း ... အမှန်အတိုင်းဝေဖန်ရရင် သမီးလိုရုပ်ရည်လော ပဲရှိတဲ့ မိန်းကလေးကို ဘာကြောင့်ရွေးချယ်ပြီး မေတ္တာရှိ မလဲ။ သမီးက ရုပ်ရည်သိပ်ချောမော လှပနေတယ်ဆို လည်း တစ်မျိုးပေါ့၊ ယုံချင်ယုံလို့ရမှာပေါ့။ အခုတော့ မြင့်မြတ်ရယ် သားလည်း ယောကျ်ားလေးတစ်ယောက်အ နဲ့သိပါတယ်၊ ဇာမဏီက သာမန်ရုပ်ရည်ပဲရှိတာလေ။ သူ့ တကယ်အတည်ကြိုက်တာဖြစ်နိုင်ပါ့မလား၊ အင်း ... ပြော နဲ့ရင်လေးစိတ်ပူပြီး ဗိုက်တောင်အောင့်လာသလိုပဲ သားရယ်"

ဦးထွန်းသိန်းသည် တကယ်ပဲ ဗိုက်ကိုမင်နှိပ်လာသဖြင့် မြင့်မြတ် စိတ်မကောင်းဖြစ်သွားပါသည်။

"ဟာ ... ဦးလေး အဲဒီလောက်လည်း စိတ်မပူပါနဲ့ ကျွန်တော် စုံစမ်းပေးပါ့မယ်၊ အခုဟာက ဟိုလူနဲ့ အဆ မပြေဖြစ်ပြီး သူ့ စိတ်လေတာမျိုးပဲဖြစ်မှာပါ။ ဇာမဏီလည် အသိဉာဏ်ရှိတဲ့ မိန်းကလေးတစ်ယောက်ပဲလေ။ သူ သိ မိုက်မိုက်မဲမဲ အဖြစ်ခံမယ် မထင်ပါဘူး"

အစာအိမ်ရောဂါသမားတွေမှာ စိတ်ပူပင်သော တွေ သိပ်များလာရင်လည်း ဗိုက်က အလိုလို ပိုအောင့်တက်လ





သောသဘောရှိရာ ဦးထွန်းမှာ အခုနေရင်းထိုင်ရင်းပင် ဗိုက်တွေ အောင့်လာပုံနှင့် ချွေးစေးပင်ပြန်လာသည်။ မြင့်မြတ်လည်း ပြော ပြီးမှ မှားသွားပြီလားလို့ နောင်တရသွားမိပါသည်။

"ဦးလေး စိတ်လျှော့ပါ။ စိတ်ထဲမှာ သိပ်မပူပါနဲ့၊ ကျွန်တော် ရသလောက်စုံစမ်းပေးပါ့မယ်"

"ဖြစ်နိုင်ရင် သားရယ်။ အဲဒီ ဦးလင်းအိမ်နဲ့ပါ သွားတွေ့ပေး ပါ"

"ခင်ဗျာ"

မြင့်မြတ် အံ့သြသွားသည်။

"ဦးလင်းအိမ်ဆီ သွားတွေ့ပြီး ပြောပေးပါ သားရယ်။ သမီးကို တကယ်လက်မထပ်နိုင်ရင် ခဏတစ်ဖြုတ် အသုံး ချရုံနဲ့တော့ တွဲမနေပါနဲ့လို့၊ ဦးလေးတို့မှာ ဘာကျော ထောက်နောက်ခံမှလဲ မရှိဘူး။ မကောင်းတာတစ်ခုခုများ ဖြစ်လာခဲ့ရင် ဘာမှလဲ ပြန်မတုံ့ပြန်နိုင်ပါဘူး၊ ဒီတော့ အေးအေးဆေးဆေး ဖြစ်နေတဲ့ သမီးရဲ့ဘဝကို မနှောင့် ယှက်ပါနဲ့လို့ပေါ့၊ အဲဒီသဘောလေးပါအောင် သားပဲ သွားပြောပေးပါလား။ ဦးလေးကတော့ အဖေကြီးကိုယ် တိုင် သွားတွေ့ပြီး မပြောချင်ဘူး သားရယ်။ ရှက်ဖို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ်၊ မျက်နှာပွင့်ရလည်း ကောင်းတယ်၊ သားကတော့ သမီးရဲ့ အခင်ဆုံးသူငယ်ချင်းအနေနဲ့ ဦးလေးက တောင်းပန်ခိုင်းလိုက်လို့ လာပြောပေးတဲ့ကိုယ်စားလှယ် ပုံစံမျိုးနဲ့ သွားတွေ့ပေးနိုင်မလား”

မြင့်မြတ်သည် ရုတ်တရက်ကြီးမို့ ဘာပြန်ပြောရမှန်း မသိပါ။ သူ တစ်ခါမှ မတွေ့ထားဖူးသော ဦးလင်းအိမ်ကို သွားတွေ့ပြီး စကားပြောဖို့ဆိုသည့် အကြောင်းအရာသည် များစွာဆုံးဖြတ်ရခက် တွေဝေစေသည်။ အမှန်အတိုင်းပြောရရင် သူနဲ့လည်း ဘာမှ မဆိုင်သောကိစ္စထဲ ဝင်ပါရမှာ။ မပါရင်လည်း ရသားပဲ။ ဒါပေမဲ့ ဓာမဏီ ဟူသော သံယောဇဉ်ကြိုးက သူ့အပေါ်မှာ ခိုင်မြဲစွာ ရစ်နှောင်ထားပြန်သောအခါ ခေါင်းမရှောင်ရက် မငြင်းဆန်ရက်ပြန်ပါ။

“မောင်မြင့်မြတ် သွားပြောပေးနိုင်မလား”

ဦးထွန်းက သေချာချင်သလိုဖြင့် ထပ်မေးပြန်သည်။

“ကျွန်တော် ဝင်ပါလို့သင့်တော်ပါ့မလားလို့ တွေးနေတာပါ။ ဦးလေးက သွားပြောခိုင်းတာကို ပြောတော့ပြောပေးချင်ပါတယ်၊ ဒါပေမဲ့ ဓာမဏီ ပြန်သိရင် သူ ကျွန်တော့်အပေါ် အမြင်မှားသွား မှာစိုးရိမ်တယ်။ ပြီးတော့ ဟိုသူဌေးဆိုတဲ့





လူကလည်း ကျွန်တော့်လို ကောင်လေးတစ်ယောက် လာတောင်းပန်တာကို လက်ခံပါ့မလား”

“ဪ ... ဒါကတော့ သားရယ် ကိုယ်က တောင်းတောင်းပန်ပန် သွားပြောတာပဲ။ လက်ခံအောင် ဦးလေးတို့ အခြေအနေလေးတွေပါ ထည့်ပြောပေးပါ။ ဖြစ်နိုင်ရင် သားနဲ့ သမီးဟာ လူကြီးချင်းတောင် သဘောတူထားပြီးသားအဖြစ်နဲ့ပါ ထည့်ပြောရင် ပြောပေးပါ သားရယ်။ ဦးလေးလည်း သမီးကို တစ်ရက်မှာ သေသေချာချာလေး နားချပါဦးမယ်”

“ကျွန်တော်တို့ကို လူကြီးချင်းမှ သဘောမတူထားတာ။ ထည့်ပြောရင် သင့်ပါ့မလား”

“ဦးလေးက အဖေတစ်ယောက်အနေနဲ့ အမှန်အတိုင်း အမြင် ပြောရရင် မောင် မြင့်မြတ်ကိုပဲ သဘောကျပါတယ်၊ သားနဲ့ပဲ သဘောတူပါတယ်ကွယ်၊ အဲဒါ အမှန်အတိုင်းပဲ ဝန်ခံတာပါ။ သားဘက်ကသာ သားမိဘတွေ သဘောထားကို မသိသေးတာ မဟုတ်လား”

မြင့်မြတ်မှာ ဒီစကားကြားရတော့ ဝမ်းသာရမလို ဝမ်းမသာရမလို ဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးဘက်ကစပြီးပြောလို့ တစ်မျိုးတော့မထင်ပါနဲ့ မောင်မြင့်မြတ်ရယ်။ မောင်မြင့်မြတ်ဟာ ဆရာဝန်ဖြစ်မှာမို့ ဒီစကားမျိုးပြောလာတာလည်း မဟုတ်ပါဘူး။ မင်းဆရာဝန်မဖြစ်လည်း ဦးလေးက သမီးနဲ့ သဘောတူစရာဆိုလို့ မင်းပဲ မြင်ပါတယ်၊ ကိုယ့်မျက်စိအောက်မှာတင်ကြီးပြင်းလာတဲ့ကလေး။ မိဘတွေဆိုတာကလည်း တစ်လမ်းတည်းနေတဲ့ သူချင်းတွေ။ ရပ်ဆွေရပ်မျိုးလို ဖြစ်နေတာစိတ်နေသဘောထားတွေလည်း အထူးစုံစမ်းစရာမလိုဘူး။ သိထားပြီးသား လူတွေဆိုတော့ အဖေတစ်ယောက်ပီပီကိုယ့်သမီးလေးကို ဒီမိသားစုထဲသွင်းပါဆိုရင် ကျေကျေနပ်နပ် သွင်းချင်စိတ် ရှိပါတယ်"

မြင့်မြတ်သည် ဦးထွန်း စိတ်တိုင်းကျ ဦးလင်းအိမ်ကို သွားတွေ့ပြီး အကျိုးသင့်အကြောင်းသင့် ပြောရင်ရော တစ်ဖက်လူက လက်ခံမှာလား ဆိုသော မရေရာသောအတွေး ရှိတော့ ရှိနေသည်။ လူတစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်၊ သူ့ရဲ့လွတ်လပ်ခွင့်ကို သွားတားလို့တော့ မရမှန်းသိပေမဲ့ ဓာမဏိရဲ့ ဦးလင်းအိမ်ဆိုတာကို တွေ့တော့တွေ့ချင်သည်။ စကားလည်း ပြောကြည့်ချင်သည်။ ဓာမဏိနဲ့ပတ်သက်ပြီး ပြောကြဆိုကြရင် ဖြစ်ပေါ်လာမဲ့ ထိုသူ့မျက်နှာအမူအရာကို အကဲခတ်လေ့လာကြည့်ချင်သည်။ ဒါနဲ့ပဲ...





"ဦးလေး စိတ်ချမ်းချမ်းသာသာစောင့်နေပါ။ ကျွန်တော် ဦးလင်းအိမ်ကို သွားတွေ့ကြည့်ပါ့မယ်၊ သွားပြောကြည့်ပါ့မယ်။ လက်ခံသည် မခံသည်ကတော့ သူ့အပိုင်းပေါ့။ ဒါပေမဲ့ ကျွန်တော် သွားတွေ့ပါ့မယ်"

○ ❧ ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

ကုမ္ပဏီရုံးချုပ်ကြီးရှိရာ အဆောက်အအုံရှေ့ရောက် သောအခါ မြင့်မြတ်သည် ချက်ချင်းမဝင်သေးဘဲ ခဏရပ်ကြည့်နေ သည်။ ကုမ္ပဏီရုံးခန်းကတော့ တတိယထပ်မှာ ဖွင့်ထားပါသည်။ အဆောက်အအုံ၏ အောက်ဆုံးနှစ်ထပ်မှာတော့ အီလက်ထရောနစ် ပစ္စည်းပြခန်းကြီး ရှိနေသည်။ အပေါ်ထပ်တွေကို တက်ချင်ရင် တော့ ဓာတ်လှေကားလည်းရှိသည်။ ရိုးရိုးလှေကားမှလာ၍ တက်လို့ ရပါသည်။ အဆောက်အအုံရှေ့ ကားပါကင်မှာတော့ သက်ဆိုင်ရာ ကုမ္ပဏီယာဉ်များရပ်ရန် သတ်မှတ်ထားသည်မို့ မြင့်မြတ်သည် ကားတွေကို တစ်ချက်ကြည့်လိုက်ပါသည်။

Icy Cold ကုမ္ပဏီယာဉ်များသာဟု နေရာပြထား သော ကားပါကင်တွင် ကားတွေတော့ ရပ်ထားတာတွေ့သည်။





4WDတွေလည်း သုံးစီးလောက်တွေ့သည်။ ဘယ်ကားက ဦးလင်း အိမ်ကားလဲ။ မြင့်မြတ် တစ်ခါမှ မမြင်ဖူး၍ မသိပါ။

မြင့်မြတ်သည် နောက်ဆုံးတော့ စိတ်ဆုံးဖြတ်လိုက် ပြီးနောက် ဓာတ်လှေကားမှတစ်ဆင့် ကုမ္ပဏီရှိရာအထပ်ကို တက် သွားလိုက်ပါသည်။

ဓာတ်လှေကားတံခါး ပွင့်ပွင့်ချင်း တွေ့ရသည်မှာ အေးစိမ့်သော ကုမ္ပဏီရုံးခန်းကြီးထဲမှာ အလုပ်ကိုယ်စီလုပ်နေကြ သော တူညီဝတ်စုံဝတ် ဝန်ထမ်းတွေပင်။ အားလုံး ကွန်ပျူတာ ကိုယ်စီဖြင့် အလုပ်လုပ်နေကြသောမြင်ကွင်းမှာ နိုင်ငံခြားရုပ်ရှင် ကားတွေထဲကလို မြင်ကွင်းမျိုးဖြစ်နေသည်။

'Reception'ဟူသော ဆိုင်းဘုတ်တုံးလေး စားပွဲ မှာ တင်ထားသော စားပွဲဆီသို့ တန်း၍ လျှောက်သွားလိုက်ပါ သည်။

"ဘာကိစ္စရှိလို့လဲကွယ်"

အသက်သုံးဆယ်ကျော်လောက် အသက်ရှိမည်ထင် ရသော ဝန်ထမ်းအစ်မကြီးက မြင့်မြတ် ရပ်လိုက်လျှင် ရပ်လိုက် ချင်းပဲ မေးပါသည်။

"ကျွန်တော် ဦးလင်းအိမ်နဲ့ တွေ့ချင်လို့ပါ"

"ချိန်းထားလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ချိန်းတော့မထားပါဘူး၊ ကျွန်တော် တွေ့စရာကိစ္စလေး ရှိလို့ပါ"

"အလုပ်ကိစ္စလား"

"အလုပ်ကိစ္စတော့ မဟုတ်ပါဘူးခင်ဗျာ"

"အလုပ်ကိစ္စလည်း မဟုတ်ဘူးဆိုရင် ဦးလင်းအိမ်က တွေ့ချင်မှတွေ့မယ်။ ဒါပေမဲ့ အစ်မ သူ့စက္ကတေရီဆီ သတင်းပို့ပေးမယ် ဟုတ်ပြီလား၊ ခဏတော့ထိုင်စောင့်ပါ"

"ရပါတယ်ခင်ဗျာ"

မြင့်မြတ်သည် ဧည့်သည်လာရင် ထိုင်ဖို့ ချထားဟန်တူသော ခပ်မာမာတောင့်တောင့် လည်သာတုဆိုဖာများ ချထားသည့်နေရာမှာ သွားထိုင်စောင့်နေလိုက်သည်။

မြင့်မြတ် ထိုင်ပြီးရုံ ရှိသေးသည်။ Reception မှ အစ်မလေးက မြင့်မြတ်နား လာရပ်ပြီး ...

"ဆောရီးနော် အစ်မ နာမည်လေးမေးဖို့ မေ့သွားလို့ပါ။ မင်းနာမည် ပြောပါဦး"

"ဪ ... ရပါတယ်၊ ကျွန်တော့်နာမည် မြင့်မြတ်မောင်ပါ၊ ဆေး(၁)ကပါ၊ ဖိုင်နယ်ပါတ်ဝမ်း တက်နေပါတယ် အစ်မ"





"ရပြီနော်၊ အစ်မ ဦးလင်းအိမ် စက္ကတေရီဆီ လှမ်းသတင်းပို့ရင် တစ်ခါတည်း ပြည့်ပြည့်စုံစုံ ပြောနိုင်အောင်မေးတာပါ"

မြင့်မြတ်သည် သူ့နာမည်ပြောသာပြောလိုက်ရသည်။ ဦးလင်းအိမ် ဘယ်လိုမှ သိနေမှာမဟုတ်ဘူးဆိုတာ ကြိုသိသဖြင့် တွေ့ခွင့်ရမည်။ မရမည်မှန်း မသေချာပေမဲ့ ထိုင်တော့စောင့်နေလိုက်သည်။ Reception ဧည့်ကြိုဌာနမှ မိန်းကလေးက ထိုအချိန်တွင် စက္ကတေရီဖြစ်သူ ဒေါ်ကေသွယ်ထံ အင်တာကွန်လေးဖွင့်ပြီး လှမ်းသတင်းပေးလိုက်သဖြင့် ဒေါ်ကေသွယ်သည် ဦးလင်းအိမ် အခန်းကို အသာသွားခေါက်ပါသည်။

"ဦးလင်းအိမ် ဧည့်သည်တစ်ယောက် ရောက်နေတယ်"

ထိုသို့ကြားလိုက်ရတော့ လင်းအိမ် နည်းနည်းလန့်သွားသည်။ ခုတလောမှ သူ့ဆီ ဇာမဏီ ရောက်ရောက်လာပြီး ဘာမှ မယ်မယ်ရရလည်းမရှိသော စကားတချို့ပြော၍ ပြန်သွားတာမျိုးလုပ်တာ သုံးခါရှိပြီဖြစ်သဖြင့် ထိုသို့ ဧည့်သည်လာကြောင်း သတင်းပို့ခံရလျှင် စိတ်ထဲမှာ ဇာမဏီပဲလို့ တန်းထင်သွားသည်။

"အရင်တစ်ခါလာတဲ့ မိန်းကလေး ဆိုရင်တော့ ကျွန်တော် မတွေ့ချင်တော့ဘူး ဒေါ်ကေသွယ်၊ ဒီတော့ ကြည့်ကျက် ငြင်းပေးနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ဦးလင်းအိမ် ကြိုမှာထားပြီးသားမို့ ကျွန်မ သိပါတယ်။ အဲဒီမိန်းကလေးလာရင် အခုလိုတောင် လာ သတင်းပို့မနေတော့ပါဘူး။ တစ်ခုခုအကြောင်းပြလိုက်မှာ ပါ။ အခုလာတာက ကောင်လေးတစ်ယောက်ပါ။ မြင့်မြတ် မောင်လို့ပြောတယ်၊ ဆေးကျောင်းသားတဲ့၊ ဆေး(၁)ကလို့ ပြောတယ်တဲ့၊ နှင်းနှင်း သတင်းပို့တာပါ"

"ဘယ်သူပါလိမ့်၊ ကျွန်တော့် အသိထဲမှာတော့ မရှိပါဘူး။ အဲဒီနာမည် တစ်ခါမှလည်း မကြားဖူးဘူး ခင်ဗျ။ အင်း ... ကျွန်တော်လည်း အားပါတယ် တွေ့လိုက်ပါ့မယ်။ ကျောင်း သားဆိုတော့လည်း သူတို့ကျောင်းပွဲမှာ အချိုရည်တွေမှာရှိ ကိစ္စလည်း ဖြစ်ရင်ဖြစ်မှာပေါ့။ အဲဒါဆိုလည်း အမှန်တော့ အရောင်းကိုယ်စားလှယ်နဲ့တွေ့ရင် ရသားပဲနော်။ ဒါဖြင့် ဒီကောင်လေးက ဘာကိစ္စပါလိမ့်၊ လွှတ်လိုက်ပါ ကျွန်တော် တွေ့မယ်"

လင်းအိမ် သူ့ဘာသာပဲ တွေးလို့မရဖြစ်ပြီး ဘယ် ကရောက်လာမှန်းမသိ၊ ဘာကိစ္စမှန်း မသိသော ကောင်လေးတစ် ယောက်ကို လက်ခံတွေ့လိုက်ဖို့ ဆုံးဖြတ်ပါသည်။

လင်းအိမ် ပြောလိုက်ပြီး သိပ်မကြာပါ။ သူ့ရုံးခန်း တံခါးကို တွန်းဖွင့်ဝင်လာသူအား တွေ့ရသည်။ ရှပ်အင်္ကျီလက်ရှည်





ကို လက်တံတောင်နားထိ ခေါက်ဝတ်ကာ ပုဆိုးသပ်သပ်ရပ်ရပ် ဝတ်ထားသော ကျောပိုးအိတ်လွယ်ထားသည့် အသက်နှစ်ဆယ် ဝန်းကျင်အရွယ် ကောင်လေးကို တွေ့ရပါသည်။

ပိန်ပိန်ရှည်ရှည် အသားခပ်ညိုညို ဆံပင်တိုတိုနဲ့ ကောင်လေးသည် တွေ့နေ မြင်နေကျ သာမန်ကောင်လေးတစ် ယောက်ရဲ့ ပုံစံမျိုးသာ။ ဘာမှ ထူးထူးခြားခြား မရှိလှသော ကောင်လေးရဲ့ မျက်နှာမှာတော့ လင်းအိမ်ကို မြင်မြင်ချင်း အံ့ဩ သလို ငေးမောနေတာ တွေ့ရသည်။ မယုံကြည်နိုင်သလို အမူအရာ တွေလည်း တွေ့နေရသည်။

"လာ ... ညီလေး၊ ဒီမှာထိုင်ပါ"

"ဟုတ်ကဲ့"

"ကျွန်တော်က လင်းအိမ်ပါ၊ ဘာကိစ္စများရှိလို့လဲ"

"ဟို ... အဲ ... ဦးလင်းအိမ် ကျွန်တော့်ကို ကြိုသိနေလို့ တွေ့ခွင့်ပေးတာလား"

လင်းအိမ် မျက်ခုံးတွေပင့်သွားပြီး ...

"မသိပါဘူး၊ ဆေးကျောင်းသားကောင်လေးတစ်ယောက်က ခွင့်တောင်းတယ်ဆိုတော့ စိတ်ထဲမှာ ကျောင်းနဲ့ပတ်သက် တာလေးတွေများ အကူအညီတောင်း မလို့လားလို့ပါ၊ မင်းကို မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဦးလင်းအိမ်ကို ကြားဖူးနေတာ ကြာပါပြီ။ ခုမှ မြင်ဖူးတာပါ"

"သြော် ... သြော်"

"ကြားထားတဲ့အတိုင်း တော်တော်ဟုတ်ပါတယ်၊ ဦးလင်းအိမ်က သိပ်ချော့မော့ခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ဆိုတာ တကယ်ဟုတ်မှန်း သိလိုက်ရတယ်"

လင်းအိမ်သည် ဘာတွေမှန်းမသိ ပဟေဠိဖြစ်နေသည်။

"ဦးလင်းအိမ် ကျွန်တော့်ကို အချိန်နည်းနည်းတော့ပေးပါ။ ကျွန်တော် ပြောပြစရာလေး ရှိလို့ပါ"

"နာရီဝက်တော့ မကျော်စေနဲ့နော်"

"ဟုတ်ကဲ့ မကျော်ပါဘူး"

လင်းအိမ်သည် နောက်မှီထိုင်၍ရသော ဆုံလည်ကုလားထိုင်ကို ကျောမှီပြီး သက်သောင့်သက်သာ ထိုင်လျက် ဟိုဘက်အနည်းငယ်လှည့်လိုက်၊ ဒီဘက်အနည်းငယ်လှည့်လိုက် လုပ်နေသည်။ ရိုးသားအေးဆေးပုံရသော ခပ်ရိုးရိုးကောင်လေးဆီမှာ ဘာများ ပြောစရာတွေ ရှိနေပါလိမ့်။

"ဒီလိုပါ ဦးလင်းအိမ်။ ဦးလင်းအိမ် ဓာမဏီကို သိနေမှာပါ။ ကျွန်တော်က ဓာမဏီကိစ္စနဲ့ လာခဲ့တာပါ"





လင်းအိမ်သည် ဒီနာမည်ကို ကြားလိုက်ရသောအခါ အံ့ဩသွားတော့သည်။ ဓာမဏီဟာ လူကိုယ်တိုင်သာ ရောက်မလာတာ သူ့အကြောင်း လာပြောသူတစ်ယောက်တော့ ရောက်အောင်ပို့ပေးလိုက်ပြန်တာပဲလို့ တွေးမိလေသည်။

မြင့်မြတ်သည် ဓာမဏီနာမည် ပြောလိုက်တာနဲ့ စိတ်ရှုပ်သွားပုံရသော ဦးလင်းအိမ်ကို အကဲခတ်လိုက်သည်။ စိတ်ရှုပ်သွားပုံရသော အမူအရာကိုကြည့်ရင်း ဆက်ပြောလိုက်ပါသည်။ မြင့်မြတ် စိတ်ထဲမှာတော့ စိတ်ရှုပ်ပြမနေနဲ့ ဦးလင်းအိမ်။ ခင်ဗျားက ကျွန်တော် ငယ်ငယ်တည်းက ချစ်ခဲ့ရတဲ့ ဓာမဏီအချစ်ကို ရထားတဲ့သူပါ။

စိတ်ထင်တိုင်းသာ လုပ်လို့ရရင် ကျွန်တော် ခင်ဗျားကို ဆွဲထိုးပြီးနေပြီ ဆိုသော မနာလိုဝန်တိုစိတ်ဖြင့် ကြိမ်းဝါးပစ်နေမိသည်။

"ကျွန်တော်နဲ့ ဓာမဏီက ငယ်သူငယ်ချင်းတွေပါ၊ အမှန်အတိုင်းဝန်ခံရရင် ကျွန်တော်ကတော့ သူ့ကို ချစ်နေခဲ့တာ ကြာပါပြီ၊ သူ့ဘက်ကတော့ ဘာမှ မတုံ့ပြန်သေးပေမဲ့ မိတ်ဆွေချင်းကတော့ သဘောတူထားတဲ့ အခြေအနေမှာ ရှိပါတယ်။ ကျွန်တော် ဆရာဝန်ဖြစ်ရင် လက်ထပ်ပေးဖို့လည်း စီစဉ်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ်သည် ဓာမဏီ့အဖေ ဦးထွန်း ပြောခိုင်းတဲ့ အတိုင်းကို အဆင်ပြေအောင် ဖြည့်စွက်ပြီး ပြောလိုက်သည်။ ဦးလင်းအိမ်ကတော့ မြင့်မြတ်ကိုသာ စိုက်ကြည့်ပြီး အတွေးနက်နေ ဟန်တူသည်။

"အဲဒါကြောင့် ဦးလင်းအိမ်နဲ့သူ တစ်နည်းတစ်ဖုံ ဆက်သွယ်ပြီး ပတ်သက်နေကြတယ် ဆိုရင် ဒီနေရာမှာပဲ ရပ်ပေးဖို့ ကျွန်တော် လာဆွေးနွေးတာပါ။ ဓာမဏီ့အဖေကလည်း သူကိုယ်တိုင် လာမပြောချင်လို့ ကျွန်တော့်ကို ပြောခိုင်းတာတွေ ရှိပါတယ်။ ဦးလင်းအိမ်အနေနဲ့ ဓာမဏီ့လို မိန်းကလေးကို ဘယ်လိုနည်းနဲ့မှ အတည်တကျ လက်တွဲဖို့ မဆုံးဖြတ်ထားဘူးဆိုရင် ဓာမဏီ့ကို ရှေ့ဆက်ပြီး မဆက်သွယ်ပါနဲ့တော့လို့ ပြောခိုင်းပါတယ်။ ဓာမဏီ့တို့က သနားဖို့ကောင်းပါတယ်၊ အမေလည်း ကင်ဆာနဲ့ဆုံးသွားပါပြီ၊ အမေကို ကုလိုက်ရလို့ အကြွေးတွေဆပ်ရင်း သားအဖ သုံးယောက်တည်း ရုန်းကန်နေရတာပါ။ သူ့အဖေဆိုလည်း အစာအိမ်ရောဂါရှိပါတယ်။ ဒီထက်ပိုဆိုးလာတဲ့ တစ်နေ့ကျ အော်ပရေးရှင်းလုပ်ကိုလုပ်ရမဲ့ အစာအိမ်ရောဂါမျိုးပါ။ သူ့မောင်လေးကလည်း လူလိမ္မာလေး လူတော်လေးပါ။ ဆရာဝန် သိပ်ဖြစ်ချင်လို့ ဆယ်တန်းကို အမှတ်ကောင်း ကောင်းနဲ့အောင်ဖို့ ကြိုးစားနေတာပါ။ သူတို့ဘဝက သိပ် အေးချမ်းပါတယ် ဦးလင်းအိမ်"

လင်းအိမ်သည် ကောင်လေး တတွတ်တွတ် မနားတမ်း ပြောနေသည်ကို သည်းခံပြီး စကားဆုံးသည်အထိ အနှောင့် အယှက်မပေးဘဲ နားထောင်ပေးလိုက်ပါသည်။ စိတ်ထဲမှာ ဒေါသ တွေတော့ အလိပ်လိုက်တက်နေသည်။ ရှုပ်ရှုပ်ယှက်ယှက်နဲ့ ဘာတွေ လာစွပ်စွဲမှန်းမသိ စွပ်စွဲခံနေရဘာကို ခံပြင်းလှသည်။

"ကဲ ... မင်း ပြောတာ ပြီးပြီလား"

"ပြီးပါပြီ ဦးလင်းအိမ်"

"အေး ... ပြီးရင် ငါ ပြောမယ်၊ ဒီမှာ သေသေချာချာ နားထောင်။ မင်း လာစွပ်စွဲနေတာတွေ တစ်ခုမှမဟုတ်ဘူး။ ငါနဲ့ လုံးဝမသက်ဆိုင်တဲ့ မိန်းမတစ်ယောက်ကို ဘာကြောင့် အထင်မှားပြီး ငါနဲ့ ဟိုလိုလို ဒီလိုလို ဖြစ်နေပါတယ်လို့ စွပ်စွဲရတာလဲကွာ၊ တကယ် အံ့သြတယ်။ ဘာတွေမှန်း မသိဘူး။ ရှုပ်နေတာပဲ၊ တစ်ယောက်လာလိုက် နှောင့်ယှက် လိုက်၊ နောက်တစ်ယောက်လာတာလည်း ငါ့ကို စော်ကား နှောင့်ယှက်ဖို့လာတာ ဖြစ်နေပြန်တယ်"

လင်းအိမ်သည် စိတ်ပျက်လက်ပျက်ဖြင့် ပြန်ငြင်း လိုက်ပါသည်။ ဒီတော့ မြင့်မြတ်လည်း မယုံသင်္ကာသလိုကြည့်ရင်း ...







www.burmeseclassic.com

www.burmeseclassic.com



"ဦးလင်းအိမ် ဘာကြောင့် ငြင်းရတာလဲ"

ဟုထပ်၍ မေးမြန်း စွပ်စွဲလိုက်လေသည်။

"ငြင်းရမယ်လေ၊ ငါနဲ့ ဘာမှ မဆိုင်တဲ့ မိန်းမနဲ့ ပတ်သက်တာကို ငါ ဘာကြောင့် မငြင်းရမှာလဲ"

"ကျွန်တော် အလကားနေရင်း လာစွပ်စွဲနေတာ မဟုတ်ပါဘူး။ ကာယကံရှင်ကိုယ်တိုင်က ပြောပြထားလို့ပါ"

"ဘာပြောတယ်"

"ဓာမဏီ ကိုယ်တိုင်က ကျွန်တော့်ကို ပြောတယ်"

"သြော် ... ဒီလိုလား၊ သူက ဘာပြောထားလဲ"

"ဟို ... ဦးလင်းအိမ်နဲ့ သူ ချစ်သူတွေဖြစ်နေကြပြီတဲ့"

"ဟာ ... ဘာကြောင့် သူ ဒီလိုလျှောက်ပြောတိုင်း မင်းက ယုံရမလဲ။ ဒီလိုသာဆို လူတိုင်း တစ်ဖက်သားက စိတ်ထဲထင်တာ လျှောက်ပြောတဲ့အတိုင်း ခံလိုက်ရမဲ့သဘောဖြစ်နေပြီ"

"ကျွန်တော် အလကားနေရင်းလည်း မယုံပါဘူး၊ ကျွန်တော် မြင်တာတော့ မဟုတ်ပေမဲ့ ပြန်သိရတာက ဦးလင်းအိမ်က သူ့ကို ကားနဲ့တောင် တစ်ရက်မှာ အိမ်လိုက်ပို့သေးလို့ပါ"

လင်းအိမ်သည် စိတ်ထဲမှာ ဒေါသတော့ အလိပ်လိုက်ထွက်ပေမဲ့ သူ့ဒေါသက မြင့်မြတ်ဆီမှာမဟုတ်။ ဓာမဏီဆီမှာ။ သူ့ကို အလကားနေရင်း ဒုက္ခလာပေးသော အဲဒီမိန်းမဆီမှာ။





ကောင်လေးကြည့်လိုက်တော့ မျက်နှာမှာ တော်တော့်ကို ရိုးသားပုံပေါ်နေလျက် သူလည်း သူချစ်ရသူ မိန်းကလေးအတွက် ကြေကွဲနေပုံပေါ်နေသည်။ ကြားထဲက ခလောက်ဆန်ပြီး ဗလောင်းဗလဲ ပြောသော ဓာမဏီကိုသာ ဆောင့်တွန်းပြီး ဖြတ်ရိုက်ပစ်ချင်စရာ။

"ကဲ ... ကဲ ... ညီလေး။ မင်း စိတ်ထဲမှာ ငါ ပြောတာပဲ အမှန်လို့ မှတ်လိုက်ပါ။ ငါ မင်းကိုလည်း စိတ်မဆိုးတော့ပါဘူး။ တကယ်တော့ မင်းက ဘာမှ မသိဘဲ တစ်ဖက်သတ်ပြောတာကို ကြားပြီး ယုံနေရတဲ့သူကိုး"

"ဦးလင်းအိမ် ပြောချင်တာက ဓာမဏီ ညာပြောတယ်ဆိုတဲ့ သဘောလား"

"ဟုတ်တယ်၊ သူ မင်းကို တမင်ညာပြောတာပဲ၊ ငါနဲ့သူ ဘာမှလဲမဆိုင်ဘူး၊ ဘာမှလဲ မပတ်သက်ဘူး။ ငါ သူ့ကို စိတ်လည်း မဝင်စားဘူး။ ချစ်လို့လည်း မရပါဘူး။ စကားအကုန်ပြောမယ် ငါဟာ မိန်းမရှုပ်ပြီး ကီပင်ထားတဲ့သူဖြစ်ခဲ့ရင်တောင် သူ့လိုမိန်းကလေးတော့ မထားချင်ပါဘူးကွာ၊ ငါ သူ့ကိုနှိမ်ပြောတာတော့ မဟုတ်ပါဘူး။ ပြီးတော့ မင်းချစ်နေတဲ့ မိန်းကလေးကို ဝေဖန်တာတော့ မဟုတ်ပါဘူး။ သူ့မှာ ယောကျ်ားတစ်ယောက်ကို ဆွဲဆောင်နိုင်စရာ ဘာအရည်အချင်းမှ မရှိဘူးလေ၊ ဒါကြောင့် ငါ လုံးဝစိတ်



www.burmeseclassic.com

www.burmeseclassic.com



ထေင်စားပါဘူး။ ငါ့မှာ လက်ထပ်ရမဲ့ချစ်သူလည်း ရှိပါတယ်၊ သူက အခု ပညာတော်သင်သွားနေတယ်၊ ဒီနှစ်ဆို ကျောင်းပြီးလို့ ပြန်လာတော့မယ်၊ ငါတို့ လက်ထပ်ကြတော့မယ်၊ ဪ ... ဒီမှာ သူ့ဓာတ်ပုံတွေ။ ကြည့်ပါ"

လင်းအိမ် ပြောပြောဆိုဆိုပဲ သူ့အလုပ်စားပွဲဆွဲခွဲထဲမှာ ထည့်ထားသော ဝတ္ထုစာအုပ်အရွယ် အယ်လ်ဘမ် လှလှလေးကိုထုတ်၍ ကမ်းပေးလိုက်သည်။ ပန်းရောင်နဲ့အပြာရောင် ရောစပ်ထားသော အယ်လ်ဘမ်ကို လှန်၍ကြည့်သောအခါ မြင့်မြတ်ထံမှ —

"သိပ်လှတဲ့ အမျိုးသမီးလေးပဲနော်၊ ကျွန်တော် တစ်ခါမှ ဒီလောက်လှတဲ့သူကို မတွေ့ဖူးသေးဘူး။ သူက အင်္ဂလန်မှာလား"

ဟူသော စကားသံထွက်လာသည်။

"ဟုတ်တယ် အင်္ဂလန်ကို ကိုယ့်ပိုက်ဆံနဲ့ကိုယ် ပညာသွားသင်တာတောင် မဟုတ်ဘူး။ တကယ်ကို စာတော်လို့ အစိုးရက ပညာတော်သင် လွှတ်ခံရတာလေ။ Ph.D ဘွဲ့ အတွက် သွားတက်ရတာ"

ချစ်သူအကြောင်း ပြောပြနေသော လင်းအိမ်၏ မျက်လုံးတွေမှာ အရောင်တောက်ပလျက် ပီတိဖြစ်နေကြောင်းကို မြင့်မြတ် အကဲခတ်မိသွားပါသည်။ ဓာတ်ပုံစာအုပ်ထဲမှာ တစ်





ယောက်တည်းပုံရော သူတို့စုံတွဲပုံပါ တွေ့ရပြီး ဓာတ်ပုံထဲမှာပင် တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြပုံ အမူအရာပေါ်လွင်နေသောကြောင့် မြင့်မြတ်သည် ဦးလင်းအိမ်ကို ယုံသွားပါသည်။

"အခုလို သိလိုက်ရတော့ ကျွန်တော့် ရင်ထဲ ရှင်းသွားပါပြီ ဦးလင်းအိမ်"

မြင့်မြတ်သည် ဓာတ်ပုံစာအုပ်ကို ပြန်ကမ်းပေးပြီး အားနာသလို ပြောလိုက်သည်။

"ကိစ္စမရှိပါဘူး၊ ငါလည်း စကြားကြားချင်းတော့ တော်တော်ဒေါသထွက်သွားတယ်၊ ဒါပေမဲ့ မင်းကို ဒေါသမထွက်ပါဘူး။ ဓာမဏီကိုပါ၊ မိန်းကလေးတန်မဲ့ ဘာကြောင့် ကိုယ့်သိက္ခာကိုယ် ဂရုမစိုက်ဘဲ ပြောရသလဲဆိုပြီး စဉ်းစားမရဘူး"

လင်းအိမ်သည် မြင့်မြတ်ကို ပြောချင်သောအကြောင်းအရာတစ်ခုတော့ ရှိနေသည်။ ပြောလိုက်ရင် ဒီကောင်လေး သိပ်များစိတ်မကောင်းဖြစ်သွားမလား။ စိတ်ထဲမှာ သိပ်များ ယူကျုံးမရဖြစ်သွားမလားလို့လည်း စိတ်ပူသဖြင့် ရုတ်တရက် ပြောမထွက်ပြန်။ မင်း ချစ်နေတဲ့ မိန်းကလေးက ငါ့ဆီလာလာနေတယ်။ မဆွတ်ခင်က ညွှတ်ချင်တဲ့ အမူအရာတွေ ပြနေတယ်လို့ ပြောရမှာ အားနာမိသည်။

www.burmeseclassic.com



"ကျွန်တော်လည်း ဦးလင်းအိမ်လိုပါပဲ။ ဇာမဏီ ဘာကြောင့် အဲဒီလို ပြောသလဲဆိုတာ စဉ်းစားမရဘူး။ ဒါပေမဲ့ သူ ကျွန်တော့်တစ်ယောက်တည်းကိုပဲ ပြောတာလို့ထင်ပါတယ်။ ကျွန်တော် သူ့အပေါ် မမျှော်လင့်တော့ဘဲ စိတ်ပျက်သွား အောင်ပြောတာလည်း ဖြစ်နိုင်တယ်၊ ဒါပေမဲ့ သူ ငြင်းရင် ငြင်းပါ။ တခြားနည်းနဲ့ ငြင်းရင်လည်း ကျွန်တော် လက်ခံ ပါတယ်၊ အခုလိုမျိုး မဆိုင်တဲ့လူတစ်ယောက်ကို အသုံးချ ငြင်းတာတော့ မကောင်းပါဘူး"

"ညီလေးက သူ့ကို တော်တော် ချစ်နေခဲ့တာပေါ့နော် တွေ့တာ ဘယ်လောက်ကြာပြီလဲ"

"သူနဲ့ကျွန်တော်ဆိုတာ မွေးကတည်းက တစ်လမ်းတည်း အတူတူနေလာတဲ့ သူတွေပါ၊ ကျောင်းနေတော့လည်း တစ်ကျောင်းတည်း အတူတူတက်လာကြတာပါ။ ယောက်ျား လေးနဲ့ မိန်းကလေးမို့ သိပ်မရင်းနှီးကြပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် သိကျွမ်းကြတဲ့အဆင့်မှာ ရှိပါတယ်။ အဲဟဲ သူက ဘာမှ စိတ်မပြောင်းပေမဲ့ ကျွန်တော်ကပဲ စပြီး စိတ်ပြောင်းလာတာလို့ပြောရင် ရပါတယ်၊ သူ့ကို ရှစ်တန်း လောက်ရောက်တော့ ကျွန်တော်ကပဲ စပြီးစိတ်ထဲမှာ သဘောကျလာမိတာပါ။ ဒါပေမဲ့ ကျွန်တော် ရည်ရွက်ချက်





ကြီးကြီးနဲ့ စိတ်ကို ဆုံးဖြတ်ထားခဲ့ပါတယ်၊ ဆယ်တန်း အောင်မှ ဖွင့်ပြောမယ်လို့လေ။ အဲဒီလို ဆုံးဖြတ်ထားတဲ့ အတိုင်း ဆယ်တန်းအောင်တော့ ဖွင့်ပြောခဲ့ပေမဲ့ သူက အဲဒီတည်းကပဲ ကျွန်တော့်ကို ငြင်းလာတာ ခုထိပဲ။ ဘယ် တော့မေးမေး သူ့အဖြေက တစ်မျိုးပဲ"

လင်းအိမ်သည် မြင့်မြတ် ပြောတာတွေထဲက တစ်ခု ကို သတိရသွားပြီး ...

"ဒါနဲ့ မင်း အစကပြောတော့ မိဘချင်း သဘောတူတယ်ဆို"

"ကျွန်တော့်အဖေအမေကလည်း ဇာမဏီကို သဘောကျ တယ်။ ဇာမဏီအဖေကိုယ်တိုင်ကလည်း သူ့သမီးကို ကျွန်တော်နဲ့ပဲ စိတ်ချတယ်ဆိုတာမျိုး ပြောထားပါတယ်"

မြင့်မြတ်ကလည်း ဦးလင်းအိမ်ကို သိပ်ကြီးမယုံလှ သဖြင့် မယုတ်မလွန် ပြန်ဖြေလိုက်သည်။

"အေးကွာ ညီလေးရာ၊ မင်းနဲ့ စကားပြောရတာလည်း အကြောင်းစုံသိလိုက်ရတော့ အားလုံး စိတ်ရှင်းသွားတာပေါ့။ ငါ မင်းကိုတော့ ပြောပြရမှာ အားနာပါတယ်၊ ပြောသင့် မပြောသင့်ကိုလည်း ချိန်ဆနေရတယ်၊ ဒါပေမဲ့ ပြောပြ လိုက်ဖို့လည်း သင့်တယ်ထင်လို့ ပြောစရာ တစ်ခုတော့ ရှိတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ပြောပါ ဦးလင်းအိမ်၊ ကျွန်တော်လည်း ဇာမဏီနဲ့ ပတ်သက်တာ ဘာမဆို သိချင်ပါတယ်"

"အင်း ... ဒီလိုပါ"

လင်းအိမ်သည် အသင့်တော်ဆုံးဖြစ်မည်ထင်ရသော စကားကို ရွေးချယ်စဉ်းစားလိုက်ပါသည်။

"ဇာမဏီ ခုတလောလေးမှာ သုံးခါလောက်ရှိပြီ၊ ငါ့ဆီ လာလာနေတယ်။ လာပြန်တော့လည်း သူ့မှာ အကြောင်း အရာရယ်လို့ မယ်မယ်ရရ မရှိဘဲ လာအချိန်ဖြုန်းသလိုပဲ။ ငါ့စိတ်ထဲမှာ သိပ်တော့သဘောမကျပေမဲ့ အလုပ်အတူ လုပ်ဖူးတယ်ဆိုတဲ့ အဆက်အစပ်ကြောင့် သူ့ကို အားနာ ပြီး ခဏတစ်ဖြုတ် လက်ခံစကားပြောလိုက်ပါတယ်၊ အမှန် တော့ သူလည်း အကဲခတ်တတ်မှာပါ။ သူ ဒီကိုလာလာ နေတာ ငါ သိပ်လက်မခံချင်မှန်း သိမှာပါ၊ ဘာကြောင့် လာနေမှန်း ငါ စဉ်းစားမရဘူး။ အဲဒါ ညီလေး သူ့ကို အကျိုးသင့် အကြောင်းသင့် နားချပေးစေချင်တယ်။ ဘာ ကြောင့်လဲဆိုတော့ သူ ဒီလိုလာနေခြင်းအားဖြင့် ရုံးထဲက လူတွေ အမြင်မှာ တိမ်းစောင်းစရာတွေ ဖြစ်လာမယ်။ သူ့အတွက်လည်း မကောင်းဘူး၊ ငါ့အတွက်လည်း မကောင်း ဘူး"





မြင့်မြတ်သည် ထိုသို့ကြားသိလိုက်ရသောအခါ အံ့သြ တုန်လှုပ်သွားသည်။ ရင်ထဲမှာ ဇာမဏီ အစား ရှက်စိတ်ပင် ဝင် သွားပါသည်။

ဇာမဏီအပေါ် နားမလည်နိုင်ခြင်းတည်းဟူသော အတွေးတွေပါ ဝင်ရောက်လာခဲ့သည်။

"ဇာမဏီက နေ့တိုင်း အလုပ်ဆင်းတယ်၊ မနက်ကိုးနာရီက နေ ငါးနာရီအထိ အလုပ်ထဲမှာ ရှိနေတယ် ဆိုတော့ သူ ဘယ်အချိန် ဦးလင်းအိမ်ဆီ ရောက်လာခဲ့တာလဲ"

"အလုပ်မသွားဘဲ ခွင့်ယူပြီးလာတာလို့ သူလာတိုင်း ပြော တယ်၊ အမြဲ မနက်ကိုးနာရီကျော်ကျော်ဆို သူရောက်လာ တာ သုံးခါစလုံးပဲ။ ငါ့ဆီကပြန်ရင်တော့ အိမ်ပဲတန်းပြန် စရာရှိတာ သူ မပြန်ဘူးလား"

"အဲဒါတော့ ပြည့်ပြည့်စုံစုံ ကျွန်တော် မသိပါဘူး ခင်ဗျာ။ အလုပ်အမြဲတမ်းသွားနေရတာပဲ ထင်ထားလို့ပါ၊ ကျွန်တော် ပြန်မေးကြည့်လိုက်မယ်။ ပြီးတော့ သူ့ကိုလည်း လူငယ်ချင်း နားလည်လက်ခံအောင် ပြောပေးပါ့မယ်။ ကျွန်တော့်စကား သူ နားထောင်မထောင်တော့ အာမ,မခံနိုင်ဘူးပေါ့။ မရရင် ကျွန်တော် သူ့အဖေကို ပြောပြပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းအိမ်သည် ဓာမဏိကို သဘောမကျပေမဲ့ သူ ဒီလိုလုပ်တဲ့ပုံစံဟာလည်း သိပ်တော့ Normal မဟုတ်ဘူးဟု သံသယလည်းရှိလေရာ မြင့်မြတ်ကို ထပ်၍ သတိပေးလိုက်ဖို့ တွေးတောမိပြန်သည်။

"တစ်ခုတော့တွေးမိတယ်၊ ဓာမဏိကြည့်ရတာ သိပ်တော့ Normal မဟုတ်သလိုပဲနော်"

"ခင်ဗျာ"

"သာမန်မိန်းကလေးတစ်ယောက်ဆို မလုပ်ရဲမဲ့ အပြုအမူတွေ သူ လုပ်နေတော့ သူ့ စိတ်အခြေအနေကို normal ဟုတ်ရဲ့ လားလို့ သံသယရှိလို့ပါ၊ သူ စိတ်ရောဂါများ ဝင်နေသလား လို့"

"ဓာမဏိမှာ ဘာရောဂါမှ မရှိပါဘူး"

မြင့်မြတ်ပုံစံက ဓာမဏိဘက်မှ အကြောက်အကန် ငြင်းလိုဟန် ဖြစ်နေလေရာ လင်းအိမ်လည်း ဆက်မပြောတော့ဖို့ ဆုံးဖြတ်လိုက်ပါသည်။

"အိုကေ ... ဒါဆိုလည်း ညီလေးပဲ အဆင်ပြေအောင် ပြောပေးပါ။ သူလည်း နားလည်ပြီး သိတတ်တဲ့ မိန်းကလေး ပါ၊ ပြောလို့ရမယ် ထင်ပါတယ်"





မြင့်မြတ် ပြန်သွားသောအခါ လင်းအိမ်အတွက် ခေါင်းထဲမှာ ရှုပ်သလိုလိုဖြစ်ပြီး ကျန်ခဲ့ရသလို မြင့်မြတ်သည် လည်းပဲ ရင်ထဲမှာ ဘာတွေမကျေနပ်မှန်းမသိဖြစ်လျက် ကျောင်း တောင်ဆက်မတက်ဖြစ်တော့ဘဲ အိမ်သို့သာ တန်းပြန်ခဲ့တော့လေ သည်။

○ ၃၈ ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

မြင့်မြတ် အိမ်ပြန်ရောက်ပြီးနောက် သိပ်တောင် မကြာပါ။ ညနေငါးနာရီကျော်လောက်မှာ အလုပ်ကပြန်လာသော ဦးထွန်းသည် အိမ်ပင်တန်းမပြန်သေးဘဲ မြင့်မြတ်တို့အိမ်သို့ အရင် ဝင်လာသည်။

သမီးဆောဖြင့် အလုပ်က အပြန် ပင်ပန်းလာတာတောင် အိမ်သို့တန်းပြန်ပြီး အနားမယူအားဘဲ မျက်နှာခပ်ညှိုးညှိုးဖြင့် အိမ်ရှေ့သံပန်းတံခါးရှေ့ ရပ်လာသော ဦးထွန်းကို မြင့်မြတ်ပဲ အရင်မြင်သည်။

"ဟော ... ဦးလေး၊ အလုပ်က ပြန်လာပြီလား"

မြင့်မြတ် တံခါးဖွင့်ရင်းမေးတော့ ဦးထွန်း ခေါင်းသာ ညိတ်ပြရင်း အိမ်ထဲလည်း အကဲခတ်ကြည့်ကာ ...





"သားမိဘတွေရှိနေရင် စကားမပြောသေးပါဘူး သားရယ်။ သားအားရင် ဦးလေးတို့အိမ်ဘက် လာခဲ့ပါလားလို့ လာပြောတာပါ"

"အားပါတယ်၊ ကျွန်တော် အားပါတယ်"

"ဦးလေး အရင်ပြန်နှင့်မယ်၊ သား ခဏကြာရင် နောက်က လိုက်လာခဲ့နော်၊ သမီးလည်း ဒီအချိန်ပြန်ရောက်လေ့မရှိပါဘူး။ ဦးလေးနဲ့ သား အေးအေးဆေးဆေး စကားပြောလို့ရတယ်။ ဒီနေ့တစ်နေ့လုံး စိတ်ထဲမှာ သားဆီပဲ စိတ်ရောက်နေတာလေ။ ဟိုလူနဲ့သား ဒီနေ့ သွားတွေ့မယ် ပြောထားတော့ စိတ်ထဲမှာ တစ်ချိန်လုံးတွေးပြီး သောကရောက်နေမိတယ်"

"ဪ ... ဘာမှ သောကမရောက်ရပါဘူး ဦးလေးရာ။ စိတ်ချမ်းချမ်းသာသာ,သာနေပါ။ ဘာမှ ပြဿနာမရှိဘူး။ အားလုံးအဆင်ပြေပါတယ်"

"ဒါဖြင့် ဦးလေး သွားနှင့်မယ်"

ဦးထွန်း နှုတ်ဆက်ပြီး ထွက်သွားချိန်တွင် အင်မတန်မှ စပ်စုရတာ ဝါသနာပါသော အမေလည်း အိမ်ထဲက အမြန်ထွက်လာချိန် တိုက်ဆိုင်သွားပါသည်။

"ဟယ် ... အစ်ကိုထွန်း ပြန်သွားပြီလား၊ အမေ သူ့ကို နှုတ်ဆက်မလို့ ထွက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်သွားပြီ အမေ"

"ဘာလာပြောတာလဲ"

"ဩော် ... သူ့အစာအိမ်ရောဂါအကြောင်းပါ"

မြင့်မြတ်သည် အမေ့ကို မသိစေချင်၍ လိုးလွှဲပြော လိုက်မိပါသည်။ အမေကတော့ ယုံသွားပါသည်။

"ဘာတဲ့လဲ အစာအိမ်က"

"အခုသောက်နေတဲ့ဆေးနဲ့ သိပ်မသက်သာဘူးတဲ့။ ဒီထက် ကောင်းတဲ့ဆေး သား သိလား ဝင်မေးတာပါ"

"အမှန်တော့ သူ့ရောဂါက ခွဲရင်ခွဲရမှာဆို"

"အဲဒီလောက်ကြီးလည်း မဆိုးသေးပါဘူး အမေ၊ အစာအိမ် ထဲမှာ အနာတော့ရှိပေမဲ့ ဆေးပုံမှန်သောက်ပြီး အနေအစား မှန်မှန်နဲ့ ထိန်းထားရင်လည်း ရပါတယ်"

"သူ့ကြည့်ရတာ ခုတလောမှ ပိုပိန်ပြီး ဖြူဖျော့လာသလို ပဲ၊ ဘာတွေ စိတ်မချမ်းသာစရာများရှိလဲ မသိဘူး"

အမေက တစ်ရပ်ကွက်လုံးအကြောင်း စပ်စုရှု နေသာထိုင်သာရှိသူပီပီ ဆက်ပြီး စပ်စုချင်ဟန်ဖြင့် ပြောနေသော် မြင့်မြတ်ကတော့ ဟိုလိုလို ဒီလိုလိုလုပ်ပြီး သူ ကျောပိုးအိတ်ထဲမှ ယောကျ်ားကိုင် Wallet လေးကို သွားထုတ်ယူ၊ ရှပ်အင်္ကျီအိတ်ထဲ ထည့်ရင်း ...





"သား လမ်းထိပ်ခဏထွက်လိုက်ဦးမယ် အမေ။ အမေ ဘာမှာဦးမလဲ"

ဟု မေးလိုက်ပါသည်။

"လမ်းထိပ်က ဗီဒီယိုဆိုင်ရောက်ရင် ပြောခဲ့၊ မနေ့က သူတို့ပေးလိုက်တဲ့ကားက မကောင်းဘူးလို့။ ငါ့ကို ညာ ပြီး ဒီကားသိပ်ကောင်းတယ်ပြောလို့ ငှားလာတာ ရယ်ရ မယ်ထင်လို့ ယူတာ၊ တစ်ခက်မှလည်းမရယ်ရဘူး။ လူတွေ ကလည်း အိုဟာတွေလုပ်ပြနေတာ ရယ်စရာ တစ်ကွက်မှ ကိုမတွေ့ဘူး"

မြင့်မြတ် အဖေ ဦးမောင်က ရယ်ရင်း ...

"ပြောမနေနဲ့ သား။ ပြီးတော့ သူပဲ အဲဒီမကောင်းတဲ့ ဗီဒီယိုတွေ အားပေးနေတာ။ တစ်ခါခံရပြီး မမှတ်ဘူး၊ ထပ်ငှားနေတာကိုး"

"မကောင်းရင် သိပ်အပြစ်မပြောပါဘူး။ အခုဟာက သူတို့က ပရိသတ်ကို အေ,ကြီးတွေကျနေတာပဲ ငါတို့ သရုပ်ဆောင် ပြရင် ဘာပဲဖြစ်ဖြစ် ကြည့်ရမယ်ဆိုတဲ့ သဘောကြီးနဲ့ လုပ်ပြနေလို့ အမြင်ကတ်တာ"

မြင့်မြတ်ဆီ အမေ့အာရုံတွေ ရှိတော့ဘဲ အဖေ့ဆီ ရောက်ပြီး ဗီဒီယိုကား မကောင်းကြောင်းတွေ ဆက်ပြောနေသည်



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ် အမြန်လစ်ထွက်လာခဲ့သည်။ လမ်းထိပ်သွားမယ်ပြောပေမဲ့ မသွားဘဲ လမ်းထဲပြန်ဝင်ပြီး သုံးအိမ်ကျော်က ဓာမဏီတို့တိုက်ခန်းကို သွားနေကြောင်း အမေရော အမေပါ မမြင်လိုက်ကြပါ။

မြင့်မြတ်တစ်ယောက် ဓာမဏီတို့ ကန့်ထရိုက်တိုက်၏ လှေကားခစ်ကျဉ်းကျဉ်းကို သူ့အရပ်ကြီး ကလန်ကလားနဲ့ အထစ်တွေ ကျော်တက်သဖြင့် ခဏလေးနဲ့ ခြောက်လွှာအထပ်ကို ရောက်သွားပါသည်။

တံခါးဘဲလ် ဘုသီးကို နှိပ်လိုက်တော့ "ကူး ကူ" ဟူသော ငှက်အော်သံလေး သာယာစွာမြည်သွားကြောင်း အပြင်မှ ကြားရပါသည်။

အတွင်းသစ်သားတံခါးသာ ပိတ်ထားပြီး အပြင် သံဘာဂျာတံခါးကိုတော့ ဖွင့်ထားပါသည်။ ဦးထွန်းက မြင့်မြတ် လာမည်မှန်းသိ၍ တံခါးတစ်ချပ် ကြိုဖွင့်ထားပုံရပါသည်။ အတွင်း သစ်သားတံခါး ကလောက်ခနဲ ပွင့်လာသောအခါ အလုပ်က ပြန်လာသော အဝတ်အစားပင် မလဲသေးဘဲ စောင့်နေသော ဦးထွန်းကို တွေ့ရသည်။

"ဦးလေး အဝတ်တောင် မလဲရသေးဘူး"

"မောင်မြင့်မြတ် လာရင် လာတော့မယ်ထင်ပြီး ရေလည်း မချိုးသေးဘဲ စောင့်နေတာ"





"ဒါဆို ဦးလေး ရေသွားချိုး အဝတ်လဲပါဦး၊ ကျွန်တော် ထိုင်စောင့်နေမယ်"

"သား စောင့်မယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့ ဦးလေးက ဘယ်သူမှ ပြန်မလာခင် ဒီကိစ္စကို ပြီးအောင်သိချင်လို့ပါ။ စင်ရော်ကိုလည်း အသိမပေးချင်ဘူးလေ။ သူ ကြားရင် ရှက်ပြီး စိတ်ထိခိုက်သွားလိမ့်မယ်။ သားလေးက သူ့အစ်မကို သိပ်ချစ်ရှာတာ၊ ဓာမဏီကသာ မိသားစုထဲက ဘယ်သူ့ကိုမှ သိပ်သံယောဇဉ် မရှိတာ"

"စင်ရော် စာမေးပွဲတော်တော်နီးနေပြီနော်"

"ဟုတ်တယ်၊ ဒါကြောင့် သူ့ကို သူ့အစ်မကိစ္စနဲ့ စာမေးပွဲ ဖြေရမှာ အနှောင့်အယှက် မဖြစ်စေချင်ဘူး၊ သားကို မောင်မြင့်မြတ်လိုပဲ ဆေးကျောင်းတက်ခွင့် ရစေချင်တယ်။ ဆရာဝန်ဖြစ်စေချင်တယ်ကွယ်။ ဘာမှ မျှော်ကိုးပြီးဖြစ်စေချင်တာမဟုတ်ပါဘူး။ ဆရာဝန်အလုပ်က မွန်မြတ်ပြီး ကုသိုလ်ရတယ် ထင်လို့ပါ"

"စိတ်မပူပါနဲ့၊ စင်ရော် ကျွန်တော့်ဆီ စာလာဆွေးနွေးတိုင်း အကုန်ရနေပြီလေ။ ဒီပုံအတိုင်းဆက်သွားရင် သူ သေသေချာချာ ဖြေနိုင်မှာပါ၊ (ဒီ)တွေလည်း အများကြီး ရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



စကားခဏပြတ်သွားပြီးမှ ဦးထွန်းထံမှ ခပ်တိမ်တိမ် အသံနဲ့ ...

"သားကို ဦးလင်းအိမ် ဘာတွေ ပြန်ပြောလိုက်သလဲ"

ဟူ၍ အမှန်ကိုကြားရမှာလည်း မကြားချင်။ သို့သော် ကြားလည်း ကြားချင်နေသောဟန်ဖြင့် မေးပါသည်။

မြင့်မြတ်လည်း ဦးလင်းအိမ်နဲ့ ပြောဆိုသမျှ အကုန်လုံးကို မချွင်းမချန် ပြန်၍ပြောပြလိုက်ပါသည်။ မြင့်မြတ် ပြောပြနေသမျှ တစ်လျှောက်လုံး ဦးထွန်းမှာ တစ်ခွန်းမှ ဝင်မမေး၊ ဝင်မပြောဘဲ စိတ်မကောင်းခြင်းကြီးစွာဖြစ်လျက် နားထောင်နေပါသည်။

မြင့်မြတ် စကားဆုံးသောအခါ ဦးထွန်းသည် တုန်ယင်ကွဲအက်နေသော အသံဖြင့် ...

"ဖြစ်ရလေ ဖြစ်မှဖြစ်ရလေ။ သမီး ဘာတွေများ လျှောက်လုပ်နေတာပါလိမ့်ကွယ်။ သမီး ဘာတွေများ ဖြစ်နေသလဲ။ ရှက်စရာကောင်းလိုက်တာကွယ်၊ ရှက်စရာကောင်းလိုက်တာ။ ရှက်ရလွန်းလို့ ကိုယ့်မျက်နှာတောင်ကိုယ် ဓားနဲ့လှီးပစ်ချင်သွားတယ်"

မြင့်မြတ်မှာလည်း လူငယ်ပီပီ ဘယ်လိုစကားလုံးမျိုးနဲ့ နှစ်သိမ့်ရမှန်းမသိ ဖြစ်နေသဖြင့် အသာငြိမ်၍သာ စောင့်ကြည့်နေမိသည်။





"ကိုယ်နဲ့ မတန်မရာ အခြေအနေမှာရှိတဲ့ ယောကျ်ားတစ်ယောက်ကို မိန်းကလေးတန်မဲ့ စပြီးပိုးပန်းတာဟာ ဘယ်လောက်သိက္ခာကျသွားလိုက်သလဲ။ မိဘကဲ မဆုံးမ မသွန်သင်ဘဲနဲ့ ကြီးပြင်းလာခဲ့တဲ့ မိန်းကလေးလည်း မဟုတ်ဘူး၊ သူ့အမေမရှိတုန်းကဆို တဖွဖွ ဆုံးမသွန်သင်နေတာပါ။ အမေ မရှိတော့တဲ့အချိန်မှာလည်း သူ့အသက်ဟာ မငယ်တော့ပါဘူး။ အသက်ပဲ ဆယ့်ရှစ်နှစ်ကျော်နေပြီ၊ အမေမရှိလို့ အထိန်းအကွပ်မဲ့တယ် ဆိုတာမျိုးလည်း ပြောလို့မရပါဘူး မောင်မြင့်မြတ်ရယ်။ သား သိပါတယ်။ သား မြင်ပါတယ်။ သမီးဟာ ဘယ်ယောကျ်ားလေးနဲ့မှတောင် ရှုပ်ရှုပ်ယှက်ယှက်လုပ်တဲ့ မိန်းကလေးမဟုတ်ပါဘူး။ သူ အခု ဘယ်လိုများ ဖြစ်သွားပါလိမ့်။ ဘယ်လိုနတ်ဆိုးများ ဝင်ပူးသွားပါလိမ့်။ ဘယ်လိုလုပ်ရမလဲကွယ် ဦးလေးဘယ်လိုများ ဖြေရှင်းရမလဲ မောင်မြင့်မြတ်ရယ်"

မြင့်မြတ်လည်း အဆင်ပြေဆုံးဖြစ်မဲ့ စကားကိုရွေး၍ နှစ်သိမ့်ပြောဆိုလိုက်ရပါသည်။

"ဦးလေး မပြောရင်မပြောပါနဲ့။ ကျွန်တော်ပဲ လူငယ်ချင်းဝေဖန်တဲ့အနေနဲ့ ပြောပါ့မယ်။ သူ ကျွန်တော့်ကို မုန်းရင်လည်း သိပ်မုန်းသွားအောင် သူ့ကို ကဲ့ရဲ့ရှုတ်ချတဲ့စကားမျိုးနဲ့ပြောပြီး အမြင်မှန်ရအောင် လုပ်ရမှာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ … အေးပါ သားရယ် … မောင်မြင့်မြတ်ရယ်၊ ဦးလေး အားကိုးပါတယ်၊ သားဟာ ဦးလေးရဲ့ သားအကြီး တစ်ယောက်လိုပါပဲ၊ ဦးလေး စိတ်ထဲမှာ သိပ်အားကိုးမိပါတယ်၊ သမီး မှန်းသွားလည်း စိတ်ထဲမထားပါနဲ့သားရယ်။ သားသာ လက်ခံမယ်ဆိုရင် ဦးလေးဘက်ကတော့ သမီးနဲ့ သဘောတူထားတာကို ဘယ်တော့မှ မဖျက်ပါဘူး။ သား ဓာမဏီကို မေ့လို့ရှိနိုင်သေးတယ်ဆိုရင် အချိန်မရွေးပါပဲ၊ သင့်တော်တဲ့အချိန် မိဘတွေခေါ်ပြီး လာတောင်းရမ်းနိုင်တယ်၊ သဘောတူမှာပါ"

မြင့်မြတ်ရဲ့ သဘောကတော့ ဓာမဏီ သူ့ကို မချစ်ဘဲနဲ့ ဦးလင်းအိမ်ကိုသာ တမ်းတနေမယ် ဆိုရင်တော့ မိဘတွေ စီစဉ်လို့ဆိုသည့် အိမ်ထောင်ရေးကို မရယူချင်တော့ပါ။

ဓာမဏီကို သံသယရှိလို့တော့ မဟုတ်ပါ။ ဓာမဏီကို ဘယ်အချိန်မှာမဆို စိတ်ရှင်းစွာ ချစ်နေနိုင်ပါသည်။ သို့သော် မြင့်မြတ်ကတော့ သူချစ် ကိုယ်ချစ် ဖြစ်နေသော ဘဝမျိုးကိုသာ လိုလားပါသည်။

အဲဒီလိုကျမှပဲ ဘဝဟာ အဓိပ္ပာယ်ရှိလိမ့်မည်ဟု ထင်ပါသည်။





"ဦးလေးလည်း ရေမိုးချိုးပြီး နားလိုက်ပါဦး၊ စိတ်သိပ်မပူပါနဲ့၊ ကျွန်တော် အစအဆုံး ကူညီမှာပါ။ အခုဆို ဦးလင်းအိမ်လည်း ဒီဘက်က ပြဿနာတွေ သိသွားပြီဆိုတော့ ဓာမဏီ သူ့ဆီရောက်လာတဲ့အခါ သင့်တော်တဲ့စကားမျိုးပြောပြီး မလာဖို့ တားတော့မှာပါ"

"ဦးလင်းအိမ် ပြောသလို သမီးမှာ စိတ်ရောဂါတစ်ခုခု ဝင်နေတယ်လို့ရော ထင်မိလား"

"ကျွန်တော်တော့ အဲဒီလိုမထင်ပါဘူး။ ဓာမဏီမှာ ဘာကြောင့် စိတ်ရောဂါဝင်ရမှာလဲ"

"သူ့ကြည့်ရတာ ခုတလော့မှ စိတ်နဲ့လူနဲ့ သိပ်မကပ်တော့သလိုပဲ။ Depression ရသလိုလို ဖြစ်နေတယ်"

"ဒါကလည်း သူ သဘောကျနေတဲ့သူကြောင့် သောကများပြီး စိတ်မကြည်တာလည်း ဖြစ်နိုင်ပါတယ်"

"ညဘက်တွေလည်း အိပ်မပျော်တာကြာပြီ၊ တစ်ခါတလေ တစ်ညလုံးနိုးပါး သူ နိုးနေတယ်လို့ ထင်တယ်"

"ဒါဆိုလည်း ကျွန်တော် ဆရာတစ်ယောက်ကို မေးပြီး စိတ်ငြိမ်ဆေးဖြစ်ဖြစ် အိပ်ဆေးဖြစ်ဖြစ် တောင်းပေးမယ်လေ"

"ကျေးဇူးဘယ်လိုတင်ရမှန်းတောင် မသိပါဘူး မောင်မြင့်မြတ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မြတ် ပြန်လာသောအခါ ကျောင်းအဆင်း ကျူရှင်ဆက်သွားပြီးမှ အိမ်ပြန်လာသော စင်ရော်နဲ့တော့ ဆုံလိုက်ပါသည်။ ဓာမဏီကား ညခုနစ်နာရီမှ ပြန်လာနေကျထုံးစံအတိုင်း ခြောက်နာရီခွဲနေပြီဖြစ်ပေမဲ့ ပြန်ရောက်မလာခဲ့သေးပါ။

မြင့်မြတ် အိမ်ပြန်ရောက်ပြီး မသိမသာပင် ဓာမဏီပြန်အလာကို စောင့်နေမိသည်။ အခုချက်ချင်းကြီးတော့ ဦးလင်းအိမ်နဲ့ တွေ့ခဲ့သည့်အကြောင်းပြောဖို့ ရည်ရွယ်ချက်မရှိပါ။ ဓာမဏီကိုနည်းနည်းအကဲခတ်ချင်၍ စောင့်နေမိတာဖြစ်သည်။ ဦးလင်းအိမ်ကရော၊ ဓာမဏီအဖေကပါ သူ့မှာ စိတ်ရောဂါများ ရှိသလားလို့ပြောကြခြင်းကြောင့် မြင့်မြတ် ကိုယ်တိုင်က အကဲခတ်ကြည့်ချင်သွားတာဖြစ်ပါသည်။

ဓာမဏီ ဒီနေ့ပြန်လာတာ ခါတိုင်းထက်ပင် နောက်ကျနေသည်။ ညရှစ်နာရီပင် ကျော်နေပြီ။ ရှစ်နာရီကျော်နေ၍ မြန်မြန်ထက်ထက် လမ်းလျှောက်လာသလားဆိုတော့လည်း အဲဒီလိုမဟုတ်။ နှေးကွေးလေးလံပြီး ရည်ရွယ်ချက်မဲ့နေသော ခြေလှမ်းတွေနဲ့ လျှောက်လာသည်ဟုပင် သတ်မှတ်ရတော့မည်။

မြင့်မြတ် အိမ်ထဲမှ စောင့်ကြည့် မနေနိုင်တော့ဘဲ ချက်ချင်း အိမ်တံခါးဖွင့်ပြီး ဓာမဏီနောက် ပြေးလိုက်သွားပါ





သည်။ အဖေ ဦးမောင်ကတော့ အိမ်ရှေ့ညှော်ခန်း ပစ္စည်းပုံတွေကြားမှာ ကတ်သတ်ထိုင် တီဗီကြည့်နေရင်းမှ လိုက်ကြည့်ပြီး သက်ပြင်းချ ကျန်ရစ်ခဲ့သည်။ အမေ ဒေါ်လှလှနွယ်ကတော့ ...

"အဲဒီကောင်လည်း ဝဋ်ကိုပါတယ်၊ ဓာမဏီမြင်ရင် မနေနိုင်ဘူး။ ပြေးလိုက်သွားပြန်ပြီ၊ ပြီးတော့ ဟိုဟာမလေးကလည်း မျက်နှာရှစ်ခေါက်ချိုးနဲ့ သူ့ကို တစ်စက်မှလည်း မျက်နှာသာပေးတာလည်း မဟုတ်ဘဲနဲ့လေ"

ဟူ၍ တဖျစ်တောက်တောက် ပြောရင်း အိမ်ဝသို့လိုက်ထွက်ကြည့်နေလေသည်။

မြင့်မြတ်ကတော့ အမြန်ပြေးလိုက်သွားရင်း ...

"ဓာမဏီ ... ဓာမဏီ ခဏနေပါဦး"

လို့ ပါးစပ်မှလည်း ခေါ်နေသည်။

ဓာမဏီသည် သူမ၏နေအိမ်သို့ တက်ရန် လှေကားဝမှာပင် ရောက်နေပြီ။ မြင့်မြတ် အသံကြားလည်း ရပ်မစောင့်နေကျအကျင့်ရှိသူပီပီ လှေကားထစ်သို့ ခြေတစ်လှမ်းပင် တက်ပြီးနေပြီ။

"ဓာမဏီ အိမ်ပြန်တာ ပိုပိုနောက်ကျလာတယ်နော်"

"နင်က အဲဒါပြောချင်လို့ အိမ်ထဲကတောင် ထွက်ပြီး ပြေးလိုက်လာတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပြန်သိပ်နောက်ကျလို့ပါ"

"ဒီနေ့ ဘတ်စ်ကားစောင့်ရတာ ပိုကြာသွားလို့ နောက်ကျတာပေါ့၊ အဲဒါ ဘာဖြစ်လဲ"

"ဘတ်စ်ကားတွေဟာ ခြောက်နာရီနဲ့ ခုနစ်နာရီကြားဆို သိပ်မစောင့်ရပါဘူး။ ဇာမဏီက သိပ်နောက်ကျမှ စောင့်လို့ဖြစ်မှာပေါ့"

"ကဲ ... ဇာ ... နင် ငါ့ကို အပြစ်တင်ဖို့ တကူးတက လိုက်လာတယ်ဆိုရင် ငါ စကားဆက်မပြောတော့ဘူး၊ အားနာလို့ စကားပြန်ပြောရင် အခွင့်ကောင်းက ပိုပိုယူတတ်လာတယ်"

"အခွင့်ကောင်းယူတာ မဟုတ်ပါဘူး၊ ကိုယ် ဇာမဏီ့ကို စိတ်ပူလို့ပါ"

"ငါ့အဖေနဲ့ မောင်လေး စိုးဘ်ပူဖို့ထားပါဦး"

"ဇာမဏီ မနက်ဖြန် အားလား"

"မအားပါဘူး"

"နေ့လယ် lunch break ကျရင်တော့ အားမယ်ထင်တယ်"

ဇာမဏီ မဖြေဘဲ အပေါ်လေ့ကားထစ်တွေကိုသာ ဆက်တက်သွားနေသည်။ မြင့်မြတ်ကိုလည်း နှုတ်ပင်မဆက်ပါ။ မြင့်မြတ်ကသာ ...





"မနက်ဖြန် ထမင်းစားချိန် break ကျရင် ကိုယ် ခဏလာခဲ့မယ်နော်"

ဟု လှမ်း၍ မရမက အော်ပြောလိုက်သည်။

"မလာပါနဲ့ ငါ မတွေ့နိုင်ဘူး"

"ဒါဖြင့် အလုပ်ပြီးတဲ့ အချိန်ရော"

"နင် ငါ့ကို ချိန်းနေရအောင် နင်နဲ့ငါ ရည်းစားမဟုတ်ပါဘူးနော်။ တခြားအခန်းကလူတွေကြားရင် တစ်မျိုးထင်အောင် နင် တမင်ပြောနေတာလား"

မြင့်မြတ် အသံထွက်ရယ်လိုက်ပါသည်။

"တခြားအခန်းက လူတွေဆိုတာလည်း တစ်ယောက်အကြောင်းတစ်ယောက်သိတဲ့ အချင်းချင်းတွေပါ။ ဇာမဏီနဲ့ ကိုယ်နဲ့ ရည်းစားမဖြစ်သေးဘူးဆိုတာ သိပါတယ်"

"အေး အထင်ခံရသံကြားရင်တော့ နင့်ကို ငါ တစ်သက်လုံး စကားမပြောဘူး"

"မနက်ဖြန် ညနေတော့ စကားပြောပါ ဇာမဏီ၊ ကိုယ် စကားပြောစရာရှိလို့လာမှာပါ။ တခြားအကြောင်းပြောမှာပါ။ ဇာမဏီ့ကို အဖြေတောင်းတဲ့အကြောင်းမျိုး ပြောမှာ မဟုတ်ပါဘူး။ အရေးကြီးတဲ့အကြောင်းတစ်ခုပါ လာခဲ့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဇာမဏီကား လှေကားနောက်တစ်ထစ်အချိုးကို ကွေ့တက်ပြီး ဘာတုံ့ပြန်ချက်မှမပေးဘဲ ဆက်တက်သွားခဲ့ပါသည်။ မြင့်မြတ် တစ်ယောက်သာ ငေါင်းစင်းစင်းနှင့် သူ့ဘာသာပဲ တစ်ယောက်တည်း ရေရွတ်လိုက်ရလေသည်။

"သေသေချာချာ ပြောလိုက်တာပဲ စောင့်နေမှာပါလေ"

○ ❧ ○





၁၅

ဇာမဏီ ဝင်လာသောအခါ ဒီတစ်ခါတော့ ဦးလင်းအိမ်၏ အေးစက်စက်နိုင်သည့် အကြည့်ကို ကြုံရလေသည်။

"ဏီ လာတာ ဦးလင်းအိမ်ကို ကြော်ငြာဘုတ်ကြီးအကြောင်း ပြောချင်လို့ လာတာပါ။ ဏီ တွေ့ပြီးပြီသိလား။ ကျွန်တော့် မသီမာတို့လည်း တွေ့ပြီးကြပြီ။ မီးရထား ကုန်းကျော်တံတားမှာတစ်ခု၊ လှည်းတန်းလမ်းဆုံမှာတစ်ခုရှိတာတော့ တွေ့ပြီးပြီ။ ကျွန်တော့် ရန်ကုန်မြို့အဝင်လမ်းမကြီးမှာ ထားတာတွေတော့ မတွေ့ရသေးဘူး။ အခုတွေ့ထားတဲ့ နှစ်ပုံနဲ့တင် ဏီတို့ ဝမ်းသာလုံး ဆို့နေကြတယ်"

ဇာမဏီသည် ရောက်ရောက်ချင်း အသက်မရှူစတမ်း ပြောနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းအိမ်သည် ဒီနေ့တော့ တကယ်ပဲ ခပ်တည်တည် ခပ်စိမ်းစိမ်းပင် စိုက်ကြည့်နေသည်။ အရင်နေ့တွေကလို အားမာန် စိတ်ဖြင့် ဖော်ဖော်ရွေရွေ ဟန်ဆောင်ပြုံးတာပင် မရှိတော့။ သူ ဒီမိန်းကလေးကို တော်တော်စိတ်ပျက်နေပြီ။ စိတ်ထဲမှာ ချဉ်လည်း ချဉ်နေမိပြီ။

ဘာသဘောနဲ့ သူ့ကို ဒီလိုလာအရောဝင်သလဲဆိုတာ ဘယ်လိုမှပင် စဉ်းစားမရ။ သူမကြောင့် သူပင် တစ်ဖက်မှာ အထင် လွဲခံနေရပြီမဟုတ်လား။ ဟိုကောင်လေးသာ လာမဆွေးနွေးရင် လင်းအိမ် ဆိုတဲ့သူဟာ တစ်ဖက်မှာ မကောင်းတဲ့လူကြီးလုံးလုံး ဖြစ်နေပေတော့မည်။

"ရေကူးသင်တန်းမှာလည်း ဏီတို့ငါးယောက်ကို တဖျား တက လာကြည့်လိုကြည့်နဲ့။ ကြော်ငြာဘုတ်ထဲက မင်းသမီး တွေဆိုပြီး လူသိများနေပြီလေ ... ဟင်း ဟင်း။ အဲဒါ ဦးလင်းအိမ်ကြောင့် ဒီလိုလူသိများရတာနော်။ တော်သေး သေးရဲ့ ဘတ်စ်ကားနဲ့သွားရင်တော့ လူတွေ သတိမထား မိပေလို့ပဲ။ ဓာတ်ပုံရိုက်ထားတဲ့ပုံနဲ့ အပြင်ပုံ သိပ်မတူလို့ လေ"

"ဓာမဏီ မင်းကို ပြောစရာရှိတယ်၊ သေသေချာချာ နား ထောင်ပါ"





လင်းအိမ်သည် ဓာမဏီ့စကားအဆုံးမှာ ဆက်ပြော လိုက်သော သူ့အသံသူပင် အံ့ဩနေသည်။ သူ့အသံမှာ အလွန် အမင်း အေးစက်မာကျောနေပေသည်။ ဓာမဏီကတော့ ဦးလင်းအိမ် ပြောစရာရှိတယ်ဆိုလျှင်ပင် စိတ်လှုပ်ရှားနေတော့သည်။ ဘုရားရေ ငါ့ကို သူ ဖွင့်ပြောတော့မလား မသိဘူး။ ငါမျှော်လင့်ရင်ခုန်ရတဲ့ နေ့တစ်နေ့ကို ရောက်ရတော့မယ်ထင်တယ်။ ကိုကို ငါ့ကို ချစ် သွားပြီထင်တယ်။

မျက်နှာဘယ်လောက်တင်းတင်း၊ အသံဘယ်လောက် မာထားထား အပြုံးတစ်ချက်မပျက်သော ဓာမဏီ့ကိုတော့ လင်းအိမ် မှာ ဘယ်လိုမှ သနားကြည့်၍မရတော့ပါ။

"မြင့်မြတ်မောင်ကို သိလား ဓာမဏီ"

"ဟင် ..."

"မြင့်မြတ်မောင်တဲ့ မင်း သိမှာပါ"

ဓာမဏီသည် ဦးလင်းအိမ်နှုတ်ဖျားမှ ထိုအမည်ကို ကြားလိုက်ရသောအခါ အံ့ဩငေးကြောင်သွားပါသည်။ ဦးလင်း အိမ် ဘယ်လိုလုပ်သိနေသလဲ။

"သူ မနေ့က လာသွားတယ်"

"ဩော် ... သူက ရအောင်စုံစမ်းပြီး လာသေးတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဇာမဏီသည် မြင့်မြတ် ဒါကြောင့် မနေ့က ညအ
ငါပြန်လာတော့ ပြေးလိုက်လာပြီး သိပ်နောက်ကျသလေး ဘာ
ပြောတာကိုးလို့ သတိရသွားပါသည်။ ဒီနေ့လည်း အလုပ်
နေ့လယ်ကျ ထမင်းစားချိန်လောက် လာတွေ့ဦးမတဲ့။ ဇာမဏီ
ဒီနေ့တော့ အလုပ်ကို မနက်ပိုင်း နေ့တစ်ဝက် ခွင့်ယူထားသ
နေ့လယ်ဆယ့်နှစ်နာရီခွဲမှ ရောက်ပါမည်။ မြင့်မြတ်က ဘယ်အ
လာမယ်မှန်း မသိပေမဲ့ ဇာမဏီကတော့ သူ့ကို သိပ်တွေ့
သိပ်စကား ပြောချင်သူ မဟုတ်လေရာ သူ့ဘာသာ စောင့်
မစောင့်စောင့် ခေါင်းထဲထည့်မထွေးပါ။

"သူလာတာ ပိုကောင်းသွားတာပေါ့၊ ဘာကြောင့်လဲဆို
မင်း သူ့ကို မဟုတ်မဟတ်တွေ လိမ်ပြောထားတာကို
သိခွင့်ရတာပေါ့။ မင်း ဘာဖြစ်လို့ အဲဒီလို မဟုတ်တာ
လျှောက်ပြောသလဲ ဇာမဏီ။ ဘာကြောင့်ပြောရဲသလဲ၊
မိန်းကလေးတစ်ယောက်ပါ။ ဘာကြောင့် ကိုယ့်သိက္ခာ
အကျခံပြီး အဲဒီလို ပြောထွက်ရဲသလဲကွာ၊ ငါ စဉ်းစား
ဘူး"

ဇာမဏီသည် ဘာမှ ပြန်မဖြေဘဲ မျက်လုံးအိမ်ထဲ
မျက်ရည်တွေ ပြည့်လျှံ အိုင်ကျလာသော မျက်လုံးတွေဖြင့်
လင်းအိမ်ကို အသနားခံသလို ကြည့်လေသည်။





"တစ်ဖက်မှာလည်း မင်းအဖေ အပါအဝင် မြင့်မြတ်မောင်
ကပါ ငါ့ကို လူရှုပ်လူပွေတစ်ယောက်လို့ မြင်ကြတယ်။
ပိုက်ဆံရှိတဲ့ ယောကျ်ားတွေရဲ့ ထုံးစံအတိုင်း မိန်းကလေး
မှန်သမျှ အပျော်လျှောက်တွဲတယ်။ ရှုပ်တယ်လို့ မြင်ပြီး
မင်း ဒုက္ခမရောက်ခင် အမြန်ကယ်ဆယ်တဲ့အနေနဲ့ ငါ့ကို
လာတောင်းပန်သတဲ့။ မင်းအဖေကတော့ အဖေပီပီ ရှက်လို့
မလာဘဲ မြင့်မြတ်မောင်ကိုပဲ ကိုယ်စားလွှတ်ပြီး ပြောခိုင်း
လိုက်တယ်လေ"

"အဖေ ဘယ်လိုလုပ် သိသွားလဲ၊ ကြည့်စမ်း..ဒါ မြင့်မြတ်
သွားအတိုအထောင် လုပ်တာပဲ ဖြစ်ရမယ်၊ အဲဒီကောင်
အလကားကောင်ပါ။ သူက ဏီကို မရလို့ မစားရတဲ့အမဲ
သဲနဲ့ပက်ချင်စိတ်ရှိတဲ့ကောင်၊ သူ့ကို မယုံနဲ့ ဦးလင်းအိမ်"

"ငါ သူ့ကို ယုံတယ်။ ငါ မယုံတာက မင်းပဲ၊ မင်း ဘာ
ကြောင့် ငါနဲ့ ပတ်သက်နေပါပြီ ဆိုတဲ့သဘောမျိုး သူ့ကို
ဘာလို့ပြောလဲ"

"ဏီ သူ့ကို မချစ်နိုင်လို့ ပြောတာပဲ။ သူက အဖေ့ကို
သွားပြောလို့ အဲဒီလိုတွေ ဖြစ်ကုန်တာ"

"ဘာကြောင့်ပဲဖြစ်ဖြစ် မင်းကိစ္စ မင်းဘာသာ အဲဒီကောင်
လေးကို ငြင်းတာငြင်းလေ။ ငါ့ကို ဘာကြောင့် ဆွဲထည့်



www.burmeseclassic.com

www.burmeseclassic.com



သလဲ။ မင်း သူ့ကို အရင်တည်းက ငါနဲ့ မတွေ့ခင်ကတည်းက ငြင်းလာပြီးသားပါ။ အခု ငါနဲ့တွေ့မှ ငါ့ကို အသုံးချပြီး ငြင်းဖို့မလိုပါဘူး။ တွေ့တယ်ဆိုရအောင်လည်း ငါနဲ့ မင်းနဲ့ သိကျွမ်းရတာဟာ အလုပ်ကိစ္စသက်သက်ပါ။ တခြား ဘာလူမှုရေးမှ မပါပါဘူး ဓာမဏီ။ ငါ မင်းကို မိန်းကလေးတစ်ယောက်ရဲ့ ဣန္ဒြေကိုငဲ့ပြီး ဒီလောက်ပဲ ပြောချင်တယ်၊ မင်း သဘောပေါက်သင့်ပါတယ်”

ဓာမဏီသည် နှုတ်ခမ်းကိုတော့ ဖိကိုက်ထားကာ မျက်ရည်တွေလည်း အဆက်မပြတ် ကျနေသည်။ မျက်ရည်တွေကို မသုတ်ပစ်သလို နှုတ်ခမ်းဖိကိုက်ထားတာကိုလည်း မလျှော့ပစ်ပါ။ လက်သီးတွေကိုလည်း တင်းတင်းဆုပ်ထားသေးလေသည်။

“ဏီက ဏီက ဦးလင်းအိမ်ကို ...”

ဓာမဏီသည် ထိုစကားတို့ကို အားယူနေရသဖြင့် အထစ်ထစ်အငေါ့ငေါ့ဖြင့် စပြောပြီး သက်ပြင်းရှိုက်၊ မျက်စိကို မှိတ်ချလိုက်လျက် ...

“ဦးလင်းအိမ်ကို စတွေ့ကတည်းက ချစ်ခဲ့တယ်လေ”

ဟု ရဲတင်းစွာပင် ပြောချလိုက်တော့သည်။

လင်းအိမ်သည် ဒီစကားကို ကြားရလျှင် ဓာမဏီ့ကို အံ့ဩမဆုံးဖြစ်ပြီး ငေးကြောင်ကြည့်မိနေသည်။





“ဦးလင်းအိမ်ဟာ ဏီ့အိပ်မက်ထဲက အမြဲတွေ့နေခဲ့ဖူးတဲ့ သူပဲ။ ဦးလင်းအိမ်လိုပုံစံမျိုးကို ဏီ စိတ်ကူးထဲမှာ အမြဲ ထားခဲ့တယ်။ ဏီ့စိတ်ကူးထဲက ချစ်သူဟာ ဦးလင်းအိမ်လို ပုံစံမျိုးပဲ။ ဒါကြောင့် ဏီ မြင်မြင်ချင်းချစ်ခဲ့တယ်။ ဏီ့ဘဝမှာ စိတ်ကူးထားဖူးတဲ့လူကို ဘာကြောင့် ဏီ မချစ်ရမှာလဲ။ ဏီ ဘာမှားလို့လဲ။-ဏီ့ဘာသာ ကိုယ်ချစ်တဲ့သူ ကိုယ်ရွေးချယ်တာ ဘာမှားလဲ။ ဘာအပြစ်ပြောစရာရှိလဲ”

ဓာမဏီသည် ပြောရင်း တဖြည်းဖြည်း အရှိန်ရလာကာ အသံလည်းကျယ်လာသည်။ ပိုပြီးတော့လည်း ရဲတင်းလာသည်။ လင်းအိမ်သည် ဓာမဏီ့ အမူအရာတွေကို အကဲခတ်ရင်း သံသယရှိလာသည်။ ဒီမိန်းကလေးစိတ်မှမှန်ရဲ့လားလို့ တွေးလိုက်မိသည်။

“ဏီ ဦလင်းအိမ်ကို ချစ်တယ် ဒါပဲ။ ဘယ်သူတားတား ဂရုမစိုက်ဘူး”

“ငါမှ မင်းကို မချစ်တာ”

“ဦးလင်းအိမ် ဘာလို့ ဏီ့ကို မချစ်ရမှာလဲ၊ ဏီ ဒီလောက်ချစ်ထားတာ ပြန်ချစ်ကို ချစ်ရမယ်”

“မင်း ရူးနေပြီ ဓာမဏီ၊ ဟုတ်တယ် မင်း တကယ်ရူးနေပြီ၊ ဒီအကြောင်းကို မြင့်မြတ်မောင်ကို အသိပေးရမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဏီ မရှူးပါဘူး ဦးလင်းအိမ်။ အဲဒီမြင့်မြတ်သာ ရှူးနေတာ၊ ဏီ့ကို မရလို့ သူ ရှူးပြီးလျှောက်ပြောနေတာ"

"ကဲ ... ဇာမဏီ မင်း သွားတော့။ ငါ့ဆီ နောက်ဘယ်တော့မှ မလာပါနဲ့တော့။ မင်း လာခဲ့ရင် ငွါ လက်ခံတွေ့တော့မှာမဟုတ်ဘူး။ ဒါနောက်ဆုံးပါပဲ ရှေ့ဆက်ပြီး မင်းနဲ့ ငါ ဘာမှ ပတ်သက်စရာမရှိဘူး"

"ဏီကတော့ လာနေဦးမှာပဲ"

"လာချင်လာပေါ့၊ ငါ့ဆီ ဝင်တွေ့ချင်တယ်ဆိုတာ ငါ တွေ့ခွင့်ပေးမှ ဒေါ်ကေသွယ်က မင်းကို ဝင်ခိုင်းမှာလေ။ ငါက ဇာမဏီလာရင် ကျွန်တော့်ဆီ လုံးဝလာမပြောပါနဲ့။ လာလည်းမမေးပါနဲ့။ မတွေ့နိုင်ဘူး ပြောထားတယ်လို့ ဒေါ်ကေသွယ်ကို မှာထားရင် မင်းရောက်နေတဲ့အကြောင်း ငါ သိစရာတောင်မလိုဘူး။ သူပဲ ဖြေရှင်းလိုက်လိမ့်မယ်"

"ဦးလင်းအိမ် သိပ်ရက်စက်တာပဲ"

"မင်း ထွက်သွားတော့လို့ ပြောနေပြီ၊ ထွက်မသွားရင် ငါ အပြင်ကလူတွေ လှမ်းခေါ်ပြီး မင်းကို ဝိုင်းဆွဲထုတ်ခိုင်းလို့လည်းရတယ်"

"ဏီ သွားမှာပါ မနှင်ပါနဲ့။ သွားမယ် ဒါပေမဲ့ ဏီ လာတော့ ထပ်လာဦးမှာပါ"





ဇာမဏီသည် မျက်ရည်တွေခြောက်သွားသော မျက်ရည်စီးကြောင်း အထင်းသားမျက်နှာနှင့်ပင် လင်းအိမ်၏ ရုံးခန်းတံခါးကို တွန်းဖွင့်ထွက်သွားပါသည်။ အပြင်ရုံးအတွင်းမှာ အလုပ်လုပ်နေကြသော ဝန်ထမ်းတွေကတော့ လင်းအိမ်ထံ မကြာခဏ လာလာနေသော မိန်းကလေးကို သို့လော သို့လော သံသယဖြင့် အရင်နေ့တွေထဲက စောင့်ကြည့် အကဲခတ်နေကြသူများဖြစ်ရာ ဒီနေ့လည်း ဇာမဏီ ပြန်ထွက်လာတော့ သတိထား ကြည့်မိကြပြန်သည်။ ဇာမဏီကား ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ အေးအေးဆေးဆေးပင် ရုံးခန်းကျယ်ကြီးကို ဖြတ်လျှောက်ပြီး ဓာတ်လှေကားဆီ ဦးတည်သွားပါသည်။

ရုံးခန်းထဲရှိ ဝန်ထမ်းတွေကတော့ အချင်းချင်း လက်တို့ မေးငေါ့ မျက်နှာရိပ်ပြသူပြ။ အေးချင်းယှဉ်ထိုင်သူတွေကတော့ ...

"ဟယ် ... တွေ့လား ကောင်မလေးမျက်နှာမှာ ငိုထားတဲ့ပုံနဲ့ပါလား"

"အေးနော် ဘာဖြစ်တာလဲ မသိဘူး။ သူ ဦးလင်းအိမ်ဆီ ခဏခဏလာနေတာ တစ်ခုခုတော့ ပတ်သက်နေပုံပဲ"

"အခု တင်ထားတဲ့ sports drink ကြော်ငြာဘုတ်ထဲမှာပါတဲ့ ရေကူးချန်ပီယံတစ်ယောက်လို့ ဟိုနေ့က မောင်မင်းနိုး ပြောသံကြားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဟုတ်လား ... လှလည်းမလှဘူးနော်၊ ခေတ်ပုံထဲမှာတော့ ပြင်ထားဆင်ထားလို့လား မသိဘူး ဟုတ်သလိုလိုပဲ၊ အပြင်ကရုပ်နဲ့ တခြားစီပါလား"

"ဦးလင်းအိမ်နဲ့ ဘာတွေရှုပ်ထားလဲ မသိဘူး"

"ဦးလင်းအိမ်က ရှုပ်ပွေတတ်တဲ့လူစား မဟုတ်ပါဘူးဟယ်။ ဘာသံမှတောင် မကြားရပါဘူး၊ သူကသာ လာရှုပ်နေသလား မသိဘူး"

"ဦးလင်းအိမ်မှာ လက်ထပ်မဲ့ရည်းစားရှိတယ်လို့ ဒေါ်ကေသွယ် ပြောတာပဲ"

"ဒါဖြင့် ဟိုက လိုက်ကပ်တာဖြစ်မှာပါ။ ဦးလင်းအိမ်က အားနာလို့ လက်ခံတွေ့နေတာဖြစ်မှာပါ"

"အေးလေ ... ရုပ်က မှန်နေအောင်ချောရင် မပြောပါဘူး။ ခုကျ ရုပ်လည်းသိပ်မလှဘဲနဲ့များ သူ့ဒွေးကို အပိုင်ဖမ်းချင်သေးတယ်နော်"

စသဖြင့် တီးတိုးရော၊ မကျယ့်တကျယ်ရော ဝေဖန်အတင်းပြောသံတွေသည် ရုံးခန်းထဲမှာ ကျွက်စီကျွက်စီဖြစ်လို့နေသည်။ ဦးလင်းအိမ်၏ ကိုယ်ရေးကိုယ်တာမှန်သမျှ တော်တော်လေးသိထားခွင့်ရှိသော ဒေါ်ကေသွယ်ထံမှ ...

"အဲဒီအကြောင်း ဆက်မပြောကြနဲ့တော့ဟေ့။ ဦးလင်းအိမ် ကြားသွားရင် မကောင်းဘူး"





ဟု သတိပေးသံကြားမှ အသံတိတ်တော့လေသည်။

အခန်းထဲတွင်ကျန်ခဲ့သော လင်းအိမ်မှာ ကိုယ့်ရုံးခန်းထဲက ဝန်ထမ်းတွေအနေနဲ့ ဘာတွေပြောကျန်ခဲ့မလဲ။ ဘာတွေဝေဖန်ကြလိမ့်မလဲဆိုတာ တွေးမိပြီး တော်တော့်ကို စိတ်ပျက်နေသည်။ အလကားနေရင်း ကိုယ့်နာမည်ရော သိက္ခာပါ ထိခိုက်ရသော ပြဿနာကို ဖြေတော့ဖြေရှင်းလိုက်ပြီးပြီ။ နောက်ထပ် ဘာတွေ ကြုံရဦးမလဲတွေးပြီး စိတ်ထဲမှာ မတင်မကျလည်း ဖြစ်နေလေသည်။

○ ❧ ○



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

မျက်နှာအကြီးအကျယ် ပျက်ယွင်းကာ ခုချက်ချင်းပဲ လှုသတ်တော့မလို မျက်လုံးစိမ်းတွေနဲ့ ကြည့်နေသော ဓာမဏီကို ကြည့်ရင်းကြည့်ရင်း မြင့်မြတ် စိတ်ထဲမှာ သံသယဖြစ်လာသည်။ ဓာမဏီအဖေပြောသော စိတ်ရောဂါဆိုသောစကားနှင့် ဦးလင်းအိမ် ပြောသော စိတ်ရောဂါဟူသောစကားတို့ကို သတိရသွားပြီးလျှင် သူတို့ပြောတာ တကယ်များဟုတ်နေသလားလို့ တွေးမိလာသည်။

ဒီနေ့ နေ့လယ်မှာ ဓာမဏီကို လာတွေ့မည်ဟု မှာထားခဲ့ရပေမဲ့ မြင့်မြတ် ရောက်လာခဲ့ရင် ဓာမဏီ လက်ခံတွေ့ ပါမလားလို့ စိတ်ထဲမှာ ပူပန်ပြီးလာခဲ့မိသည်။ ဒါပေမဲ့ မထင်မှတ်ဘဲ ဓာမဏီက သူ့ကို ကြိုစောင့်နေသောအခါ ဝမ်းသာသွားမိပေမဲ့ ဓာမဏီထံမှ ...





"နင် ဦးလင်းအိမ်ဆီ ဘာတွေသွားပြောလဲ"

ဟူသော မေးသံနှင့်အတူ စူးစူးစိမ်းစိမ်း စိုက်ကြည့်နေမှုတို့ကို လက်ခံရသောအခါ ရင်ထဲ အပျော်တွေ ချက်ချင်း ပျောက်ကွယ်သွားခဲ့ပါသည်။

"နင့်လောက် စိတ်ဓာတ်အောက်တန်းကျတဲ့လူ မရှိဘူး။ မစားရတဲ့အမဲ သဲနဲ့ပက်ချင်တဲ့ကောင်။ ငါ့ကို ကိုကိုက အကုန်ပြန်ပြောလို့ ငါ သိလာပြီးပြီ၊ နင် ဘာမှ မငြင်းနဲ့"

"မငြင်းပါဘူး ... မငြင်းပါဘူး။ ကိုယ် အခုလာတွေ့တာလည်း အဲဒီအကြောင်းဆွေးနွေးဖို့လာတာပါပဲ၊ ဓာမဏီက ကြိုသိပြီးပြီကိုး"

မြင့်မြတ်သည် ဓာမဏီကို စိတ်မကောင်းစွာ ကြည့်လိုက်ပါသည်။

"ဘာကြည့်တာလဲ နင်က။ ဘာလဲ ငါက လိမ်ပြောနေတယ်ထင်လို့လား"

"ကိုယ့်ကို ဦးလင်းအိမ် အကုန်ပြောလိုက်ပြီးပါပြီ ဓာမဏီ။ ဘာဖြစ်လို့ ဆက်ပြီးဟန်ဆောင်ချင်တာလဲ၊ ဘာကြောင့် ကိုယ်နဲ့မဆိုင်တဲ့လူတစ်ယောက်ကို စိတ်ကူးယဉ်ပြီး ချစ်သူဖြစ်နေပါပြီလို့ ခုထိ ပြောနေရသလဲ ဓာမဏီ။ ရှက်ဖို့ကောင်းပါတယ်၊ မိန်းကလေးတစ်ယောက်အတွက် ဒီလို လိမ်ပြောပြောနေတာဟာ သိက္ခာကျပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဓာမဏီသည် မျက်နှာကို ဖျတ်ခနဲ အရိုက်ခံလိုက်ရသလို ဖြစ်သွားဟန်ဖြင့် ခေါင်းကို တစ်ဖက်သို့လှည့်သွားသည်။

"ကိုယ့်ကို မချစ်နိုင်ဘူး ငြင်းရင် ငြင်းပါ ရပါတယ်၊ ဒါပေမဲ့ ကိုယ့်ကို ငြင်းဖို့အတွက် ဦးလင်းအိမ်ကို ဆွဲထည့်ပြီး အသုံးချတာဟာ မကောင်းဘူး၊ သူ့အပေါ် ဓာမဏီ စိတ်ထဲမှာ ဘယ်လိုပဲဖြစ်နေနေပါ။ အဲဒီစိတ်ကို ဘာကြောင့် အပြင်ထိသယ်ရသလဲ။ ဘာကြောင့် ပါးစပ်က မဟုတ်တာတွေ လုပ်ကြံပြောတဲ့အထိ ဖြစ်လာရသလဲ။ ဓာမဏီလည်း အသိဉာဏ်ရှိတဲ့ မိန်းကလေးတစ်ယောက်ပါ၊ ဒါမျိုးဆိုတာ မိန်းကလေးကစပြီး မပြောသင့်ဘူးလေ"

ဓာမဏီထံမှ ...

"မဟုတ်ဘူး ငါတို့ ချစ်သူတွေပါ။ ဟုတ်တယ် သူနဲ့ငါ ချစ်ခဲ့ကြတယ်။ သူ ငါ့ကိုချစ်ပါတယ်၊ ဘာကြောင့် ထုတ်မပြောချင်တာလဲ"

ဟူသော မရမက ဆက်ငြင်းလိုဟန်စကားကိုတော့ ကြားရသေးသည်။ သို့သော် ခုနကလောက် လေသံမမာတော့။ မကျယ်တော့။ ချက်ချင်းပဲ လဲခွေပုံကျသွားတော့မလိုဖြစ်လျက် ယိုင်ယိီယိုင်တိုင်လည်း ဖြစ်လာလေသည်။





"ဦးလင်းအိမ်ကို သွားမေးတော့ သူပဲ အကုန်လုံး ရှင်းပြလိုက်ပါတယ်။ ဦးလင်းအိမ်ကို ကြည့်လိုက်တာနဲ့ ကိုယ် အံကဲခတ်လို့ရပါတယ်။ အဲဒီလူက လူကောင်းပါ။ စိတ်သဘောလည်းကောင်းပါတယ်။ လူရှုပ်လူပွေလည်း မဟုတ်ဘူး။ မိန်းကလေးတစ်ယောက်ကို မချစ်နိုင်ဘဲ သူ ဘယ်တော့မှ အပျော်လည်းတွဲမှာမဟုတ်ဘူး။ နာမည်လည်း အထွက်ခံမှာမဟုတ်ဘူး။ ကိုယ့်ကို သူနဲ့ လက်ထပ်တော့မဲ့ သူ့ချစ်သူဆိုတာတောင် ဓာတ်ပုံတွေထုတ်ပြလိုက်သေးတယ်။ ဒီတော့ ဓာမဏီ သူ့အပေါ် စိတ်ကူးယဉ်ပြီး မျှော်လင့်နေတာတွေ မဖြစ်သေးတာကို ဖြစ်နေပြီလို့ ထင်နေတာတွေ ရပ်လိုက်ပါတော့။ သူ ဓာမဏီကို လုံးဝချစ်မှာမဟုတ်ဘူး"

"ဘာ ... ဘာ ... သူ့မှာ ချစ်သူရှိတယ်၊ လက်ထပ်မယ် ဟုတ်လား။ အို ... ဘာလို့ ချစ်သူရှိရမှာလဲ၊ ဘာလို့ လက်ထပ်ရမှာလဲ။ သူဟာငါ့ရဲ့ချစ်သူပဲ၊ ငါ့ကိုပဲ သူလက်ထပ် ရမှာပေါ့။ အလကား သူ ညာနေတာ၊ သူ ငါ့ကိုချစ်တယ် ငါသိတယ်"

"ဓာမဏီ ... ဓာမဏီ စိတ်ထိန်းလေ၊ ဘာလို့ ဒီလိုမရမက ပြန်ငြင်းနေရတာလဲ။ မဖြစ်နိုင်တာကို မတောင့်တနဲ့လေ"

"နင်က ငါ့ကို သိပ်မျှော်လင့်လို့ကောင်းသွားပြီပေါ့ ဟုတ်လား။ ငါ့မှာ ဘယ်သူမှ မရှိတော့ဘူးဆိုတာ သိရအောင် သိပ်ကျေနပ်နေပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မမျှော်လင့်ပါဘူး။ စိတ်ထဲမှာ ဘာမှလဲ မခံစားရပါဘူး ဇာမဏီရယ်။ ကိုယ် မင်းအတွက် စိတ်မကောင်းတာပဲ ရှိပါတယ်၊ ကိုယ်က မင်း စိတ်ချမ်းသာတာပဲ မြင်ချင်တာပါ"

"ငါ စိတ်ချမ်းသာအောင် နင် လုပ်ပေးနိုင်တာဆိုလို့ ကိုကို့ကို ငါ ဘယ်လောက်ချစ်ကြောင်း ယုံအောင်သွားပြောပေးဖို့ပဲ။ ကိုကိုက ငါ့ကို မယုံဘူး။ ငါ့အချစ်ကို မယုံသေးဘူး။ ဒါကြောင့် သူ စိမ်းကားနေတာ သိလား"

"ဇာမဏီ ဦးလေးပြောတာ တကယ်ဟုတ်များ ဟုတ်နေပြီလား မသိဘူး၊ ဇာမဏီ့မှာ စိတ်ရောဂါတစ်ခုခုဝင်နေပြီထင်တယ်"

"ဟုတ်တယ် ငါ ရူးနေတာလေ။ ကိုကို့ကို သိပ်ချစ်လို့ ရူးနေတာ"

"ညဘက်တွေလည်း မအိပ်ပျော်ဘူးဆို"

"အိပ်လို့မှမရတာ။ ဒီတော့ မအိပ်တော့ဘူးပေါ့။ ဘာဖြစ်လဲ အိပ်မပျော်တော့ ပိုကောင်းသေးတယ်၊ ကိုကို့အကြောင်းတွေ အသေးစိတ်ပြန်တွေးလို့ရတာပေါ့၊ ငါ့ကို နင် ကူညီပါလား မြင့်မြတ်ရယ်။ ကိုကို့ကို ငါ ချစ်တယ်ဆိုတာ ယုံအောင်သွားပြောပေးပါလား"





"ဇာမဏီ နင် စိတ်မပါရင် အိမ်ပြန်ပြီး နားလိုက်ပါလား၊ အလုပ်ဆက်မလုပ်နေနဲ့လေ"

"မလုပ်လို့ဘယ်ရမလဲ။ မနက်ကလည်း နေ့တစ်ဝက်ခွင့်ယူပြီး ကိုကို့ကို သွားတွေ့နေတာလေ။ အခု ညနေတစ်ပိုင်းတော့ လုပ်မှဖြစ်မှာပေါ့"

ဇာမဏီသည် ပါလာသော ထမင်းဘူးကိုလည်း သေသေချာချာ မစားဖြစ်ပါ။ နှစ်ဇွန်းလောက်စားပြီးသောအခါ ပြန်ပိတ်ထားလိုက်လေသည်။ အရင်ကတော့ ရေကူးခြင်းကို အမြဲလုပ်နေကျမို့ အဆီအပိုအလိုမရှိ ကျစ်လျစ်သွယ်လှသော ဇာမဏီသည် အခုတော့ သိသိသာသာကြီး ပိန်နေကာ လည်ပင်းရိုးရှည်ရှည် မျက်နှာချောင်ကျ၊ ပခုံးလက်မောင်းရိုးထွက်လို့ ရောဂါသည်ပုံပေါက်နေသည်။

"ငါ သင်တန်း ပြန်စတော့မယ်"

ပြောပြီးထထွက်သွားတော့ ဇာမဏီ့ကို စိတ်မကောင်းစွာကြည့်ရင်း မြင့်မြတ်သည် သူ ဘာကူညီပေးနိုင်မလဲ ဆိုတာကိုသာ စဉ်းစားနေမိသည်။ ဇာမဏီ့အမူအရာတွေက သိပ်ပြီးမူမမှန်လှတာကို သေသေချာချာလည်း သတိပြုမိသည်။ သာမန်မိန်းကလေးတစ်ယောက် မလုပ်ရဲသောအလုပ်မျိုး၊ သာမန်မိန်းကလေးတစ်ယောက် မပြောရဲသော စကားမျိုးကို ပြောလျက် သူ့ကို သတိ



www.burmeseclassic.com

www.burmeseclassic.com



ပေးလည်း ဂရုမစိုက်ခြင်းမှာ မြင့်မြတ်ကိုမို့ တမင်ရွဲ့တာမဟုတ်မှန်း သိသာပါသည်။

ဒါနဲ့ပဲ မြင့်မြတ်သည် ဓာမဏီအမေ ဦးထွန်းနဲ့ ထပ်ပြီး တိုင်ပင်ကြည့်ဖို့ ဆုံးဖြတ်ပြီး ဓာမဏီအဖေ ပြန်လာမည့် အချိန်ကို စောင့်နေလိုက်သည်။ ဓာမဏီကို နေ့လယ်သွားတွေ့၊ ကျောင်းနေ့တစ်ဝက်ကျန်တာ ပြန်ပြေးတက်၊ အိမ်ပြန်လာ၊ ရေမိုးချိုးပြီးတာနဲ့ လမ်းထိပ်ထွက်စောင့်နေလိုက်သည်။ အိမ်မှာ ထိုင်မစောင့်ချင်တာက အမေပါ သိသွားမှာစိုးရိမ်၍ မစောင့်ခြင်းဖြစ်ပါသည်။ အမေ့ကို မသိစေချင်။ ဘာမှမဖြစ်သေးတာကို အမေက ချဲ့ကားတွေးမိပြီး မြင့်မြတ်ကိုပါ ချုပ်ချုပ်ချယ်ချယ်လုပ်မှာ စိုးရိမ်၍ဖြစ်သည်။

အမေ ချုပ်ချယ်လည်း မြင့်မြတ်က ဓာမဏီတို့ကို အဆက်အသွယ်မလုပ်ဘဲနေမှာ မဟုတ်ပေမဲ့ အမေ့ကို ဆန့်ကျင်ပြီးလုပ်ရမှာဖြစ်သဖြင့် အဲဒီလိုမျိုး အခြေအနေကို မရောက်စေချင်၍လည်းဖြစ်ပါသည်။

ဦးထွန်းကတော့ သူ ပြန်လာနေကျ အချိန်အတိုင်း ငါးနာရီခွဲကျော်ကျော်လောက်မှာ ဘတ်စ်ကားပေါ်မှ ဆင်းလာတာကို မြင့်မြတ် လှမ်းတွေ့ပါသည်။ မြင့်မြတ်က ကားဂိတ်နဲ့ အနီးဆုံး လက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်နေတာဖြစ်သည်။





"ဦးလေး ... ဦးလေးဦးထွန်း ကျွန်တော်ဒီမှာ ဦးလေးအချိန်ရရင် ခဏထိုင်ပါဦးလား၊ ကျွန်တော် ဦးလေးကိုစောင့်နေတာ"

မြင့်မြတ် လက်ပြရင်း လှမ်းခေါ်လိုက်လျှင် ဦးထွန်း ချက်ချင်းပဲ ဆိုင်ထဲဝင်လာသည်။

"ဦးလေး ဘာသောက်မလဲ"

"ဘာမှ မသောက်တော့ပါဘူး မောင်မြင့်မြတ်ရယ်၊ ခုတလော အစာအိမ်က တော်တော်အောင့်လာလို့ မနေ့က အထူးကုနဲ့ပြဖို့ တိုကင်တောင် သွားယူထားလိုက်တယ်။ ဒါကြောင့် လက်ဖက်ရည် ကော်ဖီ ဘာမှကို မသောက်တော့ဘူး၊ အစာပဲ ပုံမှန်ဝင်အောင် စားလိုက်တယ်"

"နွားနို့သောက်ပါလား"

"နေပါစေ သား၊ ရတယ် ဦးလေး ဘာမှမသောက်တော့ပါဘူး၊ ရေပဲသောက်ချင်တယ်"

"ဒါဖြင့် ရေသန့်ဘူးလေးတစ်ဘူး မှာပေးပါ့မယ်"

"မောင်မြင့်မြတ်ရယ် အိမ်ရောက်ရင် ရေသောက်လို့ရပါတယ်၊ အလကား ပိုက်ဆံအကုန်ခံပြီး မမှာပါနဲ့"

"ရပါတယ် ဦးလေးရဲ့"

ဦးထွန်းသည် မြင့်မြတ်ကို အလိုလိုနေရင်း အားနာနေရသည်။ ပြီးတော့ မြင့်မြတ် ဘာများပြောစရာရှိလဲလို့ ကြိုတွေးပြီး စိတ်ပူနေပုံလည်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးက ရေသန့်ဘူးလေးလာချတော့ မြင့်မြတ်ကိုယ်တိုင်ပဲ အပြင်မှာရေငွေ့တွေသီးနေသော အေးမြသည့်ရေဘူးလေးကို ချက်ချင်းဖောက်ပေးပြီး ဦးထွန်းသောက်ဖို့ ကမ်းပေးလိုက်လေသည်။ မြင့်မြတ် စိတ်ထဲမှာလည်း ဦးထွန်းကို ပြောရမှာ သနားနေသည်။ ကိုယ်တိုင် ကျန်းမာရေး သိပ်မကောင်းရတဲ့အထဲ သမီးဖြစ်သူကပါ စိတ်ရောဂါလိုလို ဖြစ်ချင်နေသည်ဟု အသိပေးရမှာ အားနာနေသည်။

အိမ်မှာသွားပြောရင် စင်ရော်ပါ သိသွားမှာ စိုးရိမ်သဖြင့် ဒီလိုအလုပ်က အပြန်အချိန်ကိုပဲ တမင်ရွေးပြီး လာစောင့်ပြောရတာလည်းဖြစ်ပါသည်။

ဦးထွန်းသည် ရေသန့်ဘူးကို ဘူးတစ်ဝက်နည်းပါးကုန်အောင် သောက်ချလိုက်ပြီးမှ ...

"ရေသောက်လို့ကောင်းလိုက်တာကွယ်၊ ရင်ထဲမှာ အေးသွားတာပဲ၊ ဒါကြောင့် သမီးနဲ့သား အမြဲပြောတယ်၊ ရေခဲသေတ္တာသေးသေးလေးတစ်လုံးပဲဖြစ်ဖြစ် ဝယ်ချင်တယ်တဲ့။ ရေခဲသေတ္တာ ဝယ်ထားပြီး ဘာမှမထည့်နိုင်ရင်လဲနေပါ။ ရေခဲရေအေးအေးလေးတော့ သောက်ချင်လို့တဲ့၊ ဦးလေးလည်း ခုထိမတတ်နိုင်သေးဘူး။ သား သိတဲ့အတိုင်းပဲ ပိုက်ဆံကလခရတာနဲ့ ပေးစရာအကြွေးတွေ နည်းနည်းဆပ်ရပြီး ကျန်တာ အိမ်သုံးစရိတ် လုပ်ရတယ်ဆိုတော့ ဘယ်လိုမှ





များများစားစား မစုဖြစ်ဘူး။ သမီးလည်း ကြိုးကြိုးစားစား အလုပ်တော့လုပ်တာပဲ၊ ဒါပေမဲ့ သူလည်း မစုနိုင်ပါဘူး။ ကလေးတွေလိုအပ်တာ ဘာမှဖြည့်ဆည်း မပေးနိုင်သေးပါဘူး"

"အဟောင်းတွေပြန်ပြင်ရောင်းတဲ့ဆိုင်မှာရော စုံစမ်းကြည့်လား၊ အဲဒီဆိုင်တွေဆို ဈေးကမများပါဘူး"

"ဒါပေမဲ့ warranty တို့ ဘာတို့ မရှိဘူးလေ သား၊ရဲ့။ ပြီးတော့ ပိုက်ဆံပေးဝယ်ပြီး ကိုယ့်လက်ထဲရောက်ပြီးမှ ဘာမှ မသုံးရဘဲပျက်ရင် ဒုက္ခဆိုပြီး မဝယ်ရဲဘူး"

"ဟုတ်တာပေါ့၊ အသစ်ပဲ စိတ် ချရပါတယ်"

အမှန်တော့ ပြောစရာ အကြောင်းအရာက ရှိနေပြီးသားပေမဲ့ ချက်ချင်းကြီး စပြောရမှာ အားနာသဖြင့် မြင့်မြတ်လည်း ဦးထွန်း ပြောသောစကားကို လိုက်ပြီး ပြောပေးနေရတာဖြစ်ပါသည်။

လူတစ်ယောက် အလုပ်က ပြန်လာလာချင်း အမောဆို့သွားမှာစိုး့ သိတတ်နားလည်စွာ သူ မေးလာတဲ့အချိန်ကိုပဲ စောင့်နေလိုက်သည်။

ဦးထွန်းလည်း မြင့်မြတ်၏ အရိပ်အခြည်ကို အကဲခတ်ရင်း ...

"ကဲ ... သား ပြောပါဦး၊ ဘာပြောစရာရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ စမေးလိုက်တော့မှ မြင့်မြတ်သည် အသင့်တော်ဆုံးဖြစ်မည်ထင်သော စကားတို့ကို ရွေးချယ်ပြီးပြောလိုက်ရပါသည်။

"ဒီလိုပါ ဦးလေး။ ဇာမဏီအကြောင်းပါ"

"အင်း ... သိပါတယ်၊ သား ဇာမဏီအကြောင်း ပြောမယ်ဆိုတာ ဦးလေး သိပါတယ်"

"ဦးလေး ဟိုတစ်ရက်ကပြောတာလေ ဇာမဏီ ညဘက်တွေမအိပ်ဘူး။ စိတ်နဲ့ကိုယ် သိပ်မကပ်ဘူး ဖြစ်နေတယ်ဆိုတာပါ"

"အင်း ... ဟုတ်တယ်၊ ပြီးတော့ ဒေါသလည်းပိုကြီးလာသလိုပဲ။ အရင်ကဆို သူ စင်ရော်ကို သိပ်ချစ်တာ။ သူ့မောင်ဘယ်လောက်စစ စိတ်မဆိုးဘူး။ စင်ရော် စည်းမရှိ ကမ်းမရှိ အကျီတွေ ပုဆိုးတွေ ချွတ်ထားပြီး တွေ့ကရာနေရာတင်သွားလည်း ပါးစပ်က ဗျစ်တောက်ဗျစ်တောက် ဆူတာပဲရှိတယ်။ စိတ်ဆိုးပြီး ဒေါသတကြီးဆူငေါက်တာ မရှိဘူး။ အခုတော့ စင်ရော် နည်းနည်းလေး စကားအမှား ပါတာနဲ့ ဒေါသတကြီး ထ,အော်တယ်။ မနေ့ကလည်း စင်ရော်ပုဆိုးကို ကွင်းလိုက်ပုံသွားတာ အော်ကြီးဟစ်ကျယ် ဆူပြောရင်း ဒေါသတကြီးနဲ့ ပုဆိုးကို ကတ်ကြေးနဲ့ ကိုက်ဖြတ်ပစ်





လိုက်တယ် သားရယ်။ ဦးလေးဆို ကိုယ့်သမီးကိုယ် တစ်ခါမှ အဲဒီလောက် ဒေါသကြီးတာ မမြင်ဘူးလို့ အံ့သြပြီး ဘာမှတောင် ပြောမထွက်ဘူး။ စင်ရော်လည်း သူ့အစ်မကို ကြောက်ပြီး ချောင်မှာသွားကုပ်နေတယ်။ စာကျက်ဖို့ စာအုပ်ဖွင့်ဖတ်နေပေမဲ့ စိတ်မကောင်းဖြစ်ပြီး မျက်ရည်ကျနေတာ ဦးလေး တွေ့တယ်"

ကြားရသမျှတို့ကတော့ စိတ်ချမ်းသာစရာ တစ်ကွက်မှမတွေ့ရသဖြင့် မြင့်မြတ် ရင်မောသွားပါသည်။

"သူ ဘာများဖြစ်နေလဲ မောင်မြင့်မြတ်ရယ်"

"ကျွန်တော် သူ့ကို ဒီနေ့ နေ့လယ်က သွားတွေ့ပြီးစကားပြောတော့ အကဲခတ်လို့ ရလာပါတယ်"

"စိတ်ရောဂါဖြစ်နေတာလား"

"စိတ်ရောဂါတစ်မျိုးလို့ ပြောရမှာပါပဲ၊ ကျွန်တော် သိပ်အသိကြီးမဟုတ်လို့ ကျွန်တော့် ဆရာတစ်ယောက်ကို ဒီနေ့ပဲ ချက်ချင်းမေးကြည့်တော့ ဆရာက သေသေချာချာ သိချင်တယ်၊ ကာယကံရှင်ကို ခေါ်လာလို့ မရသေးရင် အုပ်ထိန်းသူကို အရင်ခေါ်လာပါလားတဲ့။ သူ အားလုံး အသေးစိတ်သိချင်လို့တဲ့၊ အဲဒီလိုမှာလိုက်လို့ ကျွန်တော် ဦးလေးကို လာစောင့်ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ... ဘုရား ... ဖြစ်ရလေ သမီး ဘယ်လိုဖြစ်ပြီး စိတ်ရောဂါဝင်သွားပါလိမ့်"

"ဆရာ မေးတော့ ကျွန်တော်လည်း အဆင်ပြေအောင်ပေါ့၊ သင့်သလိုပြောပြတယ်။ လူငယ် အပျိုအရွယ်မိန်းကလေးမို့ ရည်းစားကိစ္စ အဆင်မပြေရာက စတယ်ပေါ့။ ညဘက် အိပ်မပျော်ဘူးပေါ့။ အဲဒီလိုလေးပဲ ဆရာသိအောင် ပြောထားခဲ့ပါတယ်။ ဦးလေး ဆန္ဒရှိရင်တော့ ဆရာနဲ့တွေ့မှ ပြောရင်ပြောပါ။ ကျွန်တော် ပြောပြသလောက်ကြားရတော့ ဆရာက သူ့မှာ depression ဝင်နေတာတဲ့။ စိတ်မပူပါနဲ့၊ ဒါ အဆိုးကြီးမဟုတ်ပါဘူးတဲ့။ ကုရင် ပျောက်ပါတယ်တဲ့။ လူတော်တော်များများလည်း စိတ်ကျရောဂါ depression လိုမျိုး မကြာခဏ ရတတ်ပါတယ်တဲ့၊ ဒီတော့ ဦးလေး သိပ်လည်းစိတ်မကောင်းမဖြစ်ပါနဲ့"

ဦးထွန်းမျက်နှာမှာ အလွန်အမင်း ပျက်ယွင်းနေကာ အစာအိမ်ရောဂါသည်ပီပီ အလိုလိုနေရင်း ဗိုက်အောင့်လာဟန်ဖြင့် ဗိုက်ကိုလည်း နှိပ်နေသဖြင့် မြင့်မြတ်လည်း သူ တတ်သမျှ မှတ်သမျှပြောပြီး နှစ်သိမ့်ရပါသည်။

"မောင်မြင့်မြတ်ရဲ့ဆရာကို ဘယ်တော့လာတွေ့ရမှာလဲ"





"ဆရာက စိတ်ရောဂါအထူးကုတော့ မဟုတ်ပါဘူး။ အထွေထွေအထူးကုတစ်ယောက်ပါ။ ဆရာနဲ့ အရင်လာတွေ့ပြီးမှ ဆရာက သူ့ဆရာ စိတ်ရောဂါအထူးကုနဲ့ဖြစ်ဖြစ် တွေ့ပေးဖို့ စီစဉ်မှာလို့ပြောပါတယ်။ ဦးလေး တွေ့ချင်ရင် မနက်ဖြန်ပဲ ကျွန်တော် ကျောင်းသွားရင် လိုက်လာခဲ့လို့ရပါတယ်။ ဆရာက ဆေးရုံမှာ ရှိပါတယ်။ ကျွန်တော်လည်း ဆေးရုံမှာပဲ တစ်နေကုန် ကျောင်းတက်ရတာလေ"

"ဩော် ... ဟိုဘက် လမ်းမတော် ဆေး(၁)ဘက် မသွားရဘူးလား"

"မသွားရတော့ဘူး ဦးလေး။ မနက်မိုးလင်းကတည်းက ဆေးရုံမှာ လူနာစမ်းသပ်တာသင်ရတယ်။ ညနေပိုင်းလည်း ဆေးရုံအောက်ထပ်က သီရေတာတွေမှာ စာသင်ရတယ်၊ ကျွန်တော်က နောက်ဆုံးနှစ် ရောက်နေပြီလေ"

"ဩော် ... သား ဆရာဝန်ဖြစ်တော့မှာပေါ့"

"လိုပါသေးတယ် ဦးလေးရဲ့။ စာတွေသင်လို့ကို မပြီးသေးပါဘူး"

ဦးထွန်းသည် မြင့်မြတ်ကို နှာမြောသလို စိုက်ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ဦးလင်းအိမ် ဆိုတာဟာ သမီးဘဝနဲ့ တခြားစီပါ။ သမီး ဘာကြောင့် ကိုယ်နဲ့ မမီတာကို စိတ်ကူးသလဲမသိဘူး။ မောင်မြင့်မြတ်လိုမျိုး ယောကျ်ားလေးတောင် ဘာပဲဖြစ်ဖြစ် သမီးနဲ့ဆိုရင် အများကြီးမြင့်မားပါသေးတယ်။ သမီးက ကိုယ်နဲ့ နီးနီးကလူကို မမြင်ဘဲ အဝေးကြီးကလူကို သွားမြင်ခဲ့တာကိုး"

ဟူ၍ အမိပွားယ်ပါ့စွာ ရေရွတ်နေခဲ့လေသည်။

○ ● ○





## ၁၇

"ဦးလင်းအိမ်လား ကျွန်တော် မြင့်မြတ်မောင်ပါခင်ဗျာ"

လင်းအိမ်သည် သူ့ထံ လွှဲပေးလာသောဖုန်းကို နားထောင်လိုက်လျှင် နားထောင်လိုက်ခြင်းပဲ ကြားလိုက်ရသော အသံရှင်ကြောင့် ...

"သြော် ... မြင့်မြတ်မောင်"

ဟု တုံ့ပြန်နှုတ်ဆက်လိုက်ပါသည်။

"ဦးလင်းအိမ် ကျွန်တော် စိတ်အနှောင့်အယှက်ပေးတယ်လို့တော့ မထင်ပါနဲ့၊ ကျွန်တော်တို့လည်း ဒီမှာ ပြဿနာလေးနည်းနည်းကြုံနေလို့ပါ"

"အေး ... ပြောကွာ၊ ဘာများလဲ"

www.burmeseclassic.com



"ဓာမဏီလေ ဓာမဏီ အိမ်က ထွက်သွားပါတယ်။ အဲဒါ သူ ဦးလင်းအိမ်ဆီများ ရောက်လာသလားလို့ပါ"

"မရောက်လာပါဘူး၊ မရောက်လာသေးပါဘူးလို့ ပြောရင်လည်းရမှာပေါ့။ သူ ဘယ်အချိန်က ထွက်သွားလို့လဲ"

"လွန်ခဲ့တဲ့ တစ်နာရီလောက်ကပါ"

"ခုထိတော့ ဒီရောက်မလာသေးပါဘူး၊ ဪ ... နေဦးကွာ။ သူ ရောက်လာလား မရောက်လာဘူးလားဆိုတာ ငါ သိချင်မှသိရမှာ။ ဘာကြောင့်လဲဆိုတော့ ငါ့စက္ကတေရီကို မှာထားတော့ ဟိုက ပေးမတွေ့ရင် သူ ဝင်ခွင့်လည်းရမှာ မဟုတ်ဘူး။ ငါဆီလည်း သတင်းရောက်မှာ မဟုတ်ဘူးလေ။ ခဏကိုင်ထား ငါ မေးပေးမယ်"

လင်းအိမ်သည် ဖုန်းကို အသာချရင်း အင်တာကွန်မှတစ်ဆင့် ဒေါ်ကေသွယ်ကို မေးလိုက်သည်။

"ဓာမဏီ ဆိုတဲ့မိန်းကလေး မလာပါဘူး ဦးလင်းအိမ်"

ဆိုသော အဖြေကို ကြားရတော့မှ ဖုန်းပြန်ကောက်ကိုင်ပြီး မြင့်မြတ်မောင်တို ပြန်ပြောလိုက်သည်။

"သူ မလာဘူးတဲ့"

ထိုသို့ဖြေသံကြားရလျှင် တစ်ဖက်မှ မြင့်မြတ်မောင် အသံမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားလျက် ...





"ဟာ ... ဒါဆို သူ ဘယ်ထွက်သွားလဲ မသိဘူးဗျာ၊ ဒုက္ခပါပဲ။ ဒီမှာ သူ့အမေလည်း သူ့ကြောင့် တော်တော်စိတ်ညစ်ပြီး မိုက်လည်းအောင့်နေပြီ၊ သူ့ကိုလည်း ဆရာဝန်သွားပြစရာရှိလို့ အသိပေးမိတာနဲ့ သူ ကျွန်တော့်ကိုပါ ရန်တွေ့ပြီး အိမ်ကထွက်သွားတာပဲ"

မြင့်မြတ်မောင်၏ ပြောစကားကြောင့် ဓာမဏီကို ဆို သိပ်အရေးမလုပ်ချင်၊ ပတ်ပတ်သက်သက်လည်း မလုပ်ချင်၊ သူတို့အရေးကိစ္စလည်း ဝင်မပါချင်သော လင်းအိမ်သည် ဘာတွေများဖြစ်ကြသလဲဟု သိချင်ပြီးမေးမိသည်။

"ဘာဖြစ်လို့လဲ မြင့်မြတ်မောင်"

"အမှန်တော့ ဦးလင်းအိမ်နဲ့တော့ သိပ်မဆိုင်ပါဘူးလေ။ ကျွန်တော် ပြောတော့ပြောပြပါ့မယ်၊ ဓာမဏီက အရက်မရှိ မိန်းမနောက်ပိုးလုပ်ပြီး လုပ်ချင်ရာလုပ်တတ်တဲ့ မိန်းကလေးမျိုး မဟုတ်ပါဘူး။ သူ့မှာ စိတ်ရောဂါတစ်ခုဝင်နေလို့ သူ အဲဒီလိုတွေ လူကဲ့ရဲ့စရာဖြစ်အောင် လုပ်နေတာပါ။ သူ့မှာ depressionလည်းရနေတယ်၊ နောက်ပြီး စိတ်ကူးဆွေယဉ်ရာကနေ အဲဒီစိတ်ကူးယဉ်ထားတာတွေ အပြင်မှာ တကယ်ပဲဖြစ်နေပြီလို့ထင်ယောင်ထင်မှားနဲ့ တကယ်ထင်အောင် တတ်တဲ့ စိတ်ရောဂါတစ်မျိုးပါ အလိုလိုဝင်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူ့ကို ဒီနေ့ပဲ သူ့အဖေနဲ့ ကျွန်တော်တို့ ချိန်းထားတဲ့ အထူးကုဆီသွားမယ်ဆိုပြီး အကျိုးအကြောင်း ရှင်းပြပြီး အသိပေးလိုက်ပါတယ်၊ အဲဒီမှာ ..."

"အေး ... အေး ... ငါ သိပြီ၊ ငါ သဘောပေါက်ပြီ၊ သူက လက်မခံဘဲ စိတ်ဆိုးပြီး ရန်တွေ့ပြီး အိမ်က ထွက်သွားတယ် အဲဒီလိုလား"

"ဟုတ်ပါတယ် ... ဟုတ်တယ် ဦးလင်းအိမ်၊ ဒါကြောင့် သူ သွားတတ်တဲ့ ဦးလင်းအိမ်ဆီမှာ ရောက်လာမလားလို့ စဉ်းစားမိလို့ ဖုန်းဆက်မေးတာပါ၊ စိတ်မရှိပါနဲ့"

"ရပါတယ် ငါလည်း ဒီလိုကြားရတာ စိတ်မကောင်းပါဘူး"

"သူ့ကို မတော်တဆများ တွေ့ခဲ့မယ်ဆိုရင် ကျွန်တော်တို့ဆီ ပြန်သွားဖို့ ဦးလင်းအိမ် ပြောပေးနိုင်မလား"

လင်းအိမ်သည် ဒီကိစ္စမှာ သိပ်တော့ ဝင်မပါချင်ပေမဲ့ တစ်ဖက်ကိုလည်း မငြင်းပစ်ချင်သည်ဖြစ်ရာ ...

"ပြောပေးနိုင်ပါတယ်"

ဟူ၍သာ ပြီးစလွယ် ကတိပေးလိုက်ပါသည်။

"ကျေးဇူးပါပဲ ဦးလင်းအိမ်"

မြင့်မြတ်သည် ကျေးဇူးတင်စကား ပြောပြီးပြီးချင်းပဲ ဖုန်းကို ချလိုက်ပါသည်။





ဓာမဏီတို့ အိမ်မှာရော၊ မြင့်မြတ်တို့ အိမ်မှာရော ဖုန်းမရှိသဖြင့် ဦးလင်းအိမ်ဆီကို ဖုန်းဆိုင်မှ လာဆက်ရခြင်းဖြစ်သည်။ ဖုန်းဆိုင်ဖြစ်သဖြင့် ဘေးလူလည်း မသိစေချင်၍ အသံခပ်တိုးတိုး ခပ်အုပ်အုပ်သာ ပြောခဲ့ပါသည်၊ ဦးလင်းအိမ်ဘက်က တော့ အကုန်ကြားပုံရသည်။ ဓာမဏီကိုတွေ့ရင် ပြန်သွားဖို့ပြော ပေးမယ်ဟု ပြောပုံမှာ သိပ်တော့စိတ်မပါလှဘူးလို့ မြင့်မြတ် ပြန် စဉ်းစားကြည့်လာမိသည်။

မြင့်မြတ် ဒီနေ့ ကျောင်းလည်းမသွားဘဲ ဓာမဏီတို့ ကိုကူညီဖို့ မနက်တည်းက ဓာမဏီတို့အိမ်ကို ရောက်နေခဲ့သည်။ ဓာမဏီတို့ကို ကူညီဖို့ဆိုတာထက် အဓိက,ကတော့ ဓာမဏီကို ဦးထွန်းနဲ့အတူ ဝိုင်း၍ နားချပြောဆိုဖို့သာဖြစ်သည်။

သို့သော် ထင်သလိုဖြစ်မလာ။ သူ အိမ်တံခါးခေါက် လိုက်လို့ တံခါးလာဖွင့်ပေးသော ဓာမဏီမျက်နှာက မြင်မြင်ချင်း မည်းပုပ်သွားတာကို ပြန်မြင်ယောင်မိသည်။

"ဘာကိစ္စ အိမ်ရောက်လာတာလဲ"

လို့တံခါးဖွင့်မပေးသေးဘဲ မေးသံမှာ မာထန်နေ သည်။

အခုချိန်မှာ မြင့်မြတ်သည် ဓာမဏီကိုချစ်တာ မျှော် လင့်တာတွေလည်း သိပ်မရှိတော့ဘဲ ဓာမဏီကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ယောက်လိုပဲမြင်ကာ အစွမ်းကုန်ကူညီပေးချင်သည့်စိတ်သာရှိတော့သည်။ ဇာမဏီ သူ့ကို ဘယ်တော့မှ ပြန်ချစ်လာမှာလဲရယ်လို့ မျှော်ကိုမမျှော်လင့်တော့။ ဇာမဏီအပေါ် ငယ်သူငယ်ချင်းတစ်ယောက်လိုသာ သဘောထားမိလျက် ရောဂါပျောက်ကင်းသွားအောင် သည်းခံပြီး ကူညီပေးချင်နေပါသည်။ ဒါကြောင့် မြင့်မြတ်သည် ဇာမဏီ ခပ်မာမာမေးလည်း စိတ်ကွက်ဘဲ ခြော် ... သူ နေမကောင်းလို့ပဲဟု ခွင့်လွှတ်ရင်း ...

"ဦးလေးနဲ့ ချိန်းထားလို့ပါ"

"အဲဒါဆို အိမ်ပြင်ကပဲစောင့်"

"ဟဲ့ ... သမီး သူငယ်ချင်းကို အဲဒီလိုမလုပ်ရဘူးလေ"

ဦးထွန်း အသံနောက်မှ ပေါ်လာပြီး ဇာမဏီကို ဆေးတွန်းဖယ်လိုက်ကာ ...

"ဝင်ပါ ... ဝင်ပါ ... မောင်မြင့်မြတ်၊ ဦးလေး အဆင်သင့်ဖြစ်နေပါပြီ"

ဟု ကြိုဆိုလိုက်သည်။

မြင့်မြတ် အိမ်ထဲဝင် ဧည့်ခန်းရှိ ဆက်တီအဟောင်းတစ်စုံချထားရာမှာ တစ်ယောက်ထိုင်ခုံတွင် ဝင်ထိုင် စသည်များကို ဇာမဏီသည် မကျေမနပ် လက်ပိုက်ရပ်ကြည့်နေဆဲ။ ဒီနေ့အားလုံး အလုပ်သွား၊ ကျောင်းသွားရမဲ့ ရုံးဖွင့်ရက်နေ့ဖြစ်ရာ





ဇာမဏီလည်း အလုပ်သွားခါနီး အဝတ်အစားလဲထားပုံတွေ့ရသည်။

ဦးထွန်းကလည်း တမင်ပင် ...

"သူ မနက်အလုပ်သွားခါနီး ပြင်ဆင်ပြီးချိန်လောက် အားလုံးအသင့်ဖြစ်နေချိန်လောက် သား လာခေါ်လိုက်။ အဲဒါဆို အဲတော်ပဲ စင်ရော်လည်း ဘာမှသိရမှာမဟုတ်ဘူး။ စင်ရော်ကအရင် ကျောင်းကိုထွက်သွားနေကျ"

ဟူ၍ သားဖြစ်သူကိုလည်း မသိစေလို၍ စီစဉ်တိုင်ပင်ထားရာ မြင့်မြတ်လည်း အချိန်မှန်းပြီး စင်ရော် ထွက်သွားအပြီးကို စောင့်ကြည့်ပြီးမှ ဒီအိမ်ဘက် ထွက်လာတာ ဖြစ်ပါသည်။

"အဖေ သူနဲ့ သွားစရာရှိရင်သွား၊ ဏီလည်း အလုပ်သွားတော့မယ်"

ဇာမဏီသည် နာရီကိုလှမ်းကြည့်လိုက်ပြီး ပြောလျှင် မြင့်မြတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်။

"ဦးလေး ကျွန်တော်တို့ ပြောလိုက်ဖို့ သင့်ပြီထင်တယ်"

"အေးပါ ... အေးပါ ... ဦးလေး ပြောမှာပါ"

"ဘာလဲ အဖေ"

ဇာမဏီက ဆတ်ခနဲ လှည့်ကြည့်ကာ မေးလာသည်။ ဦးထွန်းက အားယူလိုက်သလို အသက်တစ်ဝကြီးရှူလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဒီလိုပါ သမီးရယ်။ သမီး ညဘက်တွေလည်း အိပ်မပျော်တာကြာပြီ။ ပြီးတော့ သမီးကြည့်ရတာ အရင်က လို တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင်လည်း သိပ်မရှိတော့ သလိုပဲ၊ ဒါကြောင့် အဖေ မောင်မြင့်မောင်နဲ့ တိုင်ပင်ပြီး သမီးကို သူ့ရဲ့ဆရာကြီးတစ်ယောက်ဆီမှာ သွားပြမလို့ပါ။ လိုအပ်ရင် ဆေးတွေသောက်လိုက်ရင် သမီး အိပ်မပျော် တဲ့ရောဂါဖြစ်နေလည်း ပျောက်သွားမှာပါ"

"ဘာ ... ဘာပြောတယ်၊ ဏီက ဘာရောဂါဖြစ်လို့လဲ အဖေ"

"သမီး ညည အိပ်မပျော်ဘူးလေ၊ သမီး တစ်ခုခုကြောင့် များ depression ဝင်နေသလားလို့ပါ"

"ကြည့်စမ်း မြင့်မြတ်၊ နင်က ဘာအကြံနဲ့ ငါ့ကို ဒီလို ရောဂါသည်ပုံစံမျိုး ထင်ယောင်ထင်မှားဖြစ်အောင် အဖေ့ကို စည်းရုံးတာလဲ ပြောစမ်း၊ ပြောစမ်းပါ။ ဒါ နင့်အကြံတွေ မဟုတ်လား။ အဖေ နင့်ကို ယုံကြည်ပြီး အားကိုးလာအောင် လုပ်တာမဟုတ်လား"

ဓာမဏီပုံစံက ချက်ချင်းပဲ မြင့်မြတ်ကို ပြေးရိုက် တော့မလိုဖြစ်လာသည်။ မြင့်မြတ်သည် ဓာမဏီ လာရိုက်လည်း ရိုက်ပါစေ မရှောင်ဘူးလို့ တွေးရင်း ...





"ဓာမဏီ ကိုယ် ဘာအကြံနဲ့မှ ဒီလိုပြောတာမဟုတ်ပါဘူး။ ဓာမဏီကို နေကောင်းစေချင်လို့ ကူညီတာပါ။ ဦးလေး ကိုယ့်ကို လာတိုင်ပင်လို့ သင့်တော်သလို ဝင်ကူညီတာပါ။ ဓာမဏီ ပြန်စဉ်းစားကြည့်ပါ။ ဓာမဏီပုံစံက အရင်ကနဲ့ ရော တူရဲ့လားလို့။ ပြီးတော့ စိတ်ထဲမှာ အမြဲပဲ ဝမ်းနည်း စရာတွေပဲ တွေးနေမိသလား။ ဓာမဏီမှာ အဖေရယ် မောင်လေးရယ်ဆိုတဲ့ မိသားစုရှိပေမဲ့ ဓာမဏီ စိတ်ထဲမှာ ကျ တစ်ယောက်တည်း အထီးကျန်သလို ခံစားရပြီး စိတ် ဓာတ်တွေကျနေသလား စဉ်းစားကြည့်ပါ။ အဲဒီလို ဖြစ် နေတာဟာ အလကားနေရင်းတော့ ဘယ်သူမှမဖြစ်ဘူး။ ဓာမဏီ အိပ်မပျော်တာများပြီး စိတ်ထဲမှာ ဖြစ်ချင်တာတွေ လိုချင်တာတွေ မဖြစ်လာတာ မရတာများပြီး စိတ်ဓာတ်ကျ လာလို့ အဲဒီလို ခံစားချက်တွေ ဝင်လာတာပါပဲ၊ ဒါကြောင့် ဓာမဏီ ဆရာဝန်သွားပြဖို့သင့်တယ်၊ ဆရာဝန်နဲ့ သွားဆွေး နွေးဖို့သင့်တယ်လေ"

ဓာမဏီသည် ရုတ်ခြည်းပဲ မြင့်မြတ်ဆီ ပြေးလာ မြင့်မြတ် ပါးပြင်ကို ဖြန်းခနဲ ရိုက်ချလိုက်လေသည်။

"ကဲဟယ် ... ငါ့ကို ပြောဦး၊ ငါ့ကို အရူးလို့ပြောချင်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ပထမ တစ်ချက်မှာတော့ မြင့်မြတ်ီ ခံလိုက်သေးခဲ့ နောက်ထပ်အချက်တွေ ဆက်ရိုက်လာသောအခါ မြင့်မြတ်ကလည်း ဓာမဏီ့လက်တွေကို ချုပ်လိုက်သလို ဦးထွန်းကပါ ပြေးလာပြီး—

"သမီး ... သမီး မလုပ်ရဘူးလေ မရိုက်ရဘူး။ မောင်မြင့်မြတ်က အကောင်း ကူညီတာပါ၊ မလုပ်နဲ့ စိတ်ထိန်းပါ သမီးရယ်"

"အဖေကပါ ကိုယ့်သမီးကိုယ် အရူးမလို့ထင်ပြီး သူများကို လျှောက်ပြောတယ်"

"သမီးရူးတယ်လို့ မပြောပါဘူး၊ သမီးမှာ စိတ်ကျရောဂါ နည်းနည်းဝင်ချင်နေတာပါ"

"ဘာမှစိတ်ဓာတ်မကျဘူး၊ ဏီ ဘာမှ စိတ်ဓာတ်ကျစရာ မရှိဘူး။ ဏီ အခု သိပ်ပျော်နေတယ်၊ ဏီ့ဘဝက အားလုံး ပြည့်စုံနေတယ်၊ ဏီဖြစ်ချင်တာတွေ ဖြစ်လာတော့မယ် ဒါကြောင့် အိပ်မပျော်တာ။ အပျော်လွန်ပြီး အိပ်မပျော် တာ။ ဏီ ဘာဆရာဝန်နဲ့မှ ပြစရာမလိုဘူး၊ မပြဘူး လုံးဝ မပြဘူး"

မြင့်မြတ်သည် သူ့ကို ဓာမဏီ ရိုက်ထားသော်လည်း စိတ်လည်း မနာ။ စိတ်လည်းမဆိုးပါ။ စိတ်ရောဂါဝင်နေလို့သာ ဓာမဏီ့စိတ်တွေ ကြမ်းတမ်းနေတယ်ဆိုတာ သူ သိပါသည်။



အရင်ကဆို ဓာမဏီဟာ မြင့်မြတ်ကို မချစ်နိုင်ဘူးလို့ ငြင်းတာပဲ ရှိသည်။ ဘယ်တော့မှ ရိုင်းရိုင်းစိုင်းစိုင်းမပြော၊ ကြမ်းကြမ်းတမ်းတမ်း လည်းမဆက်ဆံပါ။ ပြီးတော့ ဓာမဏီက နေထိုင်ပုံလည်း သီးသန့် ဆန်ကာ လမ်းထဲမှာရှိသော အသိမိတ်ဆွေတွေနဲ့လည်း သိပ်တရင်း တနှီးစကားမပြော။ မြင်ရင် ပြုံးပြရုံအပြင်မှုပို။ ဓာမဏီ့ကို လမ်း ထဲက လူတစ်ယောက်ယောက်နဲ့ဖြစ်ဖြစ် ရပ်စကားပြောတာပင် တွေ့ရခဲလှသည်။ အမေကတော့ ...

"ကောင်မလေးက ပေါင်းသင်းဆက်ဆံရေးညံ့တယ်၊ သူ့လို ပုံစံမျိုးသာဆိုရင် ဈေးသည်လုပ်ဖို့ မလွယ်ဘူး"

ဟုပင် မြင့်မြတ်ကို စသလို နောက်သလို ပြောရင်း ဝေဖန်တတ်သေးသည်။

အခုတော့ အေးဆေးတိတ်ဆိတ်ပြီး သီးသန့်နေတတ်သော ဓာမဏီမှာ ဘယ်ကဘယ်လို ဝင်သွားသည်မသိသော စိတ်ရောဂါတစ်မျိုးကြောင့် စကားပြောတာဆိုတာ ကြမ်းတမ်းခက်ထန် လျက် ဒေါသကြီးနေတော့လေသည်။

"Schizophrenia(စိတ်ကစဉ့်ကလျားရောဂါ) ဝင်တာဖြစ်ဖို့ များတယ်။ အဲဒီရောဂါမျိုးက တချို့ကျတော့ မျိုးရိုးလိုက်ပြီး ဖြစ်တာ။ တချို့ကျတော့လည်း မျိုးရိုးမရှိဘဲ သူ့ဘာသာ ဘယ်ကဘယ်လို ဝင်လာမှန်း မသိတာလဲ ရှိတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



depression ဝင်ရောက်နေ တဖြည်းဖြည်း Schizo ဘက် ပြောင်းသွားတာပေါ့။ အဲဒီလိုဖြစ်လာရင် မရှိတာကို အရှိ ထင်လာတတ်တယ်၊ မဖြစ်တာကို ဖြစ်နေတယ်ပဲ ထင်ကြ တယ်၊ စိတ်ကူးထဲမှာ ရှိတာတွေကို အပြင်မှာ တကယ်ရှိ နေပြီဖြစ်နေပြီဆိုပြီး ထင်ကြတာလေ၊ ကုလို့တော့ ရပါတယ်။ ဒါပေမဲ့ ဆေးတော့အမြဲဆွဲသောက်ရမယ်။ မကြာခဏလည်း ပြန်ဖြစ်တတ်တယ်။ ရှင်းရှင်းကြီး ပျောက်သွားတယ်ဆို တာမရှိဘူး"

ဟူသော မြင့်မြတ်၏ ဆရာမှတစ်ဆင့် ဆက်သွယ် ပေးသော စိတ်ရောဂါဆရာဝန်ကြီးထံမှ ကောက်ချက်ချသံကို ပြန်ကြားယောင်တိုင်း မြင့်မြတ်သည် ဇာမဏီအတွက် ယူကျုံးမရ ဖြစ်လို့မဆုံးတော့ပေ။ ဖြစ်မှဖြစ်ရလေ ဇာမဏီရယ်။ အဖေ အမေ ကိုလည်းအသိမပေးချင်။ အမေ့ဆီကတစ်ဆင့် ရပ်ကွက်ထဲကလူတွေ လမ်းထဲကလူတွေ သိကုန်ကြရင် အခြေအနေ ပိုကောင်းဖို့မမြင်။

"ရောဂါအခြေအနေ သိပ်မဆိုးသေးရင် ဘေးလူတွေကို သိပ် အသိမပေးပါနဲ့။ လူတွေက စိတ်ရောဂါဝင်ရင်ပဲ တကယ့်ကို ရူးနေတဲ့လူတစ်ယောက်လို ဆက်ဆံတတ်ကြ တာများတော့ အဲဒီလို အပြုအမူမျိုးကလည်း ဝေဒနာသည်ရဲ့ စိတ်ကို ပိုထိခိုက်စေတယ်၊ ပိုပြီး ဆိုးလာတတ်စေတယ်"





ဟု ဆရာကြီးက အသေအချာ မှာလိုက်သဖြင့် မြင့်မြတ်လည်း အဖေ အမေတို့ကိုပင် ပေးမသိပါ။ ဦးထွန်းကို လည်း ကြိုမှာထားရသည်။ ဦးထွန်းမှာ ထိုသို့ကြားစဉ်က စိတ်ထိ ခိုက် ဆင်းရဲရလွန်း၍ ချက်ချင်းပင် ဆယ့်ငါးနှစ်လောက် ပိုအို သွားသလား ထင်ရအောင် အိုစာသွားပါသည်။ ခုတော့လည်း သမီးဖြစ်သူကို ရောဂါကုသဖို့ စိတ်တင်းပြီး တက်ကြွနေဟန် တွေ့ရသည်။

"ဏီမှာ ချစ်သူရှိတယ်၊ ဦးလင်းအိမ်က ဏီ့ချစ်သူပါပဲ အဖေ။ သူနဲ့ ဏီ လက်ထပ်ဖို့ စီစဉ်နေပါပြီ။ သူက အဖေ့ ကို ဒီရက်ပိုင်းမှာပဲ လာတောင်းရမ်းတော့မှာတဲ့။ ဏီကသာ အဖေ့ကို သနားနေတာ။ ဏီတို့ လက်ထပ်ပြီးရင် ဏီက ဦးလင်းအိမ်နဲ့ လိုက်သွားနေရမှာလေ၊ အဲဒီကျ အဖေနဲ့ မောင်လေး နှစ်ယောက်တည်း ဘယ်လိုများ နေကြမလဲဆို ပြီး သနားနေလို့ အဲဒါတွေ တွေးပြီလည်း အိပ်မပျော်ဘူး။ ဦးလင်းအိမ်နဲ့ လက်ထပ်ပြီး သွားနေရမဲ့ သူ့အိမ်ကြီးမှာ ဏီ ဘယ်လိုများ စီမံကွပ်ကဲပြီး နေပြရမလဲ။ ယောက္ခမ တွေ ယောက်မတွေနဲ့ တည့်အောင် ဘယ်လိုနေရမလဲလို့ တွေးပြီးတော့လည်း အိပ်မပျော်ဘူး၊ အဲဒါတွေကြောင့် ဏီ အိပ်မပျော်တာကို နင်က ဘာသဘောနဲ့ ငါ့ကို စိတ် ကျရောဂါဖြစ်နေပါပြီ ရူးနေပါပြီလို့ စွပ်စွဲလဲ၊ မေမေရော

www.burmeseclassic.com



အမဲ သဲနဲ့ပက်ချင်တဲ့ကောင်။ နင် စိတ်သိပ်ပုဂ်တဲ့ကောင်၊ သွား... သွား... နင်ထွက်သွား၊ ငါ့အိမ်ထဲက ထွက်သွား။ အဖေ သူ့ကို အကောင်းမထင်နဲ့၊ မောင်းထုတ်လိုက်၊ သူ အဖေ့ကို အယုံသွင်းပြီးပြောနေတာ၊ သူ့ကို မယုံနဲ့"

ဇာမဏီသည် ပြောရင်း ရန်တွေ့ရင်း မြင့်မြတ်ကို ဆွဲထုတ်တော့မလို ပြင်လာလျှင် ဦးထွန်းသည် ဇာမဏီကို ချုပ်ထားရင်း ...

"သမီး စိတ်ငြိမ်အောင် ဘာမှ မတွေးပါနဲ့။ အဖေ့ စကားနားထောင်ပါ။ အဖေ့အကြောင်းပဲတွေးပါ။ မောင်မြင့်မြတ် ပြောတာတွေလည်း ခေါင်းထဲမထွေးဘဲ အဖေ အခုပြောတဲ့တစ်ခွန်းပဲ တွေးပါနော်"

ဟု ဖျောင်းဖျပြော်ဆိုလိုက်ပါသည်။

"အဖေ ဘာပြောမှာလဲ"

ဇာမဏီ စိတ်တစ်ချက်လည်သွားကာ လေသံအေးအေးဖြင့် မေးလိုက်သဖြင့် မြင့်မြတ် ဝမ်းသာသွားသည်။ ဇာမဏီကို ဖျောင်းဖျလို့ရမှ ဆရာဝန်ဆီ ခေါ်သွားလို့ရမှာဖြစ်သည်။ နောက်မို့ မလိုက်ပါဘူး၊ မသွားပါဘူးဆိုတဲ့ လူတစ်ယောက်ကို အတင်းချုပ်နှောင်ပြီး ခေါ်သွားလို့လည်းမဖြစ်ပြန်။ သောပတ်ဝန်းကျင်က ပိုပြီး စပ်စုတွေးတောစရာ၊ ချဲ့ကားပြောချင်စရာ ဖြစ်သွားလိမ့်မည်။





"သမီး ဆရာဝန်နဲ့ ခဏပဲ လိုက်စကားပြောလိုက်ပါ"

ထိုသို့ကြားလိုက်ရသောအခါ ဇာမဏီသည် ဝူးဝူးဝါးဝါးဖြစ်လျက် သူမကို ချုပ်ထားသော အဖေကိုပင် ဆောင့်တွန်းဝစ်လိုက်သည်။ ဦးထွန်းမှာ နဂိုတည်းက ခပ်ယဲ့ယဲ့ ဖြစ်သလိုခုတလောမှာ သူလည်း သမီးစိတ်နှင့် ကျန်းမာရေးပင် ချို့တဲ့ချင်သလို ဖြစ်နေလေရာ ဇာမဏီ ရုတ်တရက်ဆောင့်တွန်းလိုက်လျှင် ယိုင်လဲကျသွားသည်။

"ဟာ ... ဟာ ... ဦးလေး"

"အဖေလည်း ဏီ့အပေါ် နားမလည်ဘူး၊ ဏီ ဒီမှာမနေဘူးသွားမဲ့ယ်။ ထွက်သွားတော့မယ်။ ကိုကို့ဆီမှာ သွားနေမယ်"

ပြောပြောဆိုဆို ဇာမဏီသည် အိမ်တံခါးကိုဖွင့်ကာ တဝုန်းဝုန်း ပြေးဆင်းထွက်သွားပါတော့သည်။ မြင့်မြတ်မှာ ယိုင်လဲပြိုကျရာမှ ပြန်မထနိုင်သော ဦးထွန်းကိုပဲ ပြုစုရမလိုလို ဇာမဏီ နောက်ပဲ ပြေးလိုက်ပြီး တားရမလိုလို ဗျာများလျက် ကျန်ခဲ့ပါသည်။

ဦးထွန်းမှာ ခေါင်းမူးပြီး လဲပြိုသွားတာ ဖြစ်သလို စိတ်ဆင်းရဲလွန်းသည့်ဒဏ်ကြောင့် မိုက်တွေလည်း ချက်ချင်းထိုးအောင့်လာသဖြင့် မြင့်မြတ်လည်း ရှိတဲ့ဆေး ခဏတိုက်ထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်း သက်သာသလောက်ရှိမှ ...

"ဦးလင်းအိမ်ကို အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်းပေးပါ သားရယ်။ သမီး သူ့ဆီကို သွားခဲ့ရင် သူ ဒီကိုပြန်လာပို့ပေးဖို့ဖြစ်ဖြစ်၊ သူ ပြောတဲ့စကားကိုဆို သမီး နားထောင်ချင်ထောင်မှာမို့ အိမ်ပြန်နိုင်းဖို့ပဲ ပြောပေးဖို့ဖြစ်ဖြစ် သား အဆင်ပြေသလိုပြောပြီး အကူအညီတောင်းပေးပါကွယ်"

ဟူ၍ မြင့်မြတ်ကို ပြောသောအခါ မြင့်မြတ် အောက်ဆင်း၍ ဖုန်းဆက်ရတာဖြစ်ပါသည်။

ဦလင်းအိမ်ထံမှ အားတက်လောက်စရာ မရှိသော အဖြစ်တွေကို ပြန်မပြောဖို့စဉ်းစားရင်း မြင့်မြတ်သည် ဦးထွန်းကို ကူညီပြုစုရန် သူတို့အိမ်ဘက် ပြန်လာခဲ့သလို၊ ဓာမဏီကိုလည်း တွေးပြီး စိတ်ပူပန်လာမိတော့လေသည်။

○ ❧ ○





၁၈

ညနေမှာ အလုပ်ကပြန်တော့ ခြောက်နာရီကျော် သွားသည်။ နေ့ခင်းဘက်တွေ ပူပေမဲ့ ညနေပိုင်း၊ ညပိုင်းနဲ့ မနက်စောစောပိုင်းတွေမှာ အေးနေတတ်သေးသော နွေဦးပေါက် ရာသီမို့ ခြောက်နာရီကျော်တော့ ခပ်အေးအေးလေက စတိုက်တာကို ခံစားရလေသည်။ ကားပါ့ခ်မှာတော့ လင်းအိမ်၏ ကားတစ်စီးတည်းသာ ကျန်တော့သည်။ အလုပ်ရှင်ဖြစ်သော လင်းအိမ်မှာ ဝန်ထမ်းတွေ ငါးနာရီပြန်သွား အမြဲရှိပေမဲ့ သူကတော့ အမြဲ ခြောက်နာရီကျော် လောက်မှ ရုံးခန်းထဲက ထွက်ဖြစ်စမြဲဖြစ်သည်။ အလုပ်ရှင်သူဌေး ပေမဲ့လည်း ဇိမ်နဲ့တော့ နေလို့မရ။ ဒီလုပ်ငန်းကြီး အဆက်မပြတ် လည်ပတ်နိုင်ပြီး အောင်မြင်နေဖို့ ဆိုသော Pressure [illegible] အမြဲရှိနေသည်။ လင်းအိမ်ကိုယ်တိုင်ကလည်း ပေါ့ [illegible]

www.burmeseclassic.com



မနေလို၍ အလုပ်ကို အမြဲသေသေချာချာ လုပ်တတ်တာကြောင့်လည်းပါပါသည်။

ကားပါခ်မှာ ကားသော့ဖွင့်၊ ကားထဲဝင်ထိုင်ကားမောင်းလာရင်း တစ်ချက်တော့ သတိရသွားသည်။ မနက်က မြင့်မြတ်မောင် ဖုန်းဆက်ပြောထား၍ ဓာမဏီကို တွေ့ခဲ့ရင်ဟူသော အချက်ပင်ဖြစ်ပါသည်။ ကိုယ်နဲ့သိပ်မဆိုင်ဘူးလို့ ခေါင်းထဲမှာ တွေးထားပေမဲ့ ဆေးဘီပတ်ဝန်းကျင်မှာများ ဒီကောင်မလေး ရပ်စောင့်ကြည့်နေမလားဟူ၍ သတိရာရတော့ ရှာကြည့်မိသေးသည်။

သို့သော် မတွေ့ပါ။ မတွေ့တော့လည်း ကောင်းတာပေါ့လေ။ ကိုယ်နဲ့ ခပ်ကင်းကင်းဖြစ်တာ ကောင်းတာပဲပေါ့။

လင်းအိမ်သည် ကားကို ညင်သာစွာ အေးဆေးစွာ မောင်း၍ အိမ်ပြန်ခဲ့ပါသည်။

လင်းအိမ်တို့နေထိုင်ရာ ခြံကျယ်ကြီးများသာရှိသော လမ်းထဲချိုးကွေ့ဝင်လာခဲ့ပြီး လင်းအိမ်၏ နှစ်ထပ်တိုက်ကြီးရှိရာ ခြံရှေ့မှာ ကားကို မီးထိုးရပ်လိုက်စဉ်မှာတော့ မတွေ့တော့ဘူး ထင်ထားခဲ့သော ဓာမဏီကို ကားမီးထိုးထားရာ တည့်တည့်မှာ အထင်းသား လှမ်းတွေ့လိုက်ရသည်။

"ဟာ ... ဒီကောင်မလေး အိမ်ရှေ့ထိ ရောက်နေပြန်ပြီ"





ဟု စိတ်ပျက်၊ စိတ်ရှုပ်စွာ ညည်းညူမိရင်း ဘာလုပ်ရင် ကောင်းမလဲလို့ပါ ခေါင်းထဲမှာ ဆက်တွေးနေရပါသည်။ သွား ... ကိုယ့်အိမ်ကိုယ်ပြန်တော့လို့ပြောဖို့ သင့်ပါ့မလား။ ဒီလောက် ညနေဘက် နေဝင်ရီတရော မှောင်စပြုနေတဲ့အချိန်မှာ လူသူကင်းမဲ့တဲ့ ဒီလမ်းကြီးထဲကနေ တစ်ယောက်တည်း လမ်းလျှောက်ထွက်။ ခပ်လှမ်းလှမ်းက ဘတ်စ်ကားဂိတ်ကလည်း ကားရပ်စောင့်သူ နည်းတာမို့ ဒီကောင်မလေးတစ်ယောက်တည်း ရပ်စောင့်လို့ဖြစ်ပါ့မလား။ ဒါမှမဟုတ် လာ ... ကားပေါ်တက် ငါ အိမ်ပြန်ပို့ပေးမယ်ဆိုရင်ရော ဒီမိန်းကလေးက အသာတကြည်လက်ခံပါ့မလား။

လင်းအိမ်၏ ခြံတံခါးကတော့ မဖွင့်ရသေးပါ။ ကားသော့နဲ့အတူ တွဲထားသော ရီမုဒ်လေးနဲ့ ကိုယ့်ဘာသာ ခလုတ်နှိပ်ဖွင့်ရုံပင်။ ထိုရီမုဒ်လေးကလည်း လက်မလောက်ပဲ အရှည်ရှိသဖြင့် ကားသော့ချိတ်သော ကီးချိန်းအတွဲထဲ တစ်ခါတည်းထည့်ချိတ်ထားတာ ဖြစ်ပါသည်။ ဒါကြောင့် ခြံတံခါးလာဖွင့်ပေးစရာမလို။ လင်းအိမ်ဘာသာ ခလုတ်နှိပ်ဖွင့်လိုက်ရုံပင်။

ခုတော့ ခြံတံခါးမဖွင့်ဖြစ်သေးဘဲ ခဏစဉ်းစားလိုက်ပြီးမှ နောက်ဆုံးတော့ ခြံတံခါးရှေ့မှာ မလှုပ်မယှက် ရပ်နေသော ဓာမဏီကို စကားပြောဖို့ ကားပေါ်မှ ဆင်းလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းအိမ် ကားပေါ်မှ ဆင်းလိုက်လျှင်ပဲ မလှုပ်မယှက်ရပ်နေသော ဇာမဏီ ချက်ချင်း ပြေးလာတော့သည်။

"ဦးလင်းအိမ် ... ဦလင်းအိမ် ... ဏီကို ကူညီပါဦး၊ ဏီကို ကယ်ပါဦး။ သူတို့ ဏီကို ရူးနေပြီဆိုပြီး ဆေးရုံပို့တော့မလို့တဲ့"

လင်းအိမ်၏ လက်မောင်းကို လာဖက်တွယ်ရင်း ဘတွတ်တွတ် ပြောလိုက်သော ဇာမဏီ လက်တွေကို ဖြုတ်ချလိုက်လျှင် ...

"ဇာမဏီ ... မင်း ဘာကြောင့် ငါ့အိမ်ရှေ့ ရောက်နေတာလဲ"

"ဦးလင်းအိမ်ကို လာစောင့်နေတာပါ။ ဦးလင်းအိမ် ရုံးခန်းကိုလာရင် မကြိုက်ဘူး မဟုတ်လား။ ပြီးတော့ ဆေါ်ကေသွယ်ကိုလည်း ဏီလာရင် ဝင်ခွင့်မပေးထားဖို့ ပြောထားတယ် မဟုတ်လား၊ ဒါကြောင့် ဏီ ရုံးခန်းကို မလာတော့ဘဲ ဒီနားမှာ တစ်နေကုန် လာစောင့်နေတာ။ ဦးလင်းအိမ်တို့ အိမ်က ကားအဝင်အထွက်လုပ်ရင်မြင်မှာစိုးလို့ ဒီလမ်းထဲပဲ ခေါက်တုံ့ခေါက်ပြန်လျှောက်နေတာ။ ဦးလင်းအိမ် အိမ်ပြန်လာခါနီးမှ မှောင်မှ ဒီရှေ့လာရပ်စောင့်တာပါ"





အင်း ... စိတ်သာမမှန်တယ်။ ပါးလိုက်တာတော့ လှစ်နေတာပဲဟု လင်းအိမ် စိတ်ဆိုးဆိုး၊ စိတ်ညစ်ညစ်နဲ့ တွေးလိုက်သည်။ သို့သော် အခုမှ တကယ်အခက်တွေ့နေလေသည်။ ကောင်မလေးတစ်ယောက်တည်း ဘယ်လိုပုံစံနဲ့ အိမ်ပြန်ခိုင်းရမလဲ။ လင်းအိမ် လိုက်မပို့ချင်၍ တက္ကစီနဲ့ပဲ တင်ပေးလိုက်လို့မဖြစ်။ ညဘက်မှောင်မှောင်ကြီးမှာ စိတ်အခြေအနေ ပုံမှန်မရှိတဲ့ မိန်းကလေးတစ်ယောက်မို့ ပိုလို့ပင် စိတ်မချရပါ။

တက္ကစီမောင်းသူက လူကောင်းသူကောင်းဖြစ်တယ်ပဲထားဦး။ ဇာမဏီက ဟိုပြောဒီပြော ပြောချင်တာတွေ ပြောပြီး တခြားကို ပို့ပေးဖို့မောင်းခိုင်းလျှင် ပြဿနာက ပိုရှည်ဦးမည်။ အမှန်အတိုင်းပြောရင် လင်းအိမ် ကိုယ်တိုင်လည်း ဒီပြဿနာကြီးထဲ ဝင်မပါချင်၍ ဇာမဏီကို လိုက်မပို့ချင်ပါ။ ဒါဖြင့် အိမ်ထဲခဏခေါ်သွား၊ ခဏထားခဲ့။ ဇာမဏီအိမ်ကို သွားအကြောင်းကြားပြီး ကိုယ့်သမီး ကိုယ်လာခေါ်ဖို့ သွားပြော ... အင်း ... အဲဒါ လုံးဝ အဆင်မပြေဘူး။ ပိုတောင် အခြေအနေ ဆိုးသွားနိုင်တယ်။ ပိုတောင် အထင်မှားခံရဦးမယ်။

သူတို့သမီးကို အိမ်ပေါ်ထိတောင် ခေါ်တင်ထားတယ်ဆိုတဲ့ သံသယကို အဖြစ်မခံချင်။ လင်းအိမ်သည် တွေးရင်းနဲ့ ခေါင်းချွေးပင်ပြန်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စာမဏိကိုလည်း တော်တော်လန့်သွားသည်။ ဘာမှ မဟုတ်တဲ့ အကြောင်းအရာလေးကို အစပြုပြီး လူကို တော်တော် ဒုက္ခပေးနိုင်တာပဲ။

"ကိုကို ဏီ့ကို ချစ်နေခဲ့တယ် မဟုတ်လားဟင်"

လင်းအိမ်မှာ ထိုအသံနှင့်အတူ သူ့ရင်ခွင်ထဲ တိုးဝင်ပြီး သူ့ခါးကို မျက်နှာအပ်သိုင်းဖက်တော့မလို လုပ်လာသော စာမဏိ အပြုအမူတွေကြောင့် လန့်ပြီး ပခုံးတွေကို ဆောင့်တွန်း လိုက်မိသည်။

စာမဏိကား ယိုင်သွားပေမဲ့ အပြုံးမပျက်။

"ကိုကို ဘာလို့ မြင့်မြတ်ကို ညာရတာလဲ။ ဏီနဲ့ ကိုကို ချစ်နေကြတယ် ဆိုတာ ဘာကြောင့် သူ့ကို မပြောချင် တာလဲ။ မြင့်မြတ်ကို ဘာမှ ဂရုမစိုက်ပါနဲ့ ကိုကို။ သူက ဏီ့ကို မရလို့ ရူးနေတာ၊ အံ့ဖေ့ကိုလည်း ဏီ့အကြောင်း မကောင်းတာတွေပြောပြီး စည်းရုံးထားတာ"

"စာမဏိ မဟုတ်တာတွေ မပြောနဲ့လေ၊ မင်းနဲ့ ငါ ဘာမှ မဆိုင်ဘူး"

"ကိုကို ဘာမှ မပူနဲ့၊ ဏီ ကိုကို့ဘက်မှာပါပါတယ်။ ဏီ ကိုကို့ကို ချစ်လို့ အခု ကိုကို့အိမ်ထိတောင် ရောက်လာပြီ လေ။ လာ … အထဲဝင်ကြရအောင်နော်"





လင်းအိမ်သည် ဒီမိန်းကလေး စိတ်အခြေအနေ ပုံမှန် လုံးဝမရှိဘူးဆိုတာ သဘောပေါက်လျက် ဆက်မငြင်းတော့ ဖို့တွေးရင်း …

"ကဲ … ကဲ … မင်းလည်း ပင်ပန်းနေပြီ၊ မင်း အိမ်ကိုပဲ ပြန်ကြရအောင်နော်။ ဟုတ်ပြီလား"

ဟု ပါးစပ်ထဲမှာ အဆင်ပြေသလိုပြောပြီး ချော့မော့ လိုက်သည်။

"ဟာ … အိမ်မပြန်ပါဘူး။ အိမ်မပြန်ချင်တော့ဘူး၊ မနက် ကတည်းက အပြီးထွက်လာတာ။ အလုပ်လည်း မသွားတော့ ဘဲ ဒီမှာ လာပုန်းနေတာ။ အလုပ်သွားနေရင် သူတို့ ရှာ တွေ့ဦးမှာမို့ ဒီလမ်းထဲ လာပုန်းနေတာ ကိုကို မသိဘူး လား။ ဏီ ကိုကို့ဆီ အပြီးထွက်လာပြီးပြီ၊ ဘာလို့ ပြန်ရ မှာလဲ"

"မဟုတ်ဘူးလေ မိန်းကလေးဆိုတာ ယောကျ်ားတစ်ယောက် အိမ်မှာ တက်နေချင်တိုင်း နေလို့မရဘူး စာမဏိ။ မင်းမှာ အဖေ ရှိတယ်။ မောင်ရှိတယ်။ ပြီးတော့ မင်းမှာ ဣန္ဒြေ သိက္ခာလည်းရှိတယ်။ ဒီလိုလုပ်ချင်တိုင်း လုပ်လို့မရဘူး"

"ဏီ အိမ်ပြန်သွားရင် သူတို့ ဏီ့ကို ဆရာဝန်နဲ့ အတင်းပြ မှာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း နေမကောင်းလို့ပဲ"

"ဇာ် ဘာမှ မဖြစ်ဘူး။ ဇာ် နေကောင်းတယ်၊ ဇာ့်မှာ စိတ်ကျရောဂါလည်းမရှိဘူး။ ဇာ် အရမ်းပျော်နေတယ်၊ အဲဒါကို သူတို့ တမင်စွပ်စွဲပြီး ဇာ့်ကို ဆေးရုံပို့မှာ၊ ကိုကိုနဲ့ ခွဲချင်လို့ပို့မှာ"

လင်းအိမ်သည် ဘယ်လိုဖျောင်းဖျပြောဆိုရမှန်းပင် မသိတော့။ ကားပေါ်တင်ခေါ်ပြီး အိမ်လိုက်ပို့ပေးတော့မယ်လို့ ဆုံးဖြတ်ပြီး ခေါ်တော့လည်းမရ။ ဒီမိန်းကလေးက အိမ်မပြန်ဘူး ချည်းပြောနေသည်။

"မင်း ငါ့ကို ချစ်ရင် ငါ့စကားနားထောင်ပါ ဇာမဏီ။ မင်း အိမ်ကို ပြန်ပို့ပေးမယ်၊ မင်း အဖေကိုလည်း ငါ သေသေချာချာပြောပေးမယ်၊ ဇာမဏီ ဘာမှ မဖြစ်ပါဘူး။ သူ့ကို ဆေးရုံမပို့ပါနဲ့။ စိတ်ရောဂါကုဆရာဝန်နဲ့ မပြပါနဲ့ လို့ ငါ ပြောပေးမယ်လေ ဘယ်လိုလဲ"

"ဒါပဲလား"

လင်းအိမ်သည် ဇာမဏီ့အမေးကို နားမလည်နိုင်ဘဲ ပြန်ကြည့်ရင်း ...

"အေးလေ ... ဒါပဲပြောရုံပေါ့။ အဲဒီလို ငါပြောပေးရင် မင်း အဖေ လက်ခံမှာပါ။ မင်း ငါ့ကိုချစ်ရင် ငါ့ကို ယုံရင် အိမ်ကို ဘာလို့ မပြန်ရဲရမှာလဲ"





ဟု ထပ်ပြောလိုက်သည်။

"ဇာ့်ကို ချစ်နေပါတယ်၊ ဇာ့်ကို လက်ထပ်ပါ့မယ်ဆိုတာပါ အဖေ့ကို ကတိပေးမှ ဖြစ်မှာပေါ့"

"အေး ... ပေးမယ်ကွာ ပေးမယ်၊ ငါ ကတိပေးပေးမယ် စိတ်ချ။ ကဲ ... လာ ပြန်ကြရအောင်ပါ။ အိမ်ပြန်သိပ်နောက် ကျရင် မကောင်းဘူး"

လင်းအိမ်သည် ဇာမဏီ့ကို အိမ်ပြန်ပို့နိုင်ဖို့သာ ခေါင်းထဲရှိသဖြင့် ပြီးပြီးရောဆိုပြီး ကတိခံလိုက်သည်။ ဇာမဏီ က မယုံသင်္ကာတော့ ရှိနေသေးသည်။

"မနက်ဖြန်ပဲ ဇာ့်ကို လာတောင်းရမ်းမယ်လို့ အဖေ့ကို ပြောနော်"

"စိတ်ချ ပြောမယ်။ မင်းကို တိုက်တစ်လုံး ကားတစ်စီး စိန်တစ်ဆင်ဆာနဲ့ တင်တောင်းမယ်လို့ ပြောမယ်"

လင်းအိမ်သည် စိတ်ပေါက်ပေါက်နဲ့ ရွဲ့ပြောလိုက် မိတော့သည်။ ဇာမဏီကား ဒါမျိုးတွေ စိတ်ကူးယဉ်ထားခဲ့ပြီး မကြာမီ ဖြစ်လာတော့မယ်ရယ်လို့ ထင်ကိုထင်နေသူပီပီ အဟုတ် ကြီးထင်ပြီး ခုန်ပေါက်တော့မတတ် ဝမ်းသာသွားသည်။ လင်းအိမ် ကို သိုင်းဖက်လိုက်ပြီး ...

"ကိုကို့ကို ချစ်တယ်၊ သိပ်ချစ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



လို့ တဖွဖွ ပြောနေတော့သည်။

လင်းအိမ်သည် အတော်ကြီးကို သည်းခံလိုက်ပြီး ဓာမဏီကို သူ့ကားထဲ ဝင်ထိုင်ဖို့ တွန်းထိုးထည့်လိုက်ပါသည်။

ဓာမဏီ ကားထဲရောက်သွားမှပဲ စိတ်အေးတော့သည်။ လိုရမယ်ရ central lock ကိုပါ ချထားလိုက်သဖြင့် တံခါးအားလုံး အလိုလို လော့(ခ)ချပြီးသားဖြစ်ကာ လင်းအိမ်ဘက်မှ ဖွင့်မပေးမချင်း ကားထဲ ရှိ ကျန်တံခါးတွေဘယ်ဟာမှ ဖွင့်၍မရပါ။ လင်းအိမ် ကားစမောင်းလာသောအခါ ဓာမဏီသည် တစ်ချိန်လုံး လင်းအိမ်ကိုပဲ စိုက်ကြည့်လာသည်မှာ တစ်လမ်းလုံး။ လင်းအိမ် စိတ်ထဲမှာ စိတ်အနှောင့်အယှက်တော့ဖြစ်ပေမဲ့ ငါ့ကို ကြည့်မနေနဲ့ ဟူ၍တော့ တားမနေတော့ပါ။

စိတ်ထဲမှာသာ တအုံ့တညြ ဖြစ်နေသည်။ ဒီမိန်းကလေး ငါနဲ့လည်း သိပ်တွေ့ဖြစ်တာလည်း မဟုတ်ဘူး။ ငါကလည်း သူ့အပေါ်မှာ ထူးပြီးအရောတဝင်နေတာလည်း မဟုတ်ဘူး။ မိန်းကလေးတစ်ယောက် ယစ်မူးသာယာသွားလောက်အောင် အပြုအမူတွေလည်း မလုပ်ခဲ့ပါဘူး။ ဘာကြောင့်များ သူ ငါ့အပေါ် ဒီလောက်ကြီး စွဲလမ်းသွားသလဲ။ ဘာကြောင့် စိတ်အခြေအနေ ပုံမှန်မဖြစ်တော့တဲ့အထိ စွဲလမ်းတမ်းမက်သွားသလဲ။

"ဟင် ... ကိုကို ဒါဘယ်သူလဲ၊ ဘယ်သူ့ပုံလဲ"



လင်းအိမ် တစ်ချက်သတိလွတ်သွားပြီး ဓာမဏီကို သတိမထားမိလိုက်ချိန်တွင် ဓာမဏီသည် လင်းအိမ်၏ ယောက်ျားကိုင် ပိုက်ဆံအိတ်ကြီးကို ဖွင့်ကြည့်နေလေပြီ။ လင်းအိမ်လည်း မေ့ပြီး ကားဒက်(ရှ်)ဘုတ်ပေါ် တင်ထားမိတာဖြစ်သည်။ ပိုက်ဆံအိတ်ကြည့်တာက အကြောင်းမဟုတ်။ ဓာမဏီသည် ပိုက်ဆံအိတ်ထဲမှ အိတ်အကန့်တစ်ခုမှာထည့်ထားသော လင်းအိမ်နှင့် လှပချောမောသော မိန်းကလေးတစ်ယောက် တွဲရိုက်ထားသော ဓာတ်ပုံသေးသေးလေးတစ်ပုံကို မြင်သွားပါသည်။ ထိုဓာတ်ပုံလေးမှာ နစ်လက်မပတ်လည်အရွယ် ပုံသေးလေးဖြစ်ပြီး ပိုက်ဆံအိတ်ရဲ့ အကန့်ထဲထည့်ထားလျှင် မကျိုးမခေါက်သွားအောင် ပလတ်စတစ်အကြည်ဖြင့် ပလတ်စတစ်လောင်းထားခဲ့ပါသည်။

"ကိုကို ဒါ ဘယ်သူလဲလို့ မေးနေတယ်"

"မင်း မသိချင်ပါနဲ့"

"ဟာ ... ဒီလိုပြောလို့ဘယ်ရမလဲ၊ ကိုကို့မှာ ကိုအပြင် တခြားချစ်ရမဲ့သူတစ်ယောက် ဘာလို့ရှိရမှာလဲ၊ ဒါ ချစ်သူရည်းစားမို့ တွဲရိုက်ထားတဲ့ပုံပဲ၊ ကြည့်ပါဦး ကိုကိုက သူ့ကို သိပ်ချစ်နေလိုက်တာ၊ ပခုံးကိုတောင် ဖက်ထားတယ်။ အဲဒါ ဘာသဘောလဲ ကိုကို။ ကိုကို ဘာကြောင့် ကွယ်ရာမှာ ဖောက်ပြန်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဓာမဏီ ... မင်း အေးအေးဆေးဆေး လိုက်ခဲ့ပါ၊ ဘာမှ ပြဿနာမရှာနေပါနဲ့"

"ပြဿနာက ကိုကိုပဲ စတာ။ သူ ဘယ်သူလဲ ဆိုတာ မပြောရင် ဏီ အိမ်မပြန်ဘူး"

"မပြန်လို့မရဘူးလေ၊ မင်း ကိုယ့်ကားပေါ်မှာ"

"ကားတံခါးဖွင့်ပြီး ခုန်ဆင်းလိုက်မယ်"

"ဖွင့်လို့မရဘူး။ ငါ အကုန်လော့(ခ)ချထားတယ်။ မင်း ဖွင့်ချင်တိုင်းဖွင့်လို့မရဘူး။ ငါ ဖွင့်ပေးမှ ရမယ်လေ"

"ကိုကို သိပ်ရက်စက်တာပဲ၊ ဏီ့ကို မညှာတာဘူး၊ ဏီက တော့ ချစ်လိုက်ရတာ။ ကိုကိုက ကွယ်ရာမှာ ဖောက်ပြန် နေတယ်။ ဏီ့မှာ ဘာအပြစ်ရှိလို့လဲ ကိုကို။ ဘာအပြစ် ရှိလို့ ဏီ စိတ်ဆင်းရဲရအောင်လုပ်တာလဲ။ သတ်မယ် ... သတ်မယ် ... ဏီ အဲဒီကောင်မကို သတ်မယ်၊ ကိုကို့ကို လည်း မုန်းတယ်၊ သတ်မယ် ... အကုန်လုံးကို မုန်းတယ်၊ အားလုံးကို သတ်ပြီးရင် ဏီပါ အသေခံမယ် ... ဟား ဟား ဟား"

လင်းအိမ်သည် ဓာမဏီတစ်ယောက် အော်ဟစ်ပြော ဆိုကာ နောက်ဆုံးမှာ ရယ်သံကြီးဖြင့် တဟားဟားရယ်ရင်း သူ့ မျက်နှာကို စတင်ကုတ်ခြစ်တော့လျှင် ...





"ဟာ ... ဟာ ... ဓာမဏီ တော်စမ်း ရပ်စမ်း၊ ဘာလုပ် တာလဲ၊ ကားတိုက်မိတော့မယ်၊ ဖယ်စမ်း ဟေ့ ... ငါ့ကို မလုပ်နဲ့၊ အား မျက်စိ ... မျက်စိကို မကုတ်နဲ့လေ"

လင်းအိမ်သည် ဓာမဏီ့ကို တွန်းဖယ်ရှောင်ရင်း အော်လည်းအော်ပေမဲ့ မရပါ။ ဓာမဏီသည် ပိုကြမ်းတမ်းလာပြီး လင်းအိမ် ဆံပင်တွေကိုပါ ဆောင့်ဆွဲ၊ မျက်နှာကို မီသမျှ ကုတ် ခြစ်၊ လက်မောင်းတွေ လက်ဖျံတွေကို သွားဖြင့် ကုန်းကိုက် သဖြင့် တိုက်ခိုက်ရင်း ပါးစပ်မှလည်း ...

"သေအောင်ကိုသတ်မယ်၊ ဏီ့ကို မချစ်ရင် ကိုကို ဒီကမ္ဘာ မှာ မနေရဘူး။ သေကိုသေစေရမယ်၊ ကိုကို သေပြီးရင် ကိုကို့ကောင်မလည်း သေရမယ်၊ ဏီလည်း ပြီးရင်သေမယ်"

ဟူ၍ သွေးရူးသွေးတန်းတွေ ပြောလျက် သူ့ကို လင်းအိမ် ဘယ်လောက် လက်ပြန်ရိုက်ရိုက် မထိအောင်ရှောင်နိုင် နေပြီး လင်းအိမ်ကို ဒေါသတကြီး ဆက်ဒုက္ခပေးနေလေရာ လင်းအိမ်သည် မျက်စိကိုလည်း ထိသဖြင့် မျက်လုံးတွေနာကျင် ကာ ကားကိုလည်း ဒယိမ်းဒယိုင် မောင်းမိသလိုဖြစ်လျက် ကိုယ် မောင်းနေသောလမ်းမှာ လမ်းမှန်လား။ လမ်းပြောင်းပြန်မှာ ရောက်နေသလားပင် သတိမပြုမိတော့။ ညဘက် ကားရှင်းနေ သော လမ်းမမှာ ဒယိမ်းဒယိုင်မောင်းလာသော ကားသည် မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာချင်းဆိုင်မိလိုက်သော ကားမီးစူးစူးရဲရဲကြီးတစ်ခုနှင့် အဆုံးမှာ လင်းအိမ်သည် လန့်ပြီး ကားစတီယာရင်ကို ဘေးသို့ ဆွဲချလိုက်မိတော့လေသည်။

အဲဒီနောက်မှာ သူ သိလိုက်တာက ဝုန်းဆိုသော အသံကျယ်ကြီး တစ်ခုကိုသာ နောက်ဆုံးကြားလိုက်ရတာဖြစ်ပါသည်။

၀ ၂၈ ၀






www.burmeseclassic.com

www.burmeseclassic.com

ဓာမဏီသည် မျက်လုံးဖွင့်ဖွင့်ချင်းမှာပင် ...

"ကိုကို ဘယ်မှာလဲဟင်"

ဟု အရင်ဆုံးမေးလိုက်သဖြင့် မြင့်မြတ်ကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေပါသည်။

"သူ ရှိပါတယ် ဓာမဏီ၊ သူ့ တခြားအခန်းမှာ ရှိနေပါတယ်"

"ဘာဖြစ်သွားသေးလဲဟင်"

"ဘာမှ မဖြစ်ပါဘူး။ နည်းနည်းပါးပါးပဲ ထိခိုက်ဒဏ်ရာရပါတယ်"

"သေချာလား နင် ငါ့ကို ညာပြောတာလား မြင့်မြတ်"

"ညာမပြောပါဘူး။ သူက အရင်သတိရနေပါပြီ။ ပြီးရင် ဓာမဏီကို လာတွေ့မယ်လို့လည်း ခုနက ကိုယ့်ကို ပြောပါတယ်"





အဖေကတော့ ဓာမဏီကို ခပ်ငေးငေးသာကြည့်ရင်း မျက်ရည်ရစ်ဝဲနေသည်။ ဓာမဏီသည် အဖေ့ကို ခုမှ တောင်းပန်စကားပြောဖို့ သတိရသွားပါသည်။

"အဖေ ဏီ မှားပါတယ်၊ ဏီ့ကို ခွင့်လွှတ်ပါနော်။ ဏီ အဖေ့သိက္ခာကျအောင် မလုပ်သင့်ဘူးနော်၊ ဏီ မှားသွားတယ်၊ ဏီ အချစ်ကို ရှေ့တန်းတင်မိသွားတယ်"

"အေးပါ သမီးရယ်၊ သမီး အဖေ့စကား နားထောင်ပြီး နေကောင်းအောင်နေပါ။ အဲဒါဆို အဖေ့ကို ကျေးဇူးဆပ်တာနဲ့ အတူတူပါပဲ"

"ဏီ လိမ္မာပါ့မယ်၊ အဖေနဲ့ မြင့်မြတ်စီစဉ်သလို လက်ခံပါ့မယ်။ ဏီ့ကိုယ်ဏီလည်း တစ်ခါတလေကျ သိပါတယ်၊ ငါ ဘာတွေများ မှားနေသလဲလို့လေ။ စိတ်ထဲမှာ ငါ တစ်ခုခုမှားနေပြီလို့သိပေမဲ့ ဘယ်လိုမှ ကိုယ့်စိတ်ကိုယ် မနိုင်ခဲ့ဘူး။ အဓိကကတော့ ဏီ့စိတ်ထဲမှာ ဖြစ်ချင်တာတွေများပြီး ကိုယ့်ဘဝကို အားငယ်နေခဲ့တာ။ မကျေမနပ် ဖြစ်နေခဲ့တာ၊ စိတ်ကူးယဉ်မှုတွေ များနေခဲ့တာပါ။ ဒါကြောင့် ဏီဟာ ကိုယ်နဲ့ သိပ်အလှမ်းကွာတဲ့ လူတစ်ယောက်ကို မထင်မှတ်ဘဲ ဆုံလိုက်ရချိန်မှာ စိတ်ထဲမှာ တဒင်္ဂအမှားတွေ ကျူးလွန်မိသွားတာပါ"

www.burmeseclassic.com



ဓာမဏီသည် စိတ်ထဲမှာ အထူးပင် ကြည်လင်ရှင်းလင်းနေကာ ငါ အမှားတွေလုပ်ခဲ့တာပါလားဆိုသော အသိဉာဏ်ကိုလည်း ရနေပါသည်။ စိတ်ထဲမှာ အရင်တလောက် နောက်ကျိရှုပ်ထွေး၊ အားငယ်၊ ဝမ်းနည်းမနေတော့ဘဲ ကြည်လင်လွန်းလှသဖြင့် ပေါ့ပါးနေသည်။

ကားမှောက်တဲ့ ဒဏ်ကြောင့် ဓာမဏီမှာ လက်တံတောင်ဆစ်ရိုး ကျိုးသွားသဖြင့် စတီးချောင်းထည့်ပြီး အော်ပရေးရှင်းလုပ်ထားရပါသည်။ ကျန်တာကတော့ ခေါင်းကွဲ၊ ပွန်းပဲ့ဒဏ်ရာအနည်းငယ်လောက်သာ ရပါသည်။ တစ်ခုကောင်းသွားတာက ဓာမဏီသည် ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေခဲ့သလဲဆိုတာကို သေသေချာချာ သိမြင်သွားခဲ့တာပင်။

"မြင့်မြတ် နှင့်ကိုလည်း ငါ ကျေးဇူးသိပ်တင်ပါတယ်၊ နှင်က တကယ့် မိတ်ဆွေသူငယ်ချင်းကောင်းပါပဲ"

"ရပါတယ်"

"ဒါပေမဲ့ ငါ ကိုကို့ကိုပဲ … အဲ … ဦးလင်းအိမ်ကိုပဲ တကယ်ချစ်လို့ရခဲ့ပါတယ်၊ ငါ့စိတ်တွေယောင်မှားပြီး ချစ်တာမျိုး မဟုတ်ဘူး။ ငါ သူ့ကိုပဲ တကယ်ချစ်မိတာပါ၊ အဲဒါ နှင် နားလည်ပါနော်"



မြင့်မြတ်သည် အခုတော့ ခံနိုင်ရည်ရှိနေသော အပြုံးဖြင့် ပြုံးရင်း …

"နားလည်ပါတယ် ဓာမဏီရယ်။ ကိုယ် အမြဲတမ်း နားလည်ပေးခဲ့တာပါ"

ဟူ၍ ကျေကျေနပ်နပ် ပြန်တုံ့ပြန်လိုက်သည်။

တိမ်တိုက်တိုင်းမှာ ငွေရောင်အနားသတ်တော့ ရှိကြသလိုပဲ တစ်နေ့ကျရင်တော့ နင်နဲ့ ထိုက်တန်တဲ့။ နင့်အချစ်နဲ့ ထိုက်တန်တဲ့ မိန်းကလေးတစ်ယောက်နဲ့ နင် ဆုံစည်းခွင့်ရမှာပါ မြင့်မြတ်ရယ်လို့ ဓာမဏီစိတ်ထဲမှာ မြင့်မြတ်ကို အားပေးစကားပြောနေမိသည်။

ဓာမဏီကတော့ မရနိုင်တော့တာကို အမိုက်ခံပြီး တမ်းတမက်မောနေမဲ့ မိန်းကလေးတစ်ဦးသာဖြစ်တာမို့ မရနိုင်မဲ့ "အချစ်"တစ်ခုကိုပဲ ဆက်လက်တမ်းတလို့ကောင်းနေဦးမှာဖြစ်ပါသည်။

ထိုအချိန်တွင် တစ်ဖက်ခန်းမှာရှိသော ဦးလင်းအိမ်သည်လည်း သတိရနေပြီဖြစ်ရာ သူ့ခေါင်းက ကွဲသောဒဏ်ရာ ခြေထောက်ကျိုးသွားသောဒဏ်ရာတွေနဲ့ တစ်ကိုယ်လုံး ပွန်းပဲ့ဒဏ်ရာတွေဖြစ်အောင် ပေးခဲ့သော ဓာမဏီကို အတော်ကြီးစိုးရိမ်

ကြောက်လန့်နေတာတော့ ဇာမဏီ မသိရှာ။

ဦးလင်းအိမ်က မြင့်မြတ်ကို မြင်မြင်ချင်း(သူလည်း သတိရပြီးနေပြီမို့) ပြောသည်မှာ ...

"အဲဒီမိန်းကလေးကို ငါ သိပ်မုန်းတယ် မြင့်မြတ်မောင်၊ ငါ့ဘဝကို လာနှောင့်ယှက် ဒုက္ခပေးခဲ့လို့ ငါ အရမ်းမုန်းတယ်၊ သူ့ကို ငါ ဘယ်တော့မှ ထပ်မတွေ့ချင်ဘူး"

ဟူသော စကားပဲ ဖြစ်ပါသည်။

ဒီစကားတွေကိုတော့ မြင့်မြတ်သည် ဇာမဏီကို လုံးဝ ပြန်မပြောခဲ့တော့ပါ။ သတိရခါစ စိတ်ရှင်လန်းပေါ့ပါး နေသော ဇာမဏီကို ဝမ်းနည်းစိတ်ညစ်ညူးစရာ စကားတွေနဲ့ စိတ်မညစ်ရစေချင်ပါ။

မြင့်မြတ်သည် တစ်စုံတစ်ယောက်အပေါ် အချစ်ကြီး ချစ်ကာ မရနိုင်တာကိုပဲ လိုချင်နေခဲ့သော ဇာမဏီကို ...

"တစ်နေ့ကျရင် ချစ်တဲ့သူနဲ့ တကယ်ပဲ ဆုံစည်းရပါစေ"

ဆိုသည့် နှစ်သိမ့်စကားနဲ့ အားပေးသင့်၊ အားမပေး သင့်ကို ချိန်ဆရင်း စကားလုံးတွေ ရွေးချယ်နေရပါသည်။

တိမ်တိုက်တိုင်းမှာတော့ ငွေရောင်အနားသတ် ရှိတယ် လို့ပြောကြတာပဲ ဇာမဏီရယ်။ တကယ်ပဲ အချစ်ကို တန်ဖိုးထား





တတ်တဲ့ သူတိုင်းမှာရော အချစ်စစ်နဲ့ အနားသတ်ခံရပါ့မလား။ ချစ်တတ်သူတိုင်းဟာ အချစ်စစ်နဲ့ ဆုံစည်းကြရပါ့မလား။

မြင့်မြတ်သည် အဖြေရှာမရသော အတွေးထဲမှာ နစ်မြောရင်း နှုတ်ဆိတ်နေမိလေသည်။

www.burmeseclassic.com



(တိမ်တိုက်တိုင်းမှာ
ငွေရောင်အနားသတ်တွေ ရှိကြတယ်)

ထိုစကားကို သူတို့နှစ်ဦးရဲ့စိတ်ထဲမှာ တစ်ပြိုင်တည်း လိုလို တွေးနေခဲ့မိကြောင်း သူတို့ မသိခဲ့ကြပါ။



(ဆေးတက္ကသိုလ်)

25th March

Sunday

2007.

www.burmeseclassic.com